
www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃
မြပုလဲခင်
ရွှေဖူးစာ/မြပုလဲခင်။ အောင်မြင်ပုံနှိပ်တိုက်။
၃၀၀-စား၊ ၁၂.၅x၁၈.၂စင်တီ။
၅၀၀-အုပ်၊ အောက်တိုဘာလ၊ ၂၀၁၄။




# မြပုလဲခင်



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

နိုင်ခွန်အား ငါးထောင်ကျပ်တန် ငွေစက္ကူပေါ်မှ စာသားများကို သေသေချာချာကြည့်ရင်း သက်ပြင်းချလိုက်မိပြန်သည်။

လက်ရေးက ညီညာလှပသည်။

အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်က အပြည့်အစုံ ပါနေသည်။ ဒါ ဘာသဘောလဲ။

မည်သည့်ရည်ရွယ်ချက်နှင့် ရေးထားသနည်း။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"တော့တောင် ဘာဖြစ်နေတာလဲ၊ ငူတူတူငိုင်တိုင်တိုင်နဲ့"

သူငယ်ချင်းအာကာ ဝင်လာသည်ကိုပင် သူ မသိလိုက်။ ငါးထောင်တန် ငွေစက္ကူလေးကိုဖွက်ရန် ကြံရွယ်လိုက်သော်လည်း အနည်းငယ် နောက်ကျသွားလေပြီ။

သူ့ထံမှ ငါးထောင်တန် စက္ကူကို ဆွဲယူကြည့်ပြီး. .

"မင်းဟာကလဲကွာ၊ စုံပဲ၊ လေးလုံး. . ဟင်၊ ဒါက ဘာသဘောလဲ. . ခွန်း၊ လိပ်စာကော. . ဖုံးနံပါတ်ကော ပါလား"

အာကာပါ စိတ်ဝင်စားသွားသည်။

"အဲဒါကြောင့် ငါ စိတ်ဝင်စားလို့ ကြည့်နေတာ၊ မနေ့တကွာ ပြောင်းဖူးအဝယ်တော်တွေကို ငွေပေးပြီးတဲ့ငွေတွေကို ပြန်စုစည်းမှာ အမှတ်မထင်ဘဲ ဒီလိပ်စာကို သွားတွေ့တာပဲ"

"ဒါနဲ့ စိတ်ဝင်စားပြီး မင်း ထုတ်ထားလိုက်တာပေါ့"

"ဟုတ်တယ် ဘာရည်ရွယ်ချက်နဲ့ ရေးတာလဲဆိုတာ ငါ သိချင်တယ်၊ မင်းက အစ်မ ညီမတွေကြားက လူဆိုတော့ မိန်းမသဘာဝ သိမှာပေါ့၊ နည်းနည်းပါးပါး ထင်မြင်ယူဆချက်ကလေး ပြောပါဦး"

"ဆရာတင်တယ်ပေါ့"

"တင်ပါတယ် ဆရာရယ်၊ လက်ရှိလဲ ရည်းစားနဲ့ မကြာခင် လက်ထပ်တော့မယ့်သူဆိုတော့ မ,သဘာဝကို တော်တော်တီးမိခေါက်မိရောပေါ့"

အာကာက ပြုံးဖြဲဖြဲလုပ်ကာ ငါးထောင်တန် ငွေစက္ကူကို ပြန်တင်ထားလိုက်ပြီး. . .

"ခွန်းတဲ့. . ယောကျ်ားလား၊ မိန်းမလား၊ ဒါမှမဟုတ်





အခြောက်လား မသိနိုင်တဲ့ ကိစ္စက အရင်စဉ်းစားသင့်တယ်"

"ယောကျ်ား၊ မိန်းမ. . ငါကတော့ မိန်းမပဲ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဒါ မိန်းမလက်ရေးလေကွာ"

"အင်း. . မသဘာဝ မသိပေလို့ဘဲ၊ လက်ရေးကိုတောင် ခွဲခြားတတ်နေပါလား ခွန်အားရာ၊ ဒါမျိုး. . ငါ့ကို ဆရာတင်နေသေးတယ်"

"ဟာ. . ဒါကတော့ ကုမ္ပဏီမှာ မိန်းမဝန်ထမ်းတွေ အများကြီးပဲလေ၊ သူတို့ရဲ့လက်ရေးကို ငါ နိစ္စဓူဝ တွေ့မြင်နေရတာပဲကွာ၊ ယောကျ်ားလက်ရေး မိန်းမလက်ရေးလောက်တော့ ခွဲခြားတတ်တာပေါ့၊ မိန်းမတွေဟာ စိတ်ရှည်တယ်၊ လက်ရေးအသပ်အဆွဲမှာ စိတ်ရှည်လက်ရှည် ပြည့်ပြည့်ဝဝ ရှိတတ်တယ်၊ အချို့စိတ်ရှည်တဲ့ ယောကျ်ားလက်ရေးဟာ မိန်းမဆန်တယ်လို့ ပြောကြသလိုမျိုးပေါ့ကွာ"

"မင်းက တော်တော်သိနေပါလား"

"လူတွေအကြောင်းကို သိထားမှ အလုပ်လုပ်ရာမှာ အောင်မြင်မှု ရနိုင်မယ်မဟုတ်လား၊ ကဲပါ သိပ်ရစ်မနေစမ်းပါနဲ့ အာကာရာ၊ ငါသိချင်တာက ဒီလိပ်စာရှင်ဟာ ဘာရည်ရွယ်ချက်နဲ့ရေးတာ ဖြစ်နိုင်သလဲ"

အာကာက မေးစေ့ကို အသာပွတ်ကာ စဉ်းစားဟန်ပြင်လိုက်ပြီးမှ. . .

"နံပါတ်တစ်၊ လမ်းမှာ ကွဲကွာနေသော သူငယ်ချင်းနှစ်ယောက် တွေ့ကြမယ်၊ တစ်ယောက်လိပ်စာ တစ်ယောက်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ် ဖလှယ်မယ်ကွာ”

“အင်း. . ဟုတ်ပြီ”

နိုင်ခွန်အား သဘောပေါက်လိုက်ပြီ။

“စက္ကူမပါလို့ ငွေစက္ကူမှာ လိပ်စာရေးမှတ်လိုက်မယ်၊ အိမ်ရောက်မှ ပြန်ကူးမယ်၊ ငွေစက္ကူက သုံးတဲ့ထဲ ပါသွားမယ် ဒါပဲ”

“ဟုတ်တယ်. . ဒါ အဖြစ်နိုင်ဆုံး ကိစ္စပါ”

“နောက်တစ်ချက် ရှိသေးတယ်”

နိုင်ခွန်အား ခေါင်းထဲသို့ ဘယ်လိုမှ ရောက်မလာသော အတွေးများ ဖြစ်သဖြင့်. . အာကာအား အားကိုးတကြီးဟန်နှင့် ကြည့်လိုက်သည်။

“အချို့မိန်းကလေးတွေဟာ တော်တော်စိတ်ကူးယဉ် ဆန်ကြတယ်၊ စိတ်ကူးယဉ်ဆန်ဆန်နဲ့ ဖူးစာရှင်ကို ရှာကြတာမျိုး အိပ်မက်ထဲမှာ ကြိုတင်သိအောင် နှင်းဆီနီကို တစ်နေ့လုံးပန် ညရောက်တော့မှ ခေါင်းကဖြုတ်ပြီး ခေါင်းအုံးအောက်မှာထား အိပ်၊ အိပ်မက်ထဲမှာ မိမိရဲ့ဖူးစာရှင် တွေ့တယ်ဆိုတဲ့ ခပ်ကြောင်ကြောင် အလုပ်မျိုးတွေလဲ လုပ်တတ်ကြတယ်”

“ဖြစ်ကော ဖြစ်နိုင်ပါ့မလား”

“ဖြစ်နိုင် မဖြစ်နိုင် မသိဘူး၊ ငါ့ညီမကတော့ သူ့သူငယ်ချင်းတွေ ပြောလို့ဆိုပြီး လိုက်လုပ်ကြည့်တာ မနက်ကျတော့ ခွက်ထိုးခွက်လန် ရယ်မောနေလို့ မေးကြည့်ရတယ်”

နိုင်ခွန်အားသည် အာကာတို့ အိမ်သားများနှင့်က နှစ်အိမ်တစ်အိမ် ရင်းနှီးပြီးသားဖြစ်သည့် အားလျော်စွာ. . .





“ဘယ်သူလဲ မိတာလား”

“မဟုတ်ဘူး မိစန်”

“ဆိုပါဦး ဘာဖြစ်လို့ ရယ်ရတာလဲ”

“အိပ်မက်ထဲမှာ နွားနို့ကုလားပဲ တွေ့တယ်၊ ညနေက နွားနို့ကုလားနဲ့ ရန်ဖြစ်ထားတာ မကျေမနပ်ဖြစ်ပြီး အိပ်မက်ထဲမှာ ဆက်ဖြစ်တာတဲ့လေ၊ နွားနို့ကုလားက အဘိုးကြီး. . မြေးတောင်ရနေပြီ၊ အဲဒါကို အကြောင်းပြုပြီး နွားနို့ကုလားကို ဘာဘူကြီးခေါ်ရာက ကွယ်ရာမှာ ဖူးစာရှင်ကြီးလို့တောင် နောက်ပြောင်ခေါ်နေကြတယ်”

နိုင်ခွန်အားက သဘောကျစွာ ရယ်မောရင်း. . .

“ခုကိစ္စနဲ့ ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့၊ ခွန်းဆိုတဲ့ ကောင်မလေးက စိတ်ကူးယဉ်ဆန်ဆန် သူ့ဖူးစာရှင်မှန်ရင် ဒီငွေစက္ကူဟာ ဖူးစာရှင်လက်ထဲကို ရောက်ပြီး သူ့ကိုဆက်သွယ်လာလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးလိုက်တာမျိုး ဆိုရင်ကော”

နိုင်ခွန်အား လက်မခံချင်။

“သိပ် အပေါစား မဆန်လွန်းဘူးလား၊ ဒီငွေစက္ကူဟာ မသမာသူရဲ့လက်ထဲ ရောက်သွားရင် အန္တရာယ် မရှိနိုင်ဘူးလား၊ အချောင်သမားတို့. . သိုက်တူးသမားတို့လိုမျိုး”

“ဆယ်ကျော်သက် မိန်းကလေးတွေက ဘာမှ စဉ်းစားဆင်ခြင်ဉာဏ် မရှိကြတာမျိုးလေကွာ၊ စိတ်ကူးယဉ်ဆန်တာ သက်သက်ပဲ၊ ဒါ ဆယ်ကျော်သက်အရွယ်ပဲ ဖြစ်နိုင်တယ်”

နိုင်ခွန်အား သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . ငါက သိချင်တာတစ်ခုထဲပါကွာ၊ ခက်တာတာ မေမေတို့ကလဲ သိတဲ့အတိုင်းပဲ အသက်အစိတ်ကျော်လာတတည်းက အိမ်ထောင်ပြုပေးဖို့ တိုက်တွန်းနေလိုက်တာ ငါ ဘယ်နှစ်ကြိမ်ရှိပြီလဲ ငြင်းခဲ့ရတာ၊ ခု တစ်ယောက်တွေ့ပြန်ပြီတဲ့၊ ညနေ ကုမ္ပဏီကအပြန် ပစ္စည်းတွေဝင်ပို့ပေးရင်း သွားအကဲခတ်ပါဦးတဲ့"

နိုင်ခွန်အားက ဖိုင်တွဲများကို ထပ်လိုက်ပြီးနောက် ဆုံလည်တုလားထိုင်ပေါ်မှ ထလိုက်သည်။

"ပြန်တော့မလို့လား"

"အဲဒီအိမ် ပစ္စည်းသွားပို့ပေးရင်း မင်းနဲ့ငါ ညစာသွားစားရအောင်"

"ပစ္စည်းကကော"

"ကားပေါ်မှာလေ၊ လက်ဖက်ခြောက်တို့ ဘာတို့. . ကလောခြံထွက်ပစ္စည်းတွေ ပို့ပေးလိုက်တာကို ခွဲဝေပေးလိုက်တာနေမှာပေါ့ကွာ"

နိုင်ခွန်အားမိဘဘက်မှ အဘိုးအဘွားများသည် ကလော၌ ဥယျာဉ်ခြံမြေ လုပ်ကိုင်နေကြဆဲ ဖြစ်သည်။ လက်ဖက်ခြောက် ပွဲရုံလည်း ထောင်ထားသည်။ ကြုံလျှင်ကြုံသလို သူတို့အိမ်အတွက် ရှမ်းပြည်ဒေသထွက်ပစ္စည်းများကို ပို့ပေးနေကြဖြစ်သည်။

နိုင်ခွန်အားနှင့် အာကာ ကုမ္ပဏီမှထွက်လာပြီး မိခင်ပေးရာ လိပ်စာအတိုင်း ကားကို ဦးတည်လိုက်သည်။

"ဟော့ကောင် မင်းလိပ်စာက ဘာလဲ"





". . . . . ."

"အထုပ်မှာ ရေးထားတယ်၊ ကြည့်လိုက်ပါဦး"

အာကာက သူ့နဖူးကို သူပြန်ရိုက်ကာ. . .

"သေလိုက်ပါတော့လားကွာ၊ အဲဒါ မင်း ငါးထောင်တန်ငွေစက္ကူကလိပ်စာနဲ့ တစ်ထပ်တည်းပဲ"

"ကျွိ. ."

နိုင်ခွန်အား ကားကို ဘရိတ်အုပ်ကာ ထိုးရပ်လိုက်သည်။

"ဟော့ကောင်. . ဖြူနီကြားတွေ အဆွဲခံနေရဦးမယ်"

နိုင်ခွန်အား ကားကို ဆက်မောင်းခဲ့လိုက်သည်။

"မေမေပြောတာ အဲဒီနာမည်မဟုတ်ဘူးကွ၊ ဖြူစင်တဲ့"

"ညီအစ်မတွေ ဘာတွေများလား"

"မောင်နှမနှစ်ယောက်ပဲ ရှိတယ်၊ အစ်ကိုကြီးက အိမ်ထောင်ကျသွားပြီလို့ ပြောတာပဲ"

"ဘာပဲဖြစ်ဖြစ် မင်းအတွက် ကံကောင်းခြင်းတရားတွေ ဆိုက်ရောက်လာပြီလို့ ထင်တာပဲ"

"ဘယ်ကလာ ကံကောင်းခြင်း တရားရမှာလဲ၊ ကံဆိုးခြင်းတရားကွ၊ ယောကျ်ားလေး အိမ်ထောင်ကျတယ်ဆိုတာ ကံဆိုးခြင်း ကံနိမ့်ခြင်းပဲလို့ ရှေးလူကြီးတွေက ပြောကြတယ်"

"ဒါဆို ငွေစက္ကူပေါ်က ဖူးစာရှင် မိန်းကလေးအတွက်ကတော့ ကံကောင်းခြင်းနိမိတ်ကို ဆောင်နေပြီပေါ့"

"ဒီကိစ္စတွေ မင်းပါးစပ် မဟာမိစေနဲ့နော်"

"အေးပါကွာ"

"ဖြူစင်ကိုလဲ ငြင်းပယ်မိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမည်နဲ့ လိုက်ဖက်စွာ ဖြူဖြူစင်စင် ဖူးဖူးမွှတ်မွှတ်ကလေး ဆိုရင်တောကွာ"

"ငါ. . ခွန်းကိုပဲ တွေ့ချင်တယ်ကွာ"

နိုင်ခွန်အားက အာကာကို အချစ်ဆုံးသူငယ်ချင်းပီပီ မရှုတ်နိုင်အားဘဲ ရင်ထဲကဆန္ဒကို ဖွင့်ဟလိုက်လေသည်။

"မင်းနှယ်ကွာ. . ကလေးကလား အလုပ်လုပ်လိုက်တဲ့သူမျိုးကိုမှ စိတ်ဝင်စားရတယ်လို့"

"မပြောတတ်ဘူး၊ ရင်ထဲမှာ ခွန်း ဆိုတာလေးကိုကပ်ငြိသွားပြီ ထင်တယ်"

"ရောဂါမသေးပါလား"

နိုင်ခွန်အား ပြုံးလိုက်သည်။ အာကာက နိုင်ခွန်အားကိုကြည့်ပြီး အံ့အားသင့်သွားသည်။

နိုင်ခွန်အားပါးစပ်မှ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်၍ ပထမဦးဆုံးအကြိမ်အဖြစ် စိတ်ဝင်စားစွာ ပြောဆိုခြင်းဖြစ်သည်ကို အာကာ ကောင်းစွာသဘောပေါက်မိသောကြောင့်ဖြစ်သည်။

"အခြောက်ကြီး ဖြစ်နေရင်ကော"

"နောက်ဆုတ်ရုံပေါ့"

"ဆယ်ကျော်သက်အရွယ်လေး ဆိုရင်ကော"

"လေ့လာဦးမယ်"

"စာရွက်မရှိလို့ ငါပြောသလို ငွေစက္ကူမှာ လွယ်လင့်တကူ ရေးပေးလိုက်တာမျိုးဖြစ်ပြီး အိမ်ထောင်သည်ဆိုရင်ကော"

"ဟကောင်ရ ဒုဿနသော အဖြစ်ခံမလား၊ နောက်





ဆုတ်ပြီး သိမ်းလိုက်ရုံပေါ့၊ ဒီငွေစက္ကူကိစ္စက ဘယ်သူမှ သိတာမှ မဟုတ်ဘဲ၊ မင်းနဲ့ငါပဲ သိတဲ့ကိစ္စကွာ၊ မင်းသာ နှုတ်လုံပါစေ"

"အေးပါကွာ"

နိုင်ခွန်အားသည် အာကာကို သတိပေးလိုက်ပြီးနောက် အားကို ဂရုတစိုက် မောင်းနှင်လိုက်သည်။ သို့သော် ရင်ထဲက တော့ ခွန်းဟူသော အမည်ကလေးက ခွန်းဆင့်ကာ စကားဆိုနေလေပြီ။

"ရှင်. . ကျွန်မကို မတွေ့တွေ့အောင် ရှာပေတော့ဟု"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"လာ . . မောင်နိုင် ထိုင်ကြဦး၊ မင်းအမေကော လိုက်လာမယ် ထင်နေတာ"

"ကျွန်တော့် အလုပ်က တန်းလာလိုက်လို့ပါ၊ ဒါ ကျွန်တော့်သူငယ်ချင်း အာကာပါ၊ ကျွန်တော်နဲ့ပဲ အတူလုပ်ပါတယ်"

"ဟုတ်လား . . ထိုင်ကြပါ၊ ညစာစားပြီးမှ ပြန်ကြနော်"

ဖြူစင်၏ မိခင်ကတော့ မာနလုံးဝမရှိ၊ သမီးရှင်ပါလား ဟူသော ကြွေးကြော်ဆယ်မှုမျိုးလည်း လုံးဝမရှိချေ။ စကားလည်း





အတော်ပြောပုံရသည်။

"သမီး ဖြူစင် လာပါဦး၊ နင့်အစ်ကို ရောက်လာပြီ"

"အန်တီ . . မေမေပေးလိုက်တဲ့ ရှမ်းပြည်ထွက် လက်ဆောင်ပါ"

"အေး . . ကောင်းတယ်၊ အန်တီက ခေါ်ပြင်ကို သိပ်ကြိုက်တာ၊ လက်ဖက်ခြောက်ကတော့ မင်းတို့အန်တီ အကြိုက်ပဲ"

ထိုစဉ် ဖြူစဉ်ဆိုသော မိန်းကလေး ထွက်လာသည်။ ဆံပင်ကောက်ကောက် အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ခပ်ပုပု၊ အမည်နှင့် လိုက်ဖက်စွာ ဖြူစင်သော မိန်းကလေးတော့ ဖြစ်သည်။ သို့သော် နိုင်ခွန်အား၏ ရင်ကို လှုပ်ရှားစေနိုင်လောက်အောင်တော့ ဆွဲဆောင်နိုင်မှုမရှိပေ။

"ညစာတော့ ခွင့်လွှတ်ပါ အန်တီ၊ ကျွန်တော်တို့ ဧည့်ခံပွဲလေး ရှိနေလို့ပါ"

"ဟုတ်လားကွယ်၊ အားတဲ့တစ်နေ့ပေါ့၊ သူလေ အန်တီ သမီး ဖြူစင်ပဲ၊ သမီး သူက နိုင်ခွန်အား၊ သူက မောင်နိုင်ရဲ့ သူငယ်ချင်း အာကာတဲ့"

"ဟုတ်ကဲ့"

"ဖြူစင်ပဲလား၊ အခြားနာမည် ရှိသေးသလား"

အာကာက သူ့အစား အဆက်အစပ်မရှိပဲ ဝင်မေးလိုက်သည်ကို နိုင်ခွန်အား သဘောပေါက်လိုက်သည်။

"ရှင် . . "

"ကြော် . . နာမည်က ဖြူစင်ပဲလား၊ အိမ်နာမည်လား၊



www.burmeseclassic.com

www.burmeseclassic.com



နာမည်အရင်းပဲလားလို့”

“ဘာလဲ ကိုအာကာက ပေဒင်တွက်မလို့လား၊ ဖြူစင် နာမည်က ဖြူစင် မောင်မောင်ဦးလေ၊ ဖေဖေနာမည် နောက်က ပါသေးတယ်”

“ဩော်. . ဩော်. .”

“ဟုတ်တယ်လေ၊ သားကြီး မင်းဆွေဦးနဲ့ သမီး ဖြူစင် မောင်မောင်ဦး နှစ်ယောက်တည်းရှိတယ်၊ သူတို့ မောင်နှမက ဆယ်နှစ်ကွာတယ်၊ အိမ်မှာ ခုလို ဆိတ်ဆိတ်ငြိမ်ငြိမ် တွေ့ရတာ အန်တီ့မြေးနှစ်ကောင် မရှိလို့၊ သားကြီးနဲ့ ချွေးမက စင်ကာပူမှာ အလုပ်သွားလုပ်နေကြတော့ မြေးကြီးနှစ်ယောက်က အန်တီတို့ အပေါ်မှာ ပုံကျတော့တာပဲဟဲ့၊ ဖြူစင် နင့်အစ်ကိုတွေအတွက် တစ်ခုခု လုပ်ပေးဦးလေ”

“ဘာမှ မလုပ်ပါနဲ့ဖြူစင်၊ ကျွန်တော်တို့ အခုပဲ ပြန်တော့မှာပါ”

“ဘယ်ဟုတ်မလဲကွယ်. . အအေးလေးသောက်တော့ဖြင့် သောက်မှပေါ့၊ သွား. . သွားယူခဲ့”

ဖြူစင်က မိခင်ဆန္ဒအတိုင်း ထသွားသည်။

“အန်တီတို့ မြေးလေးတွေက ဘယ်အရွယ်လဲ”

“ဆယ့်ငါးနှစ်လေ အမွှာပေါ့”

“ယောကျ်ားလေးလား၊ မိန်းမလေးလား၊ ရုပ်ကော ဆင်ရဲ့လား၊ ကျွန်တော်က အမွှာရုပ်ချင်း ဆင်တူလေးတွေဆို သိပ်သဘောကျတာပဲ”

အာကာက မထူးတော့သဖြင့် သိအောင် စုံစမ်းရသည်။





နိုင်ခွန်အားကတော့ ထုံးစံအတိုင်း ဝါတော်ရမထေ်သူမြတ်ကဲ့သို့ ကြွေနေသိက္ခာကအပြည့်။

“မျောက်လောင်းလေးတွေလေကွယ်၊ ယောကျ်ားလေး တွေမို့လို့ ပြောနေရတာ၊ ရုပ်ချင်းကလည်း ဆင်တော့ အဒေါ်နဲ့ အဘိုးအဘွားကို တစ်ပတ်ရိုက်ချင်သေးတာ၊ သူတို့ လူထင်တာ သူတို့ ဆရာမတစ်ယောက်ပဲ ရှိတာ”

“ဆရာမက. . .”

နိုင်ခွန်အားရင်ထဲက မေးခွန်းတွေ ဆင့်လာသည်။

ဆရာမက ဒီမှာ နေသလား၊ ကျူရှင်ဆရာမလားဟင်၊ ဆရာမကတော့ ဖူးစာရှင်ရှာသော အလုပ်မျိုး မလုပ်နိုင်ပါဘူး၊ ဆရာမ ဆိုတာ စေ့စပ်သေချာသော သူမျိုးဖြစ်သည်။ သွားလေ ရာရာ မှတ်စုစာရွက် စာတမ်းပါတတ်သောသူမျိုး သူ့လိပ်စာ အတွက်တောင်းသူက မပါလျှင်တောင် သူ့၌ပါသောစာရွက်နှင့် ရေးပေးမည့်သူမျိုး။

“ဆရာတပည့်တွေ စာအုပ် သွားဌားကြတယ်၊ ကိုင်း. . အအေးသောက်လိုက်ပါဦး”

ဖြူစင်က ဆန်းကစ်ဘူးလေးများနှင့် ဖန်ခွက်လွတ်နှစ်လုံး တို့ ယူလာပေးသည်။

အာကာအနေဖြင့် သည်ထက်ပို၍ မေးမြန်းစုံစမ်းရန် မသင့်တော်သဖြင့် အအေးဘူးကိုသာဖောက်ကာ ဖန်ခွက်ထဲ ငှဲ့ ထည့်လိုက်သည်။

ခွန်းဟူသော အမည်ရှင်မှာ လွဲမှားနေသလား၊ ဆရာမ သည် သည်အိမ်မှာနေ၍သာ စာအုပ်သွားဌားတာ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးနှစ်အရွယ် ကလေးများ၏ ဆရာမဆိုလျှင်တော့ အသက်မငယ်နိုင်။

ဘီအီးဒီ ငါးနှစ်မှ အလုပ်ခွင်မှ ဘီအီးဒီတစ်နှစ်ဟူသော ကာလတွင် အထက်တန်းပြ ဆရာမတို့၏အသက်သည် 'အ' အက္ခရာသို့ နီးကပ်နေပြီဖြစ်ရာ အရွယ်အားဖြင့် လေးဆယ်ပိုင်း ရှိနေနိုင်သော အထက်တန်းပြ ဆရာမတစ်ဦးသည် စိတ်ကူးယဉ်ဆန်ဆန် ရူးသွပ်မှုကို မကျူးလွန်နိုင်။

ဖြူစင်အမေကလည်း ပေါက်ပေါက်ဖောက်သကဲ့သို့ ဖြူစင်၏ တော်ကြောင်းများကို ဟိမဝန္တာချီးမွမ်းခန်း ထုတ်နေလေပြီ။

မဖြစ်။ ကြာရှည်နေ၍ မဖြစ်။ တော်ကြာ သူ့သမီးအား သဘောကျ၍ ကြာကြာနေသွားသည်ဟု ထင်မှတ်သွားလျှင် အားနာစရာ။

"စကားလည်းကောင်းတယ်၊ ကိစ္စလေးတွေ ရှိနေသေးလို့ ခွင့်ပြုပါဦးအန်တီ"

"အေးကွယ် ထမင်းစားသွားဆိုတောလဲ မစားဘူး၊ ဘယ်နေ့လာစားကြမလဲ၊ အားတဲ့နေ့ ဖုန်းဆက်လိုက်လေ. . အန်တီချက်ထားမယ်"

"ဒုက္ခမရှာပါနဲ့ အန်တီ၊ အားနာရက်က မရှိသလောက်ပါ။ မဖြူစင် ခွင့်ပြုပါဦး"

ပြောပြောဆိုဆိုပင် ထပြန်ရသည်။ ဖြူစင်က ဟုတ်ကဲ့ ဟုဆိုသည်။ ဖြူစင်အသွင်သည် ရိုးသားသည်။ သူ့အပေါ်၌ ဝါ လားဟန်လည်း မပြ၊ မလိုလားဟန်လည်း မပြချေ။ မိန်းမ





သဘောသည် စောကြောရ ခက်ခဲသည်။

စိတ်ထဲ၌ ကြိုတ်၍တော့ ဆုတောင်းမိသည်။ ဖြူစင်သည် ခွန်းမဟုတ်ပါစေနှင့်။

အဘယ်ကြောင့်ဆိုသော် သူ ရည်မှန်းထားသော မိန်းကလေးသည် အရပ်မြင့်ရမည်။ အသားအရည် ဝင်းနှစ်ရမည်။ သွားလေးများ ညီညာရမည်။ ဆံပင်ဖြောင့်စင်းကာ ရှည်ရမည်။ ကိုယ်လုံးကိုယ်ထည်သည် မယ်များလောက် မလှချင်နေပါစေ၊ သွယ်လျရမည်။ မိန်းမဆန်ကို ဆန်ရမည်။

"ဘယ့်နှယ်လဲ ခွန်အား"

"ဘာကိုလဲ"

"ဖြူစင်ကို ဘယ်လိုမြင်သလဲလို့ မေးတာ"

"အရပ်ပုတယ်၊ ဆံပင်တိုတယ်၊ မျက်ရစ်မပါဘူး၊ အသားဖြူတာက အနီရောင်ပြေးတယ်"

"လက်မခံနိုင်ဘူး ဆိုပါတော့"

"ဒါပဲပေါ့"

"ဖြူစင်ဟာ ခွန်းဖြစ်မယ်လို့ မင်းထင်မိဘူးလား"

"မထင်ပါဘူး"

"ဘာဖြစ်လို့လဲ"

နိုင်ခွန်အား ဘာဖြေရမှန်းလည်း မသိ၊ အာကာကိုကတော့ ဘယ်အရာမှ လျှို့ဝှက်ထားခြင်း မရှိသဖြင့်. . .

"ငါကြိုက်တဲ့ အင်္ဂါရပ်တွေဟာ ဖြူစင်မှာ မရှိတဲ့အတွက် သူ့ကို ခွန်း မဖြစ်စေချင်ဘူး"

"ဟ. . ဒါဖြင့် မင်းက မမြင်ဘူးသေးတဲ့ ခွန်းအပေါ် စွဲ



www.burmeseclassic.com

www.burmeseclassic.com



လန်းသွားပြီပေါ့"

နိုင်ခွန်အား ပြုံးလိုက်မိသည်။

နာမည်တစ်ခုကြောင့် သူ့ဘဝတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်မှာ ဤအကြိမ်သည် ပထမဦးဆုံး ဖြစ်လေသည်။

"ခွန်းဟာ မင်းကြိုက်တဲ့ အရည်အချင်းတွေ မရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေရင်ကော"

"ကံစရားပဲပေါ့"

"သွားပြီ . . မင်းတော့ အမှန်တကယ်ကို ရူးသွပ်သွားပြီ"

"ဟုတ်တယ် ထင်တယ်၊ ခွန်းဆိုတဲ့ အမည်ကလေးကို မြင်တွေ့လိုက်ရရုံနဲ့ ငါ့ဘဝမှာ ရူးသွပ်သွားသလို ခံစားလိုက်ရ တယ်၊ သူ့ကို တွေ့ချင်မြင်ချင်စိတ် အားကြီးလွန်းတယ်၊ အတိတ် ရေစက်ကြောင့်များလား မသိပါဘူး"

"လူတွေက ဒီအတိုင်းပဲ၊ ကိုယ်ဖြစ်ချင်ရာ ဖြစ်ပြီးကြရင် အတိတ်ရေစက်ကြောင့်လို့ . . ပဋ္ဌာန်းဆက်ကြောင့်လို့ ဆွဲထည့် တတ်ကြတာမျိုးပဲ"

"မင်း ဒီလိုတော့မပြောနဲ့ကွာ၊ ကံဆိုတာ အလုပ်လို့ ယုံ ကြည်ထားပြီး လောကကြီးကို အလုပ်နဲ့ သက်သေပြနေတဲ့ ငါလို လူက ကံကိုရိုးမယ်ဖွဲ့ဖို့မလားကွ၊ ချစ်ခြင်းမေတ္တာကတော့ နူးညံ့ တယ်၊ သိမ်မွေ့တယ်၊ ခက်ခဲတယ်၊ နက်ရှိုင်းတယ်၊ အချစ်ကို အလုပ်လို ပုံသေကားချပ် တွက်လို့မရဘူး၊ သူ့မှာ ဖော်မြူလာ မရှိဘူးကွ၊ ရေစက်တို့ ဆုတောင်းတို့ဟာလဲ ထူးခြားတဲ့ ပံ့ပိုးမှု တစ်ရပ်လို့ ငါထင်တယ်"

"အေး . . အေး . . ကြည့်ကြသေးတာပေါ့၊ ခွန်းဟာ





မင်းလိုလားတဲ့ ပုံစံတွေနဲ့ တစ်ခုမှ မကိုက်ညီတဲ့ အကျည်းတန် ဖြစ်နေရင်တော့လားကွာ"

"မဖြစ်ပါစေနဲ့လို့ ဆုတောင်းရုံကလွဲပြီး မမျှော်လင့် တော့ဘဲ ငါးထောင်တန် စက္ကူလေးကို လက်က လွှတ်လိုက်ရုံ ပဲပေါ့၊ ရုပ်ဆိုးအကျည်းတန် မိန်းမတစ်ယောက်ကိုတော့ ချစ် နိုင်မယ့်အသည်း ငါ့မှာ အမေမွေးကတည်းက ပါမလာဘူးကွ၊ ခွန်းဟာ လှမလားလို့ မျှော်လင့်ရတာကိုပဲ အရသာတစ်မျိုးကွ"

"ခွန်းအား မင်းပါးစပ်က မိန်းမတစ်ယောက်နဲ့ ပတ် သက်ပြီး စကြားရတာပဲ၊ စမယ့်စတော့လဲ ရေပက်မဝင်ပါလား၊ ဩော် . . ဒုက္ခ . . ဒုက္ခ . . ခွန်းလိပ်စာကို ရေးပေးလိုက်သူက အစီအမံတွေ သေသေချာချာများ လုပ်ပေးလိုက်သလား မသိပါ ဘူးကွာ"

"ငပေါ . . ဒီခေတ်ကြီးမှာ ကိုင်း ဘယ်မှာစားချင်သလဲ"

"လေညှင်းခံရင်းနဲ့ နန်းသီတာဆိပ်ကမ်းကိုပဲ သွားရ အောင်"

"အိုကေ"

နိုင်ခွန်အားသည် ကားကို ဆိပ်ကမ်းဘက်သို့ ဦးတည် လိုက်သည်။

စားသောက်ပြီး အိမ်ပြန်လာလျှင်တော့ ပထမဦးဆုံးလုပ် ရန် အလုပ်တစ်ခု ရှိနေသည်။ ထိုအလုပ်သည် . . .

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"အမိန့်ရှိပါရှင်"

"ခွန်းကို ကျေးဇူးပြုပါ"

"ခွန်းရေ. . ရှင့်ဖုန်း"

တယ်လီဖုန်းခွက်ကို မပိတ်ဘဲ လှမ်းခေါ်လိုက်သံကို ကြားလိုက်ရသည်။

"ဘယ်သူလဲ ဖြူစင်"

"မသိဘူး၊ ကျူပ် မမေးလိုက်မိဘူး"





နိုင်ခွန်အား ရင်တွေခုန်လာသည်။

သေချာသည်။ ဖြူစင်တူလေးများ၏ ဆရာမသည် ခွန်းဖြစ်နေသည်။ ဖြူစင်တို့ အိမ်၌ပင် နေသည်။ ဖြူစင်၏ သူငယ်ချင်းလည်း ဖြစ်သည်။

"ဟဲလို. ."

"ခွန်းလား"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

နိုင်ခွန်အား ဘာပြောရမည်နည်း။ သိပြီ။

"ခွန်း လိပ်စာရေးထားတဲ့ ငါးထောင်တန် ငွေစက္ကူလေး မှတ်မိသလား"

"ဘာတွေလဲ ဘာတွေလာပြောနေတာလဲ၊ ဘာ ငါးထောင်တန်လဲ"

"ကျွန်တော်က ခွန်းလိပ်စာနဲ့ ဖုန်းနံပါတ်ကို ရေးထားတဲ့ ငါးထောင်တန် ငွေစက္ကူကို ရထားတဲ့သူ"

"တောက်. ."

တက်ခေါက်သံနှင့်အတူ ဖုန်းဆောင့်ချလိုက်သံကိုပါ ကြားလိုက်ရသည်။

နိုင်ခွန်အား ကျေနပ်စွာဖြင့် ခွန်းဆီဆက်ရန် သီးသန့်ထားသောဖုန်းကို ဘေးသို့ချထားလိုက်သည်။

ဤကမ္ဘာလောကကြီး၌ ခွန်းဟူသော မိန်းမသားတစ်ယောက် အမှန်တကယ် ရှိနေသည်ကို သိလိုက်ရသဖြင့် ကျေနပ်သည်။

ဖြူစင့်သူငယ်ချင်းဆိုတော့ ဖြူစင်နှင့် ရွယ်တူဖြစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့်လည်း ရွယ်တူဖြစ်မည်။

ဆရာမ လေသံကတော့ အပြတ်၊ စိတ်လည်း ဆတ်ပုံရသည်။

ခွန်းကို တွေ့ရန်ကိုသာ ရှိတော့သည်။

ဖြူစင်ကိုတော့ ခုတုံးလုပ်၍မရ။

ဖြူစင်ဆိုမှ သတိရလိုက်သည်။ မေမေအား ဖြူစင်နှင့်ပတ်သက်သော မိမိသဘောထားကို မပြောရသေး၊ စကားတွေလွန်ကုန်မှဖြင့်. . .

နိုင်ခွန်အား ခုတင်ပေါ်မှ ဝုန်းခနဲထကာ မိဘများရှိရာအခန်းသို့ ဦးတည်လိုက်သည်။

မိဘနှစ်ပါးက အပေါ်ထပ် ဧည့်ခန်းတွင်ထိုင်ကာ လက်ဖက်စားရင်း စကားပြောနေကြသည်။ သူ့ကို မြင်တော့. . .

"လာသား လက်ဖက်စားဦး"

"မစားတော့ပါဘူးမေမေ၊ ဖြူစင်ကိစ္စ ပြောမလို့"

မိခင်က ရွှင်ပြုံးစွာဖြင့်. . .

"မယ်သီဆီက ဖုန်းလာပါတယ်၊ သားတို့ အကြာကြီးပဲစကားပြောကြတယ်ဆို"

"ဟာ. . သူပြောတာ၊ မေမေသူငယ်ချင်းက တော်တော်စကားများတာပဲ၊ ဘာတွေပြောမှန်းမသိဘူး၊ အာကာလေးပါတော့ အာကာနဲ့ ပြောနေကြတာပဲ"

"သားကကော ဖြူစင်နဲ့ စကားမပြောဘူးလား"

"မေးခေါ် ထူးခေါ် လောက်တော့ ပြောဖြစ်ပါတယ်. . မေမေ စကားမလွန်စေနဲ့နော်၊ သား ဖြူစင်ကို မကြိုက်ဘူး"





"ဟေ. . ဘာဖြစ်လို့လဲ၊ ဖြူဖြူလုံးလုံးကလေးနဲ့ ချစ်စရာကောင်းပါတယ်ကွ"

ဒီစကားကိုတော့ ဖခင်က ကြားဝင်ပြောလိုက်သည်။ သူ့အား အိမ်ထောင်ကျစေချင်သည့် သူများတွင် ဖခင်သည်ထိပ်ဆုံးကပါသည်။ ငါ့ကို အနိုင်ကျင့်မယ့် မြေးတစ်ယောက်တော့ သိချင်လှပြီကွဟု မကြာခဏ တဖွဖွ ညည်းညူဖူးသည်။

"မျက်ရစ်မပါဘူး၊ မျက်ခုံးမရှိဘူး"

"ဒါများကွာ၊ ခုခေတ် အလှကုန်ပစ္စည်းတွေနဲ့ ပြင်လိုက်ရင် ရပါတယ်"

"အရပ်ပုတယ်"

"ဒေါက်ဖိနပ်စီးလို့ ဖြစ်ပါတယ်"

"ဆံပင်ကောက်တယ် တိုတယ်"

"အရှည်ထားခိုင်းလိုက်၊ ဖြောင့်ခိုင်းလိုက်ပေါ့ကွာ"

"မဟုတ်ဘူး. . မွေးရာပါ ကောက်တဲ့ပုံစံမျိုး၊ သား စိတ်ဝင်စားလို့မရဘူး"

"ဟင်း. ."

ဖခင်က စိတ်ပျက်လက်ပျက် ဒရင်းဘက်ကို မှီချထိုင်လိုက်သည်။

မိခင်က. . .

"ရုပ်အလှထက် စိတ်အလှက အရေးကြီးပါတယ် သားရယ်၊ ဖြူစင်ဟာ နာမည်နဲ့လိုက်အောင် ဖြူစင်တဲ့ မိန်းကလေးပါ"

"သားမှ စိတ်မဝင်စားဘဲ၊ အိမ်ထောင်ရေးကို ဇွတ်မဖန်တီးပါနဲ့ မေမေ၊ မေမေတို့ ဇွတ်ဖန်တီးမယ်ဆိုရင် သားလိမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ သားမိုက် ဖြစ်သွားလိမ့်မယ်"

"ဒီလိုဆို မင်းဘာသာမင်း အမြန်ဆုံးရှာကွာ၊ ငါတို့ ဘယ်အချိန်အထိ စောင့်ရမှာလဲ"

ဖခင် စိတ်တိုနေပြီ။

နိုင်ခွန်အား စိတ်မကောင်းပါ။

မိဘနှစ်ပါးစလုံးက သူ့အိမ်ထောင်ရေးကို သိပ်အလေးထားနေမှန်း သိလျက်နှင့် သူ ဥပေက္ခာပြုထားသလို ဖြစ်နေခဲ့သည်။

"စိတ်ချပါ ဖေဖေ၊ ဒီနှစ်အတွင်း သား ဖေဖေတို့အတွက် ချွေးမကောင်းကောင်း ရှာပေးပါ့မယ်"

"တစ်နှစ်တောင်ဆိုတော့ မြေးရဖို့ နှစ်နှစ်ကျော်လောက်စောင့်ရဦးမယ့် သဘောပေါ့၊ ကြာတယ်ကွာ၊ သုံးလေးလအတွင်း ရအောင် ကြိုးပမ်း"

ဖခင်နှင့်သူ အခြေအချ စကားပြောနေသည်ကို မိခင်က ပြုံးပြုံးနှင့် နားထောင်နေပြီး. . .

"သားက တွေ့ထားပြီလား"

နိုင်ခွန်အား မလုံမလဲ ပြုံးလိုက်မိသည်။

"တွေ့တော့မတွေ့သေးပါဘူး၊ ဒါပေမယ့် ဖေဖေနဲ့မေမေတို့မှာ ဒီကိစ္စအတွက် အရမ်းဆန္ဒရှိနေရင် သား ဒီကိစ္စကဦးစားပေး နံပါတ်တစ်အနေနဲ့ လှေလှော်ကြိုးပမ်းတော့မယ်"

ဖခင်ထံမှ အပြုံးရလိုက်သည်။

"အေး. . လူပျိုအမေ ဆန်တစ်အိတ်နဲ့ မန်းတောင်ရိပ်ခိုရတဲ့ခေတ်မှာ မင်းအသက်အရွယ်နဲ့ မိန်းမ မရသေးတာ ညံ့





ချင်းလွန်းရာ ကျပါတယ်ကွာ၊ ကြိုးစား. . ကြိုးစား. ."

"ဟုတ်ကဲ့. . သားအိပ်တော့မယ်"

"အေး. အေး"

နိုင်ခွန်အားသည် မိဘနှစ်ပါးအား ကန်တော့လိုက်သည်။ မိဘနှစ်ပါး ဆုပေးအပြီးတွင်. . .

"ဖြူစင်ကိစ္စ ဖျက်ပေးဦးနော်"

"အင်းပါ ဖြူစင်ကလည်း ရည်းစားပဲ ရှိလား၊ အပျိုကြီးပဲ ထိုင်ချင်လား မသိပါဘူး၊ သားကို သဘောမကျဘူးတဲ့"

"ဟုတ်လား ဝမ်းသာစရာကြီး"

နိုင်ခွန်အား အမှန်တကယ် ဝမ်းသာသွားသည်။ ထခုန်ချင်လောက်အောင်ကို ဝမ်းသာသွားရသည်။ ဖြူစင်ကသာ မိမိကို စိတ်ဝင်စားသွားမည် ဆိုပါက ဖြူစင်နှင့် အနီးကပ်ဆုံး၌ ရှိနေသော ခွန်းအား မည်ကဲ့သို့ ချဉ်းကပ်နိုင်မည်နည်း။

"သူ့အကြောင်း ပြချက်ကလဲ ကြည့်ဦးလေ၊ အတော်ခိုင်လုံတာပဲ၊ သားက ချောလွန်းတယ်၊ မျက်ခုံးနှစ်ဘက်ကလဲ ဆက်နေတဲ့အတွက် ရည်းစားများမှာပဲတဲ့ . . အဲဒီလိုလူမျိုး မကြိုက်ဘူးတဲ့လေ"

"ကောင်းတာပေါ့၊ ကျေးဇူးရှင်ရယ်"

ဟု ခွန်အားရင်ထဲက ပြောလိုက်မိသည်။

မိဘနှစ်ပါး ရှေ့မှထွက်ခဲ့ပြီး အိပ်ခန်းသို့ ရောက်သည်နှင့် ပိုက်ဆံအိတ်ထဲ၌ ထည့်ထားသော ငါးထောင်တန် စက္ကူလေးတို့ ထုတ်ကြည့်လိုက်သည်။

"ခွန်းတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ခွန်းတဲ့လား"

အသံမာကျော့ကျော့ကိုတော့ နားနှင့် မိတ်ဆက်ပြီးသွား ပြီးပြီ။

ရုပ်အသွင်ကို မြင်ဖို့ပဲ ကျန်တော့သည်။







# အခန်း(၄)

"မင်းဟာက လွန်လွန်းအားကြီးတယ်ကွာ၊ ကဲ. . ပြော ဘာသိချင်ပြန်ပြီလဲ"

နိုင်ခွန်အားသည် အာကာ၏ မကျေမနပ် လေသံကို ခွင့်လွှတ်ကာ. . .

"ဖြူစင့်အိမ်မှာ ခွန်း တစ်ကယ်ရှိတယ်"

"ဆရာမလား"

"ဟ. . မင်းသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်းကြည့်တာလေ၊ ပညာရှိတို့ တွေးကြည့် ပြေးကြည့် တာထက် မှန်တယ်"

"ရှုပ်ပါ့ကွာ"

"မဟုတ်လို့လား"

"ဟုတ်တယ်၊ အဲဒါ ကျောင်းချိန်တွေက ဘယ်အချိန်တွေ ရှိတတ်သလဲ သိချင်တယ်၊ ပြီးရင် ကျောင်းသွားမယ့် အချိန်ကို မှန်းပြီး စောင့်ချင်တယ်၊ မင်း အဖော်လိုက်ပေးကွာ"

"သေဟဲ့ နန္ဒိယဆိုသလို ဖြစ်နေပြီ၊ ရောဂါကတော့ ကျွမ်းပြီ၊ ခုလဲ အိပ်ကောင်းခြင်း မအိပ်ရ၊ ဖုန်းနဲ့ နှိပ်စက်တယ်၊ မနက်ရောက်တော့လဲ... မနက်စောစောကိုတော့ ငါ မလိုက်နိုင်ဘူးကွာ၊ မင်းဘာသာမင်းပဲ ရှုဒိုးလုပ်တော့"

"မနက်စောစောဆိုတာ ဘယ်အချိန်လဲ"

"ခုနစ်နာရီ ကျောင်းတက်တာ ဆိုရင်တော့ ခြောက်နာရီလောက်က စောင့်ကြည့်မှ ဖြစ်မယ်"

အိပ်ယာထနောက်ကျတတ်သော နိုင်ခွန်အားအတွက် စိတ်ပင်ပန်းသွားသော်လည်း ဇောကကပ်နေပြီ၊ ခွန်အား တွေ့ချင်သောဇောက ရှိနေလေပြီ။

"မင်းကို ငါ ဝင်ခေါ်မယ်လေကွာ"

"မခေါ်နဲ့ ဒါတော့ ခွင့်လွှတ်၊ အွဲ.. ကိုးနာရီ ကျောင်းဆိုရင်တော့ ရှစ်နာရီလောက် မင်းလာခေါ်..၊ လာခါနီး ဖုန်းဆက်လိုက်ဦး၊ ဒါမှ ငါနိုးမှာ"

"မင်းကွာ.. ငါ့ထက်တောင် ဆိုးနေပြီ၊ ငါက ရှစ်နာရီလောက် ဆိုရင်တော့ နံနက်စာစားပြီ"





"အင်း.. ဂုဏ်သရေရှိ လူကြီးလူကောင်း အမည်ခံ ဦးနိုင်ခွန်အား အချစ်အတွက် ရူးသွပ်နေခြင်းကိုသာ မင်း ကုမ္ပဏီဝန်ထမ်းတွေ မြင်ရင်တော့လား လက်ကုတ်ပြီး အတင်းတုတ်တဲ့ရဲ့မှာ ကြိမ်းသေတယ်"

"ဟ.. အချစ်မှာ အချိန်အခါအရွယ် ဂုဏ်ပကာသန သတ်မှတ်ချက် မရှိဘူးလေကွာ၊ ချစ်ခြင်းနဲ့ ပတ်သက်လာရင် ရူးသွပ်ခြင်းတွေ ရှိမှာပဲ"

"ဒါ့ထက်ပြောပါဦး၊ ခွန်းဟာ ဖြူစင်တို့အိမ်မှာ ရှိကြောင်းနဲ့ ဆရာမဖြစ်ကြောင်း မင်း ဘယ်လိုလုပ် သိသလဲ"

နိုင်ခွန်အားက ဖုန်းဆက်ကြောင်း ပြောပြလိုက်သည်။

"တယ် ခြေသွက်ပါလား၊ ဒါကြောင့် လူတွေကပြောကြတာ.. အချစ်နဲ့ ပတ်သက်လာရင် ဘာမှ သွန်သင်စရာ မလိုဘူး၊ အလိုအလျောက်ကို တတ်လာကြတယ်ဆိုပဲ"

နိုင်ခွန်အားက ရယ်သွမ်းသွေးလိုက်သည်။

"ဒါတောင် လူကို မမြင်ရသေးဘူး၊ နာမည်လေးတွေ့ရုံနဲ့ ခွန်အားတွေ ဖြစ်ထွန်းနေတာ.. လူကိုလဲ ငါ့စိတ်ကူးယဉ် ပုံရိပ်ထဲက မိန်းမမျိုးပဲ ဖြစ်ပါစေလို့ ဆုတောင်းနေတယ်"

"ခွန်အား.. ခွန်အား၊ အမည်နဲ့ လိုက်ပါပေတယ်၊ ဒါပဲလားကွာ.. တော်ပြီ ငါ အိပ်တော့မယ်၊ မနက်စောစောတော့ ဆောရီးပဲနော်၊ ဒါပဲမလား.. အိပ်ပြီကွာ"

နိုင်ခွန်အား မတားဆီးနိုင်ခင် အာကာ တယ်လီဖုန်း ချလိုက်လေပြီ။

နိုင်ခွန်အား တယ်လီဖုန်းခလုတ်ကို ပိတ်လိုက်ပြီး အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်စေရန် ကြိုးစားလိုက်သည်။

သို့သော်. . .

"ဘာတွေလဲ၊ ဘာပြောနေတာလဲ၊ ဘာငါးထောင်တန်လဲ"

"တောက်. . "

ဟူသော စကားသံကို ကြားယောင်လာမိသည်။ အသံက တစ်မျိုးတော့ တစ်မျိုးပဲ. . .

အသံတော့ ထူးခြားသော အသံရှင်မဟုတ်၊ သို့သော် ဆွဲငင်အားတော့ ရှိသည်။ ဆရာမပီပီ အသံကြဲဇာ ရှိခြင်းလား။

စိတ်ကူးယဉ် အိပ်မက်တို့ကို တွန်းလှန်ရင်း အိပ်ပျော်စေရန် ကြိုးစားလိုက်သည်။

သို့ကြားထဲက ခွန်းကို စိတ်ကူးယဉ်ပန်းချီဖြင့် ရုပ်လုံးဖော်ကြည့်သည်။

သိပ်စိတ်တိုင်းကျ လှလွန်းဆွေလေး ဖြစ်နေသည်။

ရင်ဝယ် စိမ့်ဝင်အေးချမ်းစေပါလား။







# အခန်း(၅)

"ဟိုက်. . သွားပါပြီ"

အိပ်ယာထ နောက်ကျခြင်းကြောင့် ခွန်အား တွေ့မြင်နိုင်ဟူသော ရည်ရွယ်ချက်သည် နောက်ဆုတ်သွားရချေပြီ။

ရှစ်နာရီခွဲဟူသော အချိန်သည် သူ ကိုယ်လက်သန့်စင် မျက်နှာသစ်ပြီး အဝတ်လဲချိန်ဆိုပါက ကိုးနာရီဟူသောအချိန်သို့ သပ်ဆုတ်သွားသည်။

သို့ဆိုပါက ဘယ်မြို့နယ်၊ ဘယ်ကျောင်းမှန်း မသိသော



www.burmeseclassic.com

www.burmeseclassic.com



ဆရာမတစ်ယောက်ကို သူ မည်ကဲ့သို့ သွားစောင့်ရမည်နည်း

ရုတ်တရက် အကြံရလိုက်သည်။

တယ်လီဖုန်းကို ကောက်နှိပ်လိုက်သည်။

"ဟဲလို"

"ခွန်းနဲ့ တွေ့ချင်လို့ပါ"

"ခွန်း အပြင်သွားပါတယ်ရှင်"

"ဘယ်ကိုလဲ. . ဘယ်ကိစ္စနဲ့ သွားတာလဲ"

"ဟာ. . လွန်လှချည်လား၊ ရှင်က ဘယ်သူလဲ. . ခွန်းအ ပေါ် ပိုင်စိုးပိုင်နင်း ရှိလှချည်လား"

"စိတ်မရှိပါနဲ့ ကျွန်တော့် ဆန္ဒစောသွားလို့ပါ မဖြူစင်"

"ဟင်. . ရှင်က ကျွန်မနာမည် သိနေတယ်"

ဒုက္ခလှလှကြီး တွေ့နေပြီ၊ နောက်ပိုးခြင်းအတတ်၊ မိန်း တစ်ယောက်အား မိမိအပေါ် စွဲလန်းလာအောင် ပြုလုပ်နိုင်သော အတတ်ပညာမျိုး သူ မတတ်သေးပါလား၊ ပီဘိကလေးငယ်တ ဦး သာသာပါလား။

"ပြောလေ. . ရှင်ဘယ်သူလဲ၊ ခွန်းနဲ့ ဘယ်လိုပတ်သတ် နေသလဲ"

"ခွန်းကို တွေ့ချင်နေတဲ့သူပါ"

"တွေ့ချင်ရင် လာတွေ့ပေါ့ ပေါ်ပေါ်ထင်ထင် မတွေ့ ရအောင် ရှင့်မှာ နောက်ကြောင်းမရှင်းတာများ ရှိနေလို့လား

"မဟုတ်ပါဘူးဗျာ"

သူ ဖောခွဲ့များပင် ပြန်လာသည်။ စီးပွားရေး လုပ် ၌ သူသည် ကေသရာဇာကဲ့သို့ ရဲရင့်သလောက် မိန်းမနှင့်ပ





ဆက်လာသည့်အခါ သူသည် ယုန်သူငယ်သာသာပဲ ရှိပါသေး သား။

"ဘာ မဟုတ်ပါဘူးလဲ၊ အူကြောင်ကြောင် လာလုပ်မ နေနဲ့၊ ခွန်းနဲ့တွေ့ချင်ရင် ဆယ်နာရီလောက် ပြန်ဆက်. . ဒါပဲ"

"ဂျလောက်"

ဖြူစင်ကို ထိုင်ရှစ်ခိုးချင်လောက်အောင် ကျေးဇူးတင် သွားသည်။

ဖုန်းခလုတ်ကို ပိတ်လိုက်ပြီး. . .

ကုမ္ပဏီသို့သွားရန် ပြင်ဆင်လိုက်သည်။ ထိုစဉ်. . .

"သားရေ ဒီနေ့ အလုပ်သိပ်များမှာလား"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေ့ကို ဖြူစင်တို့အိမ် လိုက်ပို့ပေးစမ်းပါကွယ်"

"ဘာသွားလုပ်မလို့လဲ မေမေ"

"ကိစ္စရှိလို့ပါ"

"သားမကြိုက်တဲ့ကိစ္စတော့ မဟုတ်ပါဘူးနော်"

"သိတယ်. . သိတယ်၊ အိမ်ထောင်ရေးရဲ့ အဓိကတရား အဖြစ်မခံနိုင်ဘူး၊ သားက ကတိတည်ပါစေ"

"တည်မှာပါ မေမေ"

"ဟုတ်မှာ. . ဟုတ်မှာ၊ သားမျက်နှာကြည့်ရတာ ထူးထူး ခြားခြားကို ကြည်လင်တောက်ပနေတယ်"

"ဟာဗျာ မေမေကလဲ ထင်လို့ပါ"

သူ ရယ်သွမ်းသွေးကာ မိခင်ကို ကျောခိုင်းလိုက်သည်။ ထုတ်ပြီးသားဖြစ်သော အကျီကို ထပ်ထုတ်သဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"တုတ်တင်ပေါ်က အကျီက ထုတ်ထားတာ မဟုတ်ဘူးလားသား"

"ဟုတ်တော့ ဟုတ်တယ်၊ မကြိုက်လို့ ထပ်ထုတ်တာမေမေ"

ချော့လဲရောထိုင်လိုက်ရတော့သည်။ နောက်ထပ် အကျီတစ်ထည် ထပ်ထုတ်ကာ ဝတ်လိုက်ရသည်။

"သားကို ဟိုရောက်ရင် မဆင်းခိုင်းနဲ့တော့ မေမေ"

"ခဏတဖြုတ်တော့. ."

"မလုပ်ပါနဲ့ မေမေ၊ သား ဖြူစင်ကို လုံးဝ လက်မထပ်နိုင်ပါဘူး၊ မျှော်လင့်ချက်နဲ့ တစ်ဖက်သားကို နစ်နာမှုမျိုး မဖြစ်အောင် အစကတည်းက ရှောင်သင့်တယ်"

"ဟဲ့. . ဟဲ့. . အမေ့ကို ဘုန်းကြီးစာချ လုပ်မနေနဲ့. မေမေသိတယ်၊ ခုဟာက စိန်စင်သန့် ရှိတယ်ဆိုလို့ သွားကြည့်မလို့"

"ဪ. . ဒါလား၊ ဒီလိုဆို ပြီးတာပဲ"

နိုင်ခွန်အားက ရယ်ကာ မိခင်လက်မောင်းကို ချိတ်ကာ အခန်းထဲမှ ထွက်ခဲ့လေသည်။

"မေ့သားဟာလေ. . သိပ်မရွှေးနဲ့သား၊ ဒီအတိုင်းဆို ပျိုကြီး ဖြစ်သွားလို့ မျိုးဆက်ပြုတ်သွားမယ်"

"စိတ်ချပါမေမေ၊ နောက်မှ ငါ့သား တကယ်တော်တာ မလုပ်နဲ့"

"တွေ့ထားပြီလား"

"ဟင့်အင်း. ."





"အရှုံး. ."

အချစ်ကြောင့် ရှုံးခြင်းတော့ မဟုတ်၊ မျှော်လင့်ချက်နှင့် ရှုံးသွပ်ခြင်း ဖြစ်သည်။

ခွန်းသာ မလှမပ ရုပ်ဆိုးဆိုး မိန်းမတစ်ယောက် ဆိုပါ သည်သိမ်းထားသော ငါးထောင်တန်စက္ကူကို ဖျောက်ဖျက်ပစ်လိုက်သည်။

မိမိလိုဝေဒနာမျိုး ဘယ်သူ့ထံကိုမှ မကူးစက်စေရ၊ မိမိ တစ်ယောက်တည်းသာ ရှုံးသွပ်သူ ဖြစ်ပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"ဟောတော့ ရှေ့ကကားကလဲ ဖြူစင်တို့ခြံထဲ ဝင်သွားပါလား"

နိုင်ခွန်အား ထိုကားနောက်မှ လိုက်ဝင်လိုက်သည်။ ပေါ်တီကိုကို ကျော်လွန်ပြီး အရိပ်ရှိသော သစ်ပင်အောက်၌ ကားသွားရပ်သဖြင့် မိမိကားသည် ပေါ်တီကိုအောက်၌ ရှင်းရှင်းလင်းလင်း ရပ်လိုက်နိုင်သည်။

နိုင်ခွန်အား မိခင်ကိုချပေးပြီး ကားကိုနောက်ဆုတ်





ထွက်ခွာရန် ဟန်ပြင်လိုက်စဉ် မျက်လုံးအိမ်တွင်းသို့ တည့်မတ်စွာ တိုးဝင်လာသည်က. . .

စောစောက ကားပေါ်မှဆင်းပြီး လမ်းလျှောက်လာသော အမျိုးသမီးတစ်ယောက်. . .

အရပ်မြင့်မြင့် အဝါရောင်သွေးသော အသားအရေ ဖြူနှစ်နှစ်နှင့် နောက်တွဲဆံထုံးထုံးထားသော မိန်းမလှတစ်ယောက်။

သူ့ စိတ်ကူးယဉ်အိပ်မက်မှ အမျိုးသမီး. .

ခွန်းကလွဲ၍ မည်သူ ဖြစ်နိုင်ပါအံ့နည်း။

မိခင်ကလည်း အိမ်ထဲဝင်ဖို့ မခေါ်။

မတတ်နိုင် ဉာဏ်နီဉာဏ်နက်ထုတ်ရင်း ကားစက်ကို ရပ်ကာ ကားပေါ်မှဆင်းလိုက်သည်။

အမျိုးသမီးက သူ့နားရောက်နေပြီ။

သို့သော် မိမိအား အိမ်သို့လာလည်သော ဧည့်သည် တစ်ယောက်ပါလားဟု အားနာပါးနာနှင့် အသိအမှတ်ပြုသော အရိပ်အယောင်မျိုး လုံးဝမပြ။

တစ်လောကလုံး၌ သူတစ်ယောက်တည်းရှိသည့် ပုံစံဖြင့် သူ့ကိုကျော်ဖြတ်ကာ အိမ်ထဲဝင်သွားလေသည်။

မရ ဒီလိုမျိုးမှ နိုင်ခွန်အားက သဘောကျသည်။ အမျိုးသမီးနောက်မှ တပ်လိုက်ကာ ဝင်ခဲ့သည်။

"ခွန်း ပြန်လာပြီလား၊ ရှင့်ဆီကို. . ဩော်. . တိုနိုင်ခွန်အားပါလား"

"ဟော. . သား ဘာဖြစ်လို့လဲ"

"မယ်သင်းက သားကို တစ်ခါတည်း မခေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲ ရှိနှင့်နေသော မိန်းမသားသုံးဦးထံမှ တစ်ပြိုင်နက်လိုလို အသံများ ထွက်လာသည်။

"ခွန်း"ဟု သိလိုက်ရချိန်၌ ရှိုင်ခွန်အား ထခုန်မတတ် ပျော် သွားသည်။ ကျေနပ်သွားပြီး ခွန်း၌ သူ လိုချင်သော ရုပ်ပိုင်းဆိုင်ရာ အလှတရားတို့ ပြည့်စုံနေလေပြီ။ စိတ်ပိုင်းစရာ အလှတရားပဲ ကျန်တော့သည်။ လူ့စိတ်ဆိုတာတော့ ခန့်မှန်းရခက်သည်။ တရားသေတွက်၍ မရ။

"မေမေ့ကို သား ဘယ်အချိန် ပြန်ကြိုရမလဲလို့ လာမေးတာပါ"

"ရတယ်၊ သား. . မင်းအဖေ လာခေါ်လိမ့်မယ်၊ သားတကော အားလို့လား"

"အားပါတယ်"

"ဖေဖေ့ကို မှာခဲ့ပြီ"

ခွန်းသည် သူနှင့် ဘာမှမသက်ဆိုင်သည့်အလား ထမင်းစားခန်းဘက်သို့ ဝင်သွားလေသည်။

"ဒါဖြင့် သား သွားတော့မယ်၊ အန်တီ၊ မဖြူစင် ခွင့်ပြုပါဦး"

ဖြူစင်ကတော့ အားနာပါးနာနှင့် ရပ်နေသည်မို့ သူသည် သားအမိ နှစ်ယောက်စလုံးကို နှုတ်ဆက်ပြီး မလှမ်းချင်လှမ်းချင် ခြေလှမ်းဖြင့် ပြန်ထွက်ခဲ့ရသည်။

ဒီနေ့မှ ဘယ်သူမှလဲ ထိုင်ပါဦး၊ ခဏတဖြုတ်ပေါ့ဟု လောကွတ်ချော်တော်မူကြခြင်း မရှိပါလား။

အင်းလေ. . သူ့သမီးနှင့် တစ်ခန်းရပ်သွားပြီဆိုတော့သည်း သူ့အပေါ်၌ ဘယ်ပျူငှာတော့မလဲ။

သူ ကားပေါ်တက်ကာ မောင်းထွက်ခဲ့သည်။ ကားနောက်ကြည့်မှန်မှတစ်ဆင့် အိမ်ကြီးဆီသို့ အကဲခတ်သည်။

ဘယ်ပြတင်းပေါက်ကများ လိုက်ကာလေးကို လှစ်ဟ ကာ တိတ်တခိုး ချောင်းကြည့်လေမလဲဟု လှုပ်ရှားမှု အရိပ်အယောင်တို့ လုံးဝကင်းမဲ့လေပြီ။

ဘာပဲဖြစ်ဖြစ် ခွန်းသည် လူ့လောကကြီး၌ အမှန်တကယ် ရှိနေသည်ကို သိခွင့်ရခြင်းနှင့် ခွန်း၏ ရုပ်ပိုင်းဆိုင်ရာ အလှကို သိခွင့်ရခြင်းသည် သူ့အတွက် ကံကောင်းခြင်းတရားတို့ စုပြုံရောက်လာခြင်းဟုသာ. . .







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"မင်းဟာ တိုက်ဆိုင်လွန်းလှချည်လား"

"ဟုတ်တယ်ကွ. . ဖူးစာကံလို့ပဲ ငါတော့ မှတ်ယူလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နာမည်လှသူတွေ စိတ်ဝင်စားစရာကောင်းလောက်အောင် ဆွဲဆောင်မှုရှိတဲ့ နာမည်တွေကို တွေ့ဖူးကြားဖူးပါလျက် ခွန်းဆိုတဲ့ အမည်တစ်ခုက ငါ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်၊ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် လူကိုတွေ့ခွင့်ရသွားတယ်၊ ငါ့စိတ်ကူးယဉ် ပုံရိပ်ထဲက ပုံစံနဲ့ ထပ်





တူညီတယ်၊ ဒီလိုမိန်းမကို ငါမှ မကြိုးစားရင် ဒီတစ်သက် မိန်းမယူစရာ အကြောင်းမရှိတော့ဘူး"

အာကာက နိုင်ခွန်အား၏ အားတက်သရော ပြောဆိုနေမှုကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း. . .

"ဟုတ်ပါပြီ၊ ဖူးစာရေးနတ်မင်းက မင်းကို အလှည့်ပေးနေပြီဆိုတော့ ဒီအတိုင်းပဲ ဖြစ်လာရမှာပေါ့၊ ဒါပေမယ့် နံပါတ်တစ်အချက် အရေးအကြီးဆုံးကို မင်း မေ့ထားလို့မရဘူး ခွန်အား"

"ဘာအချက်လဲ"

"သူဟာ အိမ်ထောင်ရှိမရှိ"

"အား. . ဟုတ်သားပဲ"

"ဒုတိယအချက်ကလဲ အရေးပါတယ်"

"ဘာလဲ"

"ရည်းစား ရှိမရှိပဲ"

"အင်း. . ဟုတ်တယ်၊ မိဘချင်း သဘောတူ စေ့စပ်ထားတာထက်ကို အဲဒီ ရည်းစားရှိတယ်ဆိုတဲ့ ပြဿနာက ကြောက်စရာ အကောင်းဆုံးပဲ"

နိုင်ခွန်အားရင်ထဲ ကြောင့်ကြမှု စတင်ဝင်ရောက်လာသည်။

ခွန်း၌ ရည်းစားမရှိ၊ အပျိုစင် သန့်သန့်သာ ဖြစ်စေချင်သည်။

"မင်း ဘယ်လိုချဉ်းကပ်မလဲ"

နိုင်ခွန်အား၌ အတွေ့အကြုံမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုပဲ အားကိုးရတော့မှာပဲ အာကာရာ"

"အင်း လွယ်တော့ မလွယ်ဘူး၊ ဖြူစင်နဲ့ ရင်းနှီးအောင် လုပ်ပြီး ခွန်းကိုချဉ်းကပ်မယ် ဆိုပြန်တော့လဲ ဖြူစင်အနေနဲ့ မင်း အပေါ် စိတ်ဝင်စားမှု ရှိနေမယ်ဆိုရင် သူ့အပေါ် ရက်စက်လွန်း ရာ ကျနေမယ်"

"ဖြူစင်က ငါ့ကို ငြင်းပြီးပြီလေ"

"ဒါပေမယ့် သူ့ ငြင်းဆန်မှုက သူ့ စိတ်ဝင်စားမှုကို ပြ နေတယ်လေ၊ မင်းကို ချောလွန်းလို့ ငြင်းတယ် ဆိုကတည်းက သူ့ရဲ့မသိစိတ်က မင်းကို လက်ခံပြီး သိစိတ်က မူလိုက်တာ၊ စိုး ထိတ်မှုကို ဖော်ပြလိုက်တာ"

အာကာ့စကားတို့ကို သူ နားမလည်၊ ဖြူစင်နှင့် ပတ် သက်၍ သူ့၌ ခံစားချက်မရှိ၊ စိတ်ဝင်စား၍ မရ။

"ဒါဆို ဖြူစင်နဲ့ မပတ်သက်တဲ့နည်းလမ်းကို ရှာကွာ"

"သူဟာ ကျောင်းဆရာမ မဟုတ်တော့၊ မင်းအတွက် လမ်းစ ပျောက်သွားပြီ"

"မပျောက်ပါဘူးကွာ၊ ဖုန်းနံပါတ် ရှိနေတာပဲ၊ သူ့အ သွားအလာကို စောင့်ကြည့်ရင်လဲ ဖြစ်တာပဲ၊ ဒါပေမယ့် သူ ကျောင်းဆရာမ မဟုတ်ဘူးလို့ မင်းက အတတ်ပြောနိုင်လို့လား"

"ဟ. . ကျောင်းချိန်နှစ်ချိန်လုံးမှာ အိမ်မှာ တွေ့နေရ တာ ကျောင်းဆရာမ ဖြစ်နိုင်မလား၊ ကျူရှင်ဆရာမပဲ ဖြစ်မှာ ပေါ့ကွာ"

"အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်တာ ဆို ရင်ကောကွာ"





"မင်းတွေ့တော့ ကျန်းကျန်းမာမာကြီး မဟုတ်လား"

"ဒါတော့. . ဒါပေါ့၊ ကျောင်းဆရာမလည်း မဖြစ်စေ ချင်ပါဘူး"

"ဘာဖြစ်လို့လည်း"

"ကျောင်းဆရာမဆိုတော့ တပည့်တွေအပေါ် ဟိန်းရင်း ဟောက်ရင်းနဲ့ မျက်နှာကျောက မာလွန်းလို့ သူ့ကို ဘယ်လိုချဉ်း ကပ်ရမလဲ. . လန့်လွန်းလို့"

နိုင်ခွန်အားအတွက် သိန်းရာပေါင်း ထောင်ပေါင်းချီ သော အလုပ်တစ်ခုကို လွယ်လင့်တကူ အဖြေမှန်ကို ရှာဖွေနိုင် ပါလျက် မိန်းမတစ်ယောက်ကို ချဉ်းကပ်ဖို့ နည်းဗျူဟာကို ရှာ ဖွေရသည်မှာ ခက်ခဲနေလေပြီ။

"ဟူး. ."

"အလုပ်ပျက်တယ်ကွာ. . . စောင့်တော့ ကြည့်မနေနဲ့၊ တယ်လီဖုန်းနဲ့ပဲ ကလိပေါ့"

"အင်း. . ကြိုးစားကြည့်မယ်၊ ခု အိမ်မှာရှိတာ သေချာ တယ်၊ ငါ ဆက်ကြည့်ဦးမယ်"

"အေး. . အေး. . ဒါကောင်းတယ်"

နိုင်ခွန်အားသည် တယ်လီဖုန်းကို နှိပ်ရင်းမှ. . .

"ငါ ဘာပြောရမှာလဲ"

"ဆရာမနဲ့ တွေ့ချင်လို့ပါလို့သာ ပြောလိုက်ကွာ"

အာကာအကြံကို သူ သဘောကျသွားသည်။

"ဟဲလို. ."

"ဆရာမနဲ့ တွေ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောနေပါတယ် ဘယ်သူပါလဲရှင်"

နိုင်ခွန်အား ရင်တွေခုန်လာသည်။ ဘာပြောရမလဲ။

"ဆရာမရဲ့ တပည့်ဟောင်းပါ"

"တပည့်ဟောင်း ဘယ်သူလဲ၊ စကယ်လီတန် မဟုတ်လား"

"ဟုတ်ပါတယ်"

ဘယ်က ဆက်တာလဲ"

ဆရာမ ပီသပါပေသည်ဟု နိုင်ခွန်အား တွေးလိုက်မိကာ ချော်လဲရောထိုင်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာမ၊ မနေ့ကပဲ ရောက်ပါတယ်၊ အရင်ကျောင်းမှာပဲလား"

"ဟုတ်တယ်. . ဘာလဲ မင်းက ငါးဆီပေါင်း လာပို့တာပဲလား"

"ဟုတ်ကဲ့. . ကျွန်တော် ဆရာမနဲ့ တွေ့ချင်လို့"

"တွေ့ချင်ရင် လာခဲ့ပေါ့၊ ညနေပိုင်းဆိုရင် အမြဲရှိတာပဲ၊ ဘေးအိမ်ကိုပဲလာ၊ ဒီနေ့. . လာမှာလား၊ မနက်ဖြန်လာမှာလား၊ ဘယ်နေ့လဲ"

"ဒီနေ့"

"ကောင်းပြီ၊ ငါ စောင့်နေမယ်၊ မင်းမိဘတွေကော နေကောင်းကြရဲ့လား"

"ကောင်းပါတယ် ဆရာမ"

"အေး. . အေး. . ဒါပဲနော်"

တယ်လီဖုန်း ချသွားလေပြီ၊ နိုင်ခွန်အား တယ်လီဖုန်း





ခလုတ်ကို မပိတ်ရက်နိုင်အောင် ဖြစ်သွားသည်။ အာကာက ဖုန်းတပ်နားထောင်နေသူဖြစ်ရာ. .

"ကဲ တပည့်. . ဆရာမကို မင်းသွားတွေ့မှာလား"

"ဟင့်အင်း. . ဆရာမအိမ်ဟာ ဖြူစင်တို့ ဝင်းထဲက တစ်ထပ်တိုက်ပုတစ်လုံးရှိတယ်၊ အဲဒီမှာ နေတာပဲဖြစ်မယ်"

"တယ်ဟုတ်ပါလား"

"လူကတော့ အလိုလို သူ့တပည့် ဖြစ်သွားပြီ"

အာကာက လှောင်လိုက်သည်။

"စကယ်လီတန်တဲ့လား၊ ဟား. . ဟား. . ဟား. . မင်းကို ငါ စကယ်လီတန်လို့ပဲ ခေါ်တော့မယ်"

နိုင်ခွန်အားကပါ ရယ်လိုက်မိသည်။

"အေးကွာ၊ ဆရာမဆိုတော့ လူမြင်တိုင်း အသံကြားတိုင်း သူ့ကတပည့် မှတ်နေတော့တာပဲ၊ ကျောင်းဆရာမ ဖြစ်ဖို့တော့ များတယ်"

"အိမ်တစ်လုံးမှာ တစ်ယောက်တည်းနေတာ ဖြစ်နိုင်ပါ့မလား၊ အိမ်ထောင်ဘက်နဲ့များ. . "

"ပါးစပ်ပုတ်ကြီးနဲ့ကွာ၊ အိမ်ထောင်ဘက်ရှိမရှိကို ငါ လုပ်ပြမယ် ကြည့်နေ"

"ကဲပါ ဆရာမကိစ္စ အသာထား၊ မင်းစားပွဲမှာ တင်ထားတဲ့ စာရင်းတွေမှာ လက်မှတ်ထိုးဖို့ကို အရင်ကြည့်လိုက်ဦး"

"အေးပါကွာ"

နိုင်ခွန်အားက ပြုံးကာ ကျေနပ်စွာပင် အာကာ စကားကို နားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေစာရင်းဇယားတို့ပေါ်မှ အမြတ်ငွေ စာရင်းတို့သည်လည်း သူ့နှလုံးအိမ်သို့ ထိမှန်ကာ ပီတိအဖြစ်သို့ မကူးပြောင်းနိုင်တော့ချေ။

အချစ်သည်သာ သူ့နှလုံးအိမ်ကို စိုးမိုးနေလေပြီ။







# အခန်း(၈)

နိုင်ခွန်အား ကျေနပ်သွားသည်။ သူ့အတွင်းရေးမှူးမလေးသည် အရည်အချင်း အပြည့်အဝရှိသော မိန်းကလေးဖြစ်သည်။

"ဆရာမက ကျွန်မကို စကယ်လီတန်နဲ့ ဘာတော်သလဲ အရင်မေးတယ်"

"ဒီတော့"

"ကျွန်မက ဘာမှမတော်ပါဘူး၊ ဒီလိုပဲ ဦးလေးပွဲရုံမှာ



www.burmeseclassic.com

www.burmeseclassic.com



စီပေါင်းလာသွင်းရင်း ခင်တာပါ။ သူက မအားလို့ ကျွန်မကလဲ လမ်းကြုံလို့ ဆရာမစားဖို့ လက်ဆောင်ပါးလိုက်တာပါဆိုပြီး ငါးခြောက်ကို ပေးလိုက်တယ်"

"လက်ခံရဲ့လား"

"လက်ခံပါတယ်၊ ဟိုတစ်ခါ ပေးထားတာတောင် မကုန်သေးဘူးပြောတယ်၊ ဒါနဲ့ ကျွန်မက စကယ်လီတန်ကို ဘာအ... ဦးမလဲ မေးရင်း၊ ဆရာမ ဘယ်ကျောင်းမှာ လုပ်သလဲ၊ အိမ်သာ... တွေကော ဘာညာ စပ်စုတာပေါ့. . ဆရာ"

နိုင်ခွန်အား အကြားချင်ဆုံးသော စကားကို ကြား... လေပြီ။

"အိမ်ထောင်မရှိဘူး၊ အပျိုကြီးဆရာ၊ ဇာတိက ရှမ်း... ပန်းက၊ သူတို့နေတဲ့အိမ်က သူ့သူငယ်ချင်းအိမ်၊ အဲဒီအိမ်... ကလေးနှစ်ယောက်ကို ကျူရှင်ပြပေးရင်းနဲ့ နေတာ၊ အဲဒီသေ... အိမ်မှာ အစ်မဝမ်းကွဲတစ်ယောက်နဲ့ နေတယ်၊ ကျောင်းဆရာ... မဟုတ်ဘူးဆရာ"

"ဟင်. . ဘာဖြစ်လို့ ဆရာမလို့ ခေါ်ကြတာလဲ"

"ဆရာမတော့ ဆရာမပဲ၊ မိုးရွှေရည် ဒီဇိုင်းပန်းချီ သင်... တန်းကျောင်းမှာလည်း ကွန်ပျူတာနည်းပြ ဆရာမလုပ်တယ်... ပြီးတော့ ကိုးတန်းဆယ်တန်းကိုလည်း ဂိုက်လုပ်တယ်၊ ဒါကြောင့် နယ်သင်တန်းသားတွေက ဆရာမလို့ခေါ်ကြပြီး၊ မြို့တော်... သင်တန်းသားကတော့ တီချယ်၊ အချို့ကလည်း မမလို့ ခေါ်ကြ... တယ်၊ သူ ဂိုက်ဒ်လုပ်တဲ့ ကျောင်းသားတွေက တီချယ်လို့ပဲ ခေါ်... ကြတယ်"





"ဪ. ."

နိုင်ခွန်အားရင်ထဲ ပေါ့ပါးသွားသည်။ ယခုမှ ရှင်းရှင်း ...င်းလင်း သိလိုက်ရသည်။

"ဒီနေ့ သင်တန်းကျောင်း မသွားပါလား"

"ကိုယ်ပိုင်သင်တန်းဆိုတော့လည်း အချိန်ကာလ သတ်...မှတ်ချက်က အမှန်မရှိဘူးပေါ့၊ ဆရာ၊ မောနင်းဆက်ရှင်၊ အီးဗင်း...နင်းဆက်ရှင်ရယ် ရှိတယ်၊ အချို့အချိန်မှာ ဂိုက်လုပ်တယ်၊ အမှာ ...နေခင်းကိုတော့ ညဘက်မှာ စာသင်ပေးတယ်"

"စကယ်လီတန်ဆိုတာ မွန်ပြည်နယ်ဘက်က ကွန်ပျူ...တာလာတက်တဲ့ သင်တန်းသားဟောင်းတစ်ဦးပဲ၊ သူက ဒေါ်...နင်းကို ဆရာမလို့ပဲ ခေါ်တယ်၊ ငါးပိ၊ ငါးခြောက်၊ ငါးစီပေါင်း ...ကန်သည် ပေါက်စလေးပဲ၊ ရန်ကုန်ကိုလာရင် လက်ဆောင်ပေး...ကြတဲ့"

"တော်သေးတာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားလို့"

နိုင်ခွန်အားက ကံကောင်းခြင်းကို ဖူးစာရေးနတ်မင်း၏ ...ဆောင်မခြင်းဟု ကျေနပ်စွာ ခံယူလိုက်မိသည်။

"ဪ. . ဆရာ မနက်ဖြန် သူ့သင်တန်းက မောနင်း ဆက်ရှင်က ခုနစ်နာရီမှာ စတယ်တဲ့"

နိုင်ခွန်အား မေဘယ်လီအပေါ် အထူးကျေနပ်သွားသည်။ တော်တော်ပါးရည်နပ်ရည်ရှိသော မိန်းကလေးပင်. . ထို့ကြောင့်. . .

"သိုင်းကျူးမေဘယ်လ်. . ရော့. . ညည်းအတွက် ဝမ်းဆက်တစ်စုံ ဝယ်ဝတ်"



www.burmeseclassic.com

www.burmeseclassic.com



ငါးထောင်တန် ငါးရွက်ကိုထုတ်ကာ ရက်ရက်ရော ရောကို ဆုချပစ်လိုက်သည်။ မေဘယ်လ်က အံ့အားသင့်သွား သည်။

သူတို့ဘော့စ်သည် ကပ်စေးနည်း ကုတ်ကုတ်ဆတ နာမည်ကြီးနေသူ ဖြစ်သည်။ ယခုတော့ ရက်ရောလှချည်လား ခွန်းဆိုသော အမျိုးသမီးထံ ငါးရဲ့ခြောက်တစ်ထုပ် သွားပို့ခိုင်းပြီး ကိုယ်ရေးရာဇဝင်ကို စုံစမ်းခိုင်းသည်။

တစ်နာရီကျော်မျှ အချိန်ကလေးကို သုံးရုံနှင့်. . ငွေ (၂၅၀၀၀) ကျပ်ကို ဆုအဖြစ်ရသည်။

"သိုင်းကျူးဆရာ. . နောက် လိုအပ်သလို ခိုင်းပါ"

မေဘယ်လ်တို့က ဒါမျိုးအလုပ် နေ့တိုင်းလုပ်ပေးပါ လည်း ဝန်မလေးတော့ ဆယ်ခါပြန် လုပ်ပေးချင်စမ်းပါဘိ။

"စိတ်ချ ညည်းခုလို ပြည့်ပြည့်စုံစုံ ပြောပြနိုင်တာကိုတ ငါ့အတွက် အကျိုးရှိနေပါပြီ"

"ဒေါ်ခွန်းက ရိုးသားပွင့်လင်းပါတယ်၊ ဟန်တွေပန်တွေ မရှိပါဘူး၊ ကျွန်မ လှည့်ပတ်မေးသမျှကို ရိုးသားစွာပဲ ဖြေ တယ်၊ ချောလဲ အတော်ချောတာပဲ၊ ကျက်သရေ သိပ်ရှိတ ဆရာနဲ့ လိုက်တယ်၊ ကျွန်မကို ခိုင်းစရာ ရှိသေးလား"

"မရှိတော့ပါဘူး၊ ပြန်လို့ရပြီ"

"သိုင်းခ်ကျူးဆရာ"

မေဘယ်လ်ထွက်သွားသည်။ အာကာကလည်း အ ကိစ္စ အပြင်ထွက်နေသည်။ အာကာ့ကို ပြောပြချင်စိတ်က ရင်ထဲ မရိုးမရွ ဖြစ်ပေါ်နေသည်။





ခွန်း၌ သူလိုလားတောင့်တခဲ့သော အရည်အချင်းအား ယုံး ရှိနေလေပြီ။

ခွန်းသည် သူ့အိပ်မက်ထဲက သတို့သမီးပင် ဖြစ်သည်။ မေဘယ်လ်ထွက်သွားပြီးနောက် ဒီနေ့ လုပ်ဆောင်စရာ အများရှိသနည်းဟု ဒိုင်ယာရီကို လှန်ကြည့်လိုက်သည်။

ဟိုတယ်ဝန်ထမ်းများအား လစဉ် ပုံမှန်အစည်းအဝေး၌ တွေ့ဆုံစကားပြောရန်က ညနေ ငါးနာရီ။

ခုနစ်နာရီက နိုင်ငံခြားဧည့်သည်များနှင့် ညစာစားပွဲ။ ငါးနာရီတောင် ထိုးတော့မှာပါလား။

သူ ကုတ်အင်္ကျီဝတ်ကာ အခန်းပြင်သို့ ထွက်ခဲ့လေ သည်။ သူ အပြင်သွားတိုင်း လိုက်ပါနေကျ အတွင်းရေးမှူးမောင် ဆင်က အဆင်သင့်ပင် သူ့အတက်ချိတ်စကိုကိုင်ကာ စောင့် ဆိုင်းနေသည်။

ခန့်ညားထယ်ဝါမှု ဟိတ်ဟန်ကြီးမှုကို သူ မနှစ်သက် သော်လည်း မတတ်နိုင်၊ စာရင်းဇယားများနှင့် ပတ်သက်၍က ဦးနောက်၌ နေရာအများကြီး မပေးနိုင်။ လုပ်ငန်းနှင့် ပတ် သက်၍. . အောင်မြင်မှု တိုးတက်မှု အမြတ်အစွန်းရရှိမှုများအ တွက်တော့ လျှပ်တပြက်အတွင်း ဆုံးဖြတ်နိုင်စွမ်းတော့ ရှိသည်။

"နောက်ထပ် သုံးမိနစ်မှ ဆရာထွက်မလာရင် ခေါ် တော့မလို့"

"အေးကွာ ငါလဲ ခုမှသတိရလို့"

နှလုံးသားကိစ္စသည် အရာရာကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲမှ အပြန်တွင် ခွန်းထံသို့ ဖုန်းဆက်ရန် ... သော အစီအစဉ်ကိုတော့ ဘယ်မှာမှ ရေးမှတ်စရာ မလိုဘဲ မှ... မိနေမည်သာ။







# အခန်း(၉)

"ဟဲလို"

"ခွန်းနဲ့ တွေ့ချင်လို့ပါ"

"ခွန်း ဟိုဘက်အိမ်ကို ပြန်အိပ်ပါပြီ၊ ကိစ္စ အရေးတကြီး ရှိလို့လား၊ ရှိရင် မှာထားပေးပါ၊ ကျွန်မ ပြောပေးပါ့မယ်"

နိုင်ခွန်အား နာရီကို ကြည့်လိုက်သည်။ ဆယ်နာရီ ဆယ့်ငါးတောင် ရှိနေပြီပဲ။

"ကိစ္စကတော့ အထူးတလည် မရှိပါဘူး၊ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ သင်တန်းကို ခွန်းအတွက် သစ်ခွပန်း ပို့ပေးလိုက်မယ်၊ ဆိုတဲ့အကြောင်းပဲ ပြောလိုက်ပါ”

“ရှင်. . ရှင်. . ဘယ်သူလဲ”

နိုင်ခွန်အား ဘာပြောရမည်နည်း။ ရုတ်တရက်။

“သူ. . ချစ်သူ”

“ဘာ. . မဖြစ်နိုင်တာ ခွန်းအကြောင်း ကျွန်မ အသိဆုံးပဲ၊ ခွန်းမှာ ချစ်သူရှိဖို့ နေနေသာသာ ယောကျ်ားတွေကို အထင်မကြီးလွန်းလို့ အပျိုကြီးလုပ်နေတာ၊ နောက်ပြီး ခွန်းက ပန်းပန်တတ်တဲ့ မိန်းမမဟုတ်ဘူး”

“ဟုတ်လား ကိစ္စမရှိပါဘူး၊ သူ ပန်းပန်တတ်လာအောင် ကျွန်တော် ကြိုးပမ်းမှာပါ၊ သူ့ကိုသာ သူ့အနားမှာ သူ့ကို ချစ်ခင်စွဲလန်းနေတဲ့ လူတစ်ယောက် ရှိနေပြီဆိုတာကို ပြောထားလိုက်ပါ၊ ကျေးဇူးတင်ပါတယ်”

နိုင်ခွန်အားအတွက် ချစ်သူအား ချဉ်းကပ်ရန် နည်းဗျူဟာများ အလိုအလျောက် ပေါ်လာသည်။

ပန်းမပန်တတ်သော မိန်းမတဲ့လား။

မိန်းဆိုတာ နူးညံ့ပျော့ပြောင်းရမည်။ ပန်းကြိုက်ရမည်။ ပန်းပန်တတ်ရမည်။ ဒါမှ မိန်းမ ပီသသည်။

ခွန်းနဲ့တွေ့ဆုံစကားပြောချင်သည့်စိတ်တို့က ထိန်းမရ။

အချစ်နှင့် ပတ်သက်လာလျှင် အရှုံးအမဲသား ကျွဲမီးသလိုပင် အငမ်းမရ ဖြစ်တတ်သည်လား။

နိုင်ခွန်အား ဘဝ၌ ပထမဦးဆုံးသော အချစ်ဖြစ်ခြင်းကြောင့် ဣန္ဒြေမရ ဖြစ်မိသည်။ မတတ်နိုင်။ အချစ်နှင့် ဒီရေသည်





အချိန်ကိုမစောင့်ဟူသော စကားရှိနေသည်ပဲ၊ အချိန်ဆွဲ၍မဖြစ်။

နောက်တစ်နေ့နံနက် နံနက်စောစောထ မိုးရွာရည် ဘွန်ပျူတာသင်တန်း၌ စောင့်မည်။ အဖိုးတန် သစ်ခွပန်းတစ်ခွင့်ကို သင်တန်းသား(သို့မဟုတ်)သင်တန်းသူ တစ်ဦးဦးထံသို့ ခေါ်ခွန်း မှာထားတဲ့ပန်း ပေးလိုက်တယ်ပြောပြီး ပို့ပေးခိုင်းလိုက်မည်။


စိတ်ကူးယဉ်ထဲကတော့ ဟုတ်တော့နေပြီ။

တုန့်ပြန်မှုက မည်ကဲ့သို့ လာမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၁၀)

ခွန်းက လက်ထဲသို့ ရောက်လာသော သစ်ခွပန်းထည့်ထားသော ပလပ်စတစ် အကြည်ထုပ်တလေးကို ကြည့်လိုက်သည်။

ဤပန်းတစ်ပွင့်၏ တန်ဖိုးသည် မနည်းလှ။

ပန်းကိုချေမွကာ. . ပေးသူထံ ပြန်ပို့ပေးလိုက်ဟု ဆိုရအောင်ကလည်း သင်တန်းသား သင်တန်းသူတို့သည် ဝန်းထဲဝင်ပြီလျှင် အပြင်ပြန်ထွက်ခွင့်မရှိ။ ဆရာခိုင်းလျှင် ထွက်ခွင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တစ်စုံတစ်ခု ဖြစ်သွားပါက မိမိပယောဂပင်။

ဝန်းကို ခြင်းတောင်းထဲ အသာထည့်ထားလိုက်သည်။ ဘုရားတင်လျှင် အနည်းဆုံး ဆယ်ရက်နှစ်ပတ် ခံပေမည်။

ညက စိန်ခေါ်ပြီးမှ ပန်းပေးသူအား တွေ့ချင်စိတ်က တော့ ဖြစ်ပေါ်မိသည်။

သို့သော် တွေ့အောင် ကြိုးစားဖို့မလို။ တွေ့ချင်သည် ဆိုသောစိတ်ကို ထိုသူသိသွားပါက မိမိက စိတ်ဝင်စားနေ၍ ဟူ၍ အထင်ရောက်သွားမည်။

"တီချယ်မှာထားတဲ့ပန်းဆိုပြီး လူကြီးတစ်ယောက် ပေးလိုက်တာ တီချယ်'ဟု သင်တန်းသူကလေးကပြောပြီး ပေးသွားသည်။

'အဲဒီလူကြီးက ဘယ်လိုပုံစံလဲ'ဟု မေးလိုက်ပါက. . . ကျောင်းသူလေး သံသယ ဝင်သွားမည်။

"သြော်. . အေး. . အေး"

ဆိုလိုက်ခြင်းဖြင့် ကိစ္စပြတ်သွားမည်ဖြစ်၍ သြော်. . အေးအေးဟု ဆိုကာ ယူထားလိုက်သည်။

ဖျူစင့်အိမ်၌ ဒီနှစ်ပြီးလျှင် မနေတော့။ အမြွာညီနောင် စာမေးပွဲပြီးတာနှင့် တိုက်ခန်းသို့ ပြန်နေမည်။

မိဘများကလည်း သူတို့ဌာနီကို ပြန်လာစေချင်သည်။ မိမိကလည်း အိမ်ကြီးတစ်လုံး၌ စုနေကြပြီး. . ယောင်းမတွေ မတည့်ကြခြင်း၊ ပြိုင်ဆိုင်ကြခြင်း၊ ညီအစ်ကိုတွေ မခေါ်နိုင် မပြောနိုင် ဖြစ်ကြခြင်းကို ကြည့်မရ၍. . မမကြီးကတော့ ဒဏ်ခံနိုင်သည်။





သင်တန်းမှူးလုပ်လိုက်၊ ဟုမ်းကျူရှင်လေး ပြလိုက်နှင့် မိမိဘဝကို မိမိရပ်တည်နေနိုင်ခဲ့သည်။ အစ်ကိုနှင့် မောင်များ၏ အိမ်ထောင်ရေးကို ကြည့်ကာ အိမ်ထောင်ပြုရမှာ စက်ဆုပ်ရွံရှာခဲ့သည်။

အထူးသဖြင့် ယောက်ျားလေးများ အရက်သောက်တတ်ခြင်းကို ဖြစ်သည်။ ဖခင်လည်း အရက်သောက်သည်။ သားလေးယောက်စလုံးလည်း အရက်သောက်သည်။ အရက်သောက်ချိန်၌ သွေးဆိုးသူလည်း ပါသည်၊ သွေးအေးသူလည်း ပါသည်။ အမျိုးမျိုး အထွေထွေလို မြင်နေရတာ ပါသည်။

သင်တန်းစတက် လျှပ်စစ်ခေါင်းလောင်းသံ မြည်လာသဖြင့် သင်တန်းခန်းထဲသို့ ဝင်လိုက်သည်။

အသက်သုံးဆယ်ကျော်လာသော မိမိကိုပင် နှလုံးသားလှိုင်းဂယက်ထအောင် လူတစ်ယောက်က ဖန်တီးမှုတွေ စတင်နေလေပြီ။

ထူးမခြားနား ကျားသတ္တဝါတို့၏ နည်းပေါင်းစုံ ချဉ်းကပ်လာမှုကို အေးဆေးစွာ ရှောင်ရှားနိုင်ခဲ့ ဖြေငြင်းပယ်နိုင်ခဲ့သည်။

ခေါင်းထဲဝင်လာသော အတွေးစများကို ဖျောက်ကာ သင်တန်းခန်းထဲ ဝင်ကာ သင်တန်းသား တစ်ဦးချင်း၏ ကျွမ်းကျင်မှုကို အသေးစိတ် စစ်ဆေးလိုက်သည်။

တစ်နေ့တာရဲ့ လုပ်ငန်းတွေကတော့ စတင်လေပြီ။ ဒီကြားထဲ စိတ်အနှောက်အယှက် ဖြစ်ရသည်က ရေခွက်ထဲတွင် စိုက်ထားသော သစ်ခွပန်း ဖြစ်သည်။ အဆင်းသာရှိပြီး အချင်းမရှိသော ပန်းကိုမကြိုက်၊ သူတစ်ပါး ပင်စည်ကိုမှီပြီး သပ်ပါးအမျိုး



www.burmeseclassic.com

www.burmeseclassic.com



အစားတွင် ပါသည့်သစ်ခွကို သူများနှာခေါင်းပေါက်နှင့် အသက်ရှုသည့် ပန်းအဖြစ် မနှစ်သက်ခဲ့။

သစ်ခွပေးသူကို ပို၍မနှစ်သက်ကြောင်း။







# အခန်း(၁၁)

"ဟဲလို. ."

"ခွန်း. ."

"ဘယ်သူလဲ၊ ဘာကိစ္စ၊ ခိုးကြောင်ခိုးဝှက် အပြုအမူမျိုး ပြုမူရတာလဲ၊ သတ္တိရှိရင် ကျွန်မကို မျက်နှာချင်းဆိုင် လာတွေ့ပါလား"

"တွေ့ချင်ပါတယ်. . သတ္တိလည်း ရှိပါတယ်၊ ဒါပေမယ့် ထောက်ထားညှာတာစရာတွေကို ထောက်ထားနေရလို့ပါ"

"ဘာထောက်ထားစရာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမိကကတော့ ခွန်းရဲ့ ဂုဏ်သိက္ခာကိုပါ"

"ကျွန်မ ရှင့်ကို တစ်ခွန်းပဲ ပြောချင်တယ်"

"အများကြီး ပြောပါလား"

"ရှင် ကျွန်မကို ဘယ်လိုအကြောင်းကြောင့်ပဲ ချဉ်းကပ် ကပ် ကျွန်မ စိတ်မဝင်စားဘူး"

"ကျွန်တော်ကတော့ စိတ်ဝင်စားတယ်၊ ခင်ဗျားကို ရအောင် ပိုင်ဆိုင်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားနေတဲ့အကြောင်း ကြိုတင်အသိ ပေးထားတယ်နော်"

"စိန်ခေါ်တာလား"

"စိန်ခေါ်တယ်လို့ မှတ်ယူရင်လဲ ချစ်သူစိန်ခေါ်သံလို့ သာ မှတ်ယူပေးပါ"

"တော်တော်ရှုးသွပ်တဲ့လူပဲ၊ အရူးတစ်ယောက်ကို စိတ် ဝင်စားလောက်အောင် ကျွန်မ မရူးသွပ်သေးဘူး"

"ချစ်ခြင်းဟာ ရူးသွပ်ခြင်း တစ်မျိုးပဲ"

"ရူးရူး . . ရှင်တစ်ယောက်တည်းပဲ ရူးနေတော့"

ခွန်းစကားဆုံးသည်နှင့် တယ်လီဖုန်းခွက်ကို ချလိုက် သည်။

"အဟမ်း . . ဟမ်း . . ဟမ်း"

"အဟွန်း . . ဟွန်း . . ဟွန်း"

စာကြည့်စားပွဲ၌ စာကြည့်နေသော အမွှာညီနောင်ထံမှ ချောင်းဟန့်သံ တစ်မျိုးစီ ထွက်ပေါ်လာသည်။

"ဟိုကောင်တွေ ရမ်ပြီလား"

မျက်နှာသာ ပေးရှိမရ၊ တစ်အိမ်လုံး သူတို့ ကြောက်





သည့်မှာ မိမိတစ်ယောက်တည်းသာ ရှိသည်။ ဒါတောင် ကြိမ်လုံး ကိုင်ရသေးသည်။

"ရခါနီးပြီ"

"ရအောင်ကျက် ရရင်လာဆိုမယ်၊ ပြီးရင် အလွတ်ရေး ရမယ်၊ မှန်မှပေးအိပ်မယ်"

ကိုကိုက နာရီ မော့ကြည့်လိုက်သည်။

"ဗုဒ္ဓေါ့ . . ဆယ်နာရီ"

"ဆယ်နာရီ ဘာဖြစ်သလဲ၊ ဆယ်တန်းကျောင်းသားအ တွက် ဆယ်နာရီဆိုတာ အိပ်ချိန်မဟုတ်သေးဘူး၊ စောစော အိပ်ချင်ရင် ငါ ကျက်ခိုင်းတာတွေ စောစောရအောင် လုပ်ထား သေး၊ ကိုရီးကားကြည့်ချင်ရတာနဲ့ ဘောပွဲကြည့်ချင်ရတာနဲ့ဆိုရင် ပြီးမလား၊ အငယ်ကောင် ပါးစပ်ထဲကပီကေ သွားထွေးစမ်း"

"ဟုတ် . ."

"စာကြည့်ချိန်မှာ အစာမစားရ၊ စကားမများရဘူး ပြော ထားရဲ့သားနဲ့"

မျက်နှာသာ ပေး၍ကမရ၊ လစ်လျှင်လစ်သလို စကား ပြောချင်သေးသည်။ အစားက စားချင်သည်။ ရေက သောက် ချင်ပြန်သည်။ အပေါ့ သွားချင်ပြန်သည်။ အလေး သွားချင်ပြန် သည်။ ဘာကိုမှ အလေးအနက် ခံယူမှုမရှိကြ၊ ဆရာဝန်လည်း မဖြစ်ချင်၊ အောင်လျှင်ပြီးရော . . ဟူသည့် သဘောမျိုးဖြင့် ညီ အစ်ကို နှစ်ယောက်စလုံး ခပ်ပေါ့ပေါ့။

"ဒူးလောက်တင်မှ ရင်လောက်ကျမယ်၊ ပညာဆိုတာ ပိုတယ်မရှိဘူး အမြဲလိုနေတာ၊ စာမေးပွဲဆိုတာ နတ်ကြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလို မှန်းထားသလို ဖြစ်မလာတာတွေ အများကြီး
အချိန်ရှိတုန်း ကြိုးစားထားကြ"

ခွန်းက ပြောပြောဆိုဆိုနှင့် သူတို့ မလှမ်းမကမ်း စား
ထိုင်ကာ သူတို့၏သင်ခန်းစာ စာအုပ်များ အခြေအနေကို
လှောစစ်ဆေးနေလိုက်သည်။

အလုပ်လုပ်ရင်းမှ စောစောက တယ်လီဖုန်းထဲမှ အ
ရှင်ကို ကြားဖူးသလိုလို ခံစားလိုက်ရသည်။

သူ ဘယ်သူလဲ။

စိတ်မဝင်စားဖူးဆိုပြီး တွေ့ချင်နေသည်။

မနက်က သူပေးလိုက်သော ပန်းအကြောင်းကို မ
လိုက်မိပါလား။

ကိုကိုနှင့် ညီညီက သူ့အားမသိမသာ အကဲခတ်
သည်ကို သူ မတွေ့မိ။

ဘောလ်ပင်ကိုင်ပြီး ငြိမ်သက်နေသော ခွန်းအားကြ
ပြီး. . .

"အမျိုကြီး တစ်ကယ်လုပ်မှာလား. . ပြောစမ်းပါ
တီချယ် သားပြီးပြီ ဆိုမယ်"

သီချင်းဆိုရင်း တစ်ဆက်တည်း လှမ်းပြောလိုက်သေ
ကိုကိုကြောင့် ခွန်း ရုတ်တရက်လန့်သွားသည်။ သီချင်းစာ
ကို မသိကျိုးနွံပြုပြီး. . .

"သီချင်းတအေးအေး လုပ်မနေနဲ့၊ အငယ်ကောင်
တျက်နေတုန်း မဟုတ်လား"

"သားလည်း ရပြီ တူတူဆိုမယ်"





"မရဘူး. . ပေါင်းဆိုရင် ဝါးချမယ်၊ တစ်ယောက်ပြီးမှ
တစ်ယောက်ပဲ၊ အငယ်ကောင်က ကျက်ထားနှင့်ဦး. . အကြီး
ကောင် ဆိုပြီးမှဆို"

ခွန်း စဉ်းစားချိန် မရတော့။

အမြွာညီနောင် စာရရေးအတွက် အလုပ်ရှုပ်သွားလေ
တော့သည်။

ယောက်ျားလေးတွေဖြစ်၍ ဉာဏ်ကတော့ ကောင်း
သည်။ ကျက်လိုက်လျှင် ခဏလေးရသည်။ စိတ်ပါဝင်စားစွာ
ကျက်ဖို့အရေး စည်းရုံးရတာကပဲ အချိန်ကြာသေးသည်။

"ရေးမယ်. . စားပွဲချင်း ကပ်မနေနဲ့၊ အကြီးကောင်က
စားပွဲကိုလာ. . ဂရုတစိုက်ရေးမယ်၊ တစ်လုံးမှားရင် ဆယ်ခါ
ပြန်ရေးရမယ်၊ ရေးပြီးရင် တစ်ခေါက်ပြန်ဖတ်မယ်၊ စာမေးပွဲလို
သဘောထားရမယ်၊ ဘာကိုပဲ ဘယ်အချိန်ရေးရေး အလေ့အ
ကျင့်တစ်ခု ဖြစ်နေပါစေ"

မိမိကလည်း ခပ်ပေါ့ပေါ့ သဘောမထားစေချင်ပေ။
စာရေးနှင့် ပတ်သက်လျှင် ပေါက်ပေါက်ဖောက်သလို တတွတ်
တွတ် ပြောမိသည်။ ကျန်အချိန်များတွင်တော့ လူငယ်တို့၏
သဘာဝတရားကို နားလည်သဖြင့် ခွင့်လွှတ်သည်။ ကစားခွင့်
ပေးသည်။ စာဖတ်ခွက့်လည်းပေးသည်။ မိမိကိုယ်တိုင်မှတောင်
ကိုက်ဌှားပေးသည်။ သီချင်းဆိုခွင့်ပေးသည်။ စာသင်ချိန် စာ
ကျက်ချိန်ကိုတော့ တိကျစွာ သတ်မှတ်ပေးထားသည်။

မှားလျှင် ပြန်ပြင်ဆင်ချက်ကို သူတို့ကြောက်ကြသဖြင့်
မှန်အောင် ရေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလို မှန်းထားသလို ဖြစ်မလာတာတွေ အများကြီး အချိန်ရှိတုန်း ကြိုးစားထားကြ”

ခွန်းက ပြောပြောဆိုဆိုနှင့် သူတို့ မလှမ်းမကမ်း စာ ထိုင်ကာ သူတို့၏သင်ခန်းစာ စာအုပ်များ အခြေအနေကို ယ လျှောစစ်ဆေးနေလိုက်သည်။

အလုပ်လုပ်ရင်းမှ စောစောက တယ်လီဖုန်းထဲမှ အသ ရှင်ကို ကြားဖူးသလိုလို ခံစားလိုက်ရသည်။

သူ ဘယ်သူလဲ။

စိတ်မဝင်စားဖူးဆိုပြီး တွေ့ချင်နေသည်။

မနက်က သူပေးလိုက်သော ပန်းအကြောင်းကို မမေ လိုက်မိပါလား။

ကိုကိုနှင့် ညီညီက သူ့အားမသိမသာ အကဲခတ် သည်ကို သူ မတွေ့မိ။

နဘောလ်ပင်ကိုင်ပြီး ငြိမ်သက်နေသော ခွန်းအားကြ ပြီး. . .

“အပိုကြီး တစ်ကယ်လုပ်မှာလား. . ပြောစမ်းပါ တီချယ် သားပြီးပြီ ဆိုမယ်”

သီချင်းဆိုရင်း တစ်ဆက်တည်း လှမ်းပြောလိုက်သော ကိုကိုကြောင့် ခွန်း ရုတ်တရက်လန့်သွားသည်။ သီချင်းစာသ ကို မသိကျိုးနွံပြုပြီး. . .

“သီချင်းတအေးအေး လုပ်မနေနဲ့၊ အငယ်ကောင် ကျက်နေတုန်း မဟုတ်လား”

“သားလည်း ရပြီ တူတူဆိုမယ်”





“မရဘူး. . ပေါင်းဆိုရင် ဝါးချမယ်၊ တစ်ယောက်ပြီးမှ တစ်ယောက်ပဲ၊ အငယ်ကောင်က ကျက်ထားနှင့်ဦး. . အကြီး ကောင် ဆိုပြီးမှဆို”

ခွန်း စဉ်းစားချိန် မရတော့။

အမြွာညီနောင် စာရေးအတွက် အလုပ်ရှုပ်သွားလေ တော့သည်။

ယောက်ျားလေးတွေဖြစ်၍ ဉာဏ်ကတော့ ကောင်း သည်။ ကျက်လိုက်လျှင် ခဏလေးရသည်။ စိတ်ပါဝင်စားစွာ ကျက်ဖို့အရေး စည်းရုံးရတာကပဲ အချိန်ကြာသေးသည်။

“ရေးမယ်. . စားပွဲချင်း ကပ်မနေနဲ့၊ အကြီးကောင်က စားပွဲကိုလာ. . ဂရုတစိုက်ရေးမယ်၊ တစ်လုံးမှားရင် ဆယ်ခါ ပြန်ရေးရမယ်၊ ရေးပြီးရင် တစ်ခေါက်ပြန်ဖတ်မယ်၊ စာမေးပွဲလို သဘောထားရမယ်၊ ဘာကိုပဲ ဘယ်အချိန်ရေးရေး အလေ့အ ကျင့်တစ်ခု ဖြစ်နေပါစေ”

မိမိကလည်း ခပ်ပေါ့ပေါ့ သဘောမထားစေချင်ပေ။ သာရေးနှင့် ပတ်သက်လျှင် ပေါက်ပေါက်ဖောက်သလို တတွတ် တွတ် ပြောမိသည်။ ကျန်အချိန်များတွင်တော့ လူငယ်တို့၏ သဘာဝတရားကို နားလည်သဖြင့် ခွင့်လွှတ်သည်။ တစားခွင့် ပေးသည်။ စာဖတ်ခွက်လည်းပေးသည်။ မိမိကိုယ်တိုင်ဖောင် ထိုက်ဖွားပေးသည်။ သီချင်းဆိုခွင့်ပေးသည်။ စာသင်ချိန် စာ ကျက်ချိန်ကိုတော့ တိကျစွာ သတ်မှတ်ပေးထားသည်။

မှားလျှင် ပြန်ပြင်ဆင်ချက်ကို သူတို့ကြောက်ကြသဖြင့် မှန်အောင် ရေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြီးစီးသွားတော့ ဆယ်နာရီလေးဆယ် ပြ
သွားပြီ။

"တဲ့ . . စာအုပ်တွေ သိမ်း၊ နေရာတကျထားပြီးရင် သွား
အိပ်တော့"

"တီချယ်ကို လိုက်ပို့ပေးဦးမယ်လေ"

"အံမယ် ဘယ်တုန်းက လိုက်ပို့ရလို့လဲ၊ အပိုလုပ်မနေနဲ့
သွားအိပ်တော့၊ မနက် ခြောက်နာရီပဲနော်၊ အလန်းဘဲလ်တော
ပေးပြီးပြီလား"

"ပြီးပါပြီ ဆရာမ"

"ရုပ်ကိုက ပြောင်ချော်ချော်နဲ့ ကျောက်ကျော ခွေးသေ
ပန်းရုပ်၊ သွားမယ် . . တံခါးကို တစ်ခါတည်း သော့ခတ်ထား"

အိမ်ပြင်ရောက်ပြီး အမြွာနှစ်ကောင် တံခါးပိတ်မပိတ်
ကြည့်ရသေးသည်။

သံပန်းတံခါး သော့ခတ်အပြီး၌ . . .

"တီချယ် . . တီချယ်"

"ဘာလဲ အငယ်ကောင်"

"တီချယ် ဖုန်းလာရင် ဘာပြောလိုက်ရမလဲ၊ ခေါ်ပေးရ
လား"

"မခေါ်နဲ့ အိပ်သွားပြီးသလို့ ပြောလိုက်"

"ဟုတ်ကဲ့"

ပြောပြီး တေးအိမ်ဘက်သို့ ထွက်ခဲ့သည်။ ကလေးတွေ
ရိပ်မိသွားကြပြီလား . . .။

အဖော်အဖြစ် လိုက်ပေးနေသော အစ်မဝမ်းကွဲ မမညိ





တံခါးဖွင့်ပေးသည်။

"ညလယ်စာ ထမင်းစားဦးမလား၊ ငါးရံ့ခြောက်ဖုတ်က
နေတာပဲ၊ ဒီတစ်ခါ ဆားတော်တော်ပေါ့တာ၊ ဆားတောင် မပါ
အတိုင်းပဲ၊ အရင်တစ်ခါက ငါးခြောက်က တော်တော်လေး
တာ"

စကယ်လီတန့်ပေးသော ငါးခြောက်နှစ်မျိုးကို မမညိုက
ယှဉ်ပြောပြသည်။

"မစားတော့ပါဘူး အိပ်တော့မယ်၊ မနက် ချိုင့်ထဲသာ
ထည့်ပေးလိုက်"

"အေး . . အေး . . ငါတော့ ကိုရီးယားကား စောင့်လိုက်
ဦးမယ်"

"မမညိုပဲ အိပ်ပျက်ခံ"

ပြောပြောဆိုဆို အိပ်ခန်းထဲဝင် ခြေလက်ဆေးကြောပြီး
ညအိပ်အကျႌ လဲလှယ်ပြီး ဘုရားခန်းသို့ လာခဲ့သည်။ ဘုရား
ဆင်တုရှေ့ ဖန်ခွက်ထဲ၌ စိုက်ထားသော သစ်ခွပန်းကြီးမှာ ငွားငွား
စွင့်လျက် ခွန်းကို လှောင်ပြောင်ပြနေသည်။

လက်ခံမိတာ မှားသွားပြီလား။

ငြင်းဆန်ကာ ပြန်ပေးခိုင်း၍လည်း မဖြစ်၊ မသိလိုက်
မသိဘာသာနေ၍ နေ့စဉ်ဆိုပါက ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ကျွန်မကို ပန်းမပေးနဲ့၊ ကျွန်မ ပန်းမကြိုက်ဘူး၊ သင်္ချိုင်း
တန်းသားတွေလဲ တစ်မျိုးထင်လိမ့်မယ်"

မတတ်သာသဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်ရ
သည်။

"စေတနာနဲ့ပါ ပန်စေချင်လို့"

"ကျွန်မမှ ပန်းမပန်တတ်ဘဲ"

"ပန်ပါ၊ ခင်ဗျားဆံထုံးနဲ့ နန်းဆန်တဲ့ ခင်ဗျားမျက်နှာပေး





ပန်းတစ်ပွင့်နဲ့ သိပ်လိုက်ပါတယ်"

"ခက်တာပဲ၊ ကျွန်မ ရှင့်ကို မေတ္တာရပ်ခံနေတာ၊ နောက်
ကျွန်မဆီကို ပန်းမပို့ပေးနဲ့တော့၊ ကျွန်မကို ဘယ်သူမှ အထင်
သေးတာကို မကြိုက်ဘူး၊ ပန်းက ဘယ်သူပေးတာလဲလို့ စပ်စု
ကုန်ကြပြီ"

"နင်က ရှည်ရှည်ဝေးဝေး ရှင်းပြနေမှတော့ ဟိုက ဖိုး
တိုးတုတ် ဖြစ်နေပြီပေါ့"

ဖြူစင်ကလည်း အနားမှ တကျီကျီ၊ စိတ်ပျက်စရာ
ကောင်းလောက်အောင်ပင် မိမိ၏ လွတ်လပ်ခွင့်တို့ ဆုံးရှုံးရလေ
ပြီလား။

"ဒီလိုဆို အိမ်လာပို့ပေးမယ်လေ"

"မပို့ပေးနဲ့၊ ကျွန်မက သူများအိမ်မှာ နေရတာ အိမ်ရှင်
အထင်သေးတာ မခံချင်ဘူး"

"ဟဲ့. . ပိုခိုင်းလိုက်၊ ဒါမှ ဘယ်သူလဲလို့ သိမှာပေါ့၊ အ,
သိုက်တာ လွန်ရော"

ဖြူစင်က ပွစိပွစိ။

"ဒါပဲ. . ရှင် ကျွန်မကို မဆက်သွယ်နဲ့တော့"

"ဆက်သွယ်မယ်၊ အိမ်ကို ပန်းပို့ပေးမယ်၊ ညဘက် ဖုန်း
ဆက်မယ်၊ မကိုင်ရင် ကိုင်တဲ့လူတွေနဲ့ပဲ ခွန်းကို ချစ်တဲ့အကြောင်း
ပြောနေလိုက်မယ်"

"အရူး"

စိတ်ပျက်စွာဖြင့် ဖုန်းကို ချလိုက်သည်။ မျက်နှာတပြင်
လုံး ထူပူသွားသကဲ့သို့ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်က ဘာဖြစ်သွားတာလဲ၊ ဟိုက ဘာပြောလိုက်လို့လဲ၊ မျက်နှာကြီးကို နီရဲနေတာပဲ"

ဖြူစင်က စပ်ဖြဲဖြဲလုပ်ကာ မေးသည်။

"သွားစမ်းပါ"

"ကေနွ ဖုန်းထဲကနေ ဖလိုင်းကစ် ပေးလိုက်ပြီ ထင်တယ်"

"တော်စမ်းပါ၊ ကဲ. . . သွားတော့မယ်"

"နေပါဦးဟယ်၊ ရှင့်ကို ကျုပ်ပြောစရာရှိလို့"

"ရှင် ကျုပ်နဲ့လိုက်အိပ်ပါလား"

"မဖြစ်ဘူး၊ ဟိုကောင်တွေကို မနက်နိုးပေးရဦးမှာ"

"ရှင် ဒီလိုဆိုရင်. . . ရှင် ကျုပ်ကို လိုက်ပို့ရင်း ပြော"

ဖြူစင်အတွက်လည်း ခက်ရသည်။

ဖြူစင်တို့အိမ်တွင် မနေချင်သည့် အကြောင်းရင်း၏ အဓိက အချက်မှာ ဤအချက် ပါဝင်သည်။

"ထွေး ပြန်ရောက်နေပြီ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်၊ ကျုပ်ကို ဈေးမှာ လာစောင့်တွေ့တယ်"

ဖြူစင်သည် ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတက်ဘဲ နိုင်ငံခြားထွက်ကာ အလုပ်သွားလုပ်ခဲ့သော ထွေး(ခေါ်) ဇော်ဝင်းနှင့် ကြိုက်နေသည်။ မိဘများက လုံးဝ သဘောမတူသဖြင့် ဖြူစင်ကို အလုပ်ပင်ပေးမလုပ်ပဲ အိမ်တွင်းအောင်းထားပြီး ယောက်ျား ပေးစားရန်သာ ကြံစည်နေသည်။

"ဒုက္ခပါပဲဟယ်"





"သူ အတော်လေး စုမိနေပြီ၊ မြေကွက်ဝယ်ထားပြီးပြီ၊ ဆက်စီးသုံးစီး ဝယ်မယ်ပြောတယ်၊ အဲဒါ လိုက်ခဲ့ဖို့ ခေါ်တယ်"

"မလောပါနဲ့ဦးဟယ်"

ခေါင်း ဆင်နင်းတာလား၊ ဝယ်ထိပ်မြွေပေါက်တာလား မပြောနိုင်၊ ခွန်း စိတ်ညစ်သွားသည်။

"သူလဲ စောင့်ရတာ ဆယ်နှစ်ကျော်လာတော့ လောပြီပေါ့"

"မိဘတွေဘက်ကလည်း စဉ်းစားဦးလေ၊ ကိုယ့်သားသမီးအပေါ် ဆင်စီးမြင်းရံတာပဲ မြင်ချင်တာပေါ့၊ ရှင်တို့ အဆင့်အတန်းနဲ့ ဇော်ဝင်းအဆင့်အတန်းက အရမ်းကွာလွန်းတယ်"

"ထွေးက ဘွဲ့မရတာကလွဲရင် သူ့ကိုယ်ပိုင် အရည်အသွေးနဲ့ ကိုယ်ပိုင်အိမ်ကားနဲ့ ထားနိုင်ပြီပဲ၊ အဓိကက ချစ်ခြင်းမေတ္တာတရားနဲ့ သစ္စာတရားပဲ၊ ထွေး ငါ့အပေါ် စိတ်မပျက်ဘဲ ကြိုးစားရှာဖွေပြီး စောင့်နေတာကိုပဲ သူ့အချစ်ကို အထင်သေးလို့ မရဘူး"

"မလောပါနဲ့ဦး၊ အန်တီ့သဘောထားကို တီးခေါက်ကြည့်ပါဦး"

"ခါးခါးသီးသီးပဲ"

"အန်ကယ်ကကော"

"ဖေဖေကတော့ မေမေလောက် မပြင်းထန်ဘူး၊ မေမေငြိမ်းရင် ငြိမ်းမယ့်သဘောရှိတယ်"

"ကျုပ်လဲ အကြံမပေးတတ်တော့ဘူး၊ ရှင်က ကိုယ့်စိတ်ကိုယ် ကိုယ်မနိုင်တော့လဲ မတတ်နိုင်ဘူး အပိုကြီး လုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့လဲ မလုပ်ဘူး"

ဖြူစင်က စိတ်ပျက်လက်ပျက်နဲ့ အုတ်ခုံပေါ် ထိုင်ချလိုက်သည်။

"ရှင်က အချစ်နဲ့ မတွေ့ဖူးသေးတော့ ပြောအားရှိတာပေါ့၊ ချစ်မိလာကြပြီဆိုရင် ချစ်သူချင်း ပေါင်းဖက်ချင်ကြတာ သဘာဝပဲ"

"ဒါပေမယ့် ရှင့်ကို သတိပေးရဦးမယ်၊ အန်တီက ရှင့်ကို ဟိုပုဂ္ဂိုလ်. . နိုင်. . ဘယ်သူ"

"နိုင်ခွန်အားပါ"

"အေးအေး သူ့ကိုငြင်းလိုက်ကတည်းက ကျုပ်ကို ပြောတယ်၊ သူ့ကောင်ကို မပြတ်နိုင်လို့ သက်သက် ဆင်ခြေပေးနေတာတဲ့. . ဘာဆိုင်လဲ နိုင်ခွန်အားနဲ့ ဟိုကောင်က မိုးနဲ့မြေကြီးတဲ့ ခက်တယ် မဖြစ်နိုင်တာ၊ အန်တီတို့ အနေနဲ့လဲ ဘယ်နည်းနဲ့မှ သဘောမတူနိုင်တာ မှားသလား ဘာညာနဲ့ ရှင့်ကို ဖျောင်းဖျပြီး နားချခိုင်းနေတာပဲ"

"အဲ့ဒါတွေ ရှက်စရာကောင်းတာပေါ့၊ နိုင်ခွန်အားကလဲ ကျုပ်ကို ဝတ်ကျေတန်းကျေ လာကြည့်တာပါ၊ သူ့ပုံစံက ကျုပ်အပေါ် နှမ်းစေ့တစ်စေ့လောက်တောင် စိတ်ဝင်စားပုံ မရဘူး ဒါကို မေမေ ထပ်ကြိုးပမ်းချင်သေးတာ၊ မိန်းမသိက္ခာ ကျပါတယ် သူငြင်းကိုယ်ငြင်းပေါ့ မေမေရယ်လို့ ငါက ပြောလိုက်ရသေးတယ်၊ မေမေ့ကိုလည်း သနားတယ်၊ ထွေးကိုလည်း သနားတယ်"

"အေးပေါ့ဟာ၊ သူ့ မေတ္တာစေတနာ မှန်ကန်တယ်ဆို





ရင်တော့လည်း ဖြစ်လာရမှာပေါ့၊ လိုက်တော့ မပြေးပါနဲ့၊ ကြီးကြီးကို နားချခိုင်းကြတာပေါ့"

ကြီးကြီးသည် ဖြူစင်၏ ကြီးတော်ဖြစ်သည်။ ညီအစ်မ နှစ်ယောက်တည်းရှိ၍ ကြီးကြီးစကားကိုတော့ ဖြူစင်အမေက နားထောင်သည်။

"အရင်ကတော့ ကြီးကြီးလဲ ခါးခါးသီးသီးပါပဲ၊ ဒါပေမယ့် ခုလို အခြေအနေမျိုးမှာတော့. . ကြီးကြီးဆန္ဒ ပြောင်းလွဲလာအောင်း ပြောင်းလွဲလာမယ် ထင်တာပဲလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကြီးကြီးတို့ အိမ်ထောင်ရေးကလဲ သူညက စခဲ့ကြတာဆို"

"အင်း. . ဟုတ်တယ်၊ ခွန်း. . ရှင့်ကို ဒါကြောင့် ကျုပ်က အားကိုးနေရတာ၊ ရှင်ပဲ ကြီးကြီးကို ပြောပေးနော်"

"ကျုပ် ပြောလို့ဖြစ်မလား၊ ရှင့် ထွေးအခြေအနေတွေမှ ကျုပ်မသိတာ"

"အဲ. . အဲ. . အဲဒါ. . ရှင့်ကို ပြောမလို့ မနက်ဖြန် ရှင် ထွေးကို သွားတွေ့ပေးပါဦး၊ ကျုပ် စာရေးပေးလိုက်မယ်"

"သေဟဲ့. . နန္ဒိယလို့သာ ပြောလိုက်ချင်တော့တာပဲ၊ တကတည်း ယောကျာ်းတွေကို အမြင်ကပ်ပါတယ်ဆိုမှ အောင်သွယ်လုပ်ရဦးမယ်"

"ကုသိုလ်ရပါတယ်ဟယ်"

"အဲဒီ ကုသိုလ်ကြီးကိုတော့ ကန်တော့ဆွမ်းပါဘုရားလို့သာ ပြောလိုက်ချင်တော့တယ်နော်"

"မနက်ဖြန် ရှင့်သင်တန်းကအပြန် သူ လာစောင့်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ သင်တန်းကို ကြည့်လဲလုပ်ဦးနော်၊ ရှင့်အိမ်က လာကြိုတဲ့ကားကိုကော"

"ရှင် ကျူရှင်သွားစရာ ရှိလို့လို့ ပြောလိုက်ပေါ့၊ တကယ်စီနဲ့ပဲဟာ အထင်မှားစရာ မရှိပါဘူး၊ သူကလဲ ရှင်နဲ့ တွေ့ချင်တယ်"

"အင်း. . ဝဋ်ရှိသရွေ့တော့ ခံပေဦးတော့ မိခွန်းရေ"

"ခွန်းကလဲကွာ. . တစ်ခါတည်းပါ၊ သူပြောတာ် နားထောင်၊ စာပေးလဲ ယူခဲ့ပေး. . ဒါပါပဲ"

"အဲဒီ ဒါပါပဲက အန်တီသိသွားရင် မလွယ်ဘူးနော်၊ မဖြစ်ဘူး ကျုပ်တော့ ကြီးကြီးကို အားလုံးပြောပြထားမှ ဖြစ်မှာ"

"ဒါပဲလား. . ဒါဖြင့် ရှင်ပြန်တော့၊ တော်ကြာ အန်တီတရေးနိုးလို့ ရှင်နဲ့ကျုပ် တီးတိုးတီးတိုး သဖန်းပိုးနေတာတွေ့ရင် မသက်ာ ဖြစ်နေဦးမယ်"

"အေးပါ. . စာ ရှင့်စားပွဲပေါ်မှာ တင်ထားတယ်နော်"

"မြီးကောင်ပေါက်လေးတွေ ကျနေတာပဲ၊ စာတစ်တန်ပေတစ်တန်နဲ့"

"အချစ်မှာ အရွယ်မရှိဘူး. . မချောရဲ့၊ မှတ်ထား"

ဖြူစင်က ပြောပြောဆိုဆို ခွန်းပါးနှစ်ဖက်ကို ဆွဲလိမ်ပြီး ပြေးထွက်သွားလေသည်။

"ဟွန်း. . မိန်းမကိုက"

ခွန်းသည် သမင်ပျိုမလေး၏ မြူးတူးခြင်းမျိုးနှင့် မြူးတူးပျော်ပါးသွားသော ဖြူစင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

အချစ်သည် လူကို ပြောင်းလွဲစေတတ်သလား။

တွေးထဲမှ အဆက်အသွယ် မရဘဲရှိစဉ်က ဖြူစင်သည်





ငြိမ်သက်လျက် သီလရှင်ပဲ ဝတ်တော့မလိုလို တောထွက်တော့မလိုလို ရှိနေခဲ့သည်။

ယခုတော့လည်း ဆန့်ကျင်ဘက်. . .

ခွန်း တအံ့တဩ တွေးတောကာ ငေးမော၍ ကျန်ရစ်ခဲ့သည်။

မိုးကောင်းကင် တစ်ခုလုံးကို ဖုံးလွှမ်းထားသော မဟူရာရောင် ပိုးကတ္တီပါကို စိန်ကြယ်ပွင့်လေးများက စီခြယ်လျက်ပါသား၊ သဘာဝတရား၏ လှပမှုကို ခွန်း ငေးမောနေမိသည်။

ခွန်းသည် သဘာဝအလှတရားများကို မြတ်နိုးတွယ်တာတတ်ပါလျက် ယောကျ်ားများ၏ သဘာဝကို ကြည့်မရနိုင်ပါ။

"ထွေးလိုကောင်မျိုး ဘာအထင်ကြီးစရာ ရှိသလဲ၊ ဖြူစင်တစ်ယောက်တည်းကို ချစ်တတ်တာကိုကပဲ အထင်ကြီးစရာသား"

တွေးရင်း ခေါင်းနောက်လာသည်။

ကြယ်ပွင့်များနှင့် ကောင်းကင်ကြီးကို ကျောခိုင်းကာ အိမ်ထဲသို့ ဝင်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

နံနက်ကိုးနာရီ သင်တန်းဆင်း လျှပ်စစ်ခေါင်းလောင်းသံ အဆုံး၌ သင်တန်းသားများ ဝေါခနဲ ထွက်လာကြသည်။ ရောင်စုံ အလှပန်းများကြားမှ ခွန်းတို ရှာဖွေနေမိသည်။

ရေဘင်မျက်မှန်တပ်ထားပြီး ကားဘေးမှတစ်ဆင့် မသိ မသာ ခိုးကြည့်ရသဖြင့် ရှင်းရှင်းလင်းလင်း မမြင်ရချင်။

ဟော. . လာပြီ အများနှင့်မတူ ထူးခြားသော အလှပိုင် ရှင် ခွန်းသည် မြန်မာဆန်ဆန်နှင့်လည်း ထူးကဲစွာပင် ကျက်သ





နှင့် ပြည့်စုံသည်။

ခွန်းက သူ့ကားရှိရာ ပလက်ဖောင်းဘက်သို့ ကူးလာ သည်။

သူ့ရင်ထဲ မြင်းရိုင်းကောင်းတို့ ခုန်ပေါက်မြူးတူးနေ ကြသည်။

အချစ်၏ စွမ်းအားသည် ကြီးမားလွန်းလှသည်။ ခွန်းကို မြင်ရရုံနှင့် သူ့ စိတ်အလျှင်သည် ကျေနပ်ပျော်ရွှင်နေမိသည်။ ဤတစ္ဆာလောကကြီး၌ လူသားဖြစ်ရခြင်းကိုပင် ကျေနပ်မိသည်။

ခွန်းသည် သူ့ကားဘေးမှ ဖြတ်ကျော်သွားသည်။

လှလိုက်တာ ခွန်းရယ်၊ ကျက်သရေရှိလိုက်တာ၊ ရင် ထဲ၌ ထောပနာ ပြုမိသည်။

ခွန်း တော်သွားသည်နှင့် တားပေါ်မှဆင်းပြီး ခွန်း သွားရာကို ကြည့်မိသည်။ သူ့ကားရှေ့မှ သုံးစီးအကျော်၌ ရပ် ထားသော တက်စီ ကားသမားကို လှမ်းပြောပြီး နောက်ခန်းဝင် ထိုင်လိုက်သည်။

ကြိုနေကြ ဖြူစင်တို့အိမ်က ကားလာမကြိုဘူးလား။ သူ ကားပေါ် ကမန်းကတန်း တက်လိုက်သည်။ ခွန်းစီးသွားသော တက်စီ ကားနောက်သို့ လိုက်ရသည်။

ခွန်း ကျူရှင်သွားသင်တာလား၊ ပင်ပန်းပါတယ်၊ သူနဲ့ သက်ထပ်ပြီးလျှင်တော့ ဝါသနာအရ တားမရလျှင်လည်း ကွန်ပျူ တာသင်တန်းနည်းပြဆရာမတော့ လုပ်ချင်လုပ်၊ ကျူရှင်တော့ ပြခွင့်မပေးနိုင်။

နိုင်ခွန်အား တွေးရင်းပြုံးမိသည်။ မုန့်ဆီကြော်က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေမှန်းမသိသေး၊ နှုတ်ခမ်းနာနှင့် တည့်ပါ့မလား ဖြစ်နေပြီ

ခွန်း လိုက်ပါသွားသော တက်စီကားက မြောက်ဒဂုံ
ထိ သွားသည်။

သူ မချင့်မရဲ ဖြစ်မိသည်။ ဝေးလိုက်တာ ပင်ပန်းလို
တာ၊ ခွန်းကို အသနားပိုနေမိသည်။

သစ်တောထွက် လမ်းတစ်လမ်းကို ချိုးဝင်လိုက်သည်
မလှမ်းမကမ်းက လိုက်ရင်း ဆောက်လက်စ အိမ်ရှေ့၌ ခွန်း
ကား ရပ်သွားသည်။

"ဟင်. ."

အာမေဋိတ်ပင် ထွက်သွားရသည်။

အမိုးပင် မတင်ရသေးသောအိမ်၊ တိုက်ဆောက်တုန်း
ရှိသေးသည်။ ပန်းရံသမားများနှင့် ကြီးကြပ်သူ ရှုပ်ရှက်ခတ်
သည်။ ဒီလိုနေရာမျိုး ခွန်း ဘာလာလုပ်တာလဲ။

နိုင်ခွန်အား၏ မျှော်လင့်ချက်တို့ မှေးမှိန်သွားချင်ပြီ
အားလျော့သွားသည်။ ခွန်းကို တက်စီမောင်းသမားက လ
ညွှန်းတည္ညွှန်ပြပြီး စကားတွေ အများကြီး ပြောနေသည်။ ခွ
ကလည်း ပြောသည်။ ဘာတွေလည်းမသိ။ ရယ်မောတာ
လည်း တွေ့ရသည်။ နိုင်ခွန်အား ရင်မှာ နာကျင်လာသည်။

ဆက်လက်ကြည့်ရှုနိုင်သောအင်အား မရှိတော့။ တာ
ကို ဆက်လက်မောင်းထွက်ခဲ့လိုက်သည်။

ခွန်းမှာ ရည်မှန်းထားသူ ရှိနေပြီ။

ဖြစ်နိုင်ပါ့မလား၊ ခွန်းလို အဆင့်အတန်းနှင့် တက်
မောင်းနေသူနှင့် ဘယ်နည်းနှင့်မှ မဖြစ်နိုင်။





သူ ရုံးခန်းထဲဝင်လိုက်တော့ အာကာ လိုက်ဝင်လာပြီး

"အနိုင်. . မင်း ဘယ်ပျောက်နေတာလဲ"

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို ယှဉ်
တွဲတွေ့ရရုံနဲ့ သမီးရည်းစားလို့ ပြောနိုင်သလား"

"ဘယ်ပြောနိုင်ပါ့မလဲ၊ တွဲပုံတွဲနည်းတ လိုသေးတယ်၊
သမီးရည်းစားပုံစံ၊ မိတ်ဆွေသူငယ်ချင်းပုံစံ၊ မောင်နှမပုံစံ၊ သား
အမေပုံစံ အမျိုးမျိုးရှိတယ်"

"အင်း. ."

စိတ်သက်သာမှု အနည်းငယ် ရသွားသည်။ ခွန်းကိုတွေ့
ခဲ့ရသည့် အနေအထား အာကာကို ပြောပြတော့. . .

"မိတ်ဆွေဖြစ်နိုင်တယ်၊ သူငယ်ချင်းလည်း ဖြစ်နိုင်တယ်၊
အတွက်တော့ ဒုန်းဝါရီဝဲ သူငယ်ချင်း"

"ဟင်း. . ခွန်းနဲ့ပတ်သက်လာရင် အထိအခိုက် မခံနိုင်
အောင်ကို ငါ့နှလုံးသားက နုနေတယ် သူငယ်ချင်း"

"မင်းဟာက တစ်ဖက်သတ်ကြီးကွာ"

"ငါကလဲ ပေါ်တင်တွေ့ဆုံကြိုးစားချင်ပြီ"

အာကာက တစ်စုံတစ်ခုကို စဉ်းစားလိုက်ပြီး လက်
ချောက်တီးကာ

"ငါ အကြံရပြီ"

"ဘာလဲကွ"

"သူကမိဘတွေကို သိအောင် စုံစမ်းပြီး မိဘတွေဆီ
သွားတောင်းရမ်းလိုက်ကွာ"

"ဖြစ်ပါ့မလား၊ သူ စိတ်ဆိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးတာ မဆိုးတာထက် မင်းကို သူ တွေ့ချင်လာ
လိမ့်မယ်"

"ငါ့နာမည်ကို သူ သိထားပြီးပြီလေ၊ ဖြူစင်နဲ့ မိဘချင်
သအောတူလို့ လာကြည့်တဲ့သူဟာ နိုင်ခွန်အားလို့ သိပြီး နိုင်ခွ
အားအနေနဲ့ သွားတောင်းရင် ဖြစ်ပါ့မလား သူငယ်ချင်း"

"ဒီလိုဆို နိုင်ခွန်အားအနေနဲ့ မသွားပဲ အခြားအမျ
တစ်မျိုးနဲ့ မိဘတွေကို မင်းကိုယ်တိုင်ပဲ ချဉ်းကပ်ကွာ"

"မိဘသဘော မလွန်ဆန်နိုင်လို့ ယူရတဲ့ အနေမျိုး
ငါ မလိုချင်ဘူး"

"ကိုယ်တော်.. တပည့်တော်လဲ မလျှောက်တတ်တော
ဘူး၊ မင်းဘာသာမင်းပဲ ကြိုးစားတော့"

နိုင်ခွန်အား စိတ်ညစ်ရပြီ။

အာကာက..

"မိန်းမမရဘဲ ဆံပင်ဖြူအောင် စဉ်းစားပေတော့၊ မ
နှေးနေတာနဲ့ သူများနောက် ပါသွားလိမ့်မယ်"

"မတတ်နိုင်ဘူး၊ ချစ်ခြင်းမေတ္တာမှာ အတိုင်းအတာ
ပေမယ့် အသွားအပြန်ရှိတယ်၊ ငါ သူ့ကို မေတ္တာနှောင်ကြိုး
ချည်နှောင်ဆွဲငင်မယ်"

"မင်းကိုတော့ အံ့သြလွန်းကွာ၊ စီးပွားရေးမှာ
ဦးနှောက် သိပ်ကောင်းသလောက် လက်တွေ့လဲ ကျတယ်၊ ဒါ
မယ့် မင်းဟာ နှလုံးသားရေးရာမှာတော့ စိတ်ကူးယဉ်သမ
သက်သက်ပဲ၊ စိတ်ကူးယဉ်သမားတွေဟာ အရှုံးသမား ဖြစ်
တတ်တာတွေ များတယ်နော်၊ ကြည့်လဲလုပ်ဦး"





အာကာက ပြောပြောဆိုဆို သူ့အခန်းထဲမှ ထွက်သွား
လေသည်။

ပန်းမပေးနဲ့တော့ဆို၍ သူ ပန်းမပေးတော့ပါ။

သို့သော် ညစဉ်တော့ ဖုန်းဆက်သည်။

သူမှန်းသိတော့ ဖုန်းချသွားသည်။

သူ ဘာဆက်လုပ်ရမည်နည်း။

သူ ဖုန်းနံပါတ်လေးများကို နှိပ်လိုက်သည်။

"ဟဲလို"

"ခွန်းနဲ့ တွေ့ချင်ပါတယ်"

"ခဏနော် ခွန်းအခုပဲ ပြန်ရောက်လို့ အဝတ်လဲနေ
တယ်၊ ငါးမိနစ်လောက်နေမှ ပြန်ဆက်ပါလား၊ ကျွန်မ ပြော
ထားလိုက်မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ခင်ဗျာ"

ဖြူစင်ကလည်း သူ့အသံကို အကျွမ်းဝင်နေလေပြီ။
ဖြူစင်ကတော့ လျောလျောလျူလျူပင်။ ခွန်းမလိုလားမှန်း သိ
သော်လည်း ဝတ္တရားမပျက် ခေါ်ပေးသည်။ ဖြူစင့်တူများနှင့်
ခင်တလည်း ထို့အတူပင်...။

ငါးမိနစ်ဟူသော အချိန်ကို စောင့်ဆိုင်းရသည်ကိုပင်
ကမ္ဘာလောက် ကြာသည်ဟု ထင်မှတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ရှင့်ဖုန်းလာတယ်၊ ပြန်ဆက်လိမ့်မယ်"

"ဘယ်သူလဲ"

"ဗျတ္တာလေ"

"ပုန်းမဆက်ခိုင်းတော့ပါဘူး"

"ခုကတည်းက အပိုးကျိုးနေပြီပေါ့"

"တော်စမ်းပါ၊ ခြောဲ့. . ကျူဝ် မဂ္ဂဇင်း ဌာနလာတ[...] ကျမ်အခန်းမှာ ကျန်ခဲ့ပြီ၊ ရှင်ဖတ်ချင် သွားယူလိုက်လေ"





"အတော်ပဲ ပျင်းနေတာနဲ့"

ဖြူစင်နှင့် မိမိသာ နားလည်နိုင်သော စကားဖြစ်သည်။ [...]င်မိခင်က ညည့်သည်နှင့် စကားပြောနေသည်။ တယ်လီဖုန်း [...] စာကြည့်ခန်း၌လည်း ရှိသည်။

အမွှာညီနောင်က ကျူရှင်သွားနေသည်။

ဖြူစင်အတွက် စာကိုယူလာခဲ့လေပြီ။

သူ့အခန်း၌ ထားခဲ့ပြီး ဖြူစင်ကို တမင် လွှတ်လိုက်မိ[...]ည်။ မိခင်တွေရဲ့ စေတနာမေတ္တာကို စော်ကားရာများ ကျလေ[...]သား။

တယ်လီဖုန်းခေါ်သံ ထွက်ပေါ်လာသည်။

"ခွန်း သမီးဖုန်းပဲဖြစ်မယ်၊ ကိုင်လိုက်ဟေ့"

ဖြူစင်အမေက ညည့်ခန်းမှ လှမ်းအော်လိုက်သေးသည်။

"ဟုတ်ကဲ့. . အန်တီ"ဟု တုံ့ပြန်လိုက်ပြီး တယ်လီဖုန်းကို [...]ာက်ကိုင်လိုက်သည်။

"ခွန်း. . မြောက်ဒဂုံက ပြန်ရောက်ပြီလား"

"ဟင်. . ရှင်က ဘယ်ကဘယ်လို သိတာလဲ"

"သိတာပေါ့၊ ကိုယ်က ခွန်းရဲ့ အရိပ်ကလေးပဲ၊ ခွန်းနဲ့ [...]တ်စီ မောင်းတဲ့လူ ဘာတော်သလဲ"

"ဘာ. . တော်တော်. . ရှင့်အပူလား"

"ကျွန်တော့် အပူပေါ့. . ၊ ခွန်းဘေးမှာ ယောက်ျားတစ် [...]ာက်ယောက် ရှိနေတာလောက်,ကြီးမားတဲ့အပူ ကျွန်တော့် [...]ာ မရှိနိုင်ဘူး"

ခွန်း မဲ့လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ၊ ကျွန်မဘေးမှာ အမြဲတမ်းရှိနေဦး
ယောကျ်ားတစ်ယောက်ကို ကျွန်မ ရွေးချယ်ထားပြီးပြီ ဆိုရင်
ရော"

"ကျွန်တော် မယုံဘူးဗျာ"

"ကိစ္စမရှိပါဘူး. . ရှင်မယုံလည်း ကိစ္စမရှိဘူး၊ ရှင်ယုံ
အောင်လည်း ကျွန်မ မပြောတတ်ဘူး၊ တစ်ခုပဲ ပြောချင်တယ်
ကျွန်မအတွက် ရှင့်အချိန် အကုန်မခံနဲ့၊ အချိန်တွေ အလဟဿ
ဖြစ်ကုန်မယ် ဆိုတာပါပဲ"

ခွန်း ပြောပြီး ဖုန်းချလိုက်သည်။

သို့သော် ချက်ချင်းပင် ဖုန်းပြန်မြည်သဖြင့် ကောက်ကိုင်
လိုက်ရသည်။

"ခွန်း ကျွန်တော် ခွန်းကို တွေ့ချင်တယ်"

"ကျွန်မ ရှင့်ကို မတွေ့ချင်ဘူး၊ နေဦး. . ရှင် ကျွန်မဆီ
ဖုန်းမဆက်နဲ့၊ ကျွန်မက သူများအိမ်မှာ နေရတာ၊ အိမ်ရှင်တွေ
ငြိုငြင်မှာကို ရှင်လိုလားသလား"

"ကျွန်တော့်ကြောင့် ခွန်း အနှောင့်အယှက် ဖြစ်မယ်
ဆိုရင်လဲ ကျွန်တော် ဆင်ခြင်ပါ့မယ်၊ ခွန်းမိဘတွေဆီ ဘာမှာ
မှာချင်သေးသလဲ"

"ရှင်. ."

ခွန်း ရုတ်တရက် နားကြားများ လွဲသွားသလားဟု ထင်
မှတ်ကာ. . .

"ရှင် ဘာပြောလိုက်တယ်"

"ကျွန်တော် အောင်ပန်းသွားဦးမှာဖြစ်လို့ ခွန်းမိဘ





များကို ဘာများမှာချင်သလဲလို့ပါ"

"ရှင်က ကျွန်မမိဘတွေကို သိလို့လား"

"ဒီလိုပဲပေါ့ဗျာ၊ ခွန်းကို ချစ်မိမှတော့ ခွန်းနဲ့ပတ်သက်
တာ မှန်သမျှကို သိအောင် ကြိုးစားရတာပေါ့ဗျာ၊ အလုပ်ကိစ္စနဲ့
သွားရင်း ခွန်းမိဘများဆီ ဝင်လိုက်ပါဦးမယ်"

ခွန်း အသံရှင်ကို တွေ့ချင်လာသည်။

ခွန်းအပေါ် ဤမျှ စိတ်ဝင်စားတကြီး ဖွဲ့ကောင်းသော
သူတို့ မတွေ့ဘူးပါချေ။ ခွန်းအား ချစ်ခွင့်ပန်ထားသူ မှန်သမျှ
ငြင်းဆန်ပြီးနောက် အသစ်ရှာကာ အိမ်ထောင်ရက်သားတွေ
ကျကုန်ကြလေပြီ။

"ရှင် ဘယ်သူလဲ၊ ဘယ်တုန်းက ကျွန်မကို သိတာလဲ"

"သိတာ မကြာသေးဘူး၊ ခွန်းဆီ ဖုန်းဆက်တဲ့ နေ့ကမှ
သိတာ"

"ဟွင်. . ဘာကြာသေးလို့လဲ"

လေလှိုင်းမှတစ်ဆင့် တစ်ဖက်လူ၏ ရှင်းပြမှုကို ခွန်း
စိတ်ဝင်စားသွားပြီ၊ ထူးဆန်းပေစွတကား၊ ရက်ပိုင်းတိုတိုလေး၌
သူတစ်ယောက်၏ စိတ်ဝင်စားခြင်းကို ခံလိုက်ရပြီ။

ဘယ်သူကများ ချောက်ချလိုက်ပါလိမ့်။

"အရူးလုပ်လိုက်တာကို. . အရူးပဲ လက်ခံ"

"ဟင်း. . ဟင်း. . ဟင်း. . ထားပါတော့၊ ကျွန်တော်
ကို ရူးသွပ်သူ တစ်ယောက်အနေနဲ့ပဲ ထားပါ၊ အဲဒီ ရူးသွပ်ခြင်း
ဟာလဲ အချစ်ရူးတစ်ယောက်ရဲ့ ရူးသွပ်ခြင်းပဲ ဖြစ်လိမ့်မယ်"

"ကဲပါလေ၊ ရှင် ကျွန်မကို စိတ်ဝင်စားတယ်ဆိုရင်လဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘက်က အဖြေပေးပါရစေ. . ၊ ကျွန်မ ဒီတစ်သက် အိမ်ထောင်ပြုဖို့ဆန္ဒ လုံးဝမရှိဘူး ဆိုတာကိုပဲ”

တယ်လီဖုန်းကို ချပစ်လိုက်သည်။ ထပ်မခေါ်တော့ပါ။ ပြီးတော့မှ မိမိပြောလိုက်သော စကားများကို ပြန်စဉ်းစားမိသည်။

ဘုရားရေ. . ရှေ့နဲ့နောက် မညီပါလား၊ ပထမတော့ ယောက်ျားတစ်ယောက်ကို ရွေးချယ်ထားပြီးပြီလို့ ပြောလိုက်သည်။ နောက် တစ်သက်လုံး အိမ်ထောင်မပြုဘူးဟု ပြောသည်။

အသံရှင်အတွက်တော့ သဲလွန်စကောင်း ရသွားပြီ၊ ဖိုးကျိုးတုတ် ဖြစ်သွားပြီ ထင်သည်။

မိဘများထံ ရောက်လျှင်တော့ သူ့ရဲ့ပုံသဏ္ဍာန်ကို သိနိုင်သည်။ အောင်ပန်းကလည်း ဖုန်းဆက်ရ မလွယ်က. . နေပါစေလေ. . သူ့ဘက်က လှုပ်ရှားမှုတွေ ရှိလာမှပဲ မိမိဘက်က လှုပ်ရှားတာ ကောင်းသည်။

ငါးထောင်တန်စက္ကူ၌ မိမိလိပ်စာကို ရေးလိုက်သော တရားခံ ရှာရဦးမည်။

ဘယ်သူများပါလိမ့်၊

သင်းတို့များလား. . . ။







# အခန်း(၁၅)

“အကြီးကောင်နဲ့ အငယ်ကောင်. . ငါမေးတာ မှန်မှန်ပြောနော်၊ မှန်မှန်ပြောရင် ငါက ခွင့်လွှတ်မယ်၊ လိမ်ပြောလို့ပေါ်သွားတဲ့အချိန်ရောက်ရင် မလွယ်ဘူးမှတ်”

ဆယ့်လေးငါးနှစ် ဆိုသောအရွယ် ကလေးတွေကို ကိုင်တွယ်ရတာ မလွယ်ကူ၊ စိတ်ကစားစ ပြုနေလေပြီ။

“ဘာများလဲ တီချယ်ကလဲ၊ သားတို့ ဘယ်တုန်းက လိမ်ဖူးလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



အငယ်ကောင် ပိုသွက်သည်။

အကြီးကောင်က သံယောင်လိုက်သည်။

"ဟုတ်သားပဲ၊ တီချယ်က မဦးမချွတ် ဘာတွေ့ထားလို့လဲ"

"မင်းတို့ တီချယ်ရဲ့ ဂုဏ်သိက္ခာကို ထိပါးစေနိုင်တဲ့ အလုပ်တစ်ခုခုများ လုပ်မိထားကြသလားလို့ပါ"

"ကြံကြီးစည်ရာ တီချယ်ရယ်၊ အနန္တောအနန္တဂိုဏ်းဝင်တဲ့ တီချယ်ရဲ့ ဂုဏ်သိက္ခာကို ထိပါးအောင်လုပ်ရင် သားတို့ငရဲကြီးမှာပေါ့။ သားတို့ ဒီလောက်အထိအောင် မိုက်မဲပါ့မလား"

"ဟုတ်သားပဲ တီချယ် ဘာကြားလို့လဲ၊ သားတို့ကို ပြောပြလေ၊ ဒါမှ သားတို့လည်း စဉ်းစားနိုင်အောင်ပေါ့"

အမြွှာညီနောင်ကတော့ မှင်သေသည်။ သူတို့ အကြောင်းကလေးများကို သိနေ၍လည်း ပို၍မသက်သာ ဖြစ်ရသည်။

"တီချယ်ဆီကို အခုတလော ဖုန်းမကြာခဏ လာနေတာသလား"

"ဟာ. . အခုမှ မဟုတ်ဘဲ အရင်ကလည်း လာတာပဲ၊ အမြဲတမ်းလိုလို လာနေတာပဲဟာ တီချယ်က အထူးအဆန်းလုပ်လို့"

တူသားကဲ့သို့ မျက်နှာသာ ပွေးလိုက်ချိန်၌ အထွန့်တက်ကာ လျှာရှည်တော်မူကြသည်။

ဒါကိုလည်း စာသင်ချိန်မဟုတ်သည့် အခါမျိုး၌ ခွန်းခွင့်လွှတ်ထားသည်။ ကလေးများ၏ ချစ်ကြောက်ရိုသေမှုကိုလျှင် သူတို့၏ လျှို့ဝှက်ချက်များကိုပါ မိမိသိရှိခွင့်ရပြီး လမ်းညွှန်





ပေးနိုင်သည်။

"အမြဲတမ်းလိုလို လာနေတဲ့ ဖုန်းတွေနဲ့ မတူဘူး သားတို့ရဲ့၊ ဒီလို တီချယ်နာမည်နဲ့ လိပ်စာကို ငါးထောင်တန် စက္ကူတစ်ရွက်ပေါ်မှာ တစ်စုံတစ်ယောက်က ရေးပေးလိုက်တယ်၊ နံနံပါတ်လည်း ပါတယ်၊ အဲဒါကို ဟိုပုဂ္ဂိုလ်က ရသွားပြီး ဖုန်းဆက်တော့တာပဲ"

အမြွှာနှစ်ကောင်က မျက်နှာသေလေးများဖြင့်. . .

"ဟင် ဟုတ်လား၊ မသမာတဲ့လက်ထဲ ရောက်သွားရင် ဘယ်လိုလုပ်မလဲ၊ တော်တော် အကြံပက်စက်တာပဲ"

အငယ်ကောင်က ပိုသွက်သည်ကို သိပြီးသား၊ မျက်နှာပြင်ပေါ်မှ လျှို့ဝှက်ချက်ကို ရှာဖွေကြည့်သည်။

ထူးခြားချက်တော့ ရှိသည်။

သင်းတို့ပဲ ဖြစ်မှာပါ။

"အဲဒီပုဂ္ဂိုလ်က ဘယ်သူတဲ့လဲ"

"ဘယ်သူလဲ သိစရာမလိုပါဘူး၊ နောက် မပတ်သက်ဖို့ပဲ ဆိုတယ်"

"အဲဒီ ငွေငါးထောင်ကို ပြန်ဝယ်ပြီး ဖျက်ဆီးပစ်လိုက်ပေါ့၊ သူ သိမ်းထားသေးသလား. . သုံးစွဲလိုက်ပြီလား၊ မေးကြည့်ဦး တီချယ်တွေ့လိုက်ပေါ့၊ ပြီးတော့ ပြန်ယူလိုက်"

ခွန်း တွေဝေသွားသည်။

ကလေးတွေက သူတို့ ဉာဏ်ကလေးများနှင့် ပေးသော အကြံဉာဏ်ဖြစ်သည်။

"လက်ရေးလဲ သိရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မရေးဘူးလား. . ရေးသလား၊ ဒါကိုပဲ တီချယ်က သိချင်တာ"

"ကြံကြံဖန်ဖန်တီချယ်ရယ်၊ ကိုယ့်တီချယ်ကို ဒီလိုလုပ်ရက်ပါ့မလား"

"တီချယ်ကလဲ. . သားတို့ကို ထင်ရက်တယ်၊ စိတ်မကောင်းလိုက်တာ"

ထိုအပြောတွေကြောင့် ပို၍မသင်္ကာ ဖြစ်ရသည်။

"သားတို့ရေးတာမဟုတ်ရင် ဘယ်သူရေးတာလဲဆိုတာရော သိသလား"

"သိရင် သားတို့တားဆီးမှာပေါ့"

"အေးကွယ်၊ သားတို့ တီချယ်ကို ထိခိုက်အောင် မလုပ်ဘူးဆိုတာကို တီချယ်ယုံကြည်တယ်၊ ဒါပေမယ့် အဲဒီ ဘယ်သူလုပ်လိုက်မှန်းမသိတဲ့ ကိစ္စကြောင့် တီချယ် စိတ်အနှောင့်အယှက် ဖြစ်နေရတယ်"

"ဘာဖြစ်လို့လဲ တီချယ်"

"ဘာဖြစ်ရမှာလဲ၊ အဲဒီ ငါးထောင်တန်ရသွားတဲ့ လူယောက်ျားသားကြီးက မယားတရူးကြီးလား မသိပါဘူး၊ အသဲအမဲလိုက်တာ၊ တီချယ် သင်တန်းကိုလည်း သိတယ်၊ တီချယ်နောက်က ရှုဒိုးလုပ်နေတယ်၊ ဘယ်လောက် ကသိကအောက်နိုင်ပြီး လွတ်လပ်ခွင့်ဆုံးရှုံးသလဲ"

"သားတို့ အဲဒီပုဂ္ဂိုလ်ကြီးကို သွားတွေ့ပေးရမလား"

"အဲဒီပုဂ္ဂိုလ်ကြီးက ဘယ်သူမှန်းမှ မသိတာ"

"နောက်တစ်ခါ ဖုန်းလာရင် တီချယ်မကိုင်နဲ့တော့၊ သားသို့ပဲ ကိုင်မယ်၊ ဖိုက်လွှတ်လိုက်မယ်"





ဒုက္ခပါပဲ။ ရှေ့နေဌားကာမှ ထောင်လုံးလုံး ကျရတော့သည့် အဖြစ်ကို ရောက်နေပြီလား။

"တီချယ် သိချင်တာက တီချယ်လိပ်စာကို ဘယ်သူရေးပို့လိုက်သလဲ ဆိုတာကိုပဲ"

"ကျွန်တော်တို့ စုံစမ်းပေးမယ်"

"တီချယ်ကို မုန်းလို့လား၊ မကျေနပ်တာတွေ ရှိလို့လား၊ ဒါတွေ သိချင်တာ"

"သားတို့ မရေးဘူးနော် ကျိန်ရဲတယ်"

"အေးပါ ဒီလောက်ဆိုရင် တီချယ် သဘောပေါက်ပါပြီ၊ သားတို့ မရေးဘူး၊ ကိစ္စကလဲ ပြီးသွားပြီ၊ တီချယ်အတွက် အန္တရာယ်မရှိဖို့ပဲ အရေးကြီးတယ်"

"သားတို့ရှိပါတယ်၊ တီချယ်တစ်ယောက်တည်း ဘယ်မှ သွားမလာနဲ့တော့"

အမြွှာညီနောင်မျက်နှာ တည်ငြိမ်သွားသည်။

"ဣတ္ထိယ သိုက်တူးသမားသာဆိုရင် တီချယ်အတွက် ဘယ်လောက် အန္တရာယ်ကြီးသလဲဆိုတာ စဉ်းစားကြည့်စမ်း၊ ဒါကြောင့် တီချယ်က ဘယ်သွားသွား မင်းတို့အိမ်ကကားနဲ့ သွားလာနေလို့ အချို့အမျိုးသမီးတွေလို တက္ကစီတစ်လှည့်၊ ဘတ်စ်ကားတစ်လှည့်နဲ့ သွားလာနေရရင် ဒုက္ခ"

"ဥပဒေမဲ့ တိုင်းပြည်မှ မဟုတ်တာ၊ ဒါကြောင့် တီချယ်တို့ သားတို့နဲ့ တိုက်ကွမ်ဒို လိုက်တက်ပါလို့ ပြောတာ"

ယောက်ျားကလေးများ၏ ရိုးသားပွင့်လင်းမှုကို အနိုး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ဆုံး ဂိုဒ်လုပ်ပေးနေသူ တစ်ယောက်အနေဖြင့် ခွန်း သဘော
ပေါက်သည်။

ငါးထောင်တန် ငွေစက္ကူ၌ သူတို့ မရေးသော်လည်း ရေးသူကို သူတို့သိလိမ့်မည်။

ဒီကိစ္စတွင် သူတို့ ပယောဂ ပါလိမ့်မည်ကို သိပြီးသား

အမြွာညီနောင်တို့ ဆယ်ယောက်ဝိုင်းကပဲ ဖြစ်ဖို့များသည်။ ထိုဝိုင်းတွင် ကောင်လေးနှင့် ကောင်မလေးများက ငြိချင်၊ ဒါကို မိမိက သတိပေး ဆုံးမလေ့ရှိသည်။ ဒါကို စေတနာ ဒင်းတို့ကလေးတွေ နားလည်ကြပုံ မပေါ်ချေ။

“တီချယ် အဲဒီပုဂ္ဂိုလ်ကို မြင်ဖူးပြီလား”

“ဘယ်မြင်ဖူးမလဲ၊ မြင်ဖူးစရာလဲ မလိုပါဘူး၊ နောက်ခါ ရင် တယ်လီဖုန်းဆိုရင် သင်တန်းကျောင်းက အရေးတကြီးကိစ္စ ရယ်၊ မင်းတို့ ဘွားဘွားလေးတို့ဆီကရယ်လွဲရင် တီချယ် မကိုင် တော့ဘူး၊ မင်းတို့ပဲ သတိထားဖြေလိုက်”

“ဟုတ်ကဲ့”

“ကဲလာ. . လမ်းလျှောက်ထွက်မယ်”

ညနေပိုင်း ထမင်းစားပြီးသည်နှင့် ခြံထဲ၌ စကားပြောကြ ပြီး ခွန်းက အမြွာညီနောင်ကို ထုံးစံအတိုင်း လမ်းလျှောက်ခေါ် သည်။ မိမိစာအုပ်ငှားသည်။ သူတို့အတွက်လည်း ရုပ်ပြကာတွန်း ဖတ်လျှင် တစ်အုပ်တစ်လေ ပေးငှားသည်။

သူတို့ချည်းပဲတော့ ပေးမသွား။

“အန်တီလေးကော လိုက်ဦးမလား”

“မလိုက်တော့ဘူး”





ဖြူစင်က အပြင်သို့ သိပ်လိုက်လေ့မရှိ သူ့အကြံအစည် နှင့်သူ၊ သူ့အပူနှင့် သူပေကိုး။

ဖြူစင်အတွက်ကလည်း မလွယ်၊ သူတို့ကြား၌ မိမိမပါ ချင်၍လည်း မရ၊ သူငယ်ချင်းတွေ ဖြစ်နေကြသည်။ ဇော်ဝင်း၏ သစ္စာမေတ္တာကိုလည်း အထင်သေး၍ မရ၊ ဖြူစင်မှ ဖြူစင်ဖြစ် တာ နှစ်ရှည်လများ စောင့်ဆိုင်းပြီး ကြိုးစားရှာဖွေခဲ့သည်။

ခွန်းအတွက် ဒီနှစ်သည် အကုသိုလ် ဖိစီးသည့်နှစ် ထင် ပါသည်။

“တီချယ် လက်ဖက်ရည်ဆိုင်ထဲကလူတွေ တီချယ်ကို ကြည့်နေတယ်”

“အရေးလုပ်ပြီး သွားကြည့်မနေနဲ့၊ ကိုယ့်လမ်းကိုယ် လျှောက်”

“တီချယ် ရှဒိုးများလားလို့ပါ”

ကလေးတွေကို ဖွင့်မေးမိတာ မှားသွားပြီလား၊ မမှားပါ ဘူး၊ ကလေးတွေလည်း သိနေကြ၍ ဖြူစင်ထံမှာတောင် မေး မြန်းကြသေးသည်ပဲ။

“တော်စမ်းပါကွာ၊ ဒါတွေ ခေါင်းထဲမထည့်နဲ့တော့”

ခွန်းကိုယ်တိုင်လည်း ခေါင်းထဲမှာနေ၍ ထိုပုဂ္ဂိုလ်ကို ထုတ်ပစ်ရန် ကြိုးစားလိုက်ကာမှ. . .

တက်စီတစ်စီး ထိုးရပ်ပြီး ဆင်းလာသူက စကယ်လ် လီတန် ငါးခြောက်ထုပ်နှင့်. . .

“ဆရာမအတွက် ငါးခြောက်လာပို့တာ”

“ဟင်. . တစ်နေ့ကပဲ ပေးသွားသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ဘယ်နေ့ကလဲ"

"ပြီးခဲ့တဲ့ အပတ်ကလေ"

"ဟာ. . မဖြစ်နိုင်တာ၊ ကျွန်တော် ရန်ကုန်မရောက်တာ သုံးလရှိပြီ၊ အခုမှ ရောက်တာ၊ ခုတောင် ဝယ်လက်နဲ့ ချိန်းထား[illegible] သွားတော့မယ်၊ ရော့. . ညီလေး၊ ရောက်မှ ဖုန်းဆက်မယ်နော် ဆရာမ"

ငါးခြောက်ထုပ်ကို အကြီးကောင်လက်ထဲ ထည့်သွားပြီး တက်စီပေါ် ပြန်တက်ထွက်သွားသော စကယ်လီတန်ကိုကြည့် ကာ ခွန်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့သည်။

ပုံမှားရိုက်ကာ စကယ်လီတန် ပို့ခိုင်းတာဆိုပြီး ငါး ခြောက်ပို့ပေးသွားသည့် စနက်မှာလည်း ရှဲဒိုးကလွဲ၍ ဘယ်သူ ဖြစ်နိုင်ပါမည်နည်း။







# အခန်း(၁၆)

ခွန်းမိဘများသည် ပွဲရုံဖွင့်ထားသည်။ ပြောင်းဖူး၊ အာ[illegible] လီမွှော်၊ အောင်ပန်းတစ်ပိုက် ထွက်ကုန်များကို နယ်တစ်[illegible]မှ ဝယ်ယူစုဆောင်းပြီး ဖြန့်ဖြူးသည်။ အဝယ်ဒိုင်လည်း ဖြစ်[illegible]ခြင်း ဟိတ်ဟန်မရှိ၊ အလုပ်နှင့်လက်မပြတ် ရှုပ်ထွေးနေကြ သည်။

"ကျွန်တော့်နာမည် မောင်နိုင်ပါ၊ ခွန်းရဲ့ မိတ်ဆွေပါ"

"လာ. . ထိုင် မောင်နိုင်၊ အိမ်အပေါ်ထပ် တက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ဒီမှာတော့ ပစ္စည်းတွေနဲ့ ရှုပ်နေတာပဲ"

"ရပါတယ်. . အလုပ်လုပ်တဲ့ သူတွေအတွက်ကတော့ ဒီလိုပဲပေါ့၊ ကျွန်တော်လည်း အလုပ်လုပ်တဲ့လူဆိုတော့ ရှုပ်ထွေး ကို နားလည်ပါတယ်၊ ဒီမှာ ရခိုင်မျှင်ငါးပိနဲ့ ပုဇွန်ခြောက်၊ ခြောက်ပါ၊ ခွန်းကတော့ စာရေးမပေးလိုက်တော့ဘူး"

"ဒါတွေက သမီးပေးလိုက်တာလား၊ မောင်ရင် ဝယ်လာ တာလား"

"ခွန်းကို သွားမယ်လို့သာ ပြောခဲ့တာ၊ ရက်အတိအကျ မသိလို့ ထပ်မပြောလိုက်ရဘူး၊ ဒါကြောင့် ကျွန်တော်ပဲ ဝယ်လာ တာပါ"

နိုင်ခွန်အားအား ခွန်းမိဘများက မသိမသာ အတဲခံ နေသည်။

"အေးကွယ်. . သမီး မိတ်ဆွေဆိုတော့လည်း အဲ တို့က ဂရုစိုက်ရမှာပေါ့၊ တည်းခိုစရာများ ရှိရဲ့လား"

"ကျွန်တော် တောင်ကြီးတက်မှာပါ၊ ကလောမှာပဲ တည် မှာပါ၊ ကလောမှာက အဘိုးအဘွားတွေလည်း ရှိပါတယ်"

"ဪ ဒါကြောင့်ကိုး၊ အဒေါ်တို့ဒေသရဲ့ ရှားပါး တွေကို လက်ဆောင်ပေးနိုင်တာပေါ့"

"ဟုတ်ကဲ့ ဘိုးဘိုးဘွားဘွားတို့အတွက် ဝယ်ရင်း ဦး ဒေါ်ဒေါ်တို့အတွက်ပါ ဝယ်လာတာပါ"

"ထမင်းစားသွားကွယ်၊ အပြန်ဝင်ဖြစ်အောင် ဝင် မင်းတို့ အိမ်အတွက်ရော ခွန်းတို့ အိမ်အတွက်ပါ ဒီဒေသထွက် ပစ္စည်းတွေ ပေးလိုက်ချင်လို့"





အလ္လာပသလ္လာပများနှင့် စီးပွားရေးလုပ်ငန်းများ အကြောင်းပါပြောရင်း ခွန်းမိဘများနှင့် အတူနေ အစ်ကိုမိသားစု နှင့်ပါ ရင်းနှီးသွားခဲ့သည်။

နိုင်ခွန်အား အဘိုးအဘွားများ အမည်ပြောပြတော့ ကလောမြို့ ၏ မြို့မျက်နှာဖုံးအဖြစ် သိနေကြသဖြင့် သူ့အပေါ် ပို၍တရင်း တနှီး ဆက်ဆံကြလေသည်။

နိုင်ခွန်အား အားတက်မိသည်။ ခွန်းမိသားစု၏ ချစ်ခင် ရင်းနှီးမှုကို ရယူနိုင်ခြင်းသည် သူ့အတွက် အဖိုးမဖြတ်နိုင်သည့် ဘာဘ်တစ်ခုပင် ဖြစ်သည်။

"ကျွန်တော် တောင်ကြီးရောက်ရင် ရန်ကုန်ကို ဖုန်းခေါ် မယ်၊ ခွန်းကို ဘာမှာဦးမလဲ"

"ကျူရှင်တွေ ပိတ်တာနဲ့ ဆက်ဆက်ပြန်လာခဲ့ဖို့ ပြောပါ ကွယ်၊ အလုပ်မလုပ်ဘဲ အေးအေးဆေးဆေး နေပါဆိုလည်း မရဘူး၊ တော်တော်ခက်တဲ့ မိန်းကလေးကွယ်"

"အမေတို့ကလည်း အိမ်ထောင်ကျတော့လည်း ယောင် ဘက်ဆံထုံးပါရမယ့်' ကိစ္စကို သူ နေချင်တဲ့နေရာ နေပါစေ"

"ညည်းညီမရုပ်လား အိမ်ထောင်ကျမှာ၊ တစ်လောက သူ့လုပ်စာစားမယ့် ရုပ်မျိုးနဲ့ပုံကို ဘယ်သူက ကြိုက်ရမှာလဲ"

"ဒါကတော့ သူ့ ဖူးစာရှင်နဲ့ မတွေ့သေးလို့ပါ၊ ဖူးစာပါ ရင်. . ဒါနဲ့ မောင်နိုင်ကော ခွန်းအကြောင်း ဘာကြားသေး လဲ"

ခေါ်ပုတ်ကင်လေးကို နှမ်းထောင်းနှင့် တို့စားရင်းက ခွန်အား ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူသော သူ့မျက်နှာပြင်၌ အနီရောင်များ ပြေးနေမည်ကို သူ ခံစားသိရှိလိုက်သည်။

အိုးမလုံ အုံပွင့်ကာ ရှက်ရယ် ရယ်လိုက်ပြီး. . .

"ခွန်းက ကြွန်ရှိတာပါ"

ဟု မလုံမလဲနှင့်လည်း ခွန်းဘက်က ကာကွယ်မိလိုက်သည်။

ဘွားဘွားထံ စစ်ကူတောင်းပြီး ခွန်းမိဘများထံ နား ဖောက်ရမည်ဟု သူ ရှေ့ဆက်ရမည့် အစီအစဉ်ကို ရေးဆွဲလိုက်သည်။

ဘိုးဘိုးဘွားဘွားတို့တော့ ဝမ်းသာကြပေလိမ့်မည်။

ခွန်း မိဘမောင်ဘွားများကလည်း သူ့ကို မသိမသာ အကဲခတ်နေကြသည်။ လူကဲခတ် ညံ့မည့်သူများ မဟုတ်ဘူးဟု သူ ယုံကြည်ပါသည်။

သူ ဒီကိုလာခြင်းသည် အများလုံးဝ မရှိသည့်အပြင် . . သူ့အတွက် အကျိုးအမြတ် ရှိနိုင်သည်ဟု။







# အခန်း(၁၇)

"ဟဲလို မဖြူစင်လား၊ ကျွန်တော် တောင်ကြီးက ဆက်တာပါ။ ခွန်းမိဘများ မှာတာကို ပြောချင်လို့ပါ၊ ခွန်းကို ကျေးဇူးပြုပြီး ခေါ်ပေးပါနော်တဲ့. . ကျုပ် ခေါ်မပေးလို့ ဖြစ်မလား၊ ကဲ မြန်မြန်သွားကိုင်"

ခွန်းသည် အမြွာညီနောင်ကို လှမ်းကြည့်လိုက်သည်။

အမြွာညီနောင်က မသိချင်ဟန်ဆောင်ပြီး ခေါင်းကို ငုံ့ကာ ဘိုင်အိုပုံများကို ဆွဲနေကြသည်။



www.burmeseclassic.com

ခွန်း ပြုံးလိုက်မိသည်။

"ရှင်က ကျုပ်မရှိဘူး၊ မှာစရာရှိ မှာပါဆိုပြီး ရှင်ပဲနေ ဆောင်လိုက်ရင် မပြီးဘူးလား"

"မပြီးဘူး၊ ရှင့်ကိစ္စ. . ရှင်ပဲရှင်း"

ဖြူစင်ကို မျက်စောင်းထိုးကာ ခွန်းက မကျေမနပ် ကြည့် လိုက်သည်။

"ကဲပါ၊ နောက်ဆိုရင် ကျုပ်ပဲ သင့်တော်သလို ပြော လိုက်ပါ့မယ်၊ ခုတော့ သွားကိုင်လိုက်ပါနော် ကျေးဇူးရှင်"

"စိတ်ပျက်တယ်ကွာ"

ပြောပြောဆိုဆိုနှင့် ခွန်း ဧည့်ခန်းတယ်လီဖုန်းစင် ရှိရာ သို့ ထွက်လာခဲ့သည်။ စာကြည့်ခန်း၌ပြောလျှင် အမြွာညီနောင် ရှိနေသည်။

"ဟဲလို"

"ခွန်းရယ် စောင့်လိုက်ရတာ"

"ရှင့်ကို ဘယ်သူစောင့်ခိုင်းလို့လဲ"

"နှလုံးသား"

"အရှုံးပဲ. . ကဲ ပြော၊ ရှင် ကျွန်မမိဘတွေဆီကို ဘာ သွားလုပ်တာလဲ"

"ဘာမှ မလုပ်ပါဘူး၊ သွားလည်ရုံ သက်သက်ပါ၊ ဦးဦး ဒေါ်ဒေါ်က မှာလိုက်တယ်၊ ဦးဦးနဲ့ ဒေါ်ဒေါ်ဆိုတာ ခွန်းမိဘ တွေကို ပြောတာနော်"

"စကားကြော ရှည်လိုက်တာ၊ ပြောစရာရှိတာ မြန်မြန် ပြော၊ ဖေဖေတို့ ဘာမှာလိုက်သလဲ"



"ကျူရှင်တွေနားရင် ပြန်လာခဲ့ပါတဲ့"

"ဒါပဲလား"

"ပြီးတော့ ကျွန်တော့်ကိုလည်း လက်ခံလိုက်ပါတဲ့"

"ရှင်. . မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်၊ ကျွန်မ ဆန္ဒမပါပဲ ရှင်တစ်ခုခု လုပ်မယ်ဆိုရင် ကျွန်မ လုံးဝခွင့်လွှတ် နိုင်မှာ မဟုတ်ဘူး၊ ရှင်ပြန်လာရင် ကျွန်မကို လာတွေ့ပါ. . ယောကျ်ားပီပီ သတ္တိရှိရင် ကျွန်မကို လာရင်ဆိုင်ပါ"

"စိတ်ချပါ ကျွန်တော်ကလဲ တွေ့ချင်ပါတယ်၊ ငဲ့ညှာစရာ အနေအထားကြောင့်ပါ၊ သတ္တိနည်းလို့ မဟုတ်ပါဘူး"

"နေပါဦး ရှင်သွားတွေ့တဲ့ ကျွန်မမိဘတွေက ဘယ်သူ တွေလဲ၊ ဘယ်မှာနေသလဲ ပြောစမ်းပါဦး"

"စေ့စပ်သေချာလှချည်လား၊ အဟင်း. . ဟင်း"

ခွန်းမှာ တစ်ဖက်အသံရှင်မှ မိမိ၏ မောင်ဘွားများအ ညီနှင့် နေရပ်ကို ရွတ်ပြသောအခါ အမှန်အကန် ဖြစ်နေသဖြင့်

"ဒါတွေ ရှင်ဘယ်က သိတာလဲ"

"သိချင်တဲ့လူဆိုတော့ ဒီလိုပဲ ရှာဖွေရတာပေါ့"

"ရှင် ဘယ်နေ့ပြန်လာမှာလဲ"

"ငါးရက်လောက်တော့ ကြာဦးမယ်၊ ဘာမှာမလို့လဲ"

"ခေါ်ပုပ်ပဲ ထည့်ပေးလိုက်ပါလို့ အမေတို့ကို ပြောလိုက် ပါ ရှင်ကိုယ်တိုင် အိမ်ကိုလာပို့ရမှာနော်"

"ဒါတော့ သည်းခံပါ၊ ကျွန်တော်က ရုပ်ဆိုးတော့ ခွန်း က သံယောဇဉ်မရမချင်း အတွေ့မခံရဲသေးဘူး"

"ရှင့်ကို ကျွန်မ စကားကုန် ပြောပြီးပြီပဲ၊ ကျွန်မဆီက



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘာကိုမှ မမျှော်လင့်နဲ့ ဆိုတာလေ"

"လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်ကြတာလေ မျှော်လင့်နေပါရစေ"

"ရှင့်မှာ အလုပ်အကိုင် မရှိဘူးလား"

"ရှိပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"အင်း. . ရှိတယ်ဆိုတဲ့အလုပ်က ကုတ္တိယ သိုက်တူး မားအလုပ်ပဲ ထင်ပါရဲ့၊ မိန်းမတစ်ယောက်နောက်ကို အချိန် အကုန်ခံပြီး ကောက်ကောက်ပါအောင် လိုက်နေရတယ်လို့"

ခွန်းက တမင် မခံချင်အောင် ပြောခြင်းဖြစ်သော်လည် တစ်ဖက်လူမှာ မခံချိမခံသာ မဖြစ်ဘဲ သဘောကျစွာ ရယ်မော လျက်. . .

"ခွန်း စိတ်ချမ်းသာသလိုသာ တွေးထင်ပါလေ၊ နောက် တော့ ခွန်း အားလုံးရှင်းလင်းစွာနဲ့ သဘောပေါက်မှာပါ"

ခွန်းထပ်ပြောချင်သောစကားကို မျိုသိပ်လိုက်ရသည်

ထိုစကားမှာ "ကျွန်မ ရှင့်ကိုပဲ တွေ့ချင်တယ်" ဟူသော စကားပင်။

ထိုစကားပြောလိုက်ပါက ထိုသူ့စိတ်ထဲတွင် မိမိသူ့အား စိတ်ဝင်စားနေပြီဟု အထင်ရောက်ကာ ပိုမိုအတင့်ရဲလာနိုင် သည်။

"ရှင့်နာမည်ပြော"

"ကြီးတဲ့လူတွေက မောင်နိုင်၊ ရွယ်တူတွေက အနိုင် နိုင်ကြီးလို့ခေါ်တယ်၊ ငယ်တဲ့လူတွေကတော့ ဦးနိုင်လို့ ခေါ်ကြ တယ်"



"ဒီတစ်လုံးတည်းလား"

"အင်း. . ဆိုပါတော့"

"ပြတ်ပြတ်သားသားပြောပါ"

ရယ်သံနှင့်အတူ. .

"သိပ်သိချင်နေပြီလား"

"တော်စမ်းပါ"

တယ်လီဖုန်းကို ချပစ်လိုက်သည်။ စကားမပြောတော့ပါ ဘူး ပြောပေမယ့်. . မပြောမဖြစ် ပြောလာအောင် သူ ဖန်တီး သည်။

ဖြူစင်က

"ဘယ်လိုလဲ"

"အမေတို့ဆီကိုတောင် ဝင်သွားပြီလေ"

"ဒီလိုဆို ဒီပုဂ္ဂိုလ်အခြေအနေက ပေါ့သေးသေးမဟုတ် ဘူး၊ ရှင့်အပေါ် တော်တော်ကို အစွဲအလမ်းဖြစ်လို့သာ ကြိုးပမ်း တာ ဖြစ်ရမယ်"

"အဲဒီလိုဆိုရင် ကျုပ်ကိုလိုက်ဖူးတဲ့လူတွေ၊ ကျုပ် သိပြီး သားလူတွေ၊ ကျုပ် ငြင်းပယ်ပြီးသား လူတွေထဲက ထပ်ကြိုးစား တာ ဖြစ်မှာပါ"

"အင်း. . ဒါပဲ ဖြစ်ဖို့များတယ်"

"သူပြောတဲ့ ငါးထောင်တန် ငွေစက္ကူ ကိစ္စကရော ဖြစ် နိုင်သလား"

"ဖြစ်လည်းဖြစ်နိုင်တယ်. . မဖြစ်လည်းမဖြစ်နိုင်ဘူး၊ သိချင်ရင် စောင်းကြည့်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လူတောင် လာမတွေ့သေးတဲ့ဟာ"

"ရှင်က သိပ်တွေ့ချင်နေပြီပေါ့၊ ဟွန်း . . အပျိုကြီး လူ
မယ်ဆိုတဲ့ ရုပ်ကြီးက"

"သွားစမ်းပါ၊ သိချင်တာတစ်ခုကလွဲရင် ကျုပ်စိတ်ထဲ
ဘာမှမရှိဘူး"

"ဟုတ်လား"

"တော်ပြီ . . မိန်းမကိုက သူခိုးသေဖော်ညှိဖို့ ကြိုးစား
နေနဲ့၊ ကလေးတွေဆီ သွားတော့မယ်"

ခွန်းရင်ထဲ လှုပ်ရှားလာအောင် သူတို့ ထိုးဆွနေ
သည်။ အသံရှင်ကတစ်မျိုး . . ဖြူစင်ကတစ်မျိုး . .

စာကြည့်ခန်းထဲ ဝင်လိုက်တော့ အမြွှာနှစ်ကောင်
ကုန်းပြီး ပုံဆွဲနေသည်။

ပုံကို ကြည့်လိုက်တော့ . . .

"ဟဲ့ ငါ မသွားခင်ကတည်းက ဒီအတိုင်းပဲ၊ ခုလဲ
ဒီအတိုင်းပါလား၊ ပုံတစ်ပုံကို တစ်နာရီလောက်များ ဆွဲမလို့လား"

"ဟို . . ဟို . . ခဏလေး အိပ်ငိုက်သွားလို့"

"အငယ်ကောင်ရော"

"ပုံမရသေးလို့ ပြန်ကြည့်နေတာ"

"ကောင်းတယ်"

ခွန်း မျက်နှာထား ခက်ထန်သွားသည်နှင့် တစ်ပြိုင်နက်
သူတို့လေးတွေလည်း ဇက်ကလေးများ ပုသွားကြသည်။ သို့
ဆိုပြန်တော့လည်း ရင်ထဲမှ အလိုအလျောက်ပင် မာသွားသော
စိတ်ကလေး ပျော့ပြောင်းသွားပြီး . . .





"ကဲ . . ငါးမိနစ်နဲ့ ပြီးအောင်ဆွဲ"

"ဟုတ်ကဲ့"

အမြွှာညီနောင်သာ စာမေးပွဲနှင့် မနီးသေးဘူးဆိုပါက
သားများဆီသို့ ခဏပြန်ပြီး ဦးနိုင်ဆိုသူကို လက်ရဖမ်းဆီးလိုက်
ချင်သည်။

သူ ဘာကြောင့် မိမိအား အတွေ့မခံရသနည်း။

ဟုတ်ပါပြီ၊ ချစ်ရေးဆိုထားသူများအားလုံးကို မိမိငြင်း
ဆယ်ခဲ့သည်။ ထိုသူထဲက တစ်ယောက်ပါပဲ။

နည်းတစ်မျိုး ပြောင်းလွဲကာ ချဉ်းကပ်ခြင်း ဖြစ်ပေမည်။
ဒီအတွက် ဘာ စိတ်ဝင်စားစရာ ရှိသလဲ။ စိတ်ဝင်စားမှုကို ရပ်
တန့်တာ အကောင်းဆုံး။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ညီမ လူတစ်ယောက် ပစ္စည်းတွေနဲ့ စာလာပို့သွားတယ်"

နံနက်ပိုင်း သင်တန်းမှအပြန် အိမ်ရောက်ရောက်ခြင်း မမညို ပြောသဖြင့် သူ ပြန်ရောက်ပြီဟု သိလိုက်ရသည်။ တစ်ပတ်အတွင်း ဘယ်တွေ သွားမွှေခဲ့သည်မသိ။

ခေါပြင် ပဲပုပ်နှင့် လိမ္မော်ခြင်းကို တွေ့လိုက်ရသည်။

ရေတစ်ခွက်သောက်ပြီး အစ်မပေးထားသော စာကို



ဖောက်ဖတ်လိုက်သည်။

မိခင်ထံမှ ဖြစ်သည်။

သမီး. .

သမီးရဲ့လူကို အမေတို့ လေ့လာနိုင်အောင် လွှတ်လိုက်တဲ့အတွက် အမေတို့ ဝမ်းသာတယ်။

"လုပ်ချလိုက်ပြန်ပြီ အစ်မရေ၊ ဖြူစင်ရှိသလား၊ ဖြူစင်ကို ခေါ်ပေးပါဦး"

စာကို ဆက်မဖတ်နိုင်သေးဘဲ အတူနေ မမညိုကို လှမ်းအော်လိုက်ရသည်။

"အေး. . အေး"

မောင်နိုင်က တကယ့်ကို ဂုဏ်သရေရှိတဲ့ အမျိုးသားကောင်းပဲ၊ သူ့ အဘိုးအဘွားတွေကလဲ ကလောမြို့ရဲ့ မြို့မျက်နှာဖုံးတွေပဲ။

မိဘများကလဲ ပညာတတ် အရာရှိပိုင်းဆိုတော့ အမေတို့ သဘောမတူစရာကို မရှိဘူး၊ သူက အဘိုးအဘွားတွေ ကိုယ်တိုင် လာနှုတ်ဆက်လို့ အမေတို့မှာ မနေတတ်မထိုင်တတ်နဲ့ အားတောင်နာတယ်ကွယ်။

သမီး ကျောင်းပိတ်ရက်ပြန်လာရင် စေ့စပ်ပြီး မင်္ဂလာရက် သတ်မှတ်မယ်၊ သူ့မိဘများကလည်း အဲဒီရက်မတိုင်ခင် လာဦးမယ်တဲ့။

အမေ့သမီးက မရွေးနဲ့၊ မရွေးနဲ့၊ ရွေးမယ့်ရွေးတော့လည်း တကယ့်လက်ရွေးစင်ပါလား၊ သဘောတူတယ် သမီးရေ၊ မျိုးရိုး အကျင့်စာရိတ္တနဲ့ ပညာအရည်အချင်းနဲ့၊ လူပျိုလူလွတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုကတည်းက လုံလောက်နေပါပြီ၊ ချမ်းသာခြင်းကတော့ ကြိုးစားရင် ဖြစ်ပါတယ်။

သမီးအပေါ် မေတ္တာစေတနာ ထားနိုင်တာပဲ၊ အဓိက မဟုတ်လား၊ အားရင် အမေတို့ဆီ ခဏပြန်လာပြီး ဖြစ်ချင်တဲ့ ဆန္ဒကို ပြောဦး။

ဒါပဲ သမီး၊ အဖေရော ညီအစ်ကို မောင်နှမတွေ အားလုံးရော သမီးအတွက် ဝမ်းသာကြတယ်။

သမီး ကျန်းမာပါစေ

အားလုံးကျန်းမာပါတယ်။

အမေ

စာဆုံးသွားသည်နှင့် ခွန်းသည် မမြင်ဖူးသော သူ့အပေါ် ဒေါသအမျက် ချောင်းချောင်းထွက်နေမိသည်။

အလကား သတ္တိမရှိတဲ့လူ သူ့၌ရှိသော မနအင်အားများနှင့် မလှူးသာ မလွန့်သာအောင် အပိုင်ချည်ထားတာ။

ကျိုကျိုတက် မချမ်းသာလျှင်သာ နေရမည်။ ကြွေးမရှိ လူတန်းစေ့ နေနိုင်သည်။ လှူဒါန်းနိုင်သည်။ အိုနာစာ စုဆောင်းနိုင်သည်။

မနအင်အား ငွေအင်အားနှင့် မိမိဂုဏ်သိက္ခာကို လာပေါက်၍ မရ။

ခက်ထန်နေသော မျက်နှာကြောနှင့် ခွန်းကို တွေ့လိုက်ရသော ဖြူစင်က

"အမယ်လေး မျက်နှာကြီးက ကြောက်စရာကြီး၊ ဘယ်လိုဖြစ်ရတာလဲ"





"ဒီမှာ ဖတ်ကြည့်"

မိခင်စာကို ဖြူစင်အား လှမ်းပေးလိုက်သည်။ ဖြူစင် စာဖတ်နေစဉ် အိမ်နေရင် အကျီကို ထလဲလိုက်သည်။

"အေးဟယ်. . ဘယ်လိုအကြောင်းကြောင့် ဒီလောက်အထိ လျှို့ဝှက်နေရတာလဲ"

"လျှို့ဝှက်တယ် ဆိုကတည်းက မရိုးသားလို့ပေါ့၊ သူ့မှာ အားနည်းချက် ရှိလိမ့်မယ်၊ အဲ့ဒီ အားနည်းချက်ကို မနအင်အားနဲ့ ဖုံးလွှမ်းအနိုင်ယူဖို့ ကြိုးစားတယ်လို့ပဲ ငါမြင်တယ်"

"ဒီတော့ ရှင် ဘာဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ"

"အမေတို့ကို အကျိုးအကြောင်း စာရေးပြီး တားမြစ်ထားမယ်၊ အဲဒီပုဂ္ဂိုလ်နဲ့ တွေ့ဆုံဖို့ ကြိုးစားမယ်၊ တွေ့ဆုံပြီးရင် အပြတ်ပြောလိုက်မယ်"

"တွေ့ဆုံဖို့က သူက တမင်ရှောင်ပုန်းနေမှတော့ တွေ့ဆုံဖို့ လွယ်ကူပါ့မလား"

"ကြိုးစားရမှာပေါ့"

"ကျုပ် အခုမှ အကြံရတယ်၊ ရှင် အောင်ပန်းခဏပြန်ပြီး သူ့ဘိုးဘွားကို သွားတွေ့လိုက်ရင် မပြီးဘူးလား"

ဖြူစင်ကတော့ မည်သည့်တာဝန်မှ မရှိသဖြင့် လွယ်လင့်တကူ ပြောလိုက်နိုင်သည်။

"ရှင်က ပြောတော့လွယ်တယ်၊ ကျုပ် ဝိုင်းကျူရှင်ကကလေးတွေ စာမေးပွဲနီးနေတဲ့အချိန်မှာ ကျုပ် ဘယ်လိုလုပ် ဖြစ်ထားချင်ပါ့မလဲ၊ ကျုပ်ကိုယ်စား ရှင်သွားပေးနိုင်ရင်လဲ ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အမေအကြောင်းလဲ သိသားပဲ၊ အခုတလော ကျုပ်ကို ပိုတင်းကျပ်နေပြန်ပြီ၊ ထွေးပြန်လာတာ သတင်းရသွားပြီ ထင်တယ်"

"ဟုတ်မှာပေါ့လေ၊ အမေတို့ဆီကတစ်ဆင့် သူ့မိဘ လိပ်စာ၊ သူ့အိမ်လိပ်စာတွေ သိလာနိုင်တာပဲ၊ ဟုတ်ပြီ ကျုပ် ဒီညပဲ တားမြစ်လိုက်မယ်"

"တယ်လီဖုန်းလာရင် ရှင် ကိုင်ဦးမလား"

"ကိုင်မယ်၊ သူနဲ့တွေ့ဖို့ တောင်းဆိုကြည့်မယ်"

"အင်း ကျုပ်လည်း တစ်ခု စဉ်းစားမိတာရှိတယ်၊ ရှင် သူ့ကို အပျော့ဆွဲလေးနဲ့ ကြိုးစားကြည့်ပါလား"

"ဟာ. . အဲ့ဒီလို ရင်ထဲက မပါတဲ့အလုပ်မျိုး ငါ မလုပ် ချင်ဘူး၊ မာယာလည်း မသုံးတတ်ဘူး"

"ဒါကြောင့် ရှင် အပျိုကြီး ဖြစ်နေတာ"

"အပျိုကြီးဖြစ်တော့ ဘာဖြစ်သလဲ၊ ကိုယ့်ဘဝကိုယ် ရပ် တည်နိုင်တယ်၊ လွတ်လပ်တယ်၊ ယောကျ်ားတစ်ယောက်ကို အိမ် ဦးနတ်အနေနဲ့ ကိုးကွယ်အားထားစရာ မလိုဘူး၊ ကိုယ်ပဲသခင် ကိုယ်ပဲဘုရင်မ အနေနဲ့ပဲ ရဲရဲရင့်ရင့် လျှောက်လှမ်းနိုင်မှတော့ ယောကျ်ားဆိုတာကို အပိုပစ္စည်းတစ်ခုလို့ပဲ သဘောထားတယ်"

"ဒါကတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်တဲ့ ပညာတတ် မိန်းမတွေရဲ့ ခံယူချက်တွေပဲ၊ အချစ်ဆိုတဲ့ သိမ်မွေ့ နက်နဲတဲ့ အရာနဲ့မှ ရှင်က မတွေ့ကြုံဖူးသေးပဲကိုး"

"အချစ်. . အချစ်ဆိုတာ လူ့ဘဝကြီး တစ်ခုလုံး ရပ် တည်ဖို့အတွက် အရေးပါနေတဲ့ အရာတစ်ခုမှ မဟုတ်ပဲ၊ အစိတ်





အပိုင်း တစ်စိတ်တစ်ဒေသလောက်ပဲ၊ ဒါကို ရေးကြီးခွင်ကျယ် လုပ်စရာမလိုပါဘူး"

"ရှင်ဟာလေ တစ်ဖက်စွန်းရောက်နေတဲ့၊ ကဲ. . ထားပါ သ၊ ရှင်နဲ့ကျုပ် အပြိုင် မငြင်းချင်ဘူး၊ တစ်ဖက်ကလည်း ရှင့် အပေါ် ချဉ်းကပ်မှုက လွဲမှားနေတော့ ရှင် ပြောအားရှိနေမှာပေါ့"

"ဟုတ်တယ်လေ၊ အပြစ်အနာအဆာမရှိတဲ့ယောကျ်ား၊ ဂုဏ်သိက္ခာရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုရင်. . လွတ်လပ်တဲ့ မိန်းမတစ်ယောက်ကို ပေါ်ပေါ်တင်တင် ရဲရဲတင်းတင်း ချဉ်းကပ် ရမှာပေါ့၊ ခုလို ဂုဏ်သိက္ခာမဲ့ ခိုးကြောင်ခိုးဝှက် ဆက်သွယ် လှုပ်ရှားပြီး. . ရယူပိုင်ဆိုင်ဖို့ ကြိုးစားနေတဲ့ ယောကျ်ားတစ် ယောက်ဟာ ကျုပ်ဘဝအတွက် တစ်စိတ်တစ်ဒေသလောက် တောင် အရေးမပါဘူး"

"အကြောင်းအမျိုးမျိုးကြောင့်လို့ သူ ပြောတယ် မဟုတ် လား၊ အဲဒီအကြောင်းအမျိုးမျိုးဟာ ရှင် လက်ခံနိုင်တဲ့ အကြောင်း အမျိုးမျိုး ဖြစ်ခဲ့ရင်ရော"

"တော်ပါတော့ကွာ၊ ကျုပ်တို့မှာ သူ့အတွက်ပေးရတဲ့ အချိန်တွေ များနေပြီ၊ ကဲ. . ကျုပ် ထမင်းစားရဦးမယ်၊ ရှင်ရော နေ့လည်စာအဖြစ် ထပ်စားဦး၊ ကျုပ် ထွေးနဲ့ ရှင်တို့ရဲ့ အခြေအ နေရော မေးရဦးမယ်"

ခွန်း ထမင်းဝင်စားစဉ် ဖြူစင်ကပါ တို့ကနန်း ဆိတ်က နန်း နှိုက်စားရင်း. . .

"ကြီးကြီးကိုတော့ ကျုပ်ပြောပြီးပြီ၊ ကြီးကြီးကတော့ သူ့ရဲ့ ကြိုးစားမှုနဲ့ သစ္စာရှိမှုကိုပဲ သဘောကျနေပြီ၊ ထွေး အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြီးသွားချိန်နဲ့ သူ့ဝပ်ရှော့၊ အငှားကားလုပ်ငန်းရဲ့ ပိုင်
ဝင်ငွေ လည်ပတ်ပြီးသွားရင်. . .”

“အခြေတကျ ဖြစ်သွားရင်ပေါ့”

“အင်း ရှင်ပြောတဲ့အတိုင်းပဲ၊ အဲဒီအချိန်မှာ လူကြီးစုံ
နဲ့ လာတောင်းခိုင်းတဲ့၊ ဒီကြားထဲ သူလဲ နားသွင်းထားမယ်ထဲ”

“အင်း. . ကျုပ်သူငယ်ချင်းတော့ အိုရချေသေးရဲ့”

“ကောင်းပါလေရဲ့ ကျုပ်လဲ စိတ်ညစ်ရ သက်သာသွား
တာပေါ့”

ခွန်းသည် အခြားအကြောင်း လွှဲဖယ်ပြီး ရင်ထဲ၌ ကိုး
မနိုင်ခဲမရ ဖြစ်နေသော အစိုင်အခဲကို ချေဖျက်ကြည့်သည်။

မရ။

သူသည် ဘာဖြစ်လို့ လျှို့ဝှက်နိုင်နေရတာလဲ။

အားနည်းချက်ရှိ၍ပဲ ဖြစ်ရမည်။







# အခန်း(၁၉)

“မင်းဟာက မဟုတ်သေးဘူးနော်၊ အနိုင် လူလုံးပြသင့်

“မင်း မသိဘူးနော်၊ ခုတလော မေမေနဲ့ ဖြူစင်အမေ
ဆက်အသွယ် သိပ်စိပ်နေတယ်”

“စိန်ကျောက်ကိစ္စတွေ ဖြစ်ပါလိမ့်မယ်”

“ဖြူစင်ကလေးက ဘယ်လိုတော်တာ၊ ဘယ်လိုမိန်းမ
တာနဲ့ ပြောနေတယ်”

အာကာက စဉ်းစားလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ဖြူစင်နဲ့ တွေ့ကြည့်ပါလား"

နိုင်ခွန်အား ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟုတ်ပြီ. . ငါလဲ အဲဒါပဲ စဉ်းစားနေတာ"

"ဘယ်လိုဆက်သွယ်မလဲ"

"ခွန်း သင်တန်းနဲ့ ကျူရှင်သွားတဲ့အချိန် ငါ ဖုန်းနဲ့ဆက်သွယ်ပြီး တစ်နေရာရာကို ချိန်းမယ်ကွာ"

"ဖြူစင်က လာပါ့မလား"

"မလာလဲ ဖုန်းနဲ့ပဲ ပြောချလိုက်မယ်ကွာ"

ထိုစဉ် တယ်လီဖုန်း မြည်လာသည်။

နိုင်ခွန်အား နားထောင်လိုက်သည်။

"ဟဲလို"

"သားလား. . မေမေပါ၊ မင်းတတော့လေ အမေ့ကိုအဖေကို ပွင့်ပွင့်လင်းလင်းကို မပြောပဲနဲ့၊ ဘာတွေ ကြိတ်ကြံနေတာလဲ"

"ဗျာ မေမေ ဘာတွေကြားပြီး ဘာတွေ ပြောနေတာလဲ"

"ဘာ မသိချင်ယောင် ဆောင်နေတာလဲ၊ ခု သားဘွားဘွား ရောက်နေပြီ"

"ဟင်. ."

နိုင်ခွန်အား ခေါင်းဆင်နှင်းလေပြီ။

"ဘွားဘွားပြောပြလို့ မေမေတို့အားလုံး သိပြီးပြီ၊ သားဘွားဘွားက သူ့မြေးချွေးမလောင်းကို ကြည့်ချင်စိတ် တားမရလို့လိုက်လာပြီ"

"ဒုက္ခပါပဲ မေမေရာ"





"ဘာဒုက္ခလဲ"

"ဘာမှမဟုတ်ဘူး၊ သား အခုပဲ ပြန်လာခဲ့မယ်နော်"

အာကာက သူနှင့်အတူ ပူးကပ်ပြီးနားထောင်နေသဖြင့်

"အစကတည်းက မပြတ်သားလို့ မင်းတော့ သပွတ်အူ ဝတ်ပါထဲက မနည်းရုန်းထွက်ပေတော့"

"မင်းပါလိုက်ခဲ့ကွာ"

"ဖြစ်မလား၊ မင်း အချစ်မှော် ဝင်စားပြီး ပစ်ထားသမျှ အလုပ်တွေကို ငါ နှစ်ယောက်စာ လုပ်ပေးနေရတာလေ၊ ကဲ. . ကွာ၊ ဒီနေ့ ချိန်းထားတဲ့ကိစ္စ ရှိသေးတယ်၊ မင်းကိုယ်စား ငါပဲ ဆောင်ရွက်ပေးရဦးမှာ အလုပ်ကိစ္စကို နောက်ဆံမတင်းဘဲ မင်းကိစ္စကိုသာ ပြေလည်အောင် ရှင်းပေတော့"

"သွားပြီကွာ၊ လိုအပ်ရင် ဖုန်းသာ ဆက်လိုက်ပေတော့"

နိုင်ခွန်အား ကုမ္ပဏီ ရုံးခန်းထဲမှ ကသုတ်ကရက် ထွက်လာခဲ့သည်။ အမှန်အတိုင်း ဖွင့်ဟဝန်ခံပြီး. . မိဘနှင့်အဘွားကို တောင်းပန်ရမည်လား၊ လူကြီးချင်း မျက်နှာပျက်ရမည့် ကိစ္စအတွက် ဖြူစင်မိဘများပါ သိရှိရတော့မည့် အရေးဆိုလျှင် မေမေတို့ ခွန်းကိုတွေ့ဖို့အရေး နောက်ဆုတ်သွားပေမည်။

ဘာပဲဖြစ်ဖြစ် မိဘများနှင့် အဘွားကိုတော့ အမှန်အတိုင်းပဲ ဖွင့်ပြောကာ တောင်းပန်လိုက်တော့မည်ဟု သူ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

"ဖြစ်မှဖြစ်ရလေ သားရယ်၊ အဲဒါ မေမေတို့ကို စောစော
စီးစီး ဖွင့်ပြောပါတော့လား၊ ခု ဖြူစင်အမေကလဲ နားပူနေတာ
မေမေက သားကို နားချပေးပါမယ့်လို့တောင် ပြောလိုက်မိပြီ

"မေမေကလဲဗျာ၊ သား ဖြူစင်ကို မကြိုက်ပါဘူးလို့ ပြော
ထားရက်သားနဲ့"

"အိုဒေါ မိန်းကလေးရှင်ဖြစ်ပြီး ဒီလောက်တောင် ပြော
နေတယ်ဆိုတာ ညည်းသူငယ်ချင်းက ရှိုးမှရှိုးရဲ့လား၊ သူ့သမီးမှာ





ဘာများ အားနည်းချက် ရှိနေလဲမှမသိတာ"

"အရွယ်လွန်မှာစိုးလို့ ဖြစ်ပေါ်လာတဲ့ မိဘတွေရဲ့ စိုးရိမ်မှု သားသမီးအပေါ် ဆင်စီးမြင်းရံတာ မြင်ချင်ကြတဲ့ မိဘတွေရဲ့ စေတနာကြောင့် ဖြစ်မှာပါ"

"တော်ပါတော့ ညည်းရက်ရောရင် ညည်းသူငယ်ချင်း သမီးအတွက် ညည်းထပ်ရှာပေးလိုက်၊ ကျုပ်ကတော့ ကျုပ်မြေး သဘောကျတဲ့ မိန်းကလေးကိုပဲ သဘောတူတယ်၊ တဲ့ . . မြေး အနိုင် ဘွားဘွားက အဲဒီမိန်းကလေးကို လိုက်မတွေ့ရဘူးလား"

ဘိုးအေ ဘွားအေ၏ အချစ်တော်ဖြစ်ခြင်းက နိုင်ခွန်အားအတွက် အားဆေးပင်။

"မြင်ဖူးရုံတင်ပဲဆိုရင်တော့ သူ သင်တန်းအသွားအပြန် စောင့်ကြည့်လို့ ရပါတယ် ဘွားဘွား"

"ဘွားဘွားသဘောသာ ဆိုရင်တော့ ပွင့်ပွင့်လင်းလင်းပဲ ပြောပြီး သွားတွေ့ချင်ပြီ၊ မယ်မင်းကြီးမ ဖြူစင်ပြဿနာ အမြန်ဖြတ်လိုက်တော့၊ သားမှာ သူ့အဘွားတွေ သဘောကျတဲ့ မိန်းကလေး ရှိနေပြီ၊ အဲဒီ မိန်းကလေးကို သားကလဲ သဘောကျနေလို့ ဖြူစင်နဲ့တော့ ရေစက်မပါလာဘူး ထင်ပါရဲ့လို့သာ အပြတ်ပြောလိုက်တော့"

မိခင်များသည် မိမိသားသမီး အသက်အရွယ် ဘယ်လောက်ပဲ ကြီးလာကြီးလာ ကလေးငယ်ပမာ ထင်မှတ်ကာ ပြောရန်စကားကိုပင် သွန်သင်လိုက်သေးသည်။

"နောက် . . ကျွန်မတို့မှာလည်း ဒီသားတစ်ယောက်ပဲ ရှိတာဆိုတော့ သား စိတ်ဆင်းရဲရမယ့် ကိစ္စမျိုး လုံးဝမလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဘာညာပြောပြီး အပြတ်သာ ငြင်းလိုက်တော့အေ"

"ဘွားဘွား ခွန်း သင်တန်းဆင်းချိန် နီးနေပြီ၊ သား သင်တန်းရှေ့မှာ သွားစောင့်ကြည့်မလို့ လိုက်ကြည့်ဦးမလာ နောင်အခါ နောင်ဈေး နောက်မှ တစ်မျိုးစဉ်းစားကြမယ်နေ ဘွား"

"အေး. . အေးလိုက်မယ်၊ ခုလား"

ဘွားအေက အသက်ခုနစ်ဆယ်ဟူသော အရွယ်ကို မေ လျော့လျက် သွက်လက်ပေါ့ပါးစွာ ထလိုက်ပြီး သွားဖို့ ခြေလှမ် ပြင်သည်။

နိုင်ခွန်အား အလွန်ပင် ကျေနပ်ပျော်ရွှင်နေမိသည် ဘွားအေသည် သူ ရွေးချယ်ထားသော ခွန်းကို မြင်ပါက "ငါ့မြေ မျက်စိသိပ်ကောင်းတာပဲ၊ ရွေးတတ်လိုက်တာ"ဟု တဖွဖွ ပြေ ပေလိမ့်မည်။

"မေမေလဲ လိုက်မယ်လေ သား"

"မေမေက ခွန်းကို မမြင်ဘူးလို့လား၊ ဖြူစင်တို့အိမ် သွ နေပြီးတော့"

"ရိုးတိုးရိပ်တိတ်ပါပဲ၊ သူက ထွက်လာလေ့ မရှိဘူး"

အဘွားနှင့် အမေကို တင်ဆောင်ပြီး ခွန်း၏ ကွန်ပျူ ကျောင်းရှိရာသို့ ကားကို ဂရုတစိုက် မောင်းခဲ့လေသည်။

"ရှေ့နား ကားရပ်ဖို့ဆိုတာ သိပ်မလွယ်ဘူးမေမေ၊ နည် နည်းစောနေမှ"

"ငါ့မြေးက နေ့တိုင်း စောင့်တာပဲလား"

နိုင်ခွန်အားက ရှက်ရယ်ရယ်ကာ. . .





"တစ်နေ့တစ်ခါတော့ ရောက်တယ်"

"အင်း. . ဖူးစာ. . ဖူးစာ၊ အဲဒီ ငါးထောင်တန် ငွေစက္ကူ လေးရော မြေး"

"ပလတ်စတစ် လောင်းထားတယ်၊ သားရဲ့ ဖူးစာရေး မြားချက်လို့ သတ်မှတ်ထားတာ"

"မြေး ဘွားတို့ဆီလာတုန်းက အဲဒီအကြောင်းတွေ ပြော ပြသင့်တယ်"

"ဖြူစင်က ခံနေတာကိုး"

"အိမ်ထောင်ရေးမှာ ဘယ်သူ့ကိုမှ အားနာစရာ မလို ဘူး၊ ရိုးသားပွင့်လင်းရမယ် အနိုင်၊ ဘွားသဘောကတော့ မင်း ကိုယ်တိုင် ခွန်းကို တွေ့ဆုံပြီး တောင်းပန်လိုက်ပါ၊ သမီးကလဲ ဖြူစင်အမေကို ငြင်းပယ်လိုက်တော့နော်"

"ဟုတ်ကဲ့ စိတ်ချပါ အမေ၊ အမေကလဲ အမေ့ချွေးမ လောင်းကိုတောင် မမြင်ဖူးသေးပဲနဲ့ အနိုင်သဘောကြီးပဲ လိုက် လျောနေတာကိုး"

"အိုအေ တစ်သက်လုံး ဘယ်မိန်းမအကြောင်းမှ စကား မဟာဘူးတဲ့အနိုင် ကြိုက်တယ်ဆိုမှတော့ တော်ရုံမိန်းမလောက် တော့ မဖြစ်နိုင်ဘူး"

နိုင်ခွန်အားက ရယ်ကာ. .

"သား အပိုမပြောဘူး၊ ဘွားဘွားတို့ မျက်စိနဲ့ မြင်ပြီးမှ သားပြောတာ နည်းတယ်တောင် ထင်ဦးမှာ"

"လှတာမက်ရင် ညစာခက်တယ်ဆိုတဲ့ စကားလဲ ရှိသေး တယ်နော်၊ သားမေမေကတော့ ရုပ်အဆင်းလှတာထက် နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားအလှကို ပိုသဘောကျတယ်"

"မေမေရယ် မိန်းမသား ဂုဏ်အင်ထဲမှာ အဆင်းရူပကာ တင့်တယ်ခြင်းဟာလည်း ကောင်းမြတ်ခြင်းပဲ မဟုတ်လား"

"ကိုယ်ထင် ကုတင်ရွှေနန်းပေါ့"

"သားက မျက်နှာလှလှလေး ကြည်ကြည်လင်လင် တွေ့မြင်နေရရင်ပဲ ကျေနပ်ပြီ",

"အဘိုးတူ အဖေတူသား"

နိုင်ခွန်အားက ရယ်လိုက်သည်။ အဘိုးရော အဖေဟာ မိန်းမကြောက်သူများဟု ဆိုရလောက်အောင်. . 'မင်းသဘော မင်းသဘော'နဲ့ ပြီးတတ်သည်။

အဖေက ပြောဖူးသည်။

"မယားကြောက် မဟုတ်ဘူးကွ၊ မယားချစ်ကွ၊ ချစ်လာတော့လဲ မင်းအမေ ဆရာလုပ်တာကို ကလေးငယ်တစ်ယောက်လို ခံယူရတာကိုက အရသာကွ၊ သူ့သြဇာသံ မကြားရရင်ဘဲ မပြည့်စုံသလို ခံစားရတယ်"ဟု. .

သားအဖနှစ်ယောက် အမေ့ကွယ်ရာ၌ ပြောပြီး ရယ်မောခဲ့ဖူးသည်ကို အမှတ်ရကာ ရယ်လိုက်မိသည်။

သူလည်း ချစ်သူ၏ ဆရာလုပ်တာ၊ သြဇာပေးတာကို ခံချင်လှပြီ။ သင်တန်းရှေ့သို့ အရောက်. .

သင်တန်းသားတို့သည် အမြဲတစေ တက်ကြွလန်းဆန်းနေသော မျက်နှာထားတို့နှင့် တိုးဝှေ့ကာ ထွက်လာကြသည်။

လူငယ်တို့၏ သဘာဝအလျောက် နောက်ဟယ် ပြောင်ဟယ် ဟာ[illegible]စဟယ် ပြေးဟယ်လွှားဟယ်ကလည်း ရှိသေးသည်။





ငြိမ်မနေနိုင်သော တက်ကြွသည့် တက်လူအရွယ်ပေတိုး။

"သား ဟိုဟာလား"

"မဟုတ်တာ မျက်လုံးတစ်ခုလုံး ဒီလောက် ခြယ်ထားတဲ့ သူကိုများအေ"

"ကိုယ်လုံးလေးတော့ လှတယ်အေ့"

"ဘယ်ကလာ လှရမှာလဲ၊ ပိန်တပ်ကပ်နဲ့၊ ဆံပင်ကလဲ တိုသေး၊ ကောင်းခြင်းငါးဖြာမပြောနဲ့ တစ်ဖြာတောင် မရှိဘူး၊ အသားကလဲ ညိုတယ်"

အဘွားနဲ့အမေ စကားများနေခြင်းကို နိုင်ခွန်အား ဝင်မပါအားပေ။

ခွန်း ထွက်အလာကို ရင်ခုန်စွာ ရတက်ဖောဖြာလျက် စောင့်စားနေမိသည်။

"ဟိုမှာ ဖြူဖြူချောချောလေး၊ ဒါပေမယ့် နည်းနည်းဝတယ် မဖြစ်နိုင်ဘူး"

"ဟော. . လာပြီ ဖွား၊ ပါတိတ်ပန်းနုရောင် ဝမ်းဆက်လေးလေ"

"မြေးက အရင်ပြောလိုက်တာကိုး၊ ဘွားက သူလားလို့ မေးမလို့ဟာ၊ ကျက်သရေရှိလိုက်တာ မြေးရယ်၊ အခြွယ်အသ မရှိဘဲနဲ့ကို လှတာ၊ ကိုယ်လုံးကလဲ မယ်နွဲ့တယ်၊ တော်တယ်. . ငါ့မြေး မျက်စိသိပ်ကောင်းတယ်၊ ဒါကြောင့်လည်း လုပ်ငန်းလည်း အောင်မြင်တာ၊ အကောင်းဆုံး ရွေးချယ်တတ်တဲ့သူဟာ အောင်မြင်မှုတွေပဲ ဆင့်ကဲခံစားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘွားအေလုပ်သူက ကျေနပ်အားရစွာပြောရင်း မြေ
ချွေးမလောင်း ခွန်းကို အမှတ်အပြည့် လက်ခံလေပြီ။

"မေခမရော သဘောကျရဲ့လား"

"အင်း. . ဖြူစင်အိမ် ရောက်လျက်နဲ့ အဖိုးတန် မိန်းက
လေးတစ်ယောက်ကို မတွေ့မိအောင် မေမေ မျက်စိစုံလုံးကန်း
ခဲ့တယ် ထင်ပါရဲ့၊ ဖြူစင်အမေက သူ့ မြေးနှစ်ကောင် ကြောက်န
တဲ့ လူဆိုတော့ ကြမ်းကြမ်းတမ်းတမ်း နှုတ်ကြမ်းအာကြမ်း၊ ရုပ်
ဆိုးဆိုး ခန္ဓာကိုယ် တောင်းတိမောင်းတိ ခပ်ကြမ်းကြမ်းလို့ ထင်
တာကိုး"

"ဖြူစင်တို့ အိမ်ကကား မဟုတ်လားမေမေ၊ အမြဲ လာ
ကြိုနေကျ"

"အင်း. . ဟုတ်တယ်"

လာကြိုသော ကားထဲသို့ ခွန်းဝင်ရောက်သွားမှ ကြည့်
နေသူ သုံးယောက်စလုံး ပင့်သက်ဖြာနိုင်တော့သည်။

နိုင်ခွန်အားရင်ထဲ မရှင်းသေးသော ကိစ္စတစ်ခုကိုတော့
အဘွားနှင့် မိခင်တို့အား ဖွင့်ဟမပြောတော့ပဲ ရင်ထဲ၌ပင် သိုဝှက်
လိုက်သည်။

တော်သေးသည်။

ကံကောင်းထောက်မစွာဖြင့် ခွန်းသည် တစ်ခါကယ်
တက်စီနှင့်သွားခြင်းကို သူ မျက်စိမျက်နှာပျက်ကာ ကြည့်နေ
ခြင်းမျိုး ဘွားအေနှင့်မိခင် မြင်မသွားရခြင်းပင်။

"သဘောတူတယ်. . ဒီလိုလုပ်၊ မြေးက ဒီမှာကြိုးစား
ထား၊ သမီးတို့ လင်မယားက အမေနဲ့လိုက်ခဲ့ပြီး သူ့မိဘတွေနဲ





နားသွားဖောက်တော့၊ ဒါမှ သူ့အားရက် အောင်မင်္ဂလာပြန်လာ
တာနဲ့ လက်ထပ်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပေးလိုက်မယ်၊ အောင်
မင်္ဂလာနဲ့ ကလောနယ်တစ်ဝိုက် မီးခိုးတိတ် ဘွားဘွားတို့က ကျင်းပ
ပေးမှာ"

"အမေ့မြေးက ဖြစ်ပါ့မလား"

"အိုအေ သူ့သတ္တိမရှိရင် သူပဲခံပေါ့၊ မိန်းကလေး အ
မေကိုလဲ အကျိုးအကြောင်းကို မကွယ်မဝှက် ရှင်းရှင်းပြောကြ
တာပေါ့၊ တို့မြေးလို ယောက်ျားမျိုးကို ဘယ်သမီးရှင်မဆို သ
ဘောတူမှာပါအေ၊ ကျုပ်လဲ သွားတွေ့ပြီးပါပြီ၊ ရိုးရိုးသားသား
တွေပဲ"

"အမေ ကောင်းသလိုသာ စီစဉ်ပေတော့၊ သား မင်းလဲ
ကြိုးစားဦးနော်၊ လူကြီးတွေကိုချည်း အားမကိုးနဲ့"

"စိတ်ချပါမေမေ၊ သားဘက်က စစ်ကူတွေ အများကြီး
ရှိပြီဆိုတော့ သား ဒီအချစ်ပွဲကို ဆင်နွှဲလိုက်တော့မယ်"

"သတ္တိကလဲ နည်းလိုက်တာ လွန်ရောပဲ၊ မင်း ဒီလို
သတ္တိနည်းပုံမျိုးနဲ့သာဆို ဘွားဘွားတို့သာ မကူညီရင် မင်း ဒီတစ်
သက် မိန်းမရတော့မှာ မဟုတ်ဘူး"

နိုင်ခွန်အားက ရယ်မောကာ. . .

"မရတော့လဲ မယူရုံပဲပေါ့"

မိုးရွှေရည် ကွန်ပျူတာ သင်တန်းကျောင်းရှေ့မှ ပြန်
လည်ထွက်ခွာလာရင်း အချစ်အကျိုးတော်ဆောင်ပေးသည့်
ဘွားအေကို မျက်နှာလုပ်သည်။

"ဘွားဘွား ဘယ်သွားချင်သလဲ၊ ဘာစားချင်သလဲ၊ သား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တို့ စီစဉ်ပေးရမလဲ"

"အမယ်လေးဟဲ့၊ တော်တော်လိမ္မာနေတဲ့ မြေးပါလား။ အရင်တုန်းကများ ဘွား. . သား ဘယ်ဧည့်သည်နဲ့ ချိန်းထားလို့ အစည်းအဝေးရှိလို့၊ ငွေဆိုတာ အရွယ်ရှိတုန်း အခြေအနေနဲ့ အချိန်အခါပေးတုန်း ရှာရတာ ဘွားဘွားရဲ့ သား သွားလိုက်ဦး မယ်နော်ဘွား ဆိုတဲ့စကား မပြောတော့ဘူးလား"

"ဟား. . ဟား. . ဘွားဘွားက သားကို အမှတ်ထား တယ်ပေါ့"

"အမှတ်မထားပါဘူး၊ အမှတ်ရနေတာပါ"

"သား စကားပြော ပြင်တော့မယ်၊ လူဆိုတာ ငွေရှိရုံနဲ့ အလကားပဲ၊ ငွေသုံးပေမယ့် သား အနာဂါတ်ကို ဖန်တီးပေမယ့် ဇနီးလောင်းအတွက် အချိန်ပေးသင့်သေးတယ်၊ ဒါကြောင့် သူ့ ဘဝပြည့်စုံမှုအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသွားတဲ့ ဘွားဘွား ကို သားပြုစုမယ်၊ ပြော. . ဘွား ဘယ်သွားချင်သေးသလဲ"

"ဘုရား. . ရွှေတိဂုံဘုရား အရင်ပို့"

"ပို့မှာပေါ့"

နိုင်ခွန်အား ရင်ထဲ၌ ကျေနပ်မှုများ ပြည့်လျှံလျက်ရှိ သည်။ ခွန်းကို တွေ့ဆုံရန်အတွက် ဆုံးဖြတ်လိုက်လေသည်။







# အခန်း(၂၁)

"ခွန်းနဲ့ တွေ့ချင်လို့ပါ"

"တီချယ် အိပ်သွားပါပြီ"

"ကိုးနာရီပဲ ရှိသေးတာ မအိပ်သေးပါဘူး၊ ချာတိတ်ရာ ပြောပြပါ။ ဦးဦးက အရေးကြီးတဲ့စကား ပြောချင်လို့ပါလို့ ပြောပြီး ခေါ်ပေးကွာ"

"ခဏနော်ဦး ကျွန်တော် သွားပြောကြည့်မယ်"

နိုင်ခွန်အား စိတ်ရှည်လက်ရှည် စောင့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. .

"ဦး တီချယ်က ဘာမှ မကြားချင်ဘူး၊ ဘာမှ ဆက်သွယ်စရာမလိုဘူးလို့ ပြောပါတယ်"

"ဦး ရှင်းပြစရာ ရှိလို့ပါ"

"ရမှာမဟုတ်ဖူး၊ တီချယ်က ဖုန်းပလပ် ဖြုတ်ခိုင်းထားတယ်၊ ကျွန်တော်တို့ကိုလည်း လက်ခံမပြောရဘူးတဲ့၊ ဝမ်းနည်းပါတယ် ဦး"

တစ်ဖက်မှ ဖုန်းချသွားသည်။

သူ ဖုန်းထပ်ခေါ်ကြည့်လည်း မရတော့။ ဖုန်းပလပ်ဖြုတ်လိုက်ပုံရသည်။

ဘာလုပ်လုပ် အရေးမစိုက်တော့ဘူးဆိုသည့် သဘောမျိုးပင် ဖြစ်မည်။

မတတ်နိုင်တော့. . ၊ ဖြူစင်ကိုတွေ့ရန် ဆုံးဖြတ်လိုက်သည်။

အာကာကို အဖော်ခေါ် သွားရမည်။

"မြေး ဘာတွေအလုပ်ရှုပ်နေတာလဲ"

"ခွန်းက သားကို ဖုန်းနဲ့တောင် စကားမပြောတော့ဘူး ဘွားဘွား"

"ကိစ္စမရှိတော့ဘူးသား ဇွဲမလျှော့နဲ့၊ ကြိုးစား သား ဇွဲရှိရှိ သစ္စာရှိရှိနဲ့ ကြိုးစားမယ်ဆိုရင် ဘယ်မိန်းမမဆို ဖြစ် ညွတ်လာမှာပဲ"

"ဟုတ်ပါ့မလား ဘွားဘွာ"

"ဘာ မဟုတ်ရမှာလဲ၊ မင်းအဖိုးတုန်းကလဲ ဘင်ဂျိုကြိုး





ခေါင်ဒေါင်နဲ့ ညတိုင်း ဖိုးသံပေးတာ၊ မိုးရွာမရှောင် ခြင်ကိုက်မရှောင်၊ ခွေးဟောင်သံမရှောင်နဲ့ ဘွားတို့ခြံထိပ် အုတ်ခုံမှာ ညတိုင်းလာတယ်"

"ဒါနဲ့ ဘွားဘွားက သနားလာရောလား"

"တစ်နှစ်လောက်တော့ ညှင်းဆဲထားသေးတယ်၊ နှစ်နှစ်လောက်ကြာတော့ အသိအမှတ်ပြုတယ်၊ သုံးနှစ်ကြာတော့မှ အဖိုးကို လာတောင်းခိုင်းလိုက်တယ်"

"ဟာ. . အဲဒီလောက်အထိ စောင့်လို့မဖြစ်ဘူး၊ သား အသက် သုံးဆယ်ရှိပြီ၊ သူ့အသက်လဲ အဲဒီလောက်ပဲဟာ၊ မ ကြာက ဘွားဘွားပြောထားတဲ့အတိုင်းသာ လုပ်ပေးပါ ဘွားဘွား ရယ်"

"လက်သယ်ကြီးပဲ အားကိုးလို့ မရဘူးလေ၊ ကိုယ်တိုင်လဲ ညှစ်အားပေးရတယ်လို့ မီးနေသည်ကို ပြောသလိုမျိုးသာ ပြောလိုက်ချင်တော့တယ်"

"ဘွားဘွားကလဲဗျာ၊ သား စိတ်ညစ်ရတဲ့ကြားထဲ"

"စိတ်ညစ်နေလို့ ရမလား၊ ကိုယ်လုပ်ထားတဲ့အလုပ်ကို ကိုယ့်ဘာသာကိုယ် ရှင်းရမယ်၊ ဒါ ယောက်ျားကောင်းတွေရဲ့ အလုပ်ပဲ၊ အမှားရှိရင်လဲ ဝန်ခံရဲရမယ်"

"သား သိပါတယ်"

"ဘွားဘွားတို့ကတော့ လူကြီးပီပီ သားဘက်ကအမှားကို ဖွင့်ဟဝန်ခံပြီး သားရှင်အနေနဲ့ သွားတောင်းပေးရမှာပဲ"

"ဘွား ဘယ်နေ့ပြန်မှာလဲ"

"သန်ဘက်ခါ ဖလိုက်နဲ့ ပြန်မယ်၊ မင်းအဖေနဲ့ အမေလဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်"

"တကယ် တောင်းပေးကြတော့မှာပေါ့"

"ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်အတွက် တာဝန်တွေ ချင်ကြပြီလေ၊ သူတို့ အရမ်းမျှော်လင့်နေကြတယ် မဟုတ်လား ဝမ်းသာအားရနဲ့ကို အမြန်ဆုံးစီစဉ်ချင်ကြတာပေါ့"

"ဘွားဘွားရော ဝမ်းသာလို့လား"

"ပြောစရာ လိုလို့လား၊ မြေးချွေးမလောင်းကလေးကို မမြင်ရခင်ကတည်းကတောင် ဘွားဘွားလိုက်လျောခဲ့တာပဲ၊ ခုလို မြင်ဖူးတွေ့ဖူးပြီးသွားပြီဆိုတော့ ပိုလို့တောင် သဘောကျသွားပြီ လေ"

"ဒါကြောင့် သားက ဘွားကို ချစ်ရတာ၊ ကဲ. . ဘွားအိပ် တော့၊ သား ဘွားဘွားအိပ်ခန်းကို လိုက်ပို့ပေးမယ်နော်"

နိုင်ခွန်အားက ဘွားအေကို ဖက်တွဲကာ လှေကားပေါ် သို့ တယုတယ တွဲခေါ်သည်။

"အမယ်လေး၊ မဖားလဲ ဘွားဘွားက လုပ်ပေးမှာပါပဲ မိန်းမရသွားတော့မှ ဘွားအေကို ဂရုမစိုက်ရင်တော့ သိမယ်"

"စိတ်ချပါ အဘွားရာ၊ မယားကမယား၊ အဘွားက အဘွားပါပဲ၊ တစ်ကဏ္ဍစီပေါ့"

"အလကားပြောတာပါ၊ ဘွားဘွားက ဖြစ်ခြင်းပျက်ခြင်း ဆိုတဲ့ သဘာဝတရားတွေ ဘယ်အရာမှာ မိမိမပိုင်ဘူးဆိုတာကို သဘောပေါက်ပြီးသားပါ၊ ဇနီးမယား သမီးသားတွေအတွက် အချိန်ပေးရလို့ အဘွားကို ဂရုမစိုက်နိုင်တော့ဘူးဆိုလဲ စိတ်မဆိုး ပါဘူး၊ ခွင့်လွှတ်နေမှာပါပဲ၊ ဒါ လောကရဲ့ ဓမ္မတာပေပဲ"





ဘွားအေကို နိုင်ခွန်အား လေးစားချစ်ခင်ရခြင်းတွင် အချက်တွေ ပါဝင်သည်။ အလုပ်ကြိုးစားကြသည်။ အလုပ် သမားတွေအပေါ် ညှာတာသည်။

စည်းကမ်းတော့ရှိသည်။ အတ္တမကြီး၊ အလျှုအတန်းဆို ရင် အယုတ်အလတ်အမြတ်မရွေး ဆင်းရဲချမ်းသာမရွေး ချစ် ခင်နှုန်းသူ မခွဲခြား သဒ္ဓါမြောက် ကြည်နူးပီတိဖြင့် စိတ်ဒုန်းဒုန်းချ လှူလေ့ရှိသည်။

"ဘွားတို့ကိုကြည့်ရင် အပေါ်ယံ အမြင်အားဖြင့် ပြည့်စုံ တယ် ထင်ရပေမယ့်၊ ကယ်တာမ်း မပြည့်စုံဘူး၊ လိုအပ်နေတယ်"

"ဘာကို မပြည့်စုံတာလဲ"

"သမီးတစ်ယောက်ပဲ ထွန်းကားတယ်"

နိုင်ခွန်အား သဘောပေါက်လိုက်သည်။

"လိုချင်လိုက်တာ သားသမီးတွေ မရနိုင်ခဲ့ဘူး၊ အတိတ် ကက အကုသိုလ်ကံတွေရဲ့ အကျိုးထင်ပါရဲ့၊ သမီးက မြေးတွေ များကြီး ရနိုင်လိမ့်မယ်လို့ မျှော်လင့်ပြန်တော့ သားတစ် ယောက်ပဲ ထွန်းကားတယ်၊ မြေးအလှည့်မှာ မြစ်တွေမျှော်လင့် တော့ မြေးက သုံးဆယ်ရောက်လာပြီ၊ မိန်းမရွေးတုန်း. ."

"မရွေးပါဘူး ဘွားဘွားရယ်၊ ခွန်းကိုပဲ သားလိုချင်တယ် ဘွားဘွားတို့ အမြန်ဆုံးသာ စီစဉ်ပေး"

"အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ရာမှာ ကာယကံရှင် နှစ်ယောက်ရဲ့ သဘောထားက အရေးအကြီးဆုံးပဲ၊ မင်းကြိုးစား ပြီး ကိုယ့်ဘက်က စဝင်ပုံ မှားခဲ့တဲ့အတွက် အစစအရာရာ အ ဆင်ပြေအောင် ညှာပေးရလိမ့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခွန်အား ပြုံးနေလိုက်သည်။

"ဖြူစင်ကီစွရော"

"မင်းအမေ အပြတ်ဖြတ်လိုက်ပါပြီ၊ ကဲ သွားအိပ်တော့"

နိုင်ခွန်အား ဘွားအေကို ကန်တော့ပြီးမှ သူ့အိပ်ခန်းသို့ ပြန်ခဲ့လေသည်။

နာရီ လှမ်းကြည့်လိုက်တော့ ကိုးနာရီခွဲ ရှိနေပြီ၊ ခွန်း မအိပ်သေးဘူး ထင်ပါသည်။

အမြွာညီနောင်ကို စာသင်ပေးတုန်းဆိုပါက . . သူ့အတွက် ကံကောင်းနိုင်သည်။ ဖုန်းခလုတ်ကိုဖွင့်ကာ ဖြူစင်တို့အိမ် ဖုံးနံပါတ်ကို ခေါ်လိုက်သည်။

"ခွန်းနဲ့ တွေ့ချင်လို့ပါ"

"ဘယ်သူလို့ ပြောပေးရမလဲ"

"မောင်နိုင်ပါ"

"အေး . . အေး . . ခဏနေဦး အန်တီခေါ်ပေးမယ်"

တကယ့်ကိုပဲ ကံကောင်းထောက်မစွာဖြင့် ဖြူစင်မိခင်နှင့် သွားတိုးသည်။ အဘွားကြီးကိုဆိုလျှင် ခွန်း ငြင်းဆန်တော့မည်မဟုတ်။

နာရီမှ စက္ကန့်တံ၏ ရွေ့လျားသံကိုပင် ကျယ်လောင်လွန်းလှသည်ဟု ထင်မှတ်နေမိသည်။

"ဟဲလို ပြောပါ"

"ခွန်း ကျွန်တော် ခွန်းကို လာတွေ့ချင်ပါတယ်"

"ကျွန်မအိမ်ကို လာခဲ့ပေါ့"

"တစ်နေရာရာမှာ တွေ့ပါရစေလား"





"မဖြစ်နိုင်ဘူး၊ ရှင်တွေ့ချင်တယ်ဆိုရင် သန်ဘက်ခါ နေ့လယ် စနေနေ့၊ နေ့လည် တစ်နာရီလောက် အိမ်ကိုလာခဲ့ပါ၊ ဒါပဲ"

ခွန်းက ပြတ်သားစွာပြောပြီး ဖုန်းချလိုက်လေသည်။

ခွန်းလည်း သူ့ကိုတွေ့ချင်နေပြီ ထင်သည်။

ဖြစ်ချင်ရာဖြစ်တော့ သူ သွားတွေ့လိုက်တော့မည်။

ယောက်ျားပဲလေ လုပ်ရဲရင် ခံရဲရမှာပေါ့။ အချစ်နဲ့စစ်မှာ တရားသည် မတရားသည်မှ မရှိဘဲ၊ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော တွေဝေမှု သတ္တိနည်းမှုများ လိမ်ညာမှုများ ကြိုးပမ်းမှုများကို ခွန်းနားလည်ခွင့်လွှတ်နိုင်မှာပါဟု မိမိကိုယ်မိမိ အားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

နိုင်ခွန်အား ကားကို ခွန်းနေသော တစ်ထပ်တိုက်အိမ် ကလေးအထိ တန်းမောင်းသွားလိုက်သည်။ ကားပေါ်မှဆင်းပြီး အိမ်တံခါးဝ လှေကားသုံးထပ်ကို တက်လိုက်သည်။

လျှပ်စစ်ဘဲလ် တီးစရာမလိုချေ။ ဖြူစင်က သူ့အား တအံ့တသြကြည့်ကာ သံပန်းတံခါးကို ဆွဲဖွင့်ပေးရင်း

"ကိုနိုင်ခွန်အားပါလား အိမ်မကြီး တံခါးပိတ်ထားလို့ ဒီဘက်ကို လာတာလား"





ဖြူစင်က သိသိနှင့် တမင်ကလိလိုက်ခြင်းလား။ စာကယ် ရိုးသားစွာ မေးခြင်းလားကို နိုင်ခွန်အား အကဲမခတ်တတ်။

သို့သော်. . . ခုချိန်မှာ လိမ်ညာနေ၍ ဘာမှအကျိုးမ ရှိတော့ ပြတ်သားမှဖြစ်မည်။

သတ္တိရှိကြောင်းပြချင်၍ အာကာကိုပင် မခေါ်ခဲ့။ ဒီ အတွက် မှားများမှားသွားပြီလား။

"မဟုတ်ဘူး ကျွန်တော် ခွန်းဆီကို လာတာပါ"

"လက်စသပ်တော့ ရှဲဒိုးဟာ ရှင်ကိုး"

"ဟုတ်ပါတယ် ကျွန်တော့်ကို ဝင်ခွင့်မပေးတော့ဘူး လား ဖြူစင်"

"ဝင်ပါ. . ခွန်းရေ ရှင်တို့ကိစ္စ ရှင်တို့ဘာသာပဲ ရှင်းကြ ရင် ကောင်းမယ် ထင်တယ်"

ခွန်း ဧည့်ခန်းသို့ ထွက်လာသည်။

နိုင်ခွန်အား မင်တက်သွားသည်။ ခွန်းအား မျက်တောင် မခတ်တမ်း ငေးကြည့်နေမိသည်။

ခေါင်းလျှော်ထားဟန် တူသည်။ ဆံပင်ရှည်ကြီးကို ဘီး သတ်နှင့် ကုတ်ကာ ချထားသည်။ ဖြူဥသော အသားအရေကို ထိမှောင်သောဆံပင်က အနားသတ် ဘောင်ခတ်ပေးထားသ ည်ဖြစ်၍ ပို၍ ဝင်းနှစ်ကာ လှပကျော့ရှင်းနေသည်။ ဝတ်ထား သော အရောင်ကလေးက ပန်းနုရောင်လိုလို မိတ်တပ်ရောင်လို ပြီ နုနုဖတ်ဖတ် စပို့ရှပ်လေးနှင့်၊ လုံချည်ပြောင်လေးက ထပ် ရောင်တည်း၊ လက်ဝတ်လက်စား ဟူ၍ ဘာမှ ဝတ်ဆင်ထားခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



" ထိုင်ပါ "

ခွန်းက အေးဆေးစွာပင်ပြောပြီး သူလည်းဝင်ထိ
သည်။

"ရှင် ဘာကြောင့် ကျွန်မအပေါ် ဒီလို မလိုမုန်းတစ်ပ
လုပ်ရတာလဲ"

"မဖြူစင်တို့သားအမိကို အားနာလို့ပါ"

ဖြူစင်က ပခုံးတွန့်လိုက်ပြီး. . .

"စောစောစီးစီးကသာ ကျွန်မကို ဖွင့်ပြောလိုက်
ဒီလောက်အထိ ဖြစ်လာစရာ အကြောင်းမရှိဘူး"

"ကျွန်တော့်မေမေက မဖြူစင်နဲ့ ဇွတ်သဘောတူ
လို့ပါ"

"အဲဒါ ကျွန်မမေမေကြောင့် ဖြစ်မှာပါ။ ကဲပါလေ ကျွန်
အကြောင်း အသာထား ရှင်တို့အကြောင်း ရှင်တို့ဘာသာ
လည်အောင်ညှိနှိုင်းကြ၊ ကျွန်မက ကျွန်မရဲ့ကျေးဇူးရှင်ဖြစ်
ကိုနိုင်ခွန်းအားစားဖို့ တစ်ခုခုသွားစီစဉ်လိုက်ဦးမယ် "

"ဟာ နေဦးလေ"

ခွန်းက ဖြူစင်ကို လှမ်းဟန့်တားလိုက်သည်ကို ဖြူစင်
မနာခံဘဲ. . .

"ဆေးရိုးသည် အဖြစ်မခံနိုင်ဘူးဟေ့"

ခွန်းမျက်နှာ စတော်ဗယ်ရီရောင် ပြေးသွားသည်။ ရှ
တတ်သည်လား။ ရှက်လျှင် ချစ်တတ်မည်လား။ နိုင်ခွန်းအား ခွ
ကို မြတ်နိုးစွာ ငေးကြည့်မိသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ခွန်း၊ ကျွန်တော် ဒီငါးထော





တန် ငွေစက္ကူလေးကို ဖြူစင်တို့အိမ်လာမယ့်နေ့မှာပဲ ရခဲ့ပါတယ်၊ ရက်စွဲရေးထားတာ ကျွန်တော့်လက်ရေးပါ၊ အပေါ်ကတော့ တစ်ယောက်ယောက်ရဲ့ လက်ရေးပါ. . "

နိုင်ခွန်းအားက စိတ်ကိုတည်ငြိမ်အောင်ကြိုးစားပြီး ခွန်းအား သူအသင့်ယူလာသော ပလတ်စတစ်လောင်းထားသည့် ငါးထောင်တန် ငွေစက္ကူကို ကမ်းပေးလိုက်သည်။

ခွန်းက လှမ်းယူပြီး သေချာစွာကြည့်သည် ချက်ချင်းပင် တရားခံကို သိလိုက်ပုံရသည်။

"ကျွန်မကို ဒီငွေစက္ကူ ခဏငှားနိုင်မလား"

ခွန်းကလွဲရင် ဘယ်အရာမှ အရေးမကြီးတော့ပါဘူးဟု ပြောလိုက်ချင်သည်။သို့သော် မိတ္တူကိုသာ ထုတ်ပေးရင် ရွှေ့ မျက်နှာနောက်ထားကာ မျက်နှာပြောင်တိုက်၍. . .

"မိတ္တူကိုယူပါ ဒါတော့ အမှတ်တရသိမ်းထားပါရစေ"

ဟုပြောကာ လဲယူလိုက်သည်။

"ဒီငါးထောင်တန်ကိစ္စ ရှင်းသွားပြီ၊ ဒါပေမယ့် ဖြူစင့်ဆီ မလာခင်ကလား လာပြီးမှ ရတာလား "

"မလာခင် ရတယ်၊ လာရင်းနဲ့ လိပ်စာတူနေတာတွေ့ရတော့ စုံစမ်းခဲ့တယ်"

"ဪ"

"ခွန်းနဲ့ ဖြူစင်တစ်ယောက်တည်း ဖြစ်နေရင်ကော"

"မဖြစ်နိုင်ဘူးဆိုတာ အလိုလိုသိနေတယ်"

"ဘာဖြစ်လို့လဲ"

"ရှေးရေစက်ထင်ပါတယ် ကျွန်တော်မှ ဖြူစင်ကို သ



www.burmeseclassic.com

www.burmeseclassic.com



သော မကျဘဲ"

"သဘောမကျတာနဲ့ ခွန်းမဖြစ်ရဘူးလား"

"ဟုက်တယ်"

ခွန်းမျက်နှာ၌ အမျက်ဒေါသမရှိ ပကတိတည်ငြိမ်နေသည်။ ငြိမ်သက်နေသော ပင်လယ်ပြင်သည် ကြောက်စရာကောင်းသကဲ့သို့များလားဟု နိုင်ခွန်အား စိတ်ထဲထင့်ခနဲဖြစ်သွားသေးသည်။

"ထားပါတော့လေ ငါးခြောက်ပေးတာ ပန်းပေးတာတရော"

"စကယ်လီတန်လားလို့ မေးလိုက်တော့ ချော်လဲရောထိုင်လိုက်တဲ့သဘောပါ။ ပန်းပေးတာက ခွန်းကိုပန်စေချင်လို့ပါ"

"ကျွန်မ ပန်းမပန်တတ်ဘူး"

"ပန်ပါ ခွန်းဆံပင်နဲ့မျက်နှာက ပန်းနဲ့ဆို အရမ်းလိုက်ဖက်မှာပါ"

ခွန်းကပြုံးကာ. . .

"ကြိုးစားကြည့်ပါဦးမယ်"

"ခွန်းကို ကျွန်တော် တောင်းပန်ချင်ပါတယ်"

ခွန်းအပြုံးက သူ့အတွက် အားဆေးပင် ဖြစ်ရာ သူ့ရှေ့ဆက်ရန် ကြိုးစားလိုက်သည်။

"ဘာများပါလိမ့်"

"ခွန်းမိဘများထံမှာ ခွန်းနဲ့ကျွန်တော်ဟာ ချစ်သူအဖြစ်လိမ်ညာခဲ့မိတဲ့အပြစ်အတွက်ပါ"

"ကျွန်မက လိမ်ညာခြင်းကို အင်မတန်မုန်းတာ ဒီအ





တွက် ရှင့်ကို ခွင့်လွှတ်သင့် မလွှတ်သင့်ကို ကျွန်မ စဉ်းစားရဦးမယ်"

နိုင်ခွန်အား ရင်ထဲ မောဟိုက်သွားသည်။ မိန်းမသားတစ်ယောက်၏ အတွင်းမနေ့ာကိုကို သူ မခန့်မှန်းတတ်တော့။

"ကျွန်တော်ကျူးလွန်ခဲ့တဲ့ အပြစ်ဟူသမျှဟာ ခွန်းကိုချစ်တဲ့စိတ်၊ လက်လွှတ်ဆုံးရှုံးမှာကို စိုးတဲ့စိတ်တစ်ခုတည်းကြောင့်ပါ"

"ဒါတွေ ကျွန်မနားမလည်ဘူး၊ ကျွန်မနားလည်တာက ကျွန်မမိဘများဆီ ရှင့်ရဲ့ လိမ်ညာမှုအကြောင်း ဖွင့်ဟပေးပါ"

အေးစက်နိုင်သော ခွန်းအပြုမူနှင့် အပြောအဆိုကို နိုင်ခွန်အား ကြောက်လာပြီ။ ဒေါသတကြီး ရင်ဆိုင်လိမ့်မည်ထင်ထားခဲ့သမျှသည် မှားယွင်းလေပြီ။

"ဒီနေ့မနက်ပဲ ဖလိုက်နဲ့ဘွားဘွားပြန်သွားတယ်၊ မေမေနဲ့ ဖေဖေလဲ ခွန်းမိဘတွေနဲ့ တွေ့ဖို့လိုက်သွားပါတယ်"

"ဘာအတွက်တွေ့ချင်တာလဲ"

"ကျွန်တော်ရဲ့လိမ်ညာမှုအတွက် သွားတောင်းပန်ရင်းမိသားဖသားပီပီ တောင်းရမ်းပေးခြင်းလည်းပါမယ်"

ခွန်းက နှုတ်ခမ်းကို တွန့်ရုံတွန့်ပြီး

"ရှင်က အပိုင်ကိုချည်လိုက်တဲ့သဘောပေါ့"

"မဟုတ်ပါဘူး ဆက်ပြီး လုပ်သင့်လုပ်ထိုက်တယ်ထင်လို့လုပ်ကြတာပါ။ ကျွန်တော့်မိဘများ တောင်းဆိုပေမယ့် ခွန်းမိဘများက လက်ခံမှ လိုက်လျောမှ ဖြစ်လာရမယ့်ကိစ္စပါ"

"ဘာပဲပြောပြော ရှင်က လိမ္မာပါးနပ်စွာနဲ့ ဒီပုန်မြင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီချုထွင်လိုက်တဲ့သဘောပဲမဟုတ်လား"

"ချစ်ခြင်းဆိုတာ ပိုင်ဆိုင်ခြင်းလို့သဘောပေါက်ရင် ခွန်း ကျွန်တော်ကို ခွင့်လွှတ်နိုင်မှာပါ"

"ကဲ စကားလဲကောင်းကြ ရန်လည်းဖြစ်ကြရင်း အစား လဲစားပါဦး၊ ဒီနေ့ နေ့လည်ပေါင်မုန့်အုန်းနို့ဆမ်း၊ ရွှေရင်အေး လုပ်တယ်၊ ကိုနိုင် စားပါ. . ခွန်းလက်ရာ ကျွန်မက သွားထည့် လာရုံတင်ပဲ"

ဖြူစင်က ရေခဲနှင့်အုန်းနို့ အပိုပန်းကန်အပါအဝင် သ ကူ၊ မုန့်လက်ဆောင်း၊ ကျောက်ကျော၊ ပေါင်မုန့်တစ်ချပ် ပါဝင် သောပန်းကန်က သုံးချပ်ပါသေးသည်။

ခွန်း အစ်မဝမ်း ကွဲဆိုသူကလည်း အုန်းနို့ချိုင့်ယူလာ ဆမ်းထည့်ပေးသည်။

ခွန်းကို မသိမသာ အကဲခတ်လိုက်သည်။ ခွန်းကလည်း သူ့အား အကဲခတ်နေပါလား။

မျက်လုံးချင်း ဆုံမိကြသည်။ ခွန်းက ပြုံးကာ မျက်နှာ လွှဲလိုက်သည်။ ဖြူစင်က. . .

"ကဲ. . သုံးဆောင်ပါဦးကိုနိုင်၊ ကျွန်မကတော့ ကိုနိုင်က ကျွန်မရဲ့ ကျေးဇူးရှင်အနေနဲ့ ကိုနိုင်ပဲ ခေါ်တော့မယ်"

"မဖြူစင်ရဲ့ ကျေးဇူးရှင်"

ဖြူစင်ကမ်းပေးသော ပန်းကန်ကိုလှမ်းယူရင်း နား လည်စွာ မေးလိုက်သည်။

"ဟုတ်တယ်လေ ဖြူစင်ကို ဖြူစင်ပဲခေါ်ပါ ကိုနိုင်၊ ဘာ ဖြစ်လို့လဲဆိုတော့ ကိုနိုင် ဖြူစင်ကို လက်မခံနိုင်ခြင်းဟာ ဖြူစင်





အတွက် အကောင်းဆုံးဖြစ်နေလို့ပဲ"

နိုင်ခွန်အားက ဖြူစင်ကိုတစ်လှည့် ခွန်းကိုတစ်လှည့် ကြည့်လိုက်သည်။ ခွန်းက အေးဆေးစွာဖြင့် ရွှေရင်အေးသောက် နေသည်။

"ဖြူစင်မှာ ရည်မှန်းထားသူရှိပြီးသား ဖြစ်နေလို့ပါ"

"ဩော်. . အန်တီတို့က သဘောမတူဘူး ထင်တယ်"

"ဟုတ်တယ် ကိုနိုင် ဒါကြောင့် ကိုနိုင်နဲ့ အတင်းစီစဉ် ချင်တာပေါ့"

"ဘာဖြစ်လို့ အန်တီက သဘောမတူရတာလဲ"

ဖြူစင်က ဖြစ်ကြောင်းကုန်စင်ရှင်းပြသည်။ ထိုအခါမှ နိုင်ခွန်အား စိတ်ထဲ၌ရှိခဲ့သောသံသယလေး ကျေပျက်သွားလေ သည်။ လက်စသတ်တော့ ဖြူစင်ရည်းစားနဲ့ ခွန်းတွေ့ဆုံခဲ့သည် ကိုး။ ဒါဆို ခွန်း၌ ရည်းစားဦးမရှိ အတွဲမရှိ ရှင်းသန့်နေသည်။ ချစ်သူမရှိသော မိန်းမတစ်ယောက်ထံမှအချစ်ကို တူးဖော်ယူဖို့ ရန် မခဲယဉ်းဟု သူထင်သည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ"

"ခုနေတော့ မလိုသေးပါဘူး. . လိုအပ်လာရင်တော့ ဘုရားရုံးမှာလက်ထပ်ရင် ဖြူစင်ဘက်က အသိသက်သေလုပ် ပေးပါ၊ ခွန်းဆိုရင် မေမေတို့က ခွန်းကိုပါ စိတ်ဆိုးမှာစိုးလို့ပါ"

"ရပါတယ် ဒါမျိုးဆိုတာ ကူညီကောင်းတဲ့အလုပ်ပဲ၊ စိတ် ချပါ"

ခွန်းက တစ်ခွန်းမှဝင်မပြောဘဲ သူ့လက်ရာကိုသူ့ဘာ သာသူ အားပေးသည့်ထင့် တစ်ပန်းကန်ကုန်အောင်သောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါကလဲ ဆောက်ဖြစ်မှ ကျောင်းဒကာပါ. . ကြိုးကြိုးဖျောင်းဖျလို့ရရင်တော့ အခြေအနေက အေးအေးဆေးဆေးနဲ့ကို ပြီးသွားနိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် လိုအပ်လာရင် ကျွန်တော်လဲ ကူညီနိုင်ဖို့ အသင့်ပါ ဖြူစင်"

"ဖြူစင်လဲ ကိုနိုင်တို့ကိစ္စကို ကူညီမှာပါ။ ကဲ ပြေလည်သွားကြပြီလား"

နိုင်ခွန်အားက ကုန်သွားပြီဖြစ်သော ပန်းကန်ကို ချလိုက်သည်။

"ထပ်ထည့်ပါဦးလား ကိုနိုင်"

"တော်ပြီ. . တော်ပြီ၊ ဗိုက်ဝသွားပြီ စောစောကဖြူစင်ပြောသလို ပြေလည်ချင်ပါတယ်၊ ခွန်း ကျေနပ်အောင်ကျွန်တော် ဘယ်လို ဆောင်ရွက်ပေးရမလဲ"

ခွန်းက. .

"ကျွန်မ စဉ်းစားဦးမယ်"

"ကျွန်တော်ပြုမူချက်တွေဟာ အမှားချည်းပဲဖြစ်ခဲ့တယ်လို့ ယူဆရင် ကျွန်တော်တောင်းပန်ပါတယ်၊ အချစ်နဲ့ပတ်သက်လာရင် အတွေ့အကြုံမရှိခဲ့ဘူးလေဆော့"

"သေချာရဲ့လား ဒီလောက်ရုပ်ဖြောင့်တဲ့လူတစ်ယောက်ကမျှား"

"အချစ်မှာ ချောတာ ရုပ်ဆိုးတာ မရှိနိုင်ပါဘူး ထင်ပါတယ် ဖြူစင်"





"ထားပါတော့လေ. . ကဲ ပြောကြ ပန်းကန်တွေ သယ်သွားလိုက်ဦးမယ်"

ဖြူစင်က ပြောပြောဆိုဆို စားပြီးသားပန်းကန်များကိုယူဆောင်ပြီး ဧည့်ခန်းမှထွက်သွားသည်။

"ခွန်း ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ဘာအတွက်လဲ"

"ရူးသွပ်စွာနဲ့ပဲ တစ်ဖက်သတ်လှုပ်ရှားမှုတွေအတွက်ပါ"

"အဲဒီအတွက် ခွင့်လွှတ်သင့်မသင့် ကျွန်မ စဉ်းစားနေပါတယ်"

အေးအေးဆေးဆေး စကားလက်ခံပြောနေသော မိန်းတစ်ယောက်ထံမှ ထိုစကားကိုကြားလိုက်လျှင် မည်သူမဆို အံ့အားသင့်သွားပေလိမ့်မည်။

"ရှင့်မိဘတွေရဲ့ စည်းရုံးရေးကောင်းမွန်ခဲ့လို့ရှိရင် ကျွန်မဘတွေက လက်ထပ်ဖို့ကို ကျွန်မဆန္ဒမပါဘဲ သဘောတူလိုက်သေချာတယ်၊ တကယ်လို့ ကျွန်မမိဘများက ကျွန်မသဘော ဆိုရင်တော့. . ."

ခွန်းက စကားကို ရပ်နားပြီးမှ စဉ်းစားဟန်သဏ္ဌာန်နှင့်ဓာန်ငယ် ငြိမ်သက်သွားသည်။

"ခွန်းရဲ့ အဆုံးအဖြတ်ဟာ ကျွန်တော့်ဘဝရဲ့ သေရေးင်ရေးလို အရေးကြီးပါတယ်၊ ခွန်းကို မြင်မြင်ချင်းကို စွဲစွဲလမ်းမ်း ဖြစ်မိတာပါ"

ကြိုက်အရှက် ငိုက်မရှက် ရှေ့မျက်နှာနောက်ထားကာပြောလိုက်သည်။ ဣန္ဒြေသိက္ခာအပြည့်အစုံနှင့် နေတတ်သော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ဦးကိုမှ သူကချစ်မိနေပြီလေ။

မြင့်မြင့်သမျှကို သင်တန်းသား၊ ဂိုက်(ဒ်)လုပ်ပေးရသော ထဝည့်တုသဘောထားကာ သူ့ဆန္ဒအတိုင်း ဖြစ်စေချင်သည် ထင်ပါသည်။

" ကျွန်မ စဉ်းစားပါ့မယ်လေ၊ အချစ်ဆိုတာ သေရေးရှင်ရေးအမျှ အရေးကြီးတယ်ဆိုတာကတော့. . လွန်နေပြီထင်ပါတယ်"

"မလွန်ပါဘူး ခွန်းအတွက် ကျွန်တော့်ဘဝမှာ အောင်မြင်ရေးလို့ထင်တဲ့ ကုမ္ပဏီလုပ်ငန်းတွေကိုတောင် ပစ်ထားရတာကြာပါပြီ၊ ခွန်းဟာ ကျွန်တော့်ဘဝရဲ့ အဆိုးအကောင်းကို ဆုံးဖြတ်ပေးနိုင်တဲ့သူပါ"

" ဟင်းဟင်း. . လူတစ်ယောက်ရဲ့ဘဝအတွက် ကျွန်မဟာ အဲ့ဒီလောက်အရေးပါသလား ဘဝင်မြင့်ချင်စရာကောင်းလိုက်တဲ့စကားပဲ"

"မလှောင်ပါနဲ့ ခွန်း. . ကျွန်တော်တကယ်ပြောတာပါ ရင်ထဲကစကားပါ"

"ပြောနေကျစကားမျိုးမို့လို့ ရှင်လွယ်လွယ်လင့်လင့်တကူပြောနိုင်တာ မဟုတ်လား"

"ကျွန်တော့်တစ်သက်မှာ ခွန်း တစ်ယောက်တည်းကိုပဲ ပြောဖူးတယ်၊ ခွန်းတစ်ယောက်တည်းကိုပဲ ချစ်တာပါဗျာ"

စိတ်ထဲဝယ် သည်မျှအထိ ပင်ပန်းဆင်းရဲခြင်းဖြစ်လိမ့်မည်ဟူ မထင်ခဲ့ပါ။ ခွန်းထံမှ ခွင့်လွှတ်မှု လက်ခံမှုသည် သူ့ဘဝအတွက် အရေးအကြီးဆုံးဖြစ်နေသည်။ ခွန်းက ပြုံးကာ. . .





"ကျွန်မကတော့ မထင်ပါဘူး၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ထံက အချစ်ကို မရရှိလိုက်တာနဲ့ သူ့ဘဝတစ်ခုလုံး ပျက်စီးသွားတယ်ဆိုတာ ရုပ်ရှင်ဗွီဒီယိုဇာတ်လမ်းတွေထဲမှာပဲ ရှိတာပါ၊ ရှင့်အရွယ် ကျွန်မအရွယ်ဟာ စိတ်ကူးယဉ်ရမယ့် အရွယ်မှမဟုတ်တာ၊ ကဲပါလေ ရှင်ကျူးလွန်ခဲ့တာတွေကို စိတ်ကူးယဉ်မှုကြောင့် ရူးသွပ်ခြင်းအနေနဲ့ ကျွန်မ ခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် မိဘများထံ ကြိုးပမ်းမှုကိုတော့ ရင်ဆိုင်ပေးပါ. ."

"ဒါကလဲ တားဆီးရခက်ခဲသွားပြီ၊ ခွန်းမိဘများရဲ့ လက်ခံမှုပေါ်မှာ မူတည်သွားပါပြီ"

"ရှင်က အပိုင်ကြံလိုက်တာပဲ၊ ကောင်းပြီလေ နောင်ခါဟာ နောင်ခါရှေးဆိုတဲ့ သဘောထားမျိုးဆိုတော့လဲ နောင်အခါကျွန်မရဲ့ သဘောထားကို ရှင်သိရမှာပါ။ ရှင့်အပိုင်းက အားထုတ်ဆုံးသွားပြီလား. . ."

ခွန်းကို သူလန့်လာသည်။ ခွန်းသည် ငြိမ်သက်နေသော မြွေပွေးတစ်ကောင်လို ကြောက်စရာကောင်းနေသလား။ နိုင်ခွန်းအား ရင်ထဲမကောင်းတော့။ သူ၏ ချစ်ခြင်းမေတ္တာသည် သာမန်မဟုတ် တစ်သက်မှာတစ်ခါပဲ ဖြစ်ပေါ်သောချစ်ခြင်းဖြင့် ချစ်ခြင်း ဖြစ်သည်။

"ခွန်း ကျွန်တော့်ကို မထင်မသေးပါနဲ့၊ မိန်းမချောမြင်တိုင်း အငမ်းမရဖြစ်တတ်တဲ့လူစားမျိုး မဟုတ်သလို အချစ်ကိုအထင်သေးတတ်တဲ့ ကစားတတ်တဲ့ ယောကျ်ားမျိုးလည်း မဟုတ်ပါဘူး၊ ခွန်းအပေါ်မှာ လိမ်ညာလှည့်ဝှက်မှုတွေလုပ်ခဲ့ပြီး ချဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ခဲ့တယ်ဆိုတာ မှန်ပါတယ်၊ အဲဒီလိုဖြစ်ရတာဟာ ဖြူစင်တို့ မိသားစုအပေါ် ငွေကွက်မှုရယ် ခွန်းကိုဆုံးရှုံးမှာ ကြောက်လွန်းတဲ့ စိတ်ရယ်ကြောင့် မှားယွင်းခဲ့တဲ့ အမှားလို့သာ မှတ်ယူနားလည် ပေးမယ်ဆိုရင် ခွန်းရင်ထဲကအစိုင်အခဲတွေ ကျေပျက်သွားမှာပ

"ကျွန်မရင်ထဲမှာ အစိုင်အခဲရှိတယ်လို့ ရှင် ထင်နေသ လား"

"ကျွန်တော် လူကဲခတ်ပညာကို အကျွမ်းကျင်ကြီး မ ဟုတ်ပေမယ့် ခွန်းမျက်ဝန်းတွေဟာ ကျွန်တော့်အပေါ် မှာ မ ကျောနေတယ်"

"ဩော် . ခုမှတွေ့တဲ့လူတစ်ယောက်အပေါ် လိုက်ယ ပျူငှာစွာနဲ့ ဆက်ဆံရမယ်ပေါ့ ဦးနိုင်ခွန်အားရယ် စဉ်းစားပါဦး တစ်ဖက်သတ်ဆန်စွာနဲ့ ရှင်ရဲ့ ငွေအင်အား ဆွေမျိုးဂုဏ် အင် အားတွေနဲ့ ချည်ပြီးတုပ်ပြီး မိဘတွေဆီတောင် သွားပြီး တောင် ရမ်းနေမှတော့ ရှင့်ဘက်က အနိုင်ချည်းပါပဲ၊ ကျွန်မသဘော ရှင်ဘာမှ မမေးခဲ့ဘူး"

"ဆုံးရှုံးမှာ ကြောက်လွန်းလို့ မှားယွင်းမိတာပါလို့ ဝန် ပြီးပါပြီ"

"အပြစ်လုပ်ပြီး ဝန်ခံလိုက်တာနဲ့ ကြေအေးကြစတမ် ဆိုရင် လောကကြီးမှာ အပြစ်လုပ်သူတွေချည်း ဖြစ်လာကြမ ပေါ့"

"ခွန်း ကျွန်တော့်ကို ခွင့်မလွှတ်ဘူးပေါ့"

"စဉ်းစားဦးမယ်လို့ ပြောပြီးပြီလေ"

မိန်းမတို့၏ မာယာကို နိုင်ခွန်အား နားမလည်ပါ။ မိ





များက အနိုင်တွေခွန်အားတွေရှိစေချင်၍ ပေးထားသည့် နာမည် နိုင်ခွန်အား။ ပညာရေးရာ၊ စီးပွားရေးရာမှာတော့ ခွန်အားတွေ ပြည့်စုံခဲ့သည်။ အနိုင်တွေရရှိခဲ့သည်။ အချစ်ရေးရာမှာတော့ ခွန်အားတွေပင် ဆုတ်ယုတ်ချင်လာပြီ။

စစ်မရောက်ခင်က မြားမကုန်သင့်ပေ။

"ခွန်း ဘာဖြစ်ချင်တာလဲ"

"ဒါကို ကျွန်မကိုယ်တိုင် မသိသေးဘူး"

"ခွန်းဖြစ်ချင်တာကို ကျွန်တော်ဖန်တီးပေးမယ်"

"ဟုတ်ရဲ့လားရှင်၊ ကဲပါ ရှင်နဲ့ဖြူစင် စကားပြောစရာ ရှိပြောကြဦး. . ကျွန်မ နားချင်ပြီ"

အိမ်ရှင်က သူ့ကိုနှင်လေပြီ။ သူကတော့ မျက်နှာလှလှ လေးကို မျက်တောင်မခတ်တမ်း ထိုင်ကြည့်ချင်နေသည်။

"ဖြူစင် ရှင့်ဧည့်သည်နဲ့ စကားလာပြောဦး ကျုပ် စာဖတ် စရာရှိသေးတယ်"

သူ့အားထားခဲ့ပြီး အိပ်ခန်းဘက်သို့ ဝင်သွားလေသည်။ ဖြူစင်က ထမင်းစားခန်းဘက်မှ ထွက်လာပြီး. . .

"ခွန်းကတော့ ဇွတ်ကြီးပဲ ကိုနိုင် အားနာလိုက်တာ"

"ရပါတယ် ကျွန်တော်က မှားခဲ့တာကိုး"

"ကျွန်မ နားလည်ပါတယ်၊ ခွန်းဟာ အိမ်ထောင်ရေးကို ကြောက်ရွံ့နေတယ်၊ သူ့အစ်ကိုတွေ မောင်တွေဟာ မိန်းမကို မယူ ခင်တော့ သီချင်းထဲကလို မရခင်ဖျာလိုလိပ် ထိပ်ပေါ်တင်ထား၊ ရတော့ ဖျာလိုခင်း နင်းချေထားတယ်ဆိုသလိုမျိုး၊ ဖူးဖူးမှုတ်. . ရတော့ အရက်မူးလာရင် ရိုက်၊ သားသမီးတာဝန်တွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကပဲယူရ ဒါတွေစိတ်ညစ်လို့ သူ့မိသားစုနဲ့ ဝေးရာမှာ လာနေတာ"

" လူဆိုတာ ဝေါဟာရသာ တူညီကြပေမယ့် စိတ်ဓာတ်ချင်းက ကွဲပြားကြတာပဲ ရုပ်အဆင်းသဏ္ဍာန်မတူညီကြသလိုမျိုး စိတ်အတွင်းသဏ္ဍာန်ကလည်း ကွဲပြားပါတယ်။ မိကျောင်းမင်းရေခင်းမပြချင်ပါဘူး၊ ခွန်းလည်း သိမှာပါ. . ဘယ်ကိစ္စမျိုးမဆို လှေနံဓားထစ် မှတ်ယူလို့ မရပါဘူး"

"ကျွန်မလဲ နားချပါဦးမယ်"

"ကျွန်တော်ကတော့ မျှော်လင့်ပါတယ်၊ မေတ္တာတရားဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်တော့ရှိပါတယ်၊ ကျွန်တော်ကတော့ ခွန်းအပေါ်ထားရှိတဲ့ မေတ္တာရဲ့ နက်ရှိုင်းမှုကြောင့် ခွန်း ကျွန်တော့်အပေါ် တုန့်ပြန်မှုရှိလာလိမ့်မယ်လို့တော့ မျှော်လင့်မိတယ်"

"ဒါပေါ့ ကျွန်မတို့လဲ ဒီလိုပဲ ယူဆတယ်၊ နောက်လည်း ပွင့်လင်းစွာနဲ့ ဝင်ထွက်ပေတော့ လျှို့ဝှက်စရာမလိုတော့ပါဘူး ဖြူစင်လဲ မေမေကို ကိုနိုင်အကြောင်း ပြောပြလိုက်ပါ့မယ်"

"အားနာစရာတော့ ဖြစ်သွားပြီ"

"ကိစ္စမရှိပါဘူး အိမ်ထောင်ရေးမှာ အားနာလို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ကိစ္စကို အားနာမှု ငဲ့ကွက်မှု ကျေးဇူးတရားတွေထောက်ထားနေလို့ မရဘူး၊ နှလုံးသားနဲ့ပဲ ဆုံးဖြတ်ကြတာ အကောင်းဆုံးပါ၊ ကျွန်မကလဲ ကိုနိုင်ကို ကျေးဇူးသိပ်တင်ရပါတယ်"

ဖြူစင်သဘောထားကို ပွင့်လင်းစွာ သိခွင့်ရလိုက်ခြင်းက သူ့အတွက် ဒီအိမ်ကိုဝင်ထွက်ရာ၌ မျက်နှာမပူရတော့ခြင်းက အားစွာကံကောင်းခြင်းတစ်ရပ်ပင်။

"ဒါဖြင့်လည်း ကျွန်တော်ပြန်မယ်"

"ဟုတ်ကဲ့ နောက်လည်းလာပါ"

ဖြူစင်က ကားအထိလိုက်ပို့ပေးသည်။ ကားနားရောက်တော့ သူသိလိုသောမေးခွန်းကို မေးလိုက်သည်။

"ခွန်းက တကယ်ပဲ ပန်းမပန်တတ်ဘူးလား"

"ဟုတ်တယ် ပန်းပန်တာ ပျော့ညံ့တယ်တဲ့၊ ခွန်းက တစ်ခါတစ်ရံ အတွေးခေါင်တယ် ဒါပေမယ့် ပန်းတွေကိုတော့ ချစ်တတ်တယ်လေ၊ ဘုရားပန်းထိုးတယ် အလှပန်းအိုးထိုးတယ် မြင်တဲ့အတိုင်းပဲ"

"မနက်ဖြန် သဇင်တွေပေါ်ပြီပဲ၊ ပန်းတွေလာပို့ပေးဦးမယ် ဖြူစင်တို့အိမ်အတွက်ရော ခွန်းအတွက်ပါ"

"အတော်ပဲ ဘုရားမတင်ရသေးဘူး ကျေးဇူးကြိုတင်တင်ထားမယ်နော်"

"သွားပြီ ဖြူစင်"

နိုင်ခွန်အား ဖြူစင်ကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။ ရင်ထဲမှာတော့ တစ်ဝက်မျှ ပေါ့ပါးသွားလေသည်။

သို့သော် ရှင်းရှင်းလင်းလင်း မဟုတ်သေး။ ခွန်း၏ အေးစက်နေသောမျက်လုံးက သူ့ကိုစိန်ခေါ်နေသည်ဟု. . .







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"ရှင် ဘယ်လိုသဘောရလဲ"

နိုင်ခွန်အားကား ပျောက်ကွယ်သွားသည်နှင့် ဖြူစင်က ခွန်းအိပ်ခန်းထဲဝင်ကာ လှမ်းမေးလိုက်သည်။

"ဘာကို သဘောရရမှာလဲ"

"နိုင်ခွန်အားရဲ့ အချစ်ကို ဘယ်လိုသဘောထားလဲ၊ ရှင် ခံစားရသလား"

"ဘာမှ မခံစားရဘူး ဘာမှလဲ သဘောမထားဘူး၊ ဒါပေမယ့် သူ့ကိုသတ္တိနည်းတဲ့ ခင်ကြောင်ကြောင်လူစားလို့ မြင်တယ်"





"အန်တီတို့က သူ့ကိုရှင်နဲ့သဘောတူလိုက်ပြီဆိုရင်ရော"

"ကျုပ်ကံတရားပဲလေ"

ခွန်း ဖြူစင်ကို မယုံကြည်တော့။ ဖြူစင်နှင့် နိုင်ခွန်အားက ညှိနှိုင်းလုံးညီညွတ်နေလေပြီ။

အချစ်တွေနေကြသူချင်း စာနာတတ်လေပြီ။

ထို့ကြောင့် စကားပြောကို ဆင်ခြင်လိုက်သည်။

"တွေ့ရမှာက ဒီကိစ္စ"

ပလတ်စတစ်လောင်းထားသော ငါးထောင်တန်ငွေ ထုတ်မိတ္တူစာရွက်ကလေးကို ပြလိုက်သည်။

"ဒါ ဘယ်သူရေးလိုက်တာလဲ"

"ဘယ်သူရှိရမှာလဲ အမွှာတို့ဝိုင်းက မချောလေးတစ်ယောက်ရဲ့ လက်ရေးပေါ့"

"ဘုရားရေ့ . သူက ဘာကိစ္စရေးလိုက်ရတာလဲ"

"စိတ်ကစားတတ်တဲ့အရွယ်တွေရဲ့ စမ်းသပ်မှု၊ လက်အငြိမ်မနေမှုပေါ့ကွာ"

ဖြူစင်က တစ်စုံတစ်ခုကို သဘောပေါက်သွားသည့်အသွင်ဖြင့် ခွန်းအားပြုံးစစနှင့်ကြည့်ကာ. . .

"ကျုပ်တော့ အဲ့ဒီလိုမထင်ပေါင်"

"ရှင်က ဘယ်လိုထင်လို့လဲ"

"ရှင့်ရဲ့ တစ်ကိုယ်တည်း အပျိုကြီးဘဝကို ဝင့်ကြွတ်စေချင်တဲ့ စေတနာနဲ့ ဖူးစာရေးနတ်ကလေးတွေ လုပ်ကိုင်ကြတယ်ထင်တယ်၊ အမွှာနှစ်ကောင်ကော ပါတယ်မှတ်လား"

"သူတို့စိန်နက်ဘယ်ကင်းလိမ့်မလဲ ရှင်ကသဘောကျနေ"



www.burmeseclassic.com

www.burmeseclassic.com



"မကျလို့ရမလား ရှင့်ဖူးစာရှင်ကြီးက မိန်းကလေးရှင်တို့ အကြိုက် အရည်အသွေးတွေ ဂုဏ်အင်္ဂါတွေက ရှိနေတာကိုး ဒါထက် ရှင်ကလေးတွေ လက်ဆော့လိုက်တဲ့ကိစ္စ ဘယ်လိုရှင်းမလဲ"

ဖြူစင်က စိတ်ဝင်စားစွာဖြင့် မေးခွန်း ဆက်ထုတ်လိုက်သည်။ ခွန်းက သက်ပြင်းလေး ချလိုက်ပြီး . . .

"ရေးသူရော ပါဝင်သူကိုရော ခေါ်ယူဆုံးမလိုက်မယ် မသမာသူလက်ထဲရောက်သွားခဲ့ရင် ဘယ်အတိုင်းအတာအထိ ဖြစ်သွားနိုင်သလဲဆိုတာမျိုးကို တွေးခိုင်းပြီးမှ . . အချစ်မရှိရဘူး မဟုတ်ဘူး၊ အချိန်မတန်သေးဘူး၊ အရွယ်မရောက်သေးဘူး စဉ်းစားဆင်ခြင်ဉာဏ်မရှိသေးတဲ့အချိန်မှာ ပညာရေးကို အနှောင့်အယှက်ပေးတတ်ဆုံးသော စိတ်ကစားမှုကြီးကို ရှောင်ရှားစေချင်တဲ့ သဘောမျိုးထပ်ဆုံးမရမှာပေါ့"

"အင်း . . ကျူရှင်သင်ရတာ မလွယ်ပါလားနော်" ဟု ဖြူစင်က ငြီးတွားလိုက်ပြီး တဆက်တည်းဆိုသလို . . .

"ကျူပ်သားသမီးတွေရရင်လဲ ရှင့်လက်ပဲအပ်တော့မယ်"

"အမယ် ကျွန်ဝယ်ရာအဆစ်ပါလို့တော် သူများသားသမီး မပိုင်ဝက်မွေးလုပ်မလား ကျူပ်သားသမီးပဲ ကျူပ်ထိန်းတော့မယ်"

ဖြူစင်က မချိုမချဉ်လုပ်ကာ . . .

"တယ်ဟုတ်ပါလား ခွင့်လွှတ်နိုင် မလွှတ်နိုင် စဉ်းစားရမယ်ဆိုတဲ့လူက သားသမီးရတဲ့အထိတောင် ပြောနေပြီဆိုတော့"

"ဒါပေါ့ . . ဒါပေါ့ . . ရေကန်အသင့်ကြာအသင့်လေ ရှင်မနေ့လိုမဖြစ်နဲ့ ရှင့်ထက်တောင်မြန်ဦးမယ်"

"အေးပေါ့လေ ပြောအားရှိပြီပေါ့"

ခွန်းက ဖြူစင်အား တမင်လှည့်ဖျားလိုက်ခြင်းဖြစ်သည်။ ဒါမှ နိုင်ခွန်အား တွေဝေစေနိုင်မည်။ မိမိစိတ်ထဲက အကြံအစည်ကို ဘယ်သူမှအသိမခံနိုင်ပါ။

အိမ်ထောင်ရေးကို အချစ်မပါဘဲနှင့်တော့ လွယ်လွယ်ကူကူ မတည်ဆောက်ချင်။ အချစ်နှင့်တည်ဆောက်ကြသူများတောင်မှ အဆင်ပြေသူခပ်ရှားရှား။ ကိုယ့်ဒုက္ခကိုယ်ဘာဖြစ်လို့ ရှာရမှာလဲ။ လောကကြီးမှာ ကိုယ်တစ်ကိုယ်တည်းရပ်တည်နေနိုင်ပါလျက် . . လင့်တာဝန် သားသမီးတာဝန်တွေကိုပါ ထမ်းဆောင်ရဦးမှာလား။

"ကဲကဲ . . အမွှာညီနောင်ပြန်လာချိန်နီးပြီ ရှင်ပြန်ပြီး သွားကျွေးမွေးလိုက်ဦး၊ ဟိုကိစ္စ ရှင်ဘာမှ မပြောနဲ့နော် ကျူပ်ဘာသာကျူပ် ဆုံးမမယ်"

"အေးပါ ကျူပ်သိပါတယ်၊ သူတို့ကလဲ ကျူပ်စကားဆို ဘယ်တုန်းကများ နားထောင်ဖူးလို့လဲ ရှင့်စကားမှ နာခံတာ"

"သူတို့ ကျူပ်စကားကို နားထောင်ပေးတာကိုကပဲ ရှင့်တို့ ကျေးဇူးတင်ဦး၊ ဘယ်သူ့စကားမှ နားမထောင်ရင်ဘယ်နှယ့်လုပ်မလဲ"

"အေးပါ ကျေးဇူးရှင်ရယ် . . သွားပြီ"

"သူတို့အတွက် ရေခဲသေတ္တာထဲမှာ ကျူပ်အဆင်သင့် လုပ်ပေးပြီးသားနော်"

"အင်းပါသိပါတယ်"




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ထွက်သွားမှ အသက်ရှူချောင်သွားသည်။

အိပ်ယာပေါ် အသာလှဲလျောင်းလိုက်ပြီး စဉ်းစားလိုက်သည်။

နိုင်ခွန်အားရုပ်ရည်က မိန်းမတွေကျလောက်သော ရုပ်ရည်မျိုးဖြစ်ပါလျက် အသက်သုံးဆယ်အထိ လူပျိုကြီးလုပ်နေသတဲ့လား မယုံနိုင်စရာပဲ။ ရုပ်ချောဥစ္စာပေါသော ယောကျာ်းများ မိန်းမ မပေွဘူးဆိုတာ ဝတ္ထုထဲ၌သာ ရှိနိုင်သည်။

တစ်ဦးတည်းသောသားဖြစ်ခြင်းကြောင့်များလား။

ခွန်း ငါးထောင်တန် ငွေစက္ကူမိတ္တူ စာရွက်ကလေးကို ထောင်ကြည့်လိုက်သည်။ တိုက်ဆိုင်လွန်းလှသည်။

နိုင်ခွန်အားအကြောင်း ဘာကြောင့်စဉ်းစားရမည်နည်း။ ခေါင်းထဲက အပြီးအပိုင်ထုတ်ပစ်ရမည့် လူအကြောင်း စဉ်းစားနေရသလား။

သူ၏ ရူးသွပ်သောအပြုအမူကို မိမိက ရူးသွပ်စွာ လက်ခံရမည်လား။ နှစ်ဖက်မိဘများကရော. . .

ဘာကြောင့်များ လွယ်လင့်တကူ လက်ခံလိုက်ကြရသနည်း။ နှစ်ဖက်မိဘများသာ မပါဝင်ဘူးဆိုပါက အခြေအနေက တစ်မျိုးတစ်ဖုံ ဖန်တီးလိုက်လို့ရသည်။

ခုတော့ အခြေအနေကတစ်မျိုးစဉ်းစားရမည်။ အချစ်ရေးသည် လွယ်ကူသောပြဿနာမဟုတ်ပါလား။







# အခန်း(၂၄)

"မင်းပြောပုံအရဆိုရင် ခွန်းဟာမင်းကိုတစ်ခုခုတော့ တုံ့ပြန်လိမ့်မယ် ထင်တယ်"

"ဟုတ်ပါ့မလား ငါ့ကို သူအေးအေးဆေးဆေးပဲ လက်ခံတွေ့ဆုံတာပဲ"

"ငြိမ်သက်နေတဲ့ ကန်ရေပြင်ဟာ ကြောက်စရာကောင်းသလိုမျိုး သူ့မှာအကြံတစ်ခုခုရှိလိမ့်မယ် ထင်တယ်နော် နိုင်ကြီး၊ မင်း သတိထားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပညာတတ် ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်ရဲ့ အေးဆေးတည်ငြိမ်မှုမျိုးရော မဖြစ်နိုင်ဘူးလား"

"အဲ့ဒီလိုဆိုရင်ရော အကောင်းဆုံးပေါ့၊ ဒါပေမယ့် မင်းရဲ့ ဖုန်းပြောတုန်းက အဲ့ဒီလိုမျိုးမဟုတ်ဘူးလေ၊ ခပ်စွာစွာနဲ့ မိန်းမ ဆန်တဲ့ မိန်းမတစ်ယောက်လိုမျိုး ပြောဆိုနေတာပဲ မဟုတ်လား ငါတောင်ကြားသေးတာပဲ၊ ဘယ်ကိစ္စမဆို သတိထားရင် အမှား ကင်းနိုင်တာပေါ့ကွာ"

နိုင်ခွန်အား အာကာစကားကို လက်ခံရမလို ဖြစ်မိသော်လည်း အချစ်က သူ့အား ကန်းသွားစေသည်။

အေးစက်နေသော ခွန်း၏မျက်လုံးကိုပင် တည်ငြိမ်သော ဣန္ဒြေသိက္ခာရှိသော မျက်လုံးအဖြစ် ထင်မြင်မိသည်၊ နှစ်ခြိုက်မိသည်။

"မနက်ဖြန် မင်းပန်းသွားပို့ရင် သူ့ဆီကို သွားမှာလား ဖြူစင်တို့အိမ်ရောလား"

"နှစ်အိမ်စလုံးပေါ့ကွာ ဖြူစင်မိခင်ကလည်း မေမေ့ သူငယ်ချင်းပဲ မဟုတ်လား"

"အေးပါကွာ ဒီလောက်မြန်မြန်ဆန်ဆန်နဲ့ လျှောလျှော လျူလျူ အဆင်ပြေသွားတော့လဲ ကောင်းတာပေါ့၊ တကယ်လို့များ အဆင်မပြေဖြစ်ခဲ့ရင် ခံနိုင်ရည်ရှိအောင်တော့ မင်းကြိုးစား ထားရလိမ့်မယ်"

"ပါးစပ်ပုပ်ကြီးနဲ့ကွာ အဆင်ပြေမှာပါ"

"အေးလေ လိုတရခဲ့တဲ့ မင်းအတွက်ကတော့ မရဘူး ဆိုတာ မကြုံဖူးသေးတော့ အရာရာကို ရလိမ့်မယ်လို့ပဲထင်ထား





တာပေါ့"

နိုင်ခွန်အား အာကာစကားကို လက်မခံ။

"ယောက်ျားတစ်ယောက်ဟာ သူချစ်တဲ့မိန်းမကို လိုချင်သို့ မိဘတွေဆီမှာ မိသားဖသားပီပီ တောင်းရမ်းတယ်၊ ဒါဟာ အပြစ်ကြီးတစ်ခုလား။ ဒီအတွက် အပြစ်ပေးမယ်ဆိုရင် ငါလက် ခံနိုင်ဘူး ငါဟာ အမျိုးကောင်းသားပီပီ တို့မြန်မာမှုဓလေ့ထုံးစံ အတိုင်း လုပ်တာပဲ၊ ငါ့ရဲ့အမှားတွေအတွက်လည်း ငါတောင်းပန် ပြီးပြီပဲ၊ ဒါတောင် ငါမမှားပါဘူးကွာ လူမှုရေး ငဲ့ညှာထောက်ထား မှု သူ့ရဲ့ဂုဏ်သိက္ခာ ငဲ့ညှာမှုတွေအတွက်ကြောင့် အရိပ်လေးလို သို့ ဂုဏ်ဆက်သွယ်မိတာ တစ်ခုပါပဲ"

"ဟုတ်ပါတယ် . . ဒါပေမဲ့ လှပချောမောတဲ့မိန်းမတစ် ယောက်ဟာ ခုအချိန်အထိ အိမ်ထောင်မပြုသေးတာ ဇီဇာ ကြောင်လွန်းလို့ပဲ ဖြစ်နိုင်တယ်၊ အပြစ်သေးသေးမွှားမွှားကိုလဲ အပြစ်ကြီးလို့ ထင်တတ်ကြတယ်၊ အပြစ်မဟုတ်တာကိုလည်း အပြစ်လို့ မြင်တတ်ကြတယ်၊ စည်းစနစ်ဇယားကလည်း ကြီး တတ်ကြတယ်၊ ဩဇာကလည်း အလွန်ပေးတတ်တယ်"

"တော်ပါတော့ အာကာ၊ မင်းပြောပုံမျိုးအရဆိုရင် . . ကြိုက်ချင်စရာ တစ်ကွက်မှကို မရှိတော့တဲ့ပုံမျိုး၊ ခွန်းဟာ အဲ့ဒီ လိုမျိုး မဟုတ်ပါဘူး"

"အေးလေ ချစ်နေတော့ အပြစ်မမြင်ဘူးပေါ့၊ ဒါပေမယ့် ငါက သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ မင်းကိုအကြံပေး ထားချင်တယ်၊ အိမ်ထောင်ရေးကိစ္စဆိုပြီး ခပ်ပေါ့ပေါ့သား သ ဘောမထားလိုက်နဲ့၊ မိန်းမတစ်ယောက်ကိုလည်း အားနွဲ့သူပါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လျှော့မစဉ်းစားလိုက်နဲ့ ဘယ်လိုဖြစ်ရင် ဘယ်လိုလုပ်သ
တယ်ဆိုတဲ့ Planing ချထားပေတော့ ”

“မင်းကလဲကွာ အချစ်ကို စစ်ဆင်ရေးတစ်ရပ်လို
တင်ဇာတ်တိုက်ထားရမလို ဖြစ်နေပါလား”

“ဖြစ်ရမယ်လေကွာ၊ အချစ်ဟာ လူဘဝတစ်ခုလုံး
လိုက်စားသွားနိုင်စွမ်းရှိတယ်နော်၊ ကိုင်း. . လာကွာ. . ခွန်
မင်းကို လက်ခံတွေ့ဆုံ စကားပြောတဲ့ အထိမ်းအမှတ်အ
ညစာ တစ်နေရာရာ သွားစားရအောင်”

“အိုကေ အိမ်မှာ ဖေဖေနဲ့မေမေ မရှိတာနဲ့ ဘာမှမချ
နဲ့တော့လို့ မှာထားတာကွ၊ မင်းပြောမှပဲ စားဖို့သောက်ဖို့ သတိ
တော့တယ် ”

နိုင်ခွန်အား အပြင်ထွက်ရန် ပြင်ဆင်လိုက်ရင်း ရင်
မှာတော့ တမ်းတမိသည်။ ခွန်းနဲ့သာဆိုပါက ခွန်းလက်ရာ
ကိုသာ အမြဲပြန်စားပြီးမှ ကိစ္စရှိလျှင် ပြန်ထွက်မည်။ သို့
ခွန်းလိုက်ပါရမည့်ပွဲမျိုးဆိုပါက ခွန်းအား အမြဲခေါ်သွားမည်
တွေးရင်း ပျော်ရွှင်လာသဖြင့် လေချွန်လိုက်မိလေသည်။

အာကာက နိုင်ခွန်အားကိုကြည့်ရင်း ခေါင်းတညိ
ညိတ်နှင့်. . .







# အခန်း(၂၅)

“အန်တီတို့အိမ်အတွက် ဘုရားပန်းတင်ရအောင် သဇင်
ခန်းတွေ လာပို့တာပါ”

“ကိစ္စမရှိပါဘူးကွယ် အန်တီတို့ ဝယ်တင်နိုင်ပါတယ်၊
ခင်းပေးချင်တဲ့ဆီကိုသာ သွားပေးပါ”

နိုင်ခွန်အား မယုံကြည်နိုင်အောင်ဖြစ်သွားရသည်။ မြို့
ငင်မိခင်၏ ပြောင်းလဲခြင်းက အံ့သြစရာကောင်းလောက်အောင်
ခင် ပြောင်းလဲသွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းထုပ်ကိုလည်း လှမ်းမယူ။ သံပန်းတံခါးကိုပင် ဖွင့်မပေးဘဲ အိမ်ထဲသို့ ပြန်ဝင်သွားခဲ့လေပြီ။

နိုင်ခွန်အား ရှက်ဒေါသဖြစ်သွားသည်။ မိမိ၏ အဆင့်အတန်းသည် အငြင်းပယ် ခံရလောက်အောင် တံခါးဖွင့်မပေးရလောက်သည့် အဆင့်အတန်းမျိုး ဖြစ်နေပြီလား။

"ညည်း ထွက်တွေ့စရာမလိုဘူး အရှက်မရှိဘူးလား"

ဖြူစင်မိခင်၏ ကျိတ်ဆူပူနေသံကိုကြားလိုက်ရသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။

နိုင်ခွန်အား ခွန်းအိမ်ဆီသို့ ဆက်မောင်းခဲ့လိုက်သည်။

"ဟင်"

သော့နှစ်လုံး ခတ်ထားသည်။

ခွန်း သင်တန်းသွားပြီလား။ ဒါမှမဟုတ် ကျူရှင်တွေဘာတွေ သွားပြလျှင်လည်း သူ့ အစ်မဝမ်းကွဲကတော့ ကျန်ရစ်ခဲ့ရမည်။

ထူးခြားမှုတစ်ခုခုတော့ ရှိနေလိမ့်မည်။

ဖြူစင်နှင့် ပတ်သက်၍လား။

ဖြူစင်မိခင်ကို ပြန်လည်ရင်မဆိုင်လိုတော့သဖြင့် အသာအယာပင် တပ်ခေါက်ပြန်ခဲ့လေသည်။

အခြေအနေတွေ ကတော့ ပြောင်းလဲသွားပြီ။

တယ်လီဖုန်းကို အလီလီဆက်ခြင်းအားဖြင့် ဖြူစင်နှင့်သော်လည်းကောင်း အမြွှာညီနောင်နှင့်သော်လည်းကောင်း တိုးလျှင် ခွန်းအကြောင်းကို သိသွားနိုင်သည်။

သို့တည်းမဟုတ် မနက်ဖြန်ဆိုသော အချိန်အခါကို





...ာင့်ပြီး ခွန်း သင်တန်းအပြန် သွားစောင့်ပြီး နောက်ယောင်ခံ...တ်သွားလိုက်လျှင် သိနိုင်သည်။

စိတ်မကောင်းစွာဖြင့် အိမ်သို့ပြန်လာပြီး အိမ်တ ဘုရား...ဲ သဇင်ပန်းများ ဝေနေအောင်တင်ပြီး ကပ်လှူလိုက်သည်။

ဆုကိုလည်း ထူးထူးခြားခြား တောင်းလိုက်မိသည်။

"မိမိချစ်ခင်နှစ်သက်ရပါသော ခွန်းနှင့်အမြန်ဆုံး နီးစပ်...ါလို၏ဘုရား"

ဘုရား၌ ဆုတောင်းတက်လာပါပြီကောလား။

ခွန်း ဖြူစင်တို့အိမ်က ထွက်ခွာသွားခြင်းတော့ မဖြစ်စေ...င်ပါ။ မိမိ ပယောဂဟုဆိုပါက ခွန်းအပေါ် တောင်းပန်ခြင်းတွေ...ပ်ဆင့်ရတော့မည်။

တယ်လီဖုန်း စမ်းခေါ်ကြည့်လိုက်သည်။

အဘွားကြီးနှင့် တန်းတိုးနေသဖြင့် ဘာမှမပြောဘဲ. . ...တ်ပြန်ပိတ်လိုက်ရသည်။

ခွန်းရယ်. . .

ချစ်ခြင်းသည် လျင်မြန်စွာ ပေါက်ဖွားလာလိမ့်မည်ဟု ...တစ်ခါမှ မတွေးခဲ့ဖူးပါချေ။

ခွန်းကို အမည်လေးတွေ့လိုက်ရုံနှင့် စိတ်လှုပ်ရှားသွား...ည်။ လူကို တဒင်္ဂတွေ့လိုက်ရရုံနှင့် စွဲလမ်းသွားသည်။

သူ့နှလုံးသားသည် အံ့ဩဖွယ်ကောင်းလောက်အောင်...င် ခွန်းကို စွဲစွဲလန်းလန်း ချစ်မိသွားသည်။

အချစ်သည် လူ့စိတ်ကို ဖမ်းစားနိုင်စွမ်း ရှိလွန်းလှသည်။

ခွန်းကြောင့် သူစိတ်ဝင်စားစွာနှင့် လောဘကြီးရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော စီးပွားရေးကိုပင် ဥပေက္ခာပြုထားမိသည်။

ကုမ္ပဏီရုံးခန်းကို ရောက်သည်နှင့် သူ့ အတွင်းရေးမှူး မိန်းကလေးက အစီရင်ခံစာ ဖိုင်တွဲကို လာပို့သည်။

"အန်ကယ်စိုး စစ်ပြီးပြီလား"

"ဟုတ်ကဲ့. . စစ်ဆေးပြီး လက်မှတ်ထိုးထားပါတယ် မန်နေဂျင်း လက်မှတ်ထိုးရုံပါပဲ"

"ကောင်းပြီ ထားခဲ့၊ ဦးအာကာရှိလား ရှိရင်လွှတ်လိုက် ပါ"

"ဟုတ်ကဲ့ ရှိပါတယ် လွှတ်လိုက်ပါ့မယ်၊ မန်နေဂျင်း ဘာခိုင်းစရာ ရှိသေးသလဲ"

"မရှိတော့ဘူး"

အလုပ်အပေါ် စိတ်မဝင်စားသဖြင့် သူ့အမည်နှင့်ရာထူး ကုမ္ပဏီတံဆိပ်နှိပ်ထားသော နေရာများတွင် လက်မှတ်မှာ ရေးထိုးပေးရင်း အာကာ ဝင်အလာကို စောင့်နေမိသည်။

တံခါးရွက်များလှုပ်သွားပြီ အာကာဝင်လာသည်ကို တွေ့လိုက်ရသည်နှင့် သူ့ရင်ထဲတွင် ကယ်တင်ရှင် ရောက်လာ သည့်အလား ရွှင်လန်းသွားသည်။

"ခွန်း အရေးတော်ပုံ ပေါ်ပေါက်ပြီလား"

"အေးကွာ. . ခွန်းများ ငါ့အတွက်ဒုက္ခများ ရောက်သွား လားလို့"

"မင်းအတွက် ခွန်းက"

"ဟုတ်တယ်လေ မနက်က ငါရောက်သွားတော့ အမေ့ အနေတ မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ကို ဖြူဖျော





အမေကြီးက လေစိမ်းတွေ တိုက်လွှတ်လိုက်တယ်"

မနက်က အခြေအနေကို ရှင်းပြလိုက်သည်။ သူ့စကား ဆုံးသည်နှင့် အာကာက. . .

"ဒါ ဘာဆန်းသလဲ ဖြူစင်အမေကြီးက သူ့သမီးအတွက် ရည်ရွယ်ပြီး အပြတ်ကြိုးစားခဲ့တာ အောင်ပန်းဆွတ်ခူးလုလု အချိန်မှာ သူ့သားမက်လောင်း အကောင်းစားကြီးကို ခွန်းက ဖြတ်ခုတ်သွားတယ်လို့ စွပ်စွဲပြီး သူ့သမီးကို ဆူပူကောင်း ဆူပူ သိမ့်မယ်၊ ခွန်းက မခံနိုင်ဖြစ်ပြီး ဆင်းသွားတာ ဖြစ်လိမ့်မယ်၊ ဆဒင်မမေးနဲ့ငွေကုန်တယ် မနက်ဖြန်သင်တန်းလိုက်သွားလိုက်"

"လက်ခံတွေ့ပါ့မလား"

"လက်မခံရင် နောက်ယောင်ခံလိုက်သွားကွာ ဒါမှ သူ ဘယ်မှာနေသလဲ သိရပြီး မင်း ဆက်လှုပ်ရှားပေါ့ကွာ"

"အဲဒီအချိန်အထိ စောင့်ရမှာလား မနက်စောစော ကျောင်းအသွား စောင့်ရရင်ရော၊ အမြွှာနှစ်ကောင် ကျောင်းသွား ရင် သူပါတစ်ခါတည်းလိုက်ပြီး သင်တန်းကိုသွားနေကျ မဟုတ် သား"

"ဟာ အမြွှာနှစ်ကောင်က ဆယ်တန်းဆိုကွ"

"အေးလေ. . အဲဒါ ဘာဖြစ်သလဲ"

"ဆယ်တန်းဆို ဒီအချိန် ကျောင်းဘယ်တက်တော့မလဲ မင်းက ခေတ်ကို မျက်ခြေမပြတ်နေပြန်ပြီ၊ ငါ ပြောသလိုသာ လုပ်စမ်းပါ"

ခွန်းနှင့်ပတ်သက်လာလျှင် အမှားများဖြစ်မည်ကို စိုးရိမ် စိတ်ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



" အေးကွာ ဒီနေရာမှာတော့ မင်းကိုပဲ ဆရာတင်ရမှာပေါ့၊ လက်ရှိမင်းက နံပါတ်ကပ်ထားတဲ့သူ ဆိုတော့ ဆရာကြီးပေါ့"

" နံပါတ်ကပ်ရုံတင် မကတော့ဘူး ရက်ကောင်းရက်မြတ်တောင် ရွေးပြီးပြီ မောင်ရင်၊ တရားရုံးမှာ လက်မှတ်ထိုးမယ့်ရက်၊ ညည့်ခံပွဲရက်တောင် သတ်မှတ်ပြီးပြီ၊ ပြီးရင် ဟန်းနီးမွန်းထွက်မှာဆိုတော့ ခွင့်ယူဦးမှာ မင်းကို ကူညီနိုင်မှာ မဟုတ်တော့ဘူး"

"မင်းကလည်း မြန်လှချည်လားကွာ၊ ငါ့ကိစ္စလေး စိတ်ချရမှ စီစဉ်တာ မဟုတ်ဘူး"

"မရတော့ဘူး အားလုံးစီစဉ်ပြီးပြီ၊ တစ်လလောက်တော့ အချိန်ရပါသေးတယ်၊ ဒီကာလအတွင်း မင်းအတွက် အခြေအနေတွေ ကောင်းသွားနိုင်တယ်"

"အချစ်ဆိုတာ ပျော်ရွှင်မှု ဝမ်းနည်းမှုကို ဖန်တီးနိုင်စွမ်း ရှိလိမ့်မယ်လို့ ငါမထင်မှတ်ထားခဲ့ဘူး၊ ခုလောလောဆယ် ငါ့မှာ အပျော်တွေပျောက်ဆုံးနေတယ်၊ အဲဒီပျောက်ဆုံးနေတဲ့ အပျော်တွေဟာ ခွန်းထံက အချစ်နဲ့တွေမှ ပြန်လည်ရောက်လာလိမ့်မယ် ထင်ပါတယ်ကွာ"

"စိတ်မလျှော့ပါနဲ့ကွာ"

"မလျှော့ပါဘူး ခွန်းနဲ့ပတ်သက်လို့ကတော့ သက်ထက်ဆုံးကြိုးစားသွားမယ်ကွာ"

"ဒီလိုတော့ အပြောမကြီးနဲ့၊ သူ ယောက်ျားရသွားရင်ရော"





"ဟာ. . မင်းပါးစပ်ပုပ်ကြီးနဲ့ မပြောပါနဲ့ကွာ၊ ခွန်း ဘယ်ယောက်ျားမှ မယူရဘူး၊ ယူမယ်ဆိုရင် သူ ယူရမယ့်ယောကျ်ားဟာ ငါပဲဖြစ်ရမယ် "

"အေးပါ. . ကြည့်ကြသေးတာပေါ့၊ လှလည်းလှ ချောသည်းချော၊ အဘက်ဘက်ကလဲ ပြည့်စုံမှုရှိတဲ့ မိန်းမတွေ အိမ်ထောင်မပြုသေးတာကိုက ထူးခြားစွာ သိရခက်တဲ့ စိတ်ဓာတ်ရှိနေတတ်ကြတယ်၊ ခွန်းရဲ့စိတ်ဟာ ခန့်မှန်းရခက်တယ်၊ မင်းတော့ ကြိုတင်ကြံ့ခိုင်မှု ရှိထားမှဖြစ်မယ်၊ ခွန်းကို ခပ်ပျော့ပျော့မိန်းမတစ်ယောက်လို့တော့ လျှော့မတွက်ထားနဲ့နော်"

"အေးပါ. . ငါ ခွန်းနဲ့ ပတ်သက်ရင် ဘယ်တုန်းကမှ လျှော့မတွက်ပါဘူး"

"အေး. . အမြဲသတိရှိနေရင် အကောင်းဆုံးပေါ့၊ ကဲ မင်း လက်မှတ်ပြီးအောင် ထိုးလိုက်ကွာ၊ ပြီးရင် လုပ်စရာတွေ ရှိသေးတယ်၊ ငါသွားမယ်. . မနက်ဖြန်မင်းနဲ့လိုက်ပြီး အကူအညီ ပေးနိုင်သေးဘူးကွာ၊ မင်းဘာသာမင်း မီးစင်ကြည်ကတော့၊ ကာနေပါဦး. . သူ တကယ်လို့ အိမ်ပြောင်းသွားတာဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

"တောင်းပန်ပြီး သူ့ဆန္ဒကို လိုက်လျောပေးမှာပေါ့ကွာ"

"အေး. . သူ့ဆန္ဒအမှန်ကိုပဲ အလျင်ထုတ်ဖော်ပြပါရစေကွာ၊ တောင်းပန်ပါတယ်၊ လိုအပ်ရင် မြူစင်မိဘကိုပါ မင်းမိခင် ဘနေတစ်ဆင့် အမှန်အတိုင်း ရှင်းပြပေါ့ကွာ၊ ချစ်ခြင်းမေတ္တာဆိုတာ ဖန်တီးလို့ရတဲ့ကိစ္စမှ မဟုတ်ဘဲကွာ"

"အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



အမြဲလိုလို တက်ကြွလန်းဆန်းနေတတ်သော နိုင်ခွန်းအားသည် အချစ်နှင့်တွေ့မှ စိုးထိတ်မှု၊ တွန့်ဆုတ်မှုများဖြင့် ငွေဝေငြိမ်သက်လာသည်ကို အာကာ စိတ်မကောင်းစွာဖြင့် သတိပြုမိလိုက်သည်။ ယခုလို ချစ်စိတ်မွန်နေတုန်းတော့ ဘာမှမပြောလိုသေးပေ။ အကယ်၍သာ ခွန်းသည် နိုင်ခွန်အား အသည်းကို ရက်ရက်စက်စက်နှင့် သွေးအေးစွာ ခွဲခဲ့ပါလျှင် နိုင်ခွန်အား ခံနိုင်ရည်မှ ရှိပါ့မလား။

နိုင်ခွန်အားကို သိပ်လွှတ်ထား၍ မဖြစ်တော့။ သူမိဘများပြန်လာလျှင် သတိတော့ပေးထားရမည်။ မချစ်ဖူးတဲ့လူများ ချစ်မိတော့လည်း အရူးအမူးပါပဲလားဟု အာကာ တွေးလိုက်မိသည်။





# အခန်း(၂၆)

" ရှင့်ကိုလည်း ကျွန်မတွေ့ချင်ပါတယ်၊ ရှင် ဒီလိပ်စာတိုင်း ညနေလေးနာရီ လာခဲ့ပါ ကျွန်မစောင့်နေမယ်"

ဟု သင်တန်းဆင်းချိန် သူစောင့်နေသည်ကို တွေ့မြင်လိုက်သည်နှင့် ခွန်းကိုယ်တိုင် လာပြောသည်။

"အခု ကျွန်တော်လိုက်ပို့ပေးမယ်လေ"

"ကျွန်မကို လာခေါ်တဲ့ ကားနဲ့ပဲပြန်မယ်၊ ကျူရှင်သင်ရာရှိသေးတယ်" ဟု ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူ ငေးကျန်ရစ်ခဲ့သည်။

ခွန်း မြင်ကွင်းက ပျောက်ကွယ်သွားမှ လိပ်စာကတ်
ကြည့်လိုက်သည်။ မြို့ထဲ (၃၅)လမ်းမှ တိုက်ခန်းလိပ်စာဖြစ်
သည်။ သူ တွေးတောချက်တို့ မှန်ကန်နေပြီ ထင်သည်။ မှန်က
နေပါက ခွန်းအတွက် သူစိတ်မကောင်းပါ။

ခွန်းသည် သူ့ကြောင့်ဒုက္ခရောက်သွားသလား။ မထေ
မတရားပြောဆို စွပ်စွဲခြင်းတွေ ခံနေရသလား။

ညက မိဘများထံမှ ဖုန်းလာသည်။ ခွန်းမိဘများ
တွေ့ဆုံပြီး သူနှင့်ခွန်းဇာတ်လမ်းကို မချွင်းမချန် ပြောပြထား
ဖြစ်သည်။ မိဘများက လက်ခံသည်တဲ့။ ဒါပေမယ့် သူ့သမီး
လာပြီးမှ ကြောင်းလမ်းခြင်းကိစ္စကို လက်ခံပါရစေဟု သမီး
ဆန္ဒကို ဦးစားပေးကြောင်းကိုပါ သိလိုက်ရသည်။

ခွန်း၏ဆန္ဒ ရယူဖို့ဆိုတာ မလွယ်ကူမှန်း သူသိသည်
စိုးထိတ်မှုများဖြင့် လုံးဝအိပ်မပျော်နိုင်အောင် ဖြစ်ရသည်။

ခွန်းနှင့်တွေ့ဆုံရန်ဟူသောစိတ်ဖြင့် ထိုကြားကာလ
နာရီ သုံးနာရီခန့်ကို သူဘာမှ လုပ်၍မရ။

ခွန်းချိန်းဆိုထားသော အချိန်တိတိတွင် သူရော
အောင်ပင် သွားခဲ့သည်။

တိုက်ခန်းတစ်ခန်း ဖြစ်သည်။ လျှပ်စစ်ခေါင်းလောင်း
နှိပ်ပြီး စောင့်နေရသောအချိန်ကာလတွင် ရင်ခုန်သံတို့က မ
မညာ လှိုင်းထန်လျက်ရှိသည်။

တံခါးလာဖွင့်ပေးတော့ ခွန်းကိုယ်တိုင် ဖြစ်နေသဖြ
သူ အံ့ဩဝမ်းသာရသည်။





"လာ . . ရှင်က အချိန်တိကျသားပဲ"

သူဘာမှ တုံ့ပြန်မပြောတော့ဘဲ ပြုံးကာ အိမ်ထဲဝင်လိုက်
သည်။ ခွန်းက သံပန်းတံခါးကို ပြန်သော့ခတ်လိုက်သည်။ တိုက်
ခန်းနေလူတန်းစားတို့၏ ဓလေ့တစ်ခုလို ဖြစ်နေပြီ။

သန့်ရှင်းသပ်ရပ်သော ကြိမ်ထိုး ဆက်တီဆက်နှင့် တီဗွီ
အောက်စက်စင်မှအပ အခြားဘာအသုံးအဆောင်မှ မရှိသေး၊
ရှင်းသန့်နေသည်။

သူက ယူလာသော သဇင်ပန်းနှင့်သစ်သီးခြင်းကို စားပွဲ
ပေါ် တင်လိုက်သည်။

" မနေ့က ပန်းသွားပို့တော့ ဖြူစင်အမေက အကျိုး
အကြောင်း မေးလို့မရဘဲ ရန်သူတစ်ယောက်လို နှင်ထုတ်ခြင်း
ခံလိုက်ရတယ်"

"ကျွန်မက ကျွန်မရဲ့ ဂုဏ်သိက္ခာကို ထိပါးတယ်ထင်
ရင် လုံးဝလက်မခံနိုင်လို့ စနေနေ့ နေလယ်မှာပဲ ဒီကိုပြောင်းချ
လာခဲ့တာ၊ ဒါ ကျွန်မမိဘတွေဝယ်ပေးထားတဲ့ တိုက်ခန်းပါပဲ၊
အမွေညီနောင်အတွက် ကျွန်မလွတ်လပ်မှုကို ဖယ်ရှားပြီး သူတို့
အိမ်မှာနေပေးခဲ့တာပါ"

"ကျွန်တော့်ကြောင့်ဆိုရင် စိတ်မကောင်းစရာပါပဲဗျာ"

"အမိကတော့ ဦးနိုင်ခွန်အားကြောင့်ပါပဲ၊ ဦးနိုင်ခွန်အား
ရဲ့မိခင်က ရှင်နဲ့ဖြူစင်ကိစ္စမဖြစ်နိုင်တော့တဲ့အကြောင်းနဲ့ ရှင့်မှာ
ချစ်သူရှိနေပြီဆိုတဲ့အကြောင်း ရှင်းပြပြီး နောက်ဆုတ်လိုက်တယ်
ဆိုတာသိလိုက်ရတော့ တော်တော်မကျေမနပ် ဖြစ်သွားတယ်
ဒီကြားထဲ ဖြူစင်က နိုင်ခွန်အား သဘောကျနေတာ ခွန်းပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပုံရတယ်၊ သူ့မဟာစိမ်ကိန်းကြီး ပျက်သွားတော့ ကျွန်မ
အပေါ် စုပြုံပြီး စွဲချက်တွေတင်တော့မှာပဲ ”

“ကျွန်တော်ကြောင့်ဖြစ်ရတာ. . ကျွန်တော်ဘယ်လို
တောင်းပန်ရမှန်းတောင် မသိတော့ဘူးဗျာ”

“ကိစ္စမရှိပါဘူး အန့်တီထံက ဒီလိုသိလိုက်ရတော့မှ
ကျွန်မ ရှင်ဘာကြောင့် ဖြူစင်တို့ကို အားနာရသလဲဆိုတာ သ
ဘောပေါက်မိတော့ ရှင့်ရဲ့လိမ္မာပြီး ရဲလ်ဒိုးလုပ်ခဲ့တဲ့ကိစ္စကို
ခွင့်လွှတ်မိတယ်”

ခွန်း၏အေးဆေးတည်ငြိမ်မှုကို နိုင်ခွန်အားအံ့သြမိ
သည်။ ပင်ကိုယ်စရိုက်ပါ။ အာကာပြောသကဲ့သို့ ငြိမ်သက်နေ
သော ကန်ရေပြင်၏ ကြောက်စရာကောင်းမှုမျိုး မဖြစ်နိုင်ဘူးဟု
ယုံကြည်သည်။

“ကော်ဖီသောက်ဦးနော်”

“နေပါစေ”

“ဖျော်ထားပြီးပြီ ဓာတ်ဘူးထဲမှာ ငှဲ့ရုံပါပဲ” ဟု ပြောပြော
ဆိုဆို ထသွားသည်။ ခဏအတွင်း၌ ကော်ဖီပန်းကန်နှစ်လုံး
နှင့် ကြွေရေနွေးကရားတစ်လုံး ရေနွေးကြမ်းပန်းကန်သေးသေး
ကလေး နှစ်လုံးပါသော ဗန်းကို မယူကာ ရောက်လာတော့ စားပွဲ
ပေါ် မှခြင်းနှင့် ပန်းထုပ်ကို သူ ဘေးဖယ်ပေးလိုက်သည်။

“သောက်လိုက်ပါဦး ကျွန်မက ကော်ဖီ ခါးဆိမ့်လေးကို
ကြိုက်တယ်၊ ရှင်ရော နှစ်သက်မယ်ထင်လို့ ကျွန်မအကြိုက်ပဲ
ဖျော်လိုက်တယ်နော်”

“ဟုတ်ကဲ့ ကြိုက်ပါတယ်”





အမှန်တော့ ဒီထက်မက သူ ပြောလိုက်နိုင်ဖို့ကောင်း
သည်။ သို့သော် ဘာပြောရမှန်း. . မသိ။ မိန်းမတစ်ယောက်ကို
ကိုယ့်ဘက်ပါလာအောင် ကိုယ့်အပေါ် ညွတ်တိမ်းလာအောင်
ဆွဲဆောင်နိုင်သောအရည်အချင်း သူ့မှာမရှိချေ။

“ဒီလိုဆို သောက်လိုက်ဦး”

“ဟုတ်ကဲ့”

ခွန်းလက်ရာ ကော်ဖီခါးဆိမ့်လေးက ရင်ထဲ နွေးခနဲ
ဆင်းသွားသည်။

အမြဲတမ်း ခွန်းလက်ရာလေးကိုပဲ သောက်သုံးချင်ပါဘိ။
ထိုဆန္ဒကို ပြောလိုက်လျှင် ခွန်း စိတ်ဆိုးမှာလား။

“ကောင်းရဲ့လား”

“ကောင်းတယ် ကျွန်တော်ကြိုက်ပါတယ်”

“ရှင်ဘာဖြစ်လို့ ကျွန်မကို တွေ့ချင်ရတာလဲ”

“အစက တွေ့ချင်တာ သက်သက်ပဲ. . နောက် တောင်း
ပန်ချင်တယ်လေ”

တကယ့်ကိုပင် မမျှော်လင့်ဘဲ လွတ်ထွက်သွားသော
ရင်ထဲကစကားအတွက် သူ့ကိုယ်သူ ကျေနပ်မိသည်။

“ဘာဖြစ်လို့ တွေ့ချင်တာလဲ”

ခွန်းက မသိဟန်ဆောင်၍ မေးသည်။

ဖြေဖို့ရာကို နိုင်ခွန်အား မဝံ့မရဲ ဖြစ်မိသည်။ သို့သော်
ယောကျာ်းနှင့်မိန်းမမှာ ယောကျာ်းဘက်က ပြောရေးဆိုခွင့်တွေ
မှာ အများကြီးရှိသည်။ တစ်ဖက်သူကို ထိခိုက်နစ်နာမှုမျိုး မရှိလျှင်
များစွာပြောနိုင်သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းကို ကျွန်တော်ချစ်လို့ပါ"

မျက်နှာပူပူနှင့် ပြောချလိုက်သည်။

ခွန်းက ရယ်သွေးသမ်းသည်။

"ဟင်း. . ဟင်း. . ရှင်ပရိုပို့စ်လုပ်ပုံကြီးကလည်း တော်တော်ကို စိတ်ဝင်စားစရာကောင်းတာပဲ"

"ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံးအတွေ့အကြုံပဲ ခွန်း ရယ် ဘယ်ပြေပြစ်နိုင်မလဲ၊ ခွန်းကို ကျွန်တော်ချစ်တယ်. . ဒါ အလေးအနက်ဆုံးနဲ့ အမှန်ကန်ဆုံးစကားတစ်ရပ်နဲ့ သစ္စာဆိုခြင်း ပါတယ်"

"တော်ပါပြီ ကျွန်မနားလည်ပါတယ်၊ ဒါထက် မေမေတို့ ဆီ ရှင့်မိဘများ ရောက်သွားကြပြီလား"

"ညက ဖုန်းလာပါတယ်"

"ဘာတဲ့လဲ"

သူ မညာချင်တော့။

သူ့ရဲ့မေတ္တာစစ်ကိုပဲ အားကိုးသည် ။ မေတ္တာဆိုတာ တန်ပြန်သက်ရောက်ရှိသည်ဟု သူ ယုံကြည်သည်။

သူအမှန်အတိုင်းပဲ ပြောလိုက်သည်။

ခွန်းက သူ့အား အကဲခတ်နေသည်။ ခွန်းအတွက် သူသည် လူထူးဆန်းတစ်ယောက် ဖြစ်နေပြီလား။ လူအလူန တစ်ယောက် ဖြစ်နေပြီလား။

"ကျွန်မ ငြင်းလိုက်ရင် ကျွန်မမိဘတွေက လက်မခံဘူး ဆိုတာ ရှင်ယုံကြည်သွားပြီလား"

"ကျွန်တော် တောင်းပန်ပါတယ်"





"ဘာကိုလဲ"

"ခွန်းမငြင်းပါနဲ့၊ လက်ထပ်ပြီးရင် ခွန်းကို တကယ်ချစ် မြတ်နိုးသွားမှာပါ"

ခွန်းပြုံးလိုက်သည်။

နိုင်ခွန်အား ရှက်ကိုးရှက်ကန်း ဖြစ်မိသည်။ အချစ်အ တွေ့အကြုံမရှိခဲ့ခြင်းက လူကြောင်တစ်ယောက်ဖြစ်စေတတ်မယ် ဆိုတာ သိခဲ့ပါလျှင် ရည်းစားများထားကြည့်ပြီး ရဲဆေးဖော် ပါရဲ့။ ခုတော့ ခွေးအကြီး လှည်းနင်းထားသလို ဘာပြောရမှန်း သိ။

ယောင်တိယောင်ချာ ကဘောက်တိကဘောက်ချာ ဖြစ် နေသည်။ အချစ်ကပဲ တွန့်ဆုတ်မှုကို ဖမ်းစားထားလေသလား။

"လက်မထပ်ခင်ရော မချစ်မြတ်နိုးနိုင်ဘူးလား၊ လက်မ ထပ်ဖြစ်ရင်ကော. . ."

"ဟာဗျာ ဒီလိုတော့ စကားမကပ်နဲ့ဗျာ၊ ခင်ဗျားအပေါ် မြင်မြင်ချင်း ချစ်မိခဲ့တာပါ၊ ဘယ်တော့မှ ဘယ်အကြောင်းနဲ့ဖြစ် ဖြစ် လျှော့ပါးသွားမှာ မဟုတ်ပါဘူး"

"ကောင်းပြီလေ. . ကျွန်မ ရှင့်စကား မှန်မမှန် လေ့လာ ဦးမယ် လေ့လာခွင့် အချိန်ပေးရမယ်"

နိုင်ခွန်အား ရင်ထဲပျော်သွားသည်။

"ဟာ. . လေ့လာပါ၊ ရပါတယ်. ."

"အင်း. . ကောင်းပြီလေ ဒီလိုဆို ကျွန်မတို့အရွယ်တွေ က ဟိုဒီသွားလာပြီး ရင်ခုန်စရာရှာဖွေရမယ့်အရွယ် မဟုတ် တော့ဘူး တစ်ယောက်ရဲ့ အကျင့်စရိုက်ကိုတစ်ယောက် လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင် မခံနိုင် လေ့လာပြီးမှ ကျေနပ်သဘောကျတယ်ဆိုရင် အ
တစ်သက်တာ လက်တွဲသွားကြရုံပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်လဲ ကျွန်မကို လေ့လာပါဦး၊ ကျွန်မ မိသားစု
တော့ ကျွန်မကို ဆိုးလို့ မိဆိုးလို့တောင် ခေါ်တာပဲ"

"ရပါတယ် ကျွန်တော်ရဲ့အချစ်က အပြစ်ဟူသမျှ
ခွင့်လွှတ်နိုင်ပြီးသားပါ"

"ဒါပေါ့လေ . . အချစ်ဝင်နေသေးတော့ အပြစ်မမြင်ဘူး
အချစ်မဝင်တော့ရင် အပြစ်တွေဟာ အလိုအလျောက်စုပြုံ
လာမှာပဲ"

"ကျွန်တော့်အချစ်က ဘယ်တော့မှ ပျက်ပြယ်သွားမှာ
မဟုတ်ပါဘူး"

"ကဲပါ ရှင်ရယ် . . အချစ်အကြောင်းမပြောကြေး၊ ရှင်
ကျွန်မဆီကို နေ့တိုင်းလာတွေ့ရမယ်"

သူ ထခုန်မတတ် ဝမ်းသာသွားသည်။ သူ့အတွက် ထ
ကောင်းခြင်းတရားတို့ ဘယ်အချိန်ကများရောက်ရှိလာပါလိမ့်

"ဘယ်အချိန်လဲ"

"ဒီလိုအချိန်ပဲ"

"ကောင်းပြီ လာခဲ့မယ်၊ ဒါ့ထက် ဖုန်းရှိသလား"

"ရှိတယ် အိပ်ခန်းထဲမှာ"

"ဟန်းဖုန်းနံပါတ် ပေးပါလားဟင်"

"မပေးဘူး ကိစ္စရှိရင် ကျွန်မဆက်မယ်"

ဆိုပြီး တစ်ဖက်သား၏ဆန္ဒထက် မိမိဆန္ဒကိုပဲ ဦးစား





ပေးမည့် သဘောမျိုးပေါ့။ မိမိကို စမ်းသပ်နေတာလား။

"နောက်ပြီး လာရင် ဘာလက်ဆောင်မှ ယူမလာရဘူး၊
လိုအပ်တာရှိရင် ကျွန်မ မှာလိုက်မယ်"

"တစ်ခါတစ်ရံ အပြင်လေးဘာလေး လိုက်မထွက်ဘူး
လား၊ ရုပ်ရှင်လေး ဘာလေး ကြည့်ရအောင်"

"မဖြစ်ဘူး၊ တစ်ယောက်ယောက်တွေ့သွားရင် သိက္ခာ
ကျတယ်"

အရှက်အကြောက်ကြီးသူကို ဇနီးမယားလုပ်ဖို့ရာ မ
လွယ်ပါလား။

"လေးနာရီကနေ ငါးနာရီအထိ တစ်နာရီပဲ လာလည်
ရမယ်၊ ခြောက်နာရီကနေ ဆယ်နာရီအထိက အမြွာညီနောင်
ရောက်လာမယ်၊ သူတို့ကို ဒီမှာပဲ စာလာကျက်ခိုင်းတော့မယ်၊
ဆယ်နာရီမှ ပြန်တယ်လေ"

"သွားမသင်ပေးဘူးလား"

"ဘာဖြစ်လို့ မေးတာလဲ"

"အကြိုအပို့ လုပ်ပေးချင်လို့"

"အင်း . . နေ့လယ်နေ့ခင်းဘက်သာဆိုရင် အန်တီကို
အရွဲ့တိုက်ပြချင်တာ၊ ရှင့် အကူအညီကို လက်ခံမိမှာပဲ၊ ဒါပေ
မယ့် ခုတော့ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ပြန်ကြည့်ရတယ်၊ မကျေ
နပ်ချက်ကို လက်တုံ့ပြန်ချင်တာနဲ့ ကိုယ့်ဘက်က ပေးဆပ်ရမယ်
ဆိုရင် မနိုပ်ပါဘူး၊ တစ်နာရီဆိုတဲ့အချိန်က မနည်းပါဘူးနော်"

"နည်းတာပေါ့ဗျာ၊ တစ်သက်လုံး ပိုင်ဆိုင်ချင်တဲ့သူ့အ
တွက်ကတော့ တစ်နာရီဆိုတာ နည်းလွန်းအားကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ပြောရင်းဆိုရင်း ငါးနာရီထိုးတော့မယ် ပြန်တော့"

နိုင်ခွန်အားက ပြုံးကာ. . .

"ခွန်း တစ်ယောက်တည်းလား"

"မမညို ရှိတယ်လေ၊ ညနေစာ ချက်ပြုတ်နေတယ်"

"နှစ်ယောက်တည်းများ တစ်ခါတစ်ရံ ဝယ်စားလိုက်ပါလား၊ ခွန်းရော မမညိုရော ခွင့်ပြုမယ်ဆိုရင် ညနေစာ လိုက်ကျွေးပါရစေလား"

"ဝမ်းနည်းပါတယ်၊ ကျွန်မ ရှင့်ကို လေ့လာနေမယ့်အချိန်ကာလထဲမှာ အပြင်ကိုလိုက်ဖို့ မပါသေးဘူး"

"အဲဒါ မှားတယ်၊ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ကို သိချင်ရင် ခရီးတစ်ခုကို အတူထွက်ကြရတယ်"

"ဒါက လူကဲခတ် မကျွမ်းကျင်တဲ့လူတွေအတွက်ပါ"

"ခွန်းက လူကဲခတ်ပညာကျွမ်းကျင်တယ်ဆိုတဲ့ သဘောလား"

"မဆိုလိုပါဘူး၊ စိတ်ဓာတ်ဆိုတာ. . စကားပြောရင်းနဲ့လည်း သိတာပါပဲ၊ မြန်မာစကားရှိတယ် မဟုတ်လား၊ စကားစကား ပြောပါများ စကားထဲက ဇာတိပြဆိုတဲ့စကားလေ"

"ခွန်းက စကားတတ်တယ်"

"ထင်လို့ပါ"

"ကိုင်း. . ခွန်း တော်ကြာ ထမင်းစားမှာ စာသင်မှာနဲ့ နားလိုက်ပါဦး၊ ကျွန်တော်ပြန်တော့မယ်"

"ကောင်းပြီ ကျေးဇူးတင်ပါတယ်"





နိုင်ခွန်အားက ရပ်နေရာက လှည့်မထွက်နိုင်သေးဘဲ

"ဘာအတွက် ကျေးဇူးတင်တာလဲ"

"စောစောပြန်ပေးတဲ့အတွက်"

နိုင်ခွန်အား ပြုံးပြကာ တိုက်ခန်းထဲမှ ထွက်ခဲ့သည်။

သူ့ ရင်ထဲ၌ ကျေနပ်မှု ပီတိမိုးရွာ သဲသဲမဲမဲ ရွာနေလေပြီ မျှော်လင့်ချက် လျှပ်ရောင်များကလည်း လင်းလက်လျက်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

ခွန်း တိုက်ခန်းတံခါးကိုပိတ်ပြီး ဝရန်တာသို့ ထွက်[ခဲ့]သည်။ အောက်ထပ်သို့ အသာငုံ့ကြည့်လိုက်သည်။ နိုင်ခွန်အာ[း]ကား၏ နောက်ပိုင်းကိုသာ မြင်လိုက်ရသည်။

သက်ပြင်းချလိုက်မိသည်။

"သူငယ်ချင်းကောင်း မပီသဘူး၊ ကိုယ့်သူငယ်ချင်းအ[]တွက် ရည်မှန်းထားမှန်းသိတဲ့လူကို ဖြတ်ခုတ်တယ်၊ နင် ဘာသိ[]သလဲ မိဖြူစင်၊ နင့်ကိုတော့ ဘွဲ့မရ ပညာမတတ် နဖူးက ချွေ[း]





ခြေမကျအောင် ရှန်းကန်နေရတဲ့ သာမန်လူတန်းစားထဲတွန်းပို့ပြီး သူကျတော့ တကယ့်ထိပ်ဆုံးကလူကို ရအောင်ဖမ်းတယ်၊ ဒါလား သူငယ်ချင်း"

ခွန်းကို ကြားအောင် တမင်ပင် ဖြူစင်ကို အော်ကြီးဟစ်ကျယ် ဆူပူကြိမ်းမောင်းခဲ့သော ဖြူစင်မိခင်၏အသံကို ယခုထက်ထိ မထွက်သေး။

"နင် နူလို့၊ နင်အလို့၊ နင်အသုံးမကျလို့. . နင်ခံရတာ သူများက နင့်ကိုခုတုံးလုပ်ပြီး ဖြတ်အုပ်သွားပြီ"

"သူများအရိပ်ကို ခို၊ သူများထမင်းကို စားပြီး. . အိုအေ အရိပ်နေနေ အခက်ချိုးချိုးဆိုတာ ဒါမျိုးပေါ့အေ"

ခွန်း၏စေတနာကို ထိခိုက်စေသည်။ အမြွာညီနောင်၏ ပညာရေးအတွက်ဟုဆိုကာ ဖြူစင်ရော အမြွာညီနောင်၏မိဘများ၏ တောင်းဆိုမှုကြောင့် ကိုးတန်းနှစ်ကစ၍ ဖြူစင်တို့ခြံထဲမှ အစ်ထပ်တိုက်ပုလေးသို့ ပြောင်းရွှေ့နေထိုင်ပြီး အမြွာညီနောင်အား ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အဘက်ဘက်က မိခင်ကိုယ်စား တာဝန်ယူထားပေးခဲ့သည့် စေတနာကို ဥပေက္ခာပြုလိုက်လေပြီ။

ခွန်း၏စေတနာတို့သည် သဲထဲရေသွန် ဖြစ်ရလေပြီ။ အစ်ဆက်တည်း စေတနာစော်ကားမှုကို မခံမရပ်နိုင်သဖြင့် ချက်ချင်းပင် ယခင်မိဘိနေထိုင်ရာ မိဘများပိုင် တိုက်ခန်းသို့ ပြန်ပြောင်းလာခဲ့သည်။

နိုင်ခွန်အားကို လက်လွှတ်လိုက်ရခြင်းအတွက် သောရှင်အစ်ဦး အာဝပျက်မတတ် ခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ကိုလည်း အိမ်ထဲမှ အိမ်ပြင်ထွက်ခွင့်မပေးတော့။ ဖြူစင်တို့ အချစ်ရေးတွင် မိမိသည် အောင်သွယ်မဟုတ်သကဲ့သို့ အကူအညီကလည်း တစ်ကြိမ်သာပေးဖူးသည်။ ဒါကလဲ ဖြူစင်၏တောင်းဆိုမှုကြောင့် ဖြူစင်တို့ ချစ်သူနှစ်ဦး၏ ချစ်မေတ္တာ ထုထည်ကလည်း နိုင်ခန့်သည်ဟု ခွန်းထင်ခဲ့သည်။

နိုင်ခွန်အားကို ဖြူစင် စိတ်မဝင်စားသကဲ့သို့ မိမိကလည်း စိတ်မဝင်စား။

မိမိ စိတ်ဝင်စားသည်က မိမိအား လျှို့ဝှက်ဆက်သွယ်နေသူ။ သို့သော် ထိုသူသည် နိုင်ခွန်အားဖြစ်နေသည်ဆိုတာကို သိလိုက်ရသည့်နေ့မှာပင် ပြဿနာ စတင်လေပြီ။

မိမိအား ထိခိုက်လာလျှင် ကြက်ခေါင်းဆိတ်မခံတတ်သကဲ့သို့ ခွန်းသည် ဆတ်ဆတ်ထိ မခံနိုင်။

မာနတံခွန် လွှင့်ကာ အောင်မြင်မှုသရဖူကို ဆောင်းချင်သူမျိုးဖြစ်သည့်အားလျော်စွာ ဖြူစင်မိခင်ကိုလည်း မိမိဘယ်လို လူမျိုးလည်းဆိုတာ ပြသချင်သည်။ သူတို့အမှားအတွက် နောင်တရစေချင်သည်။

သို့အတွက် အသုံးချရန် ဓားစာခံတစ်ဦးကို သွားတွေ့သည်။ ထိုသူသည်. . နိုင်ခွန်အား. .

နိုင်ခွန်အားသည် သမီးရှင့်များ၏ မျက်စိအကျဆုံးလူသား။

နိုင်ခွန်အားကို လက်လွှတ်ရခြင်းအတွက် ဖြူစင်အမေသည် ကယောင်ချောက်ချားဖြစ်ကာ ဣန္ဒြေသိက္ခာများပင် မဆယ်နိုင်အောင် မိမိအား ပုတ်ခတ်ပြောဆိုလေပြီ။





ထို့အတူ ဆက်လက်၍ နိုင်ခွန်အားအပေါ် မိမိက အနိုင်ယူဖြိုလိုက်လျှင်. . .

နိုင်ခွန်အားလိုလူမျိုးသာမက သူ့ထက်ဆယ်ပြန်မကသာသော လူမျိုးကိုလည်း ခွန်း လက်ခံလိမ့်မည်မဟုတ်။

နိုင်ခွန်အားကတော့ မိမိကိုအရှူးအမူး စွဲလမ်းနေလေပြီ။

အချစ်ကိုစိတ်မဝင်စားခဲ့သော အိမ်ထောင်ပြုရမှာကို စိတ်ပျက်ကာ ရှောင်ရှားခဲ့သော မိမိအတွက် ချစ်တတ်ဟန်ဆောင်သော ပညာကို လေ့ကျင့်ရပေဦးမည်။

"ခွန်း"

"ရှင် အစ်မ"

"လာလေ ထမင်းစားရအောင်"

"ဟုတ်ကဲ့"

အတွေးစတို့သည် မမညိုလာခေါ်မှ ပျက်ပြယ်သွားသည်။

"ပုဂ္ဂိုလ်က တော်တော်ရုပ်ဖြောင့်တာပဲ စိတ်ရင်းကောင်းမယ့်ရုပ်ပဲ နင်တကယ်ဆုံးဖြတ်လိုက်ပြီလား"

ခွန်း ပြုံးလိုက်မိသည်။ အများအမြင်၌ မိမိသည် နိုင်ခွန်အားအပေါ် နှစ်သက်နေရမည်။

"မဆိုးဘူး ထင်လို့"

"မဆိုးတာထက် တော်တာ၊ ဒီလိုလူမျိုး ရမယ်ဆိုရင် နင့်လောက် ကံကောင်းတဲ့လူ ကမ္ဘာမှာမရှိဘူးလို့ ပြောရမယ်"

"တယ်လဲ မွှန်းပါလား"

"စိတ်ကူးမလွဲပါနဲ့ ညီမ"



www.burmeseclassic.com

www.burmeseclassic.com



"မလွဲပါဘူး၊ စိတ်ကူးနေပြီလေ၊ ဒါကြောင့် လာလည်
ခွင့်ပြုလိုက်တာပေါ့"

"ဒါလေးတို့ သိရင်တော့ ဝမ်းသာမှာပဲ"

ခွန်း စကားဆက်မပြောတော့ဘဲ ထမင်းစားလိုက်သေ
သည်။

စကားပြောပါများလျှင် အမှားပါသွားမှာ စိုးရိမ်သည်။

အခြေအနေတွေ တစ်မျိုးပြောင်းလဲသွားခြင်းကို လုံး
အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် နှုတ်ဆိတ်၍ နေလိုက်သည်။

"ညီမတို့သာ လက်ထပ်ဖြစ်ရင် ဖြူစင်အမေကြီးတော့
ဆွေ့ဆွေ့ခုန်နေမှာပဲ၊ ဒါ့အပြင် နိုင်ခွန်းအား အမေနဲ့လဲ ရန်သူ
ဖြစ်သွားလိမ့်မယ် ထင်တယ်၊ အမှန်ဆို ညီမ သူတို့နဲ့အဆ
အသွယ် လုံးဝဖြတ်လိုက်သင့်တယ်"

"ဖြတ်လိုက်တာပဲလေ"

"အမြွာကို စာဆက်သင်ပေးတာကရော"

"ဒါကတော့ ဆရာလေ၊ ကျူရှင်ဆရာလည်း ဆရာ
ပိုင်းပါပဲ၊ ဆရာဆိုတာ ကိုယ်ရေးကိုယ်တာထက် တပည့်ကို ကြ
ရတယ်၊ တပည့်တွေရဲ့ စာသင်နှစ် ကုန်ဆုံးသွားတဲ့အထိကိုတော့
တာဝန်ယူပေးရမယ်၊ ပြီးပါပြီ သူတို့စာမေးပွဲ ဖြေပြီးသွား
ဖြူစင်မိသားစုနဲ့က ကိစ္စပြတ်ပါပြီ၊ ဒါပေမယ့် ဖြူစင်က သူငယ်
ချင်းပဲ သူ့ကိုတော့ လိုအပ်ရင် အကူအညီပေးရမှာပဲ"

"ဒါတော့ ဒါပေါ့. . ဖြူစင်လေးက လုံးဝ မာန်မာနတင်
စင်တယ်၊ သူ့အမျိုးသားလေးကလဲ မဆိုးလှပါဘူး၊ ဇွဲရှိတ
ကြိုးစားတယ်. . ကြီးပွားမှာပါ"





"ဟုတ်ပါတယ်. . ကျွန်မလဲ ဒီလိုပဲ မြင်တယ်၊ သူငယ်
ချင်းတွေဖြစ်တော့ သူ့စိတ်ဓာတ်ကိုလည်း သဘောကျတယ်၊
ကိုယ့်အားကိုယ်ကိုးတယ်၊ ဖြူစင်အပေါ်လဲ တော်တော်ချစ်ရှာ
တယ်၊ အိမ်ထောင်ရေးကို ဥစ္စာတစ်ခုနဲ့ တိုင်းတာရင် မှားသွား
လိမ့်မယ် ထင်တယ်"

"အင်း ငါ့ညီမတော့ ဒီတစ်ခါ သေချာပါပြီ"

"ဘာ သေချာတာလဲ"

"အပျိုကြီးဘဝက ကျွတ်ဖို့လေ"

"အစ်မကလဲ"

ခွန်း ရှက်ပြုံးဖြင့် အတွင်းစိတ်ကို ဖုံးကွယ်လိုက်သည်။
နိုင်ခွန်းအားကို မြင်ယောင်ကြည့်သည်။

မိန်းမသားတွေ စွဲမက်ဖွယ် ရုပ်ရည်မျိုး ရှိသည်ကိုတော့
ခွန်း သတိပြုမိသည်။

သို့သော် အိမ်ထောင်ပြုကာ လင်သားကို အိမ်ဦးနတ်ကဲ့
သို့ ကိုးကွယ်ရမည့်အရေးကိုတော့ ဝန်လေးသည်။ ကိုယ့်အား
ကိုယ့်ကိုးချင်သည်။

ကိုယ် မလေးစားဘဲ ဘယ်သူ့ကိုမှ ဦးစားမပေးချင်၊ ခက်
သည်။ ထိုမာနကြောင့်ပဲ အပျိုကြီးဖြစ်နေရခြင်းကို ပိုမိုကျေနပ်
နေမိသည်။ ထိုကျေနပ်မှုသည်။

အခွန့်ရှည်ကြာပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

နိုင်ခွန်အား အဆိုတော်ထား၏ ခေတ်ဟောင်းဂန္တ[illegible] တေးတစ်ပုဒ်ကို သွားသတိရလိုက်မိသည်။

"မျှော်နေပေါ့. . လေး. . နာရီ. . ထိုးပြီ. . ထိုးပြီ" [illegible] ဆိုရမလိုပင်။

လေးနာရီထိုးသည်နှင့် ဘာအလုပ်တွေရှိရှိ ပစ်ထား[illegible] ခွန်း၏အိမ်တံခါးဝ၌ ရောက်နေသည်။

ခွန်းအတွက် သဇင်ပန်းသော်လည်းကောင်း၊ နှင်း[illegible]





[illegible]န်းသော်လည်းကောင်း ယူလာပေးသည်။

ဒါကိုတော့ ခွန်းက လက်ခံသည်။

တံခါးဖွင့်ပေးရင်း. . .

"ရှင် မရောက်ခင် ပန်းရနံ့က အရင်ဝင်လာတယ် "

"ခွန်း နှစ်သက်တယ် မဟုတ်လား"

"မွှေးရနံ့ဆိုတာ မနှစ်သက်စရာမှ မဟုတ်ဘဲ၊ ဒီနေ့ ဘာစားမလဲ"

ခွန်းက သူပေးသောနှင်းဆီပန်းစည်းကို လှမ်းယူရင်း မေးလိုက်သည်။ သူ ရုတ်တရက် မဖြေနိုင်သေး။ ခွန်း၏ နုထွေး အိစက်သော လက်ချောင်းကလေးများနှင့် ထိတွေ့မှုကို ရင်ခုန် စွာ ခံစားလိုက်ရသည်။

ခွန်း ဘယ်လိုနေမလဲ သူ့ကဲ့သို့ ရင်ခုန်နေမလား။

"ပြောလေ"

"ဘာဖြစ်ဖြစ်"

"ဘာဖြစ်ဖြစ် မလုပ်နဲ့လေ၊ အဆိပ်ကျွေးရင်ရော"

ခွန်း သူ့ကို ပညာအမျိုးမျိုးပြနေတာလားဟု သူ မတွေး ရက်သော်လည်း တွေးလိုက်ပြီး. . .

" စကားရှိတယ် မဟုတ်လား၊ ချစ်သူကကျွေးရင် သေ ဆေးတောင်မှ စားရဲပါတယ် ဆိုသလိုမျိုးပါပဲ. . ရပါတယ်"

"ဟော. . ဟော. . ချစ်စကား မပြောကြေးလေ"

"ဟင်. . ဒါ ချစ်စကားလား မဟုတ်ဘူးထင်လို့"

"လူလည်မကျနဲ့နော်၊ ကဲ. . ပြော ဘာစားမှာလဲ"

"ထမင်းစားချင်တယ် ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းက. . .'

"ကောင်းသားပဲ ကျွန်မက ဒီနေ့ ဟင်းကောင်းလို့ ကျွေးချင်နေတာ၊ ခဏနော် အစ်မကို သွားပြောလိုက်ဦးမယ်"

မိုးလေဝသအခြေအနေ သိပ်ကိုကောင်းနေသည်။

နိုင်ခွန်အား မျှော်လင့်ချက်တို့သည် ကိုးဆယ့်ကိုးရာခိုင်နှုန်းသို့ ရောက်ရှိနေပြီလား။

ခွန်း ပြန်ထွက်လာသည်။

"အန်တီတို့ ပြန်ရောက်ပြီလား"

"မနက်ဖြန် ရောက်မယ်၊ ဒီက အခြေအနေတွေမေးလို့တောင် အကျိုးအကြောင်း အကုန်ရှင်းပြလိုက်တယ်"

"ဘုရားရေ အကျိုးအကြောင်း. . အို ဒုက္ခပါပဲ၊ ရှင့်ကို ကျွန်မ မပိတ်လိုက်မိတာ ကျွန်မအမှားပဲ"

နိုင်ခွန်အား စိုးထိတ်သွားသည်။

"ဘာကိုလဲ"

"ကျွန်မ ဖြူစင်တို့အိမ်ကရွှေ့ခဲ့တဲ့အကြောင်းကို မေမေတို့ မသိစေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"အလကား စိတ်ဆင်းရဲသွားကြမှာပေါ့"

"ဟုတ်သားပဲ ကျွန်တော် မတွေးလိုက်မိဘူး"

"ဒီလိုပဲ သားတွေဟာ မိဘနဲ့ပတ်သက်လာရင် သမီးလောက် မိဘတွေအပေါ် ကိုယ်ချင်းစာမှု မရှိဘူး"

"ဝါးလုံးရှည်နဲ့ သိမ်းကြုံး မရမ်းလိုက်ပါနဲ့၊ သားလိမ္မာတွေ အများကြီးရှိသလို သမီးမိုက်တွေလဲ ရှိကြတာပါပဲ"





"ထားပါတော့လေ မေမေတို့ကို ဒီည ဖုန်းခေါ်ပြီး အကျိုးအကြောင်းကို အသေးစိတ်ရှင်းပြဦးမှ ဖုန်းလိုင်းကလည်း ခေါ်ရခက်တာနဲ့. ."

"သန်ဘက်ခါ ပြောင်းဖူးအဝယ်တော်တွေ အောင်ပန်းတစ်ဝိုက်သွားမှာဆိုတော့ စာပေးလိုက်လို့ရတယ်နော်"

"ကောင်းသားပဲ ရှင်ရော ဘယ်တော့သွားမှာလဲ"

"ခွန်း ပြန်ရင် လိုက်ပို့ပေးမယ်လေ"

"ရမလား ကျွန်မမှ ရှင့်ကို လက်မခံရသေးပဲလေ"

"အဲဒီအချိန်ဆိုတာ တစ်လပြည့်ပြီလေ"

"ဘယ်အရာမဆို မျှော်လင့်ချက် မထားတာ အကောင်းဆုံးပဲ"

"လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြတာပဲလေ"

"ဒါပေမယ့် မျှော်လင့်ထားသလို ဖြစ်လာခဲ့ရင် ခံစားရတဲ့ ဝေဒနာက ပိုဆိုးတတ်တယ်လေ၊ ကျွန်မက စေတနာနဲ့ အကြံပေးတာနော်"

"စေတနာဟာ ဝေဒနာအဖြစ် ကူးပြောင်းခွင့်မပေးရင်ဘဲ ကျေနပ်လှပါပြီ"

"ရှင် စကားတတ်သားပဲ"

"ထင်လို့ပါ"

ထိုအချိန်တွင် မမညိုက ထမင်းပွဲပြင်ပြီးကြောင်းလာပြောသဖြင့် စကားစပြတ်သွားသည်။

ရှင်းသန့်ပြီး တိတ်ဆိတ်နေသောအိမ်ကို ကြည့်ခြင်းအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခွန်းသည် အေးဆေးတည်ငြိမ်သူတစ်ယောက် ဖြစ်သည်
သူခန့်မှန်းမိလိုက်သည်။

ထမင်းပွဲပြင်ဆင်ထားသည်မှာ ဧည့်သည်အား ဖိတ်
သဖြင့် ပြင်ဆင်ထားပုံမျိုးဖြစ်သည်။ ကြိုတင်ကြံရွယ်ချက်
ရှိနေရော့သလား ခွန်းရယ်ဟု နိုင်ခွန်အား တွေးကာ တွေ
ချင်နေသည်။

ခွန်းအစ်မက ဝင်မစားဘဲ အိမ်ရှေ့ခန်း၌ပင် တီဗွီကြ
ကာကျန်ရစ်ခဲ့သည်။

"ကြက်ဟင်းခါးသီးကို အတုံးလိုက်ချက်ထားတာ
သားယောင်ချက်လို့လည်း ခေါ်တယ်၊ ဦးနိုင်ခွန်အား စားတတ်
လား"

"စားတတ်ပါတယ်၊ ကြိုက်လည်း ကြိုက်တယ် မေ
ကလဲ ချက်ကျွေးနေကြပဲ"

"ဟုတ်လား ရှင်ကကံကောင်းသူပဲ၊ မိဘရဲ့ ဂရုစိုက်ခြ
ကို ခံနေရသူပဲ"

ခွန်းက သူ့ပန်းကန်ထဲ ဟင်းများခပ်ထည့်ပေးသည်
ပုစွန်ထုပ်အဖြူကြော်၊ ကြက်ဟင်းခါးသီး၊ အစိမ်းကြော်နှင့်ယို
ယား ဟင်းချိုဖြစ်သည်။ ခွန်းသည် တောင်ပေါ်သူဖြစ်ခြင်းကြော
ငါးပိတို့စရာ စားတတ်ပုံ မပေါ်ချေ။

"ပဲပုပ်ကတော့ အမြဲချက်တယ်၊ ဒါပေမယ့် ဒီနေ့ ကြ
ဟင်းခါးသီးချက်လို့ မချက်တော့တာ"

"ဇာတိက အတူတူဆိုတော့ အစားအသောက်ချင်း
တူတယ်၊ မေမေကလဲ ခွန်းလိုပဲ ချက်တတ်တယ်"





ခွန်းက ဘာမှထပ်မပြောတော့ဘဲ ပြုံးရုံပြုံးနေလိုက်
သည်။

"အခုတလော အိမ်ထမင်းဟင်း မစားလို့တောင် မေမေ
မကျေမနပ် ဖြစ်နေတယ်"

"တစ်ဦးတည်းသော သားဆိုတော့ မိဘနှစ်ပါးရဲ့ချစ်
င်းကို အပြိုင်ဘက်မရှိ ရထားတဲ့အတွက် ရှင် ကံကောင်းတာ
ပေါ့နော်"

ခွန်းစကားကြောင့် သူအံ့ဩသွားရသည်။ ခွန်းသည်
ရာမတစ်ယောက်အနေဖြင့် ချစ်ခြင်းမေတ္တာ၏ အဆုံးအစ
ခြင်း၊ ပမာဏ မရှိခြင်းကို သိနားလည်သင့်သည်။

"ကျွန်မကတော့ မောင်နှမတွေ အများကြီးကြားမှာ လူ
လာရလို့လား မသိဘူး၊ မိဘတွေရဲ့ယုယခြင်း ဂရုစိုက်ခြင်း
ပြည့်ပြည့်ဝဝ မရရှိခဲ့ဘူး"

"တစ်ဦးတည်းသော သားသမီးတွေရဲ့ မေတ္တာလျှောင်
ထဲ မွန်းကျပ်မှုကိုလည်း တစ်ဦးတည်းသော သားသမီးတွေ
ခံစားဖူးတတ်ကြပါတယ်၊ ခုမေမေတို့က ခွန်းကိုတွေ့ဖို့ တောင်း
နေကြပြီ"

ခွန်း မျက်လုံးပြူးသွားသည်။

"ဟင့်အင်း . . ဟင့်အင်း . . ကျွန်မ မတွေ့ချင်ဘူး"

နိုင်ခွန်အား ထပ်ဆင့် အံ့အားသင့်သွားရပြန်သည်။

"လက်ထပ်ခြင်း" သည် ဘဝတစ်ခုလုံး၏ အရေးအကြီး
ကဏ္ဍတစ်ခုဖြစ်သည်။ လက်ထပ်ခြင်းအတွက် ခွန်းသည်
ယ်ကျော်သက်ပမာ မလှုပ်ရှားသင့်။ တည်ငြိမ်စွာဖြင့် သူ့မိဘ



www.burmeseclassic.com

www.burmeseclassic.com



များကို လက်ခံတွေ့ဆုံသင့်သည်ဟု သူ ယူဆမိသည်။

"ဘာဖြစ်လို့ မတွေ့ချင်ရတာလဲ ခွန်း"

"ကျွန်မမှ ရှင့်ကို လက်ခံနိုင်ပြီလို့ ယတိပြတ်ဆုံးဖြတ်ချက် မချရသေးတာ"

"ဟုတ်ပါပြီလေ ဒါပေမယ့် ခွန်းရဲ့လေ့လာမှုမှာ ကိုယ့်မိဘတွေကိုလဲ ပါဝင်သင့်တယ်၊ လက်ထပ်တယ်ဆိုတာ နှစ်ယောက်တည်း ပေါင်းဖက်တာ မဟုတ်ဘူး၊ မိသားစုနှစ်ခု ပေါင်းစည်းတာ ဖြစ်တဲ့အတွက် မိဘညီအစ်ကို မောင်နှမတွေမျိုးဆွေကိုပါ လေ့လာသင့်တယ်လေ"

ခွန်းက နိုင်ခွန်အားကို ဖျပ်ခနဲ ကြည့်လိုက်သည်။ ဒေ စက မိဘက ချမ်းသာကြွယ်ဝသဖြင့် ခပ်လွယ်လွယ်လေးနှင့် ကုမ္ပဏီပိုင်ရှင် ဖြစ်လာသူတစ်ယောက်ဟု ထင်မြင်မိသည်။

ယခု မိမိထင်ထားသလိုမဟုတ်ဘဲ အရာရာကို ခပ်ပေါ့ပေါ့မတွေးဘဲ အလေးအနက်ထားတတ်သူပါလား။

"တကယ်လို့ ကျွန်မက ရှင့်ကိုလက်မထပ်နိုင်ပါဘူးဆို ငြင်းပယ်လိုက်ရင်"

"ခွန်းရယ်"

နိုင်ခွန်အား မျက်နှာသည် သွေးဆုတ်သွားသည်။ ထိတ်လန့်မှုနှင့်အတူ စားရန်ရွယ်ထားသော လက်ထဲက ဇွန်းပင်ပြုတ်ကျသွားသည်။

"ဆောရီး ကျွန်မ မှားသွားတယ်၊ ထမင်းစားဝိုင်းမှာ စိတ်ပျက်စရာစကားမျိုး ဘယ်တော့မှ မပြောသင့်ဘူးဆိုတာ သိထားလျက်နဲ့ သတိလစ်သွားတဲ့အတွက် တောင်းပန်ပါတယ်"





နိုင်ခွန်အားက မချိပြုံးနှင့် ခေါင်းခါလိုက်သည်။ ပြီးမှ . . .

"ခွန်းကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် ခွန်း ကျွန်တော့်ကို နားမလည်သေးဘူးထင်တယ်၊ ကျွန်တော်ဟာ နှလုံးသားနဲ့ပတ်သက်လာရင် မွေးကင်းစပဲ ရှိပါသေးတယ်၊ အထိအရှ သိပ်ခံနိုင်ရည် မရှိဘူး၊ ခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ဟာ ရူးသွပ်မတတ်ကို စွဲလမ်းနေသူပါ၊ ခွင့်လွှတ်ပါ၊ ကျွန်တော် ဧည့်ခန်းကပဲ စောင့်နေပါ့မယ်၊ ခွန်း ဆက်စားပါ . ."

ပြောပြောဆိုဆိုနှင့် နိုင်ခွန်အား အိမ်ရှေ့ဧည့်ခန်းဘက်သို့ ထွက်သွားလေသည်။

စားလက်စထမင်းပန်းကန်က ခွန်းအား မကျေမနပ်မျက်စောင်းထိုးကြည့်နေသည်။

ခွန်း စိတ်မကောင်း ဖြစ်သွားသည်။ ဆက်စား၍ မရတော့။ သုံးဆယ်ကျော်အရွယ်မှ တွေ့ကြပြီး လက်ထပ်ရန် ဆုံးဖြတ်သည်။ ဒီအရွယ်မှာ အချစ်ဆိုတာ ရှိနိုင်ပါ့လား။ လက်ထပ်ရန် အရွယ်လွန်သွားမှာစိုး၍ လူ့ဘဝကိုရင်ဆိုင်ရန် သတ္တိရှိရှိဆုံးဖြတ်ခြင်းကလွဲ၍ အချစ်ကရော ရှိနိုင်ပါ့မလား၊ ပါနိုင်ပါ့မသား။

"ညီမရယ် ဘယ်လိုဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

ခွန်း လိမ္မော်သီးပန်းကန်လေးကို မယူကာ ဧည့်ခန်းဘက်သို့ ထွက်ခဲ့သည်။ သူက ခွန်းအား မချိပြုံးနှင့်ကြိုသည်။

"ယောကျာ်းဆိုတာ စိတ်မကောက်တတ်ဘူးလို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားတာ"

"စိတ်ကောက်တာ မဟုတ်ပါဘူး၊ စိတ်မကောင်း ဖြစ်သွားတာပါ"

"ဒါဖြင့် ကျွန်မ ရှင့်ကို အားကိုးနိုင်ပါ့မလား၊ ထိလွယ်ရှလွယ်တတ်တဲ့ လူတစ်ယောက်ကို"

"ထိလွယ် ရှလွယ်တာဟာ မွေးကင်းစသာရှိသေးတဲ့ နှလုံးသားကြောင့်ပါလို့ ပြောပြီးပြီပဲ၊ နပိုလီယံကို စစ်ဘုရင်ကြီးတောင်မှ အချစ်နဲ့တွေ့တော့ ဝပ်စင်းသွားရသေးတာပဲ ခွန်းရယ်"

ခွန်း ရင်ခုန်လာသည်။ ဒီအရွယ်မှာ ရင်ခုန်ခြင်းမဖြစ်သင့်ဟု ထင်သည်။

သူ၏အချစ်၌ မိမိသည် တိမ်းမူးသွားရမည့် အရွယ်မဟုတ်။

လိမ္မော်သီးကို အခွံနွှာပေးပြီး သူ့လက်သို့ကမ်းအပေးတွင် နိုင်ခွန်အား မျက်နှာသည် ပြန်လည် ဝင်းပလာသည်။

ဟုတ်မှာပါ။

သူဟာ အချစ်နှင့်ပတ်သက်လာလျှင် မွေးကင်းစပဲ ရှိမှာပါ။

မိမိကရော ဘာထူးသေးသနည်း။ ယခုမှ အချစ်သည်လမ်းစတွေ့တာ မိမိအပါးသို့ ရောက်ရှိလာလေပြီထင့်။

"စားလေ"

"ခွန်း"

အခွံနွှာထားသော လိမ္မော်သီးကို သူက ထက်ခြမ်းခြမ်းပြီး ခွန်းလက်ထဲ ပြန်ထည့်ပေးသည်။





လက်ချင်းထိတွေ့မှုကို ခွန်းရင်ဝယ် လှုပ်ခတ်သွားစေသကဲ့သို့ နိုင်ခွန်အားသည်လည်း. . .

"ခွန်းရယ် ကျွန်တော် ခွန်းကို ချစ်တယ်၊ လက်ထပ်ပါရစေနော်၊ လက်ခံပါ မငြင်းလိုက်ပါနဲ့ဗျာ"

ဟု ရေနစ်သူအတွက် ကယ်တင်ရှင်ကို သွေးရူးသွေးတန်း ဟစ်အော်မှုမျိုးလား. . .

"ကျွန်. . ကျွန်မ စဉ်းစားမယ်လို့ ပြောပြီးပြီပဲ"

တုန်လှုပ်စရာ မဟုတ်ပါဘဲနှင့် အသံထစ်ငေါ့ တုန်ယင်သွားခြင်းအပေါ် ခွန်း မိမိကိုယ်မိမိ မကျေနပ်နိုင်အောင်ဖြစ်သွားရသည်။

လိမ္မော်သီးကိုမြွှာပြီး ပန်းကန်လွတ်ထဲသို့ ထည့်လိုက်သည်။ စိတ်ကမတည်ငြိမ်သေး။

လက်ဖက်အစ်အဖုံးကို ဖွင့်သည်။ မရသေး၊ ရေနွေးကို ပန်းကန်ထဲ ငှဲ့ထည့်ပေးသည်။ တည်ငြိမ်မှုက ရောက်မလာသေး။ သူသည် မိမိထံမှ အဖြေရှာနေသည်။

သူဟာ လူစိမ်းသက်သက်ကြီး

မိမိနှင့်ဆုံတွေ့မှုက လေးကြိမ်ပဲရှိသေးသည်။

ဘာအတွက် တုန်လှုပ်ရတာလဲ။

"ဦးနိုင်ခွန်အား ကျွန်မပြောပြီးပြီပဲ တာဝန်တွေ ပြီးဆုံးတဲ့အချိန် ကျွန်မ ရှင့်ကို အဖြေပေးပါ့မယ်လို့လေ"

"အဲဒီ အဖြေဟာ ကျွန်တော့်ဘဝတစ်ခုလုံးနဲ့ ဆိုင်တယ်ဆိုတာကိုတော့ ခွန်း ထည့်သွင်းစဉ်းစားပေးပါ"

"မှန်ပါတယ် အိမ်ထောင်ရေးဆိုတာ ဘဝတစ်ခုလုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်တာပဲလေ၊ ဒါကြောင့် ကျွန်မ လွယ်လွယ်နဲ့ မဆုံးဖြ
ချင်တာပေါ့၊ ဆုံးဖြတ်ချက်မချရသေးခင်မှာ ရှင့်မိဘတွေနဲ့
မတွေ့ချင်သေးဘူး”

“ခွန်းရယ် အဲဒီစကားကိုက ကျွန်တော့်အတွက် မျှေ
လင့်ချက်ကင်းမဲ့စေသလိုပါပဲ”

“ရှင်ဟာလေ အမည်နဲ့မလိုက်သလိုဘဲ ရှင့်မှာခွန်အား
တွေ ပျောက်ဆုံးနေသလိုပဲ”

“ပြောတော့ ခွန်းရယ် ခွန်းက အချစ်မရှိသေးတော့

“ဟောဟော. . . အချစ်ဆိုတာတွေနဲ့ မဖြားယော
ကြေးလို့ ကျွန်မ ကတိတောင်းထားတယ်လေ”

နိုင်ခွန်အားက သူ့လက်ထဲရှိ လိမ္မော်သီးအခြမ်းတို
န္တာထည့်ပြီး တစ်မြွာယူကာ အခွံပါးလေးကိုခွာ အစေ့ထုတ်
မှ စားသည်ကို တွေ့လိုက်ရသည်။

သူဟာ စိတ်ရှည်သောယောကျာ်းဟု ဆိုရမည်လာ
အစားအသောက်အတွက် ဇီဇာကြောင်သော ယောကျာ်းဟု ဆို
မလား ခွန်း ဝေခွဲမတတ်အောင် ဖြစ်သွားသည်။

အမှန်တော့ ခွန်းသူ့ကို လေ့လာနေတာ မဟုတ်ပါ
လျက် လေ့လာနေမိသည်။

ခွန်းဘဝမှာ သူစိမ်းယောကျာ်းတစ်ဦး နှင့် ပထမဦးဆ
နီးကပ်စွာနေမိခြင်းဖြစ်သည်။

ခွန်း ရည်ရွယ်ချက် သူ့ကိုလေ့လာရန်မှ မဟုတ်တာ
မဖြစ်ချေဘူး။

အနေနီးစပ်ခြင်းသည် သံယောဇဉ်မဖြစ်ဘူးဟု မပြေ





င်။

ခွန်းသည် သူ စားနိုင်စေရန် သူ့ကဲ့သို့ အခွံပါးလေးကို
ခွာပေးလိုက်သည်။

ခွန်းလည်း ၎င်းကဲ့သို့ပင် စားတတ်သည်။ အကြိုက်ချင်း
တူနေသည်။

“ခွန်း ကျွန်တော် အိမ်ကို ညသန်းခေါင်ကျော်မှ ပြန်နေ
တယ်”

“ဘာဖြစ်လို့လဲ နိုက်ကလပ် တက်နေရလို့လား”

“မဟုတ်ပါဘူး၊ မေမေရဲ့ မျှော်လင့်ချက်တကြီးနဲ့ကြည့်
ပြီး မေးလာမယ့် မေးခွန်းတွေကို ကြောက်လို့ပါ”

“ဘာမေးလို့လဲ”

“သမီးနဲ့တွေ့သေးလား၊ မေမေတို့ ဘယ်နေ့တွေ့ရမှာ
လဲဆိုတဲ့ မေးခွန်းပါ”

ခွန်းရင်ထဲ ထိရှနာကျင်သွားသည်။

နာကျင် တုန်လှုပ်သွားမှာကို ထိန်းသိမ်းရန် ရေနွေး
ကြမ်းကန်လေးကို မော့သောက်လိုက်သည်။

မိမိ မှားသွားပြီလား။

မိမိရည်ရွယ်ချက်က ခုတ်ရာတခြား ရှရာတခြားဖြစ်
သွားမှာပါလား။

“ဦးနိုင်ခွန်အား ကျွန်မဆီ မလာပါနဲ့တော့”

“ဗျာ. . ဘယ်လို. . ဘယ်လို. .”

“ကျွန်. . ကျွန်မ. . စိတ်ရှုပ်အောင် မလုပ်ပါနဲ့၊ ကျွန်မ
အေးအေးချမ်းချမ်း နေချင်တယ်၊ ရှင့်ကြောင့် ကျွန်မဘဝဟာ



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်နေတယ်၊ တော်ပြီ. . ကျွန်မကို ဘယ်တော့မှ လာ
တွေ့နဲ့တော့ ရှင်ပြန်တော့ ”

မျက်နှာကိုမကြည့်ဘဲ ကမူးရှူးတိုး ပြောချလိုက်သည်

“ခွန်း”

နိုင်ခွန်အားက ရုတ်တရက် ထရပ်လိုက်စဉ် ခွန်းက အိ
ခန်းဘက် ဝင်ပြေးရန် ကြံစည်လိုက်သည်။

“ခွန်း ဘာတွေပြောနေတာလဲ ကိုယ့်ကိုနားလည်အော
ရှင်းပြပေးပါ၊ ဒီလိုအနေအထားနဲ့သာ ပြန်ရမယ်ဆိုရင် ကို
တစ်ခုခု ဖြစ်သွားလိမ့်မယ်”

“မဟုတ်သေးဘူး၊ ရှင်နဲ့ကျွန်မ ဘာမှမဖြစ်သေးဘူးသေ
ဘာမှမဆိုင်ဘူး၊ ရှင့်ကို ကျွန်မလက်ထပ်နိုင်မှာမဟုတ်ဘူး ထ
တယ်၊ ဒါ စောစောစီးစီးပဲ ဖြေလိုက်တာ၊ ရှင့်အတွက် အကော
ဆုံးဖြစ်မယ် ထင်လို့ပါ”

ဟု အလျဉ်မပြတ် ပြောချလိုက်ပြီးမှ သူ့အတွက် ငဲ့ည
မှုတွေပါလားဟု သိလိုက်ရချိန်၌ နောက်ကျသွားလေပြီ။

“ခွန်း ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကို အဲဒီလို ဖြ
ဖြစ်ခါခါ မပြောပါနဲ့ ခွန်းမကြိုက်တဲ့တောင်းဆိုမှုကို ကိုယ်ထ
မပြောတော့ပါဘူး ထပ်စဉ်းစားပေးပါ”

ယောကျ်ားမာန မရှိတော့ဘူးလား ဦးနိုင်ခွန်အားရေ
ဟု ပြန်မေးလိုက်ချင်သော်လည်း နှလုံးသား ကျေပျက်နေသေ
မျက်ဝန်းရိပ်ကို ရှောင်လွှဲလိုက်သည်။

ဒါယောကျ်ားမာယာလား။

ယောကျ်ားတွေထံမှာ သိပ်ချစ်တတ်သော အချစ်ရှိ





သိမ့်မည်ဟု မထင်။

“ခွန်း မင်း ကိုယ့်ကို မနှိပ်စက်ပါနဲ့ကွာ”

ပိုင်စိုးပိုင်နင်း ခွန်းလက်မောင်းရင်းကို ဆုပ်ကိုင်ပြော
ဆိုလာမှုကို ပုတ်ထုတ်ဖယ်ရှားပစ်ရင်း. . .

“ရှင် ကျွန်မကို ထိစရာမလိုပါဘူး”

“ဆောရီး ကိုယ် အခွင့်အရေးယူတာ မဟုတ်ဘူး၊ ခွန်း
ကိုယ့်နားက ပျောက်သွားမှာစိုးလို့ပါ”

“ကျွန်မ စိတ်ရှုပ်လာလို့ပါ ဦးနိုင်ခွန်အားရယ်၊ ကျွန်မကို
အခွင့်ပေးပါ”

ခေါင်းမညိတ် ခေါင်းမခါဘဲ လက်ကို ရုတ်ပေးကာ. .
ကျောက်ဆစ်ရုပ်သဖွယ် ရပ်ကျန်ရစ်ခဲ့သော သူ့ကိုကျောခိုင်းကာ
အိပ်ခန်းထဲသို့ ပြေးဝင်ကာ တံခါးကို တွန်းပိတ်လိုက်သည်။

ဂျလောက်ဟူသော ချက်ကျသံကို ကြားလိုက်ရသည်။

မိမိနှလုံးသားကိုရော မိမိနိုင်နင်းစွာ သော့ခတ်နိုင်ပါ့မ
လား။

နိုင်ခွန်အား နှလုံးသားတို့ အက်ကွဲသံထွက်ပေါ်လာ
သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"မင်းကို သူချစ်လာလိမ့်မယ်"

"မဖြစ်နိုင်တာကွာ"

"ဟုတ်တယ်. . မင်းကို သူ လက်မထပ်ဘူးလို့ သူ ငြင်းမယ်လို့ရည်ရွယ်ထားခဲ့တာ၊ ခု မင်းက သူ့ကိုအရူးအမူးချစ်ပြနေတော့ သူ ခံနိုင်ရည်မရှိတော့ဘဲ စောစောစီးစီးပဲ လမ်းခွဲဖို့ စဉ်းစားလိုက်တာဖြစ်မယ်၊ စိတ်မပျက်နဲ့ မင်းဆက်ကြိုးစားပါ"

"ကြိုးစားမှာပါ၊ ငါ သူ့ဆီက မေတ္တာမရမချင်း ကြိုးစား





ပါ၊ ဒါပေမယ့် မေမေတို့ကိုပါ သနားလှပြီ၊ ငါ ဘယ်လိုပြောရလဲ"

မိဘအပေါ် ချစ်သော သားပီပီ မိဘကိုလည်း ငဲ့ကွက်ရသည်။

"ပြောလိုက်ပေါ့ကွာ. . လက်ဖက်ကောင်း စားချင်ရင် လောင် တောင်တက်နေ့ရတယ်လို့"

"မပြောချင်ဘူးကွာ"

"မပြောချင်ရင် ခေါ် သွားပြီ ငွတ်သာသွားတွေ့ကွာ၊ ဒီတော့မှ ခွန်းဆီက သဲကွဲတဲ့အဖြေကို မင်းရမှာပါ"

အာကာပေးသော အကြံကို နိုင်ခွန်အား လက်ခံချင်ပါသည်။ သို့သော် ခွန်းကိုများ ဒုက္ခပေးသလိုဖြစ်နေမလားဟု သူ ထင်မိသည်။

"ဒီလိုဆိုပဲ မိဘကိုအကျိုးအကြောင်းသာ ဖွင့်ပြောလိုက်၊ တစ်ခါတည်းသာ တောင်းရမ်းလက်ထပ်လိုက်ပေါ့ကွာ၊ ငြင်းရင်လဲ ခံလိုက်၊ မငြင်းရင်လဲ စံလိုက်ပေါ့ ဒါပဲရှိတော့တယ်"

"မဟုတ်သေးဘူး ငါ စိတ်ရှည်လက်ရှည်နဲ့ ခွန်းအချစ်ကို စောင့်ချင်တယ်ကွာ"

"ဒီလိုဆိုလဲ တပည့်တော်လဲ မလျှောက်တင်တတ်တော့ဘူး မင်းဟာ တကယ်နွားကျတဲ့အကောင်ပဲ၊ မိန်းမတစ်ယောက်ရဲ့ လှည့်စားမှုကို သိသိကြီးနဲ့ ခံနေချင်တဲ့ကောင်ပဲ"

"ပြောတော့ကွာ"

နိုင်ခွန်အား အာကာကို အပြစ်မတင်ရက်ပါ။ မိမိကိုယ်ပိုင်ကလည်း အချစ်၏ကျေးကျွန်ဖြစ်နေပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



ခွန်းမှခွန်း။ ခွန်းကိုတွေ့ဖို့ ခွန်းထံမှအချစ်ကို ရယူဖို့က လွဲရင် ဘာအာရုံမှ မရှိတော့။

"ကိုင်း ဒီမှာလက်မှတ်ထိုးပေတော့ အားလုံး ငါစစ်ဆေးပြီးပြီ"

နိုင်ခွန်အား ဘာမှမပြောဘဲ အာကာပေးသော ဖိုင်တွဲမှ သူလက်မှတ်ထိုးရန်နေရာတွင် ထိုးပေးလိုက်သည်။

"အင်း. . နိုင်ခွန်အား. . နိုင်ခွန်အား ငါ့နေရာမှာသာ အခြားသူသာဆိုရင် ဒေဝါလီခံရမှာကျိန်းသေပြီ ငွေတွေသိန်း ထောင်ချီနေတဲ့ စာရင်းဇယားတွေကိုတောင် မကြည့်ဘဲ လက်မှတ်ထိုးနေပြီနော်"

"ငါ့ကို ရိုမနေစမ်းနဲ့ အာကာ၊ ငါ့ရင်ထဲမှာ မီးလောင်နေပြီ"

"မီးလောင်နေရင်လဲ သွားသာ တွေ့လိုက်တော့ကွာ"

"ညကအချိန်မတော်"

"ဒါဖြင့် ဖုန်းဆက်ကွာ"

နိုင်ခွန်အား ဖုန်းခေါ်လိုက်သည်။ အာကာက

"ငါပြန်ပြီကွာ မင်းလဲပြန်တော့နော် မိုးချုပ်ပြီ"

"အေး. . အေး"

"ဟဲလို"

"ခွန်း"

"ဘာကိစ္စလဲ"

"ခွန်းနဲ့တွေ့ချင်တယ်"

"နာရီလဲကြည့်ဦးလေ"





ဆယ့်တစ်နာရီထိုးနေပြီဖြစ်သော တိုင်ကပ်နာရီကို ကြည့်ပြီး. . .

"ကိုယ့်အတွက် အချိန်ဆိုတာ မရှိတော့ဘူး"

"ရှင် အခု ဘယ်ကဆက်တာလဲ"

"ကုမ္ပဏီရုံးခန်းက"

"ရှင် မပြန်သေးဘူးလား"

"ခွန်းကို ပြောပြီးသားလေ မေမေတို့အိပ်ချိန်ကျမှ တိတ်တိတ်ကလေးပြန်ပြီး မေမေဈေးသွားတဲ့အချိန်မျိုး ဒါမှမဟုတ် အပြင်သွားတဲ့အချိန်မျိုးဆိုတော့ သူ့မေးခွန်းအတွက် ဖြေစရာ မလိုတော့ဘူးပေါ့ဗျာ"

"ဖြေလိုက်ပါ ကျွန်မကို ရှင်မမျှော်လင့်နဲ့တော့"

"ကျွန်တော့်မှာ အပြစ်ရှိလို့လား"

"ရှိတယ်"

"ဗျာ"

"ဟုတ်တယ်လေ ရှင် ဘာဖြစ်လို့ ကျွန်မကို ချစ်ရတာလဲ ချစ်တာ အပြစ်ပဲပေါ့"

"ခွန်းရယ်. . ချစ်တာ အပြစ်တဲ့လား။ ဒီလိုဆိုရင်လဲ ပေးချင်တဲ့ အပြစ်ကိုသာ ပေးပါတော့ ကျွန်တော် ခံယူပါ့မယ်၊ ဒါပေမယ့် ခွန်းကိုချစ်တဲ့အချစ်ကိုတော့ မရုပ်သိမ်းနိုင်ဘူး"

"ဦးနိုင်ခွန်အား ကျွန်မ မညာချင်ဘူး၊ ဟန်လဲမဆောင်တတ်ဘူး. . အချစ်နဲ့ပတ်သက်ရင် ကျွန်မဟာ ဗလာနတ္ထိပဲ၊ ဒါကြောင့် ရှုးသွပ်သလို အတွေးမျိုးပေါ်ပေါက်ပြီး ရှင့်ကို ဒုက္ခပေးမိသလို ဖြစ်သွားတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခွန်အား နားမလည်။

"ခွန်း ဘာကိုဆိုလိုတာလဲ" ဟုပြန်မေးလိုက်မိသည်။

"ဒီပုံပါ ညနေကမှ ကျွန်မစဉ်းစားမိတယ်၊ ကျွန်မ ရှင့်ကို ဆက်ဒုက္ခမပေးသင့်တော့ဘူး ဆိုတာလေ၊ ဒါကြောင့် ကျွန်မ ရှင့်ကို နောက်တစ်လကြာရင် ပေးမယ့်အဖြေကို တစ်ခါတည်း ပေးလိုက်တာပါ"

"ခွန်းရယ်"

နိုင်ခွန်အား အရှပ်ကြီးမြွတ်သည့်အလား ဆိုဖာဆက်တီပေါ် ပစ်လှဲချလိုက်သည်။

"ဟင်. . ရှင်. . ရှင် ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး. . ပြောပါ"

"ကျွန်မ ရှင့်ကို ဆက်လှေ့လာရင်းနဲ့ ဝေဒနာ မပေးချင်တော့ဘူး၊ ကျွန်မ ဒီတစ်သက် ဘယ်ယောကျာ်းကိုမှ လက်ထပ်မှာ မဟုတ်ဘူး၊ ကျွန်မ အိမ်ထောင်မပြုသင့်ဘူး၊ အိမ်ထောင်သည်တစ်ယောက်ရဲ့ ဒုက္ခဝတ္တရားကိုလည်း ကျွန်မ ခံစားနိုင်မှာမဟုတ်ဘူး"

"ကိုယ် ခွန်းကို ဒုက္ခမပေးပါဘူး၊ သုခပဲ ပေးမှာပါ၊ ဘာပဲဖြစ်ဖြစ် ခွန်းရယ် ခွန်း ဝေဒနာပဲပေးပေး ဘာပဲပေးပေး ခွန်းနားမှာ ကျွန်တော်နေပါရစေဦးနော်"

"ဟာ မဖြစ်ဘူး. . ရှင် မလာနဲ့တော့"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း. . ရှင့်ကို ကျွန်မ လက်ခံတွေ့မှာမဟုတ်ဘူးဒါပဲ"





ဂျလောက်ဟူသော အသံကို ကြားလိုက်ရသည့်တိုင်အောင်. . ခွန်း. . ခွန်းနှင့် တစ်ခွန်းတည်း ခွန်းနေမိသည်။

ထပ်ခေါ်ကြည့်တော့လည်း ခေါ်သံသာ ထွက်ပေါ်ပြီး တိုင်မည့်သူမရှိ။ ဖုန်းပလပ်ကို ဖြုတ်လိုက်ပြီဟု သိလိုက်ရသည်။

လေးတွဲသောခြေလှမ်းများဖြင့် ရုံးခန်းမှ ထွက်ခဲ့သည်။ ညစောင့်များကိုတော့ ဂရုတစိုက်နေရန် မှာကြားပြီးပြန်ခဲ့သည်။

သူ ဘာဆက်လုပ်ရမလဲ။

သူ့အချစ်၏ ကျေးကျွန်ဖြစ်နေပြီ။

ယခုနေ ခွန်း၏ရှေ့မှောက်၌ ဝပ်စင်းဖို့ကိုပင် ဝန်မလေးတော့အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

ခွန်းသည် သံပန်းတံခါး၏ တစ်ဖက်မှာရှိနေသော ချော မောခန့်ညားသော အမျိုးသမီးကြီးကိုကြည့်ကာ ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။

နိုင်ခွန်အား၏ မိခင်ဟု မပြောဘဲ သိနေသည်။

နိုင်ခွန်အားသည် အမေတူသား ဖြစ်သည်။

"ခွန်း အန်တီက နိုင်ခွန်အားရဲ့ မိခင်ပါ၊ ခွန်းအမေက ပေးလိုက်တဲ့ လိပ်စာအရ အန်တီလာတာပါ၊ နိုင်ခွန်အားဆီက





ခွင့်ပြုချက်ကို အန်တီ မစောင့်ဆိုင်းနိုင်တော့လို့ပါ"

ခွန်း ငိုချင်လာသည်။ ခွန်း မရှိုင်းသင့်။ တစ်ခါတစ်ရံ မိန်းမ ဂုဏ်သိက္ခာကို ငဲ့ညှာပြီး နေရခြင်းကို ခွန်းစိတ်ရှုပ်လာသည်။

တုန်ယင်သော လက်နှင့် သံပန်းတံခါးသော့ကို ဖွင့်ပေးလိုက်သည်။

နိုင်ခွန်အား မိခင်က တည်ငြိမ်သော ခြေလှမ်းဖြင့် လှမ်းဝင်ပြီး ဆက်တီ၌ ဝင်ထိုင်သည်။

ခွန်းက တံခါးပြန်ပိတ်ပြီး. . ဆက်တီဆီသို့ မဝံ့မရဲ လျှောက်လှမ်းလာလိုက်သည်။

ချစ်ခြင်းကို အပြစ်ဟု စွပ်စွဲခဲ့သော မိမိအတွက် နိုင်ခွန်အားမိခင်က ဘာတွေများ စွဲချက်တင် ချေပဦးမှာလဲ။

"သား စွဲလန်းမယ်ဆိုလဲ စွဲလန်းလောက်ပါပေတယ်၊ သမီးက အလှမှာ အယဉ်ဆင့်ပြီး တော်တော်ကျက်သရေရှိတာပဲ၊ သင်တန်းဆင်းချိန် ခပ်လှမ်းလှမ်းကပဲ တွေ့လိုက်ရတာ ခုမှ အနီးကပ် မြင်ရတော့တယ်"

ခွန်း မျက်လွှာချလိုက်သည်။

"အမေတို့နေကောင်းရဲ့လား အန်တီ"

"ကောင်းကြပါတယ်. . သမီးတို့ မိသားစုက ပျော်စရာကြီးပဲ"

မိသားစုများသဖြင့် စိတ်ပျက်သောသူနှင့် မိသားစုနည်းသဖြင့် စိတ်ပျက်သောသူတို့ ဆုံတွေ့ခြင်းလား။

"အန်တီတို့က သားကို အထီးကျန်မှာ သိပ်စိုးရိမ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့သားကြားမှာ ဘာပြဿနာများရှိသလဲ၊ သား မနေ့ညက တော်တော်ကို ခံစားနေရပုံပေါ်တယ်၊ မိုးချုပ်မှပြန်လာပြီး ဘယ် အချိန်အထိ ဝရန်တာမှာ ထိုင်နေတယ် မသိဘူး၊ မနက်ရောက် တော့ ဖျားပါလေရော. . ."

ခွန်းပယောဂနဲ့ မဆိုင်ပါဘူးဟု ငြင်းလိုက်ချင်သော် လည်း မဖြစ်။ ယျော့ညံ့သောယောကျ်ားတစ်ယောက်မေလား

"အန်တီ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ အရိုးသားဆုံး ဝန်ခံပါရစေ"

"ပြောပါသမီး"

"ကျွန်မ မှားခဲ့ပါတယ် အမှန်တော့ အန်တီ့သား ကျွန်မ ကို ဒီလောက်အထိ အချိန်တိုတိုကာလအတွင်းမှာ ချစ်သွားလိမ့် မယ်ဆိုတာ မယုံကြည်နိုင်တာကလည်း တစ်ကြောင်း၊ ဖြူစင် အမေက ကျွန်မအပေါ် ပက်ပက်စက်စက် ပြောဆိုလိုက်တာကို တုံ့ပြန်ချင်တာကတစ်ကြောင်းမို့ ကျွန်မကို နိုင်ခွန်းအားနဲ့စေ့စပ် ကာနီး ကာလအထိကို အချိန်ဆွဲပြီးမှ အခမ်းအနားမှာပဲ ငြင်း ပယ်ပြလိုက်ခြင်းနှင့် ကျွန်မဟာ စည်းစိမ်ချမ်းသာဂုဏ်ရှိသော ယောကျ်ားတစ်ယောက်ကို ဖမ်းယူဖို့ဝေးစွ ငြင်းပယ်ရဲတဲ့ မိန်းမ တစ်ယောက်အနေနဲ့ ဖြူစင်အမေကို ခေါင်းမော့ပြလိုက်ချင်လို့ပါ။ ဒါပေမယ့် ဒါတွေဟာ မှားယွင်းတဲ့ အတွေးအခေါ် ရူးသွပ်တဲ့ အတွေးအခေါ်ပဲဆိုတာ ကျွန်မသိသိချင်း နောက်ဆုတ်လိုက်တဲ့ သဘောပါ။ ကျွန်မလုပ်ရပ်အတွက် ပထမဦးဆုံး ထိခိုက်ရမှာ အန်တီတို့အသိုင်းအဝိုင်းနဲ့ ကျွန်မအသိုင်းအဝိုင်းပဲလို့ သဘော ပေါက်လိုက်လို့ ကျွန်မနောက်ဆုတ်လိုက်တာပါ၊ ကျွန်မကို ခွင့်





လွှတ်ပါအန်တီ "

ခွန်းက ရှည်လျားစွာ ရှင်းပြဝန်ခံလိုက်သည်။ ဒေါ်သင်း ရီ သက်ပြင်းချလိုက်သည်။ စိတ်မကောင်းခြင်းဖြင့် မျက်ရည်များ ဝဲလာသည်။

တစ်ဦးတည်းသောသားအတွက် သူ ဘာလုပ်ပေးသင့် သလဲ။

"အန်တီ တောင်းပန်ပါတယ် သမီးရယ်၊ သမီးမှာ တခြား ချည်မှန်းထားသူလည်း မရှိဘူးဆိုရင် အန်တီသားကို စဉ်းစား ပေးပါလား သားဟာ အချစ်ကို လုံးဝကြုံတွေ့ဖူးတဲ့သူ မဟုတ်ရှာ ဘူး"

ကျွန်မကလဲ ဒီအတိုင်းပါပဲဟုသောစကားကိုတော့ ရင် ထဲပင်ထားကာ. . .

"ကျွန်မ အိမ်ထောင်မပြုချင်ဘူး အန်တီ"

"အချစ်မတွေ့ခင် ဒီလိုပဲပြောကြတာပါပဲ၊ အချစ်နဲ့တွေ့ တဲ့အခါ အိမ်ထောင်ရေးဆိုတာ ဝန်ထုပ်ဝန်ပိုး မဟုတ်ဘူးဆိုတာ နားလည်လာမှာပါ။ အန်တီတို့ကလည်း တစ်ဦးတည်းသားရဲ့ အိမ်ထောင်ရေးကို တယ်လောက်မျှော်မှန်း အလေးထားတယ် ဆိုတာ သမီးစဉ်းစားကြည့်ပေးရင်း အန်တီတို့အပေါ် ပစ်ပစ်ခါခါ မငြင်းပယ်သင့်ပါဘူးကွယ်"

ခွန်းရင်ထဲ မာနတို့ ပျောက်ဆုံးသွားလေပြီ။ ထိုရှုနာကျင် မှု ဝေဒနာ ဖြစ်ထွန်းလျက်ရှိချေပြီ။

ချစ်တာအပြစ်လားဟု မေးသွားသော နိုင်ခွန်အား မေး ခွန်းက သူ့အား တစ်ညလုံး တုန်လှုပ်ချောက်ချားမှုကို ပေးလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မိန်းမသားတစ်ယောက်အနေနဲ့ အိမ်ထောင်ရေး
လွယ်လင့်တကူ မဆုံးဖြတ်နိုင်ဘူးဆိုတာ အန်တီ ကိုယ်ချင်း
နားလည်ပါတယ်၊ မိန်းမချင်းလည်း ကိုယ်ချင်းစာတယ်၊ ဒါကြောင့်
ရုတ်တရက်ကြီး မငြင်းပယ်ဘဲနဲ့ သားကိုလေ့လာပါ၊ စဉ်းစား
သတ်မှတ်ပေးထားတဲ့ အချိန်ကာလအထိတော့ စောင့်ပြီးစဉ်းစား
ပေးဖို့ အန်တီတောင်းပန်ပါတယ် သမီးရယ်"

သားရှင်ဟူ၍ မမောက်မာ ရွှေဂုဏ် ငွေဂုဏ် နေဂုဏ်
လည်း မလှစ်ဟဘဲ စာနာမှုနှင့် တောင်းပန်လာသော မိခင်အ
ရွယ် မိန်းမသားကြီးတစ်ဦးကို ခွန်း အားနာစွာဖြင့်. . .

"မဟုတ်တာ အန်တီရယ်၊ ကျွန်မကို မတောင်းပန်ပါနဲ့
ကျွန်မကသာ မှားယွင်းစွာနဲ့ ဦးနိုင်ခွန်အားအပေါ် ဝေဒနာပေး
သလိုဖြစ်သွားခဲ့တာပါ၊ ဒါပေမယ့် ကျွန်မရဲ့အဖြေဟာ နော
တစ်လမှာလဲ ဒီအတိုင်းပဲ ဆိုရင်ရော. . ."

"နောက်လပေါင်းများစွာပေါ့ သမီးရယ်၊ ချစ်လာမိတော့
လဲ စောင့်ဆိုင်းခြင်းဆိုတာ အပရိကလေးပါပဲ၊ အန်တီတို့ ကိုယ်
တိုင်ကလဲ ခွန်းကို သမီးတော်ချင်နေပြီဆိုတော့ သားရဲ့ ဝေဒနာ
တွေကို မျှဝေခံစားရင်း စောင့်ဆိုင်းနေရမှာပေါ့ကွယ်"

ခွန်းမျက်နှာ ထူပိန်းလာသည်။ ရဲတွတ်နေမည့်မျက်နှာ
ကို မှန်ကြည့်စရာမလိုဘဲ ခန့်မှန်းမိလေသည်။

ထိုစဉ် ဖုန်းမြည်သံ ထွက်လာသဖြင့် ဒေါ်သင်းရီက
လက်ကိုင်အိတ်ကိုဖွင့်ကာ ဖုန်းကိုထုတ်ယူ နားထောင်လိုက်
သည်။





"ဟင်. . သားလား အဖျားကျသွားပြီလား"

". . . . . . . ."

"မေမေလား. . ကိစ္စရှိလို့ ပစ္စည်းသွားပြုတာပါ"

". . . . . . . . . ."

"အင်းပါ. . မေမေ ဖွတ်မသွားပါဘူး၊ မေမေ နားလည်ပါတယ် မေမေကြောင့် သားတို့ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး"

"သား ရေမချိုးနဲ့နော် အဖျားရှိတယ် ကုမ္ပဏီလဲ မသွားနဲ့တော့ အဖတ်မစားရဘူး၊ မေမေပြန်လာမှ သားကိုဆေးတိုက်မယ် ဒါပဲနော်၊ သားအဖေရှိတယ် မဟုတ်လား. . အင်း. . အင်း မေမေလာမှ သူ့ကိုသွားဖို့ ပြောထားတာ အခုပဲ လာခဲ့မယ် ဒါပဲ နော်သား"

မိခင်များ၏ တစ်ဦးတည်းသောသားအပေါ် ချစ်ခြင်းကို ခွန်း နားလည်သဘောပေါက်မိလာပြီ။ ခွန်းအား ဒေါ်သင်းရီက အားနာစွာ ကြည့်ရင်း. . .

"စဉ်းစားနိုင်ပါတယ်၊ မိန်းမသားတစ်ယောက်ရဲ့ကန္ဒြေ သိက္ခာ ဂုဏ်သိက္ခာစောင့်ထိန်းမှုကိုလည်း အန်တီနားလည်ပါတယ်၊ သားကြောင့် သမီးဂုဏ်သိက္ခာမညှိုးနွမ်းစေရပါဘူး သမီး၊ သားကို ဆက်လေ့လာပေးပါ၊ သူ့ကို အိမ်လာလည်ခွင့်ပေးပါ သမီးရယ် အန်တီအနူးအညွတ် တောင်းပန်ပါတယ်၊ မျှော်လင့်ခြင်းနဲ့ အန်တီသားလေး ပျော်ရွှင်နေမှုကို အန်တီမြင်နေရရင် ကျေနပ်ပါပြီ"

"ကျွန်မကို ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်ဆိုတဲ့ စွပ်စွဲ



www.burmeseclassic.com

www.burmeseclassic.com



မှာမို့လည်း ကျွန်မမခံချင်ဘူး အန်တီရယ်၊ ကျွန်မကြောင့် ဘယ်သူမှ ထိခိုက်နစ်နာမှုမရှိစေချင်ဘူး"

"သမီးရဲ့စိတ်ထားကို အန်တီပိုပြီးသဘောကျရပြီ. . နောက် သားရဲ့အပေါ် ငြင်းပယ်မှုတွေကို အန်တီ အပြစ်ယူ မဟုတ်ပါဘူး၊ အချစ်ဆိုတာ ဖန်တီးယူလို့မရပါဘူး၊ ဒါပေမယ့် သန့်စင်ဖြူစင်တဲ့ မေတ္တာတရားကတော့ ဘယ်အခါမှ ပျောက်ပျက်ပြယ်သွားမှာ မဟုတ်ဘူးဆိုတာ အန်တီသဘောပေါက်တယ်၊ ကိုင်း. . သမီး အန်တီကို ကတိတစ်ခုပေးပါလား"

"ဘာများပါလဲ အန်တီ"

"သားကို လာလည်ခွင့်ပေးဖို့ပါ"

"ကျွန်မ ဧည့်သည်ကို နှင်ထုတ်လောက်အောင် မရိုင်းပါဘူး အန်တီ အိမ်သာရင် ဧည့်လာမှာပါပဲ"

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ဒေါ်နန်းစိန်တို့ကတော့ သမီးအလိမ္မာလေး မွေးရခြင်းအပေါ် ဂုဏ်တက်နေရှာအမှန်ပဲ၊ ကိုင်း အန်တီပြန်တော့မယ်၊ သားကို ဆေးတိုက်လိုက်ဦးမယ်"

"အန်တီကိုတောင် ဘာမှ မကျွေးလိုက်ရဘူး အစ်မလဲ ဈေးသွားနေလို့"

ခွန်းက လောကွတ်ဖြင့် အားနာစွာ တောင်းပန်လိုက်သည်။

"ဒါတွေ အရေးမကြီးပါဘူး၊ သမီးနဲ့ တွေ့ဆုံစကားပြောရတာကိုပဲ ကျေနပ်လှပါပြီ၊ အန်တီသွားပြီနော်"

"ကျွန်မ အောက်ထပ်လိုက်ပို့ပေးမယ်လေ"





ထိုစဉ် တယ်လီဖုန်း မြည်သံထွက်လာသဖြင့်. . .

"ရတယ် သမီး အန်တီသွားတော့မယ်၊ တံခါးပိတ်လိုက်တော့. . "

ဟုပြောပြီး ဒေါ်သင်းရီ ဆင်းသွားလေသည်။

ခွန်း တံခါးပိတ်ပြီး တယ်လီဖုန်းပြေးကိုင်လိုက်သည်။

"အမိန့်ရှိပါရှင်"

"ခွန်း"

နိုင်ခွန်အား ဖြစ်နေသည်။ အားအင် ဖျော့တော့သောအသံဖြစ်သဖြင့် နေမကောင်းကြောင်း သိသာသည်။

"ကျွန်တော် ခွန်းနဲ့ တွေ့ခွင့်ရှိသေးရဲ့လား"

"ရှိပါတယ်. . ဘာဖြစ်လို့ မရှိရမှာလဲ"

"ဟင်. . တကယ်"

နိုင်ခွန်အား ဝမ်းသာသွားပုံရသည်။

"အိမ်ဆိုတာ ဧည့်သည်လာလို့ရတာပဲ ကျွန်မနှင်မထုတ်ပါဘူး"

"ဝမ်းသာလိုက်တာ ခွန်းရယ် နောက်ဆိုရင် ကိုယ် ခွန်းကြိုက်တဲ့စကား မပြောတော့ဘူး"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ခဏခဏမလာနဲ့. . မျှော်လင့်ချက်မထားနဲ့၊ အဆိုးဆုံးကိုတွက်ထားပါ. . "

"ခံနိုင်ရည်ရှိအောင် ကြိုးစားထားပါ့မယ်၊ ဒါထက် အကောင်းဆုံးဖြစ်လာဖို့ကိုတော့ မျှော်လင့်ပါရစေ"

"ကျွန်မကို ကြိုးရှည်ရှည်နဲ့လှန်ထားတယ်လို့တော့ မစွပ်စွဲနဲ့နော်၊ ကျွန်မဘယ်သူ့အပေါ်မှ မလှည့်ဖြားတတ်ဘူး၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးချည်တိုင်မှာ အချည်မခံချင်ဘူး၊ ဒီအတွက် အ
ထားစဉ်းစားတယ်”

“ယုံပါတယ် စွပ်စွဲချက်တွေကို ကိုယ်တိုင်ကိုယ်ကျ
ရှင်းပြဖို့ ကြိုးစားနေပါတယ်၊ မေမေက ဖြူစင့်ကြီးတော်ကို
ဆင့်ရှင်းပြထားပြီးပါပြီ ဖြူစင်နဲ့ရော တွေ့သေးလား”

“မတွေ့ဘူး၊ ဒါပေမယ့် သူတူတွေနဲ့တာဆင့် အဆ
အသွယ်ရှိပါတယ်၊ သူလဲ စိတ်ညစ်နေတယ် ကျွန်မကို အ
အညီ တောင်းနေတယ်၊ ကျွန်မကူညီချင်ပေမယ့် အန်တီပါ
ကို ကြောက်တာနဲ့ မကူညီရဲဘူး”

ခွန်းသာ ဖြူစင် လိုက်ပြေးနိုင်ရေး အကူအညီပေးလို
လျှင် ခွန်းကို သူငယ်ချင်းဘဝ နိမ့်ကျအောင် ချောက်တွန်း
သူငယ်ချင်းကို ဖျက်ဆီးသူအဖြစ် စွဲချက်တွေတင်လိမ့်ဦးမည်

“ခွန်း စိတ်ချမ်းသာအောင်နေပါ ဒီကိစ္စခေါင်းထဲမထ
ပါနဲ့”

“စိတ်ချမ်းသာပါတယ် ကျွန်မ ဘယ်သူ့အပေါ်
ကောင်းစိတ် မမွေးဘူး၊ မကောင်းတာမလုပ်ခဲ့ဘူးဆိုတော့
ကိုယ့်လိပ်ပြာ ကိုယ်သန့်ပြီး စိတ်ချမ်းသာချင်တယ်၊ ဒီလိုပဲ ရှ
ပတ်သက်ပြီး အစပိုင်းက ဖြူစင်အမေကို မခံချိမခံချင်ဖြစ်အော
အနိုင်ယူပြတဲ့အနေနဲ့ သူငမ်းငမ်းတက်လိုချင်တဲ့ သမက်လော
ကိုတောင် ကျွန်မလက်မခံနိုင်ဘူးဆိုတာ ပြသချင်လို့ ကျွန်မ
ကို လက်ခံခဲ့တာ၊ ဒါပေမယ့် အမိကဒုက္ခရောက်မှာ ရှင်ဖြစ်
တာကို ကျွန်မတွေးမိလာတယ်”

ခွန်းတယ်လီဖုန်းထဲမှာဖြစ်၍ အသေးစိတ်ရှင်းပြရသည်





သက်ဝဝရှူလိုက်ပြီး ခေတ္တနားလိုက်စဉ်. . .

“ကိုယ့်ရဲ့ချစ်ခြင်းကို ခွန်း တွေမြင်လာတာ ဝမ်းသာပါ
တယ်”

“ဟင့်အင်း ရှင့်ရဲ့ချစ်ခြင်းလား၊ ယောကျ်ားမာယာလား
ဆိုတာ ကျွန်မမပိုင်းခြားတတ်ဘူး၊ ဒါပေမယ့် ရှင့်မိဘ ပြီးတော့
ကျွန်မမိဘနှစ်ဖက်စလုံး လိုလိုလားလား မျှော်မှန်းထားကြပြီး
မျှော်မှန်းထားသလို ဖြစ်မလာရင် သူတို့တွေလည်း ထိခိုက်ကြ
တော့မယ်၊ ဒါကိုတွေးမိလို့ ကျွန်မ ဒီဇာတ်လမ်းကို စောစောစီးစီး
ဖြတ်တောက်လိုက်ချင်ပြီ”

“မလုပ်ပါနဲ့ ခွန်းရယ်၊ ကိုယ်မာယာများတာမဟုတ်ပါဘူး၊
ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းပဲရှိတာ ခွန်းယုံအောင်ကိုယ်
ဘယ်လိုသက်သေပြရမလဲ”

“မပြနဲ့တော့ ကျွန်မအကောင်းဆုံးအကြံပေးမယ် ရှင်
လိုက်နာမလား”

“ပြောပါ လိုက်နာသင့်တယ်ထင်ရင် လိုက်နာမယ်”

မဆိုးပါဘူး။ မိမိအပေါ် ဦးဆောင်နိုင်သော အရည်အ
ချင်းရှိမှာပါ။

“ရှင် အခုကတည်းက လမ်းခွဲဖို့ကြိုးစားလိုက်ပါ ဆက်
မကြိုးစားနဲ့”

“နိုး. . နိုး. . ဒါတော့ လက်မခံနိုင်ဘူး ဆက်ကြိုးစား
မယ်၊ ခွန်း ကိုယ့်ကို လက်ခံလာနိုင်တဲ့အထိကို ကိုယ်ဆက်ကြိုးစား
မယ်”

“အချိန်ကုန်သွားမှာကို မနှမြောဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"နှမြောစရာမှ မဟုတ်တာ ကိုယ့်ကိုချစ်တဲ့ကိုယ်တန်ဖိုးထားတဲ့ ကိုယ်လိုချင်တဲ့ မိန်းမတစ်ယောက်ကိုရဖို့အတွက် ဖေးဆပ်ရတဲ့အချိန်တွေပဲ နှမြောစရာမဟုတ်ပါဘူး၊ တန်ဖိုးထားရမယ့် အချိန်တွေပါ"

"ကျွန်မ ရှင့်ကိုစကားမတက်ဘူးလို့ ထင်ထားခဲ့တာ အခုမှ မှားသွားမှန်းသိတယ်"

"ကိုယ်လဲ ကိုယ့်ကိုယ်ကို အံ့ဩမိတယ် ရင်ထဲက စကားတွေ ဘယ်လိုများထွက်လာတာပါလိမ့်လို့"

ခွန်းပြုံးမိလေသည်။ ဘာကြောင့်များသူနှင့်စကားပြောနေရခြင်းကို ခွန်းကျေနပ်နေမိပါလိမ့်။

"ခွန်း"

"ပြောလေ"

"ခွန်း ကိုယ့်အပေါ်စိတ်ဝင်စားလာအောင် ကိုယ်ကြိုးစားပါ့မယ်"

"ခွန်း စိတ်ကို ဆွဲဆောင်နိုင်မယ့် ယောကျ်ားဒီကမ္ဘာမှာ မရှိသေးဘူးထင်တယ်"

"မဟုတ်သေးဘူး နိုင်ခွန်းအား ရှိပါသေးတယ်"

"အံပြောကြီးလှချည်လား"

"ပြောရဲတာက ရင်ထဲကအချစ်ကို သစ္စာတည်ရဲတာကိုးဗျ"

"ဟင်း. . ဟင်း. . ကိုနိုင်ခွန်းအားရယ် ကိုယ့်ကိုယ်ကို အထင်ကြီးလှချည်လား"

"ဟုတ်တယ်လေ ကိုယ့်စိတ်ကို ကိုယ်ပဲသိတယ်၊ ခွန်းကို





ဘယ်အရာနဲ့မှ သွေးဆောင်လို့မရဘူးဆိုတာ ကိုယ်သိတယ်. . ပေမယ့် အချစ်ကိုအချစ်နဲ့ပဲ ဖျားယောင်းယူလို့ရမယ်ဆိုတာ န်းလက်မခံနိုင်ဘူးလား"

"အင်း. . မေတ္တာဆိုတာ အသွားအပြန်ရှိတယ်ဆိုတာ န့်ရင်တော့လည်း၊ တော်ပြီနော် အစ်မ ပြန်လာလို့ တံခါးသွား င့်ပေးလိုက်ဦးမယ်"

"ညနေလာခဲ့မယ်နော်"

"နေကောင်းရင်လာခဲ့လေ"

"ဟင်. . ခွန်းက. ."

ခွန်းက ဖက်ကလေးပုသွားပြီး တယ်လီဖုန်းခွက်ကို က န်းကတန်း ချလိုက်သည်။

ခွန်းသူနေမကောင်းကြောင်း ဘယ်လိုလုပ်သိသလဲ ဟူသာ သိလိုစိတ်ဖြင့် နိုင်ခွန်းအား စိတ်အလုပ်များပေတော့မည်။

ခွန်း ရင်ထဲပျော်ရွှင်လာသည်။

နိုင်ခွန်းအားသည် အမှန်တကယ်ပင် မိမိကိုစိတ်ဝင်စားသာအောင် ပြုစားနိုင်ပါ့မလား။

အိမ်ထောင်ရေးနွံထဲကို နိုင်ခွန်းအားကြောင့် မိမိလိုလားလားပင် ခုန်ဆင်းရဲပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"ရှင့်အသံက အက်တက်တက်ကြီး ဖြစ်နေလို့. . နေမကောင်းဘူးအထင်နဲ့ မှန်းပြောလိုက်တာ မှန်သွားတယ်ပေါ့"

ခွန်းထံမှ မလုံမလဲအပြုံးကို သူမြတ်နိုးစွာ ငေးကြည့်လိုက်သည်။

ခွန်းက မျက်လွှာချလိုက်သည်။

မိန်းမတစ်ယောက်၏ နူးညံ့ပျော့ပျောင်းခြင်း ကန္ဒြေရှိခြင်း မပွင့်တပွင့်ပြုံးခြင်း၊ မခို့တရို့ အမူအရာရှိခြင်းတို့သည် ကဗျာဆန်သော ပန်းချီကား တစ်ချပ်နှယ် ရှိသည်။





တော်ဝင်သဇင်ပန်းနှယ် ကျက်သရေရှိလွန်းလှသည်ဟု နိုင်ခွန်အား တစိမ့်စိမ့်ငေးကြည့်ရင်း ကောက်ချက်ချမိသည်။

"သဇင်ပန်းတွေတုံးတော့မယ် ဒါကြောင့်ရသမျှ လိုက်ဝယ်လာခဲ့တာ"

" အဲဒီလောက် အပင်ပန်းမခံနဲ့လေ အလုပ်ရောလုပ်ဖြစ်ရဲ့လား"

"လုပ်ဖြစ်တယ် မလုပ်လို့လဲမရတော့ဘူးလေ ခိုလိုရလို့ခိုနေတာ၊ သူငယ်ချင်းအာကာက လက်ထပ်ခွင့်ကို ဒီနေ့ကစယူပြီဆိုတော့ ခိုလို့မရတော့ဘူး နေမကောင်းလျက်နဲ့ ရုံးတက်ရသေးတယ် ခုရုံးကပြန်လာတာ"

" ဟုတ်လား ဆေးရော သောက်ဖြစ်ရဲ့လား ကြက်ဆန်ပြုတ်လုပ်ထားတယ်"

"ဟင်. . ဒါကော ကိုယ်ဖျားနေတယ်လို့ မှန်းဆပြီး ကြိုပြုတ်ထားတာလား "

ခွန်းက ရယ်လိုက်သည်။

ခွန်းအသံထွက်အောင် ရယ်ခြင်းကို ပထမဦးဆုံးတွေ့ဖူးခြင်းဖြစ်၍ နိုင်ခွန်အား အသက်ပင်မရှူဝံ့ဘဲ ငေးကြည့်နေမိသည်။ အသက်ရှူကာလလေး ခွန်းအပြုံးလေး ပျောက်ဆုံးသွားမှာကို စိုးရိမ်သည်။ ညီညာဖြူဖွေးသော ပုလဲသွယ်တန်းလေးက ဝင်းလက်သွားသည်။

အကြောစိမ်းများ ယှက်သန်းနေသော ပါးမို့လွှင်ပြင်၌ ခက်ဝင်သွားသော ပါးချိုင့်ကလေးပြီးတော့ ကြည်လင်သန့်ရှင်းသော မျက်ဝန်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျွန်မမှာ ဂမ္ဘီရကြက်ခြေရှိလို့ စိတ်ထင်ရင် ဖြစ်တတ်တယ်"

"ဒီလိုဆိုရင် ခွန်းရဲ့ဖူးစာရှင်ဟာ ကျွန်တော့်လို့ရော ကြိုသိထားတယ်လား"

"အဲဒါကတော့ ဖူးစာရေးနတ်မင်းရဲ့ အလုပ်လေ . . သူတာဝန်နဲ့ သူပဲလေ"

ခွန်းနဲ့စကားပြောရခြင်းအပေါ် ပျော်ရွှင်လာသည်။ ရင်ခုန်ခြင်းထက် ကြည်နူးခြင်းတွေပါ ဖြည့်စွက်လာသည်။

"သူ့ကို ကိုယ်စားလှဲခိုင်းပါလား"

"မရဘူး . . သူက တာဝန်ကို လေးစားတယ်"

"ညီမရေ ဆန်ပြုတ်ထည့်ခဲ့ရမလား"

"ထည့်ခဲ့လေ"

စကားစ ပြတ်သွားသည်။ ခွန်းက ပြန်တည်သွားပြီ။

"ကျွန်မ မညာတတ်ဘူး၊ မနက်က ရှင့်အမေ လာသွားတယ်"

"ဟင်"

နိုင်ခွန်အား လှုပ်ရှားသွားသည်။ မိခင် ဘာတွေများပြောသွားသလဲ စိုးထိတ်မိသည်။ သို့သော် ရာသီဥတုသာယာ သည်ဟု ခန့်မှန်းမိသည်။

"ဒါကြောင့် ရှင် နေမကောင်းတာသိတာ"

"ညက ဝရန်တာမှာ ထွက်ထိုင်နေမိတာနဲ့"

"ဘာဖြစ်လို့ ထွက်ထိုင်တာလဲ"

"မခံစားဖူးတော့ ရှူးမတတ်ပဲ၊ အသက်ရှူလို့ မဝဘူး၊





ဒါကြောင့်ပါ"

"ယုံတမ်းစကားတွေလား နားထောင်လို့ ကောင်းတယ်နော်"

"တကယ်ပါ ကိုယ့်ဘဝမှာ အချစ်ဆိုတာ ဒါပထမဦးဆုံးပဲ"

"ငရုတ်ကောင်းတော့ ကြိုက်တတ်သလား မကြိုက်တတ်သလား မသိလို့ ထည့်မလာဘူး၊ ပုလင်းတော့ ယူလာခဲ့တယ်"

မညိုက အသံပေးပြီး ဧည့်ခန်းကို ဝင်လာသည်။

ခွန်းက အသင့်တင်စားနိုင်စေသော စားပွဲလေးကို မ ာာ သူ့ရှေ့၌ ချပေးခြင်းကို သူက ကမ်းယူလိုက်သည်။

"ရပါတယ် ဧည့်သည်ရဲ့"

"အိမ်ရှင်ဖြစ်ချင်သူကို စည်းခြားစကားနဲ့ မထိုးနှက်ပါနဲ့နော်"

"စည်းကျော်ချင်သူကို စည်းခြားသင့်တာပေါ့"

မညိုကို သူယူလာပေးသော သဇင်ပန်းထုပ်ကို ကမ်းပေးရင်း တုံ့ပြန်လိုက်သော ခွန်းကို မချင့်မရဲပြုံးကြည့်လိုက်မိသည်။ မိမိအား မာယာလက်နက်နှင့် ထိုးနှက်နေခြင်းတော့ မဟုတ်တန်ပါဘူး။

"ငရုတ်ကောင်း ထည့်မလားဟင်"

"ကောင်းသားပဲ ပွင့်သွားတာပေါ့၊ တကယ့်ကို တရုတ်ဆိုင်က ဆန်ပြုတ်အတိုင်းပဲ၊ အနံ့လေးကို သင်းနေတာပဲ"

"မညိုလက်ရာလေ၊ ကျွန်မကတော့ အိမ်လောင်မှုကို



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ဘူး၊ ပရမ်းပတာပဲ"

"အပွေးမြိုင် အပင်သိပါတယ်၊ ကိုယ့်ကိုယ်ကို မနှိမ်ချပါနဲ့"

"ဘယ်လိုသိတာလဲ မနှိမ့်ချပါဘူး၊ တကယ်ပြောတာ"

ခွန်းက သူ့ကိုစိတ်ပျက်သွားစေရန် တမင့်ပြောနေခြင်းဟု နိုင်ခွန်အား အကင်းပါးစွာ ရိပ်မိလေသည်။

တကယ်တော့ ခွန်းသည်ရိုးသားကာ အပြစ်ကင်းစင်သူဖြစ်သည်။

တွေ့စကတော့ မာနကြီးသူတစ်ယောက်ဟု ထင်စရာရှိသည်။ ဖုန်းထဲ၌ မာကျောကျောနှင့် ဘုတောခြင်းကလည်း ယောကျ်ားတွေအပေါ် အထင်မကြီး စိတ်မဝင်စားသော သဘာဝကြောင့် ဖြစ်သည်ဟု သူ သဘောပေါက်လိုက်သည်။

"သိပါတယ်၊ ဝတ်ပုံစားပုံ နေပုံထိုင်ပုံကိုကြည့်ရင် သိတာပဲ"

"စကားမများနဲ့၊ ပူတုန်းလေး သောက်လိုက်ဦး၊ ပြီးရင် ဆေးသောက်"

ခွန်း၏ ပိုင်စိုးပိုင်နင်းပြောဆိုမှုကို သူလိုလားစွာ ခံယူချင်နေပြီ။

"ဟုတ်ကဲ့"

ချစ်သူပေးသောအမိန့်ကို ကျေနပ်စွာ ခံယူတတ်ခြင်းမှာ ချစ်သူတို့၏သဘာဝထင်ပါသည်။

"ခံတွင်းတွေ့ရဲ့လား"

"တွေ့ပါတယ် ကောင်းတယ် မေမေ့လက်ရာအတိုင်းပဲ"





"အမေကိုတော်တော် ချစ်တယ်နော်၊ အမေကလည်း သားကိုချစ်တာပဲ၊ သူ့သားအတွက် ကျွန်မကို လာတွေ့တာ၊ ဖြစ်နိုင်ရင် သူ့သားအတွက် ကျွန်မကိုတောင် ဖမ်းခေါ်ဖို့ ဝန်မလေးတဲ့ မိခင်မျိုးပဲ"

"ဟုတ်တယ်. . မေမေရော ဖေဖေပါ ကိုယ့်ကို တစ်ယောက်တည်းမို့ သိပ်ချစ်တာ၊ ဒါပေမယ့် တစ်ဘက်စွန်းမရောက်ပါဘူး၊ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမယ်ဆိုတာ နားလည်ကြလို့ အရွယ်ရောက်တာနဲ့ မိန်းမရှာတော့တာပဲ၊ ကိုယ်က တစ်ယောက်ပြီး တစ်ယောက်ငြင်းလည်း စိတ်ရှည်ကြတယ်၊ ခုမှ ခွန်းနဲ့ အဆုံးသတ်ရတော့မှာ. ."

"ကြိုတင်ဟောကိန်းမထုတ်နဲ့လေ၊ ဗေဒင်ဆရာအတွက်မှားရင် ဘာဖြစ်တတ်သလဲ"

"အသည်းဟက်တက်ကွဲ မျက်ရည်စက်လက်နဲ့ ငိုကြွေးရမှာပေါ့ ခွန်းရယ်"

တကယ်ဆိုပါက သူ ခံနိုင်ရည်ရှိပါ့မလား။ တွေးဆရုံနှင့်တောင် ရင်ဝယ် နာကြင်လာသည်။

ခွန်းက တိမ်ပြိုရိပ်ဆင်သွားသော သူ့အား ခနဲ့သလို. .

"စပါးကျီ ကြိုကြား သွားမှာ မဟုတ်ဘူးလား"

"ဒါက လူသားလေဗျာ၊ စိတ်ရှိတိုင်းသာ ခံစားရရင် ကိုယ်ဘာဖြစ်ဦးမယ်ဆိုတာ မတွေးတတ်ဘူး"

"အခ္ချိန်က ကုစားသွားမှာပဲ"

"ခွန်း"

ခွန်းက ခွန်အားကို ကြည့်လိုက်သည်။ အကြည့်ချင်းဆုံ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တောင်းပန်တိုးလျှိုးသော မျက်ဝန်းကို ခွန်းရင်ဆိုင်လိုက်ရသည်နှင့် ခွန်း မျက်နှာလွှဲလိုက်သည်။

"အချစ်နဲ့ပတ်သက်လို့ ဒါပထမဦးဆုံးဖြစ်လို့ ပိုးသားလို့ပဲ နူးညံ့တဲ့ကိုယ့်စိတ်ဟာ ပျော့ညံ့ကောင်း ပျော့ညံ့နေမေမယ့် ကိုယ် ခွန်းအပေါ် ထားတဲ့ မေတ္တာတရားကတော့ သံမဏိလို ခိုင်မာမှာပါ"

ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ ရင်ခုန်ခြင်းတို့ကို ခွန်း မမွေးဖွားချင်ပါ။ သို့သော် ရင်ခုန်သံတွေ သောသောညံနေပြီး ချစ်ခြင်းကို သန္ဓေတည်နေပြီလား။

မဟုတ်ပါစေနှင့်။ ရင်ခုန်ခြင်းဟာ အချစ်မဖြစ်ပါစေနှင့်။

"ခွန်း စိတ်ရှုပ်သွားပြီလား၊ ကိုယ်မပြောတော့ပါဘူးလို့ ရည်စူးထားပေမယ့် ခွန်းနဲ့တွေ့ရင် စကားတွေက ဘယ်ကဘယ်လိုထွက်လာမှန်းကို မသိတော့ဘူး"

စကားစကိုဖြတ်ပြီး ဆန်ပြုတ်ကိုသာ ခပ်သောက်နေသော နိုင်ခွန်အားကိုကြည့်ပြီး ခွန်း စဉ်းစားမိသည်။

သူဟာ. ..ဟန်ဆောင်ကောင်းသော ယောကျ်ားတစ်ယောက်လား၊ ယောကျ်ားများသည် များသောအားဖြင့် ချမ်းသာလျှင် ပျက်စီးတတ်ကြသည်။

ငွေကိုရေလိုသုံးနိုင်သဖြင့် အပျော်အပါးလိုက်စားတတ်ကြသည်။ နိုင်ခွန်အားကို ထိုကဲ့သို့သော လူစား ဟုတ်မဟုတ်ကို မိမိ မည်ကဲ့သို့ သိနိုင်မည်နည်း။

ဆန်ပြုတ်တစ်ပန်းကန် ကုန်သွားသည်အထိ စကားတစ်ခွန်းမှမထွက်သော နှစ်ယောက်ကို မိညိုက မနေသာဘဲ





နောက်ဖေးက လှမ်းအသံပြုလိုက်သည်။

"ညီမရေ ဆန်ပြုတ်ထပ်ထည့်ခဲ့ရဦးမလား"

"သောက်ဦးမလား"

"တော်ပြီ ဝသွားပြီ၊ ချွေးတောင် ဆို့လာပြီ"

စနိုးတာဝါကို ဖောက်၊ ချွေးများသုတ်လိုက်သော နိုင်ခွန်အားကို ကြည့်ကာ အသားဖြူလွန်းသဖြင့် မျက်နှာသုတ်လိုက်သောအခါ နီရဲသွားသည်ကို တွေ့လိုက်ရသည်။

ရွှေလင်ပန်းနှင့်အချင်းဆေးခဲ့သော ယောကျ်ားတစ်ယောက်အဖြစ် သက်သေခံနေသည်။

မညိုက ပန်းကန်လာသိမ်းရင်း ကျွဲကော်သီးကို အမြွာထိုက် အခွံသင်ပြီးသားကို ခက်ရင်းတပ်ထားသော ပန်းကန်လေးပါ ချပေးသွားသည်။

"ညှိုသည်ချည်းပဲ လုပ်နေရတာ အားနာလှပြီ၊ ခွန်းရော ဘယ်တော့ အိမ်လိုက်လည်မှာလဲ"

"အစီအစဉ်မရှိပါဘူး"

ခွန်းက ပြတ်သားစွာ ငြင်းလိုက်သည်။ နိုင်ခွန်အား မျက်နှာပျက်သွားသည်။

"ကျွန်မ အိမ်ထောင်တစ်ခု ထူထောင်ရမှာ ကြောက်နေတယ်၊ အဲဒီကြောက်လန့်စိတ်တွေ ဖယ်ရှားနိုင်လို့ လက်ခံမယ်လို့ စဉ်းစားရင် အဲ့ဒီလူဟာ ရှင်ပဲဖြစ်ရမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မဘဝဟာ သူစိမ်းယောကျ်ားတစ်ဦးနဲ့ ပတ်သက်ပြီး ရင်းရင်းနှီးနှီးလက်ခံနေတာ ရှင်တစ်ယောက်တည်း ပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားတစ်ခွန်းတည်းနဲ့ပဲ ကိုယ်က ကျေနပ်ရမှာပါ"

ထိုစဉ် လှေကားက ကလေးများ တက်လာသောအသံကို ခွန်းကကြားလိုက်သည်။

အမြွာညီနောင်နှင့် သူငယ်ချင်းများ. . .

ခွန်းက တံခါးဖွင့်ပေးလိုက်သည်။

"တီချယ့်ကို လာကန်တော့တာပါ"

သူတို့တွေ ခွန်အားကို အကဲခတ်လိုက်သည်။ မျက်နှာလေးများ၌ ကျေနပ်သောအပြုံးရိပ်များကို တွေ့လိုက်ရသည်။

ခွန်းက မျက်နှာသာ မပေးရဲ။ ခပ်တည်တည်ဖြင့်. . .

"သီတင်းကျွတ်လည်း မဟုတ်ဘဲ ဘာကိစ္စ ကန်တော့ချင်ရတာလဲ "

"သမီးတို့ လုပ်ခဲ့တဲ့ အပြစ်တွေအတွက်ပါ"

ငွေငါးထောင်တန် စံက္ကူ၌ ခွန်းနာမည်နှင့် လိပ်စာကော ရေးဝယ်သုံးလိုက်သော သူတို့အပြစ်ကို လာတောင်းပန်ခြင်းဖြစ်ကြောင်း ခွန်း သိသည်။ နိုင်ခွန်အားက. . .

"ကလေးတွေနဲ့ စကားပြောတော့၊ ကိုယ်ပြန်မယ်"

ခွန်း မျက်နှာထားရခက်နေသည်။ အမြွာညီနောင်ကဒီကိစ္စ သိပြီးသားဖြစ်သည်။ နိုင်ခွန်အားမှန်းလည်း သိကြသည်။

"ရပါတယ် အန်ကယ်လ်၊ ကျွန်တော်တို့က ကန်တော့ပြီးပြန်မှာ၊ အန်ကယ်လ်ပါ ထိုင်ပါ၊ သားတို့ကန်တော့မယ်"

"ဟာ. . ဘာကိစ္စ ထိုင်ရမှာလဲ"

ခွန်းက မျက်နှာကြီးနီရဲပြီး ကန့်ကွက်သည်။

"သားတို့လုပ်လိုက်တဲ့ကိစ္စမှာ တီချယ်ရော အန်ကယ်ပါ လောလောဆယ် ဒုက္ခရောက်သွားကြတဲ့အတွက်ပါ"

"အဲ့ဒီငွေစက္ကူမှာ သမီးရေးမိတာပါ"

"လက်ရေးမြင်ကတည်းက တီချယ် သိတာပဲ၊ မင်းတို့စနက်ပဲဆိုတာ တီချယ်သိပြီးသားပါ၊ သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ မင်းတို့ဟာက အချိန်မတိုင်သေးပါဘူး၊ အချိန်မတိုင်ခင် ဖြစ်ပေါ်လာတဲ့ စိတ်ကစားမှု၊ စမ်းသပ်ချင်မှုတွေကို အချစ်လို့ လွဲမှားစွာ ယုံကြည်သာယာမိရင် ပညာရေးကို ထိခိုက်မယ်၊ ဘဝမှာ အညွန့်ကျိုးသွားမှာ စိုးရိမ်လွန်းလို့ တီချယ် ဆုံးမတာပါ"

"ဟုတ်ကဲ့ သားတို့ နားလည်ပါတယ်"

"သမီးတို့လည်း သဘောပေါက်ပါတယ်၊ ဒါကြောင့် တီချယ့်ဆီကို လာကန်တော့ တောင်းပန်တာပါ"

နိုင်ခွန်အား သဘောပေါက်လိုက်သည်။

ကလေးခုနစ်ယောက်ကလည်း ထွက်ပေါက်အနီး အပြည့်အဝထိုင်ထားသဖြင့် သူထွက်လို့မရ။ ပြီးတော့. . လူကြီးလူကောင်း ပီသစွာကလည်း ထိုင်နေရသေးသည်။

"တစ်လက်စတည်း တီချယ်မိတ်ဆက်ပေးရဦးမယ်၊ ဒါ မင်းတို့ရဲ့ငွေစက္ကူကို ရသွားတဲ့သူပဲ၊ ဦးနိုင်ခွန်အားတဲ့. . "

အမြွာညီနောင်ကလွဲ၍ ကျန်သူများက အံ့အားသင့်သွားကြသည်။ ချက်ခြင်းဆိုသလို သူတို့မျက်နှာပြင်၌ ကျေနပ်သော အရိပ်အယောင်များ အရိပ်အယောင်များ ယှက်သန်းသွားကြသည်။

ခွန်းကိုကြောက်၍သာ. . ဘာမှပြန်မပြောရဲကြသော်





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောချင်နေကြသည်။

"သမီးတို့ကလည်း တီချယ့်အပေါ် စေတနာမှန်နဲ့ ယုံ[...] ကြလို့ တီချယ်ဖူးစာရှင်ကောင်း ရသွားတာပါ"

"ဟုတ်တယ် ဘော့စ်နဲ့တွေ့အောင် ငါးထောင်တန်[...] ငွေစက္ကူပေါ်မှာ တမင်ရေးတာ"

"တီချယ့်အပေါ် တကယ်ချစ်မြတ်နိုးမယ့်သူနဲ့ တွေ့[...] စေလို့လည်း မိဌာန်ထားတာပါ"

အမြွှာညီနောင်ကတော့ ပြုံးဖြီးဖြီးနှင့်. . .

"သားတို့ အရံဝတ်စုံ ချုပ်ထားရမလား"

"တယ် ဒီနှစ်ကောင် ငါ့ကိုနောက်စရာလား၊ ကဲ. . တန်[...] တော့ကြတော့"

ခွန်းမျက်နှာ တည်ထားသော်လည်း စတော်ဗယ်[...] ရောင် ပြေးနေသည်။

ကလေးများကလည်း မလွယ်။ ယခုခေတ်ကလေးများ ပီပီ အစတတ်ပိုလွန်းသည်။

"တီချယ်နဲ့ အန်ကယ်လ်ကို သားတို့သမီးတို့ ကန်တော့[...] ပါတယ်၊ စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့တာရှိရင် ခွင့်လွှတ်[...] နောက်စိတ်ချမ်းသာသွားတဲ့အခါ မုန့်ဖိုးပေးပါ၊ ကဲ ကန်တော့ကြ[...]

အမြွှာနှစ်ကောင်က အင်မတန်လည်သည်။

ပြောပုံကြည့်. . ခွန်းတို့ မျက်နှာအထားရခက်စေသည်။

ခွန်း ဆုပေးရ ခက်နေသည်။

"တီချယ် ခွင့်လွှတ်ပါတယ်၊ နောက် ဒါမျိုး စတာနဲ့မထွင် ကြနဲ့၊ ဆရာတွေရဲ့ မေတ္တာစေတနာကို နားလည်ကြပြီး လူလော[...]





ကမှာ အောင်မြင်ခြင်းအသီးအပွင့်တွေကို ဆွတ်ခူးခံစားစံစား နိုင်ကြပါစေ"

ခွန်းမျက်နှာရဲရဲနှင့် ဆုပေးသည်ကို နိုင်ခွန်အား သတိလက်လွှတ် မြတ်နိုးစွာ ငေးကြည့်နေမိသည်။

"အန်ကယ်လ်ကရော ဆုပေးဦးလေ"

"ဩော်. . အေး"

နိုင်ခွန်အား ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး စားပွဲပေါ်မှ ပိုက်ဆံအိတ်ကိုယူကာ. .

"အန်ကယ်လ်က ဆုမပေးတတ်ဘူး၊ မုန့်ဖိုးပဲ ပေးလိုက်မယ်ကွာ. . "

ပြောပြောဆိုဆို ပိုက်ဆံအိတ်ဖွင့်ပြီး တစ်သောင်းတန် အသစ်အုပ်မှ ခုနစ်ရွက်ဆွဲထုတ်ပြီး တစ်ယောက်တစ်ရွက်ဆီ ပေးလိုက်သည်။

ကလေးများက ပျော်ရွှင်စွာ လက်ခံပြီး. . .

"သားတို့ကို မုန့်ဖိုးပေးရတဲ့အတွက် အန်ကယ်လ်တို့ဆန္ဒ အမြန်ဆုံး ပြည့်ပါစေ၊ သွားတော့မယ် တီချယ်၊ အန်ကယ်လ်ကို ကျေးဇူးတင်လို့ ချက်ချင်းပြန်ပေးတာနော်"

ပြောပြောဆိုဆို ပြန်သွားကြသည်။

သံပန်းတံခါးကို စေ့သွားပေးကြသည်။

ခွန်းမှာ ရှက်စိတ်ဖြင့် မွှန်ထူကာ ကျန်ရစ်ခဲ့သည်။

"တော်တော်ရှုပ်တဲ့ ကလေးတွေ"

အပျိုကြီးပဲ လုပ်တော့မယ် ကြွေးကြော်ထားမှသည်. . သင်းကလေးတွေ စနက်ကြောင့် အဆုံးသတ်ရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခွန်အားကို လှမ်းကြည့်လိုက်သည်။

"အို"

ထူးခြားသည့် အရောင်တစ်မျိုး ယှက်ဖြာနေသော မျက် ဝန်းနှင့် ဆုံတွေ့လိုက်ရသည့် တဒင်္ဂမျက်နှာမထားတတ်တော့သ ခေါင်းငုံ့ကာ. . .

"အဲ. . အဲ့ဒီလို မကြည့်နဲ့. . ကျွန်မ မကြိုက်ဘူး"

ဟု အနိုင်ရတိုင်း အနိုင်ကျင့်လိုက်မိသည်။

"ခွန်းရယ် ဒီမှာ ကြည့်စမ်း"

ခွန်းက လှမ်းကြည့်လိုက်သည်။ ပလပ်စတစ်လောင် ထားသော ငါးထောင်တန်စက္ကူတစ်ရွက် ထောင်ပြလိုက်သည်

"ချစ်သူရဲ့တမန်တော်အဖြစ် ကိုယ်နှာမြတ်တနိုး တ ထားတယ်ဆိုတာကို နားလည်သဘောပေါက်ရင် ခွန်းအပေ ကိုယ်ဘယ်လောက် အလေးထားမယ်ဆိုတာ ခွန်း မှန်းဆကြ ပါ"

"စကားရှိပါတယ်လေ၊ မရခင် ဖျာလိုလိပ် ထိပ်ခေါင် ထားပြီး၊ ရတော့ ဖျာလိုခင်း နင်းချေတတ်တဲ့ ယောကျာ်းတေ စကား ကျွန်မ မယုံကြည်နိုင်သေးတာကတော့ အမှန်ပါပဲ"

"အစွဲကြီးလှချည်လား မင်းယုံကြည်လာအောင် ကိုယ် ဘာသက်သေပြရမှန်းတောင် မသိတော့ဘူး"

နိုင်ခွန်အား၏ ရိုးသားမှုကို ခွန်း ယုံကြည်ရန် မဝံ့ရ ဖြစ်နေသည်မှာ အမှန်ပင်။

ခွန်း၏ နှလုံးသားတံခါးကို ပွင့်အောင်တော့ နိုင်ခွန်အာ မဖန်တီးနိုင်သေးပေ။ အချစ်သည် သံမဏိနှလုံးသားကို အရည်






ပျော်နိုင်စွမ်းရှိလျှင် ခွန်းရဲ့ သာမန်နှလုံးသားလောက်ကို ဘာ ကြောင့်များ အရည်မပျော်နိုင်သေးရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၃၂)

"သမီးရယ် အမေရောက်ဖူးသမျှအိမ်ထဲမှာ အခမ်းအနားဆုံးနဲ့ အသပ်ရပ်ဆုံးပဲ၊ သားကလည်း တစ်ယောက်တည်းဆိုတော့ ချစ်လိုက်တာတုန်နေတာပဲ၊ သမီးအတွက် ဖူးစာကံမှန်လို့ တွေ့ကြတာပဲလို့ အမေယူဆထားတယ် ဘာငြင်းစရာရှိလို့လဲ သမီးရယ် "

သမီးကညာ အခါမလင့်စေဖို့အရေး • ခွန်းမိုင်နှင့်ယောက်မကြီးက ရန်ကုန်လိုက်လာသည်။ ကြားကြားချင်း ဒေါ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သင်းရိုတို့က ထမင်းဖိတ်ကျွေးသည်။ ရိုင်းသည်ဟုပြောပြော ခွန်းက လိုက်မစားဘဲ အမေနှင့်ယောက်မကြီးသာ သွားစားကြ သည်။

ပြန်လာသည်နှင့် ခွန်းအား နားချသည်။

ခွန်းအတွက် စည်းစိမ်ချမ်းသာသည် အဓိက မဟုတ် မေတ္တာတရားသည်သာ အဓိကဖြစ်သည်။

အချစ်မပါသော အိမ်ထောင်တစ်ခုကို တည်ဆောက်မိ ပါက ရွှေဘုံရွှေနန်းသည်လည်း ရဲတိုက်တစ်ခုဖြစ်သွားနိုင်သည်။ အချစ်နှင့်တည်ဆောက်လျှင် တဲကုတ်သည်လည်း နန်းတော်ဖြစ် သွားနိုင်သည်။

သို့သော် ဒီအယူအဆကိုတော့ ခွန်းသည် အရွယ်အား ဖြင့်သော်လည်းကောင်း၊ ပညာဂုဏ်အားဖြင့်သော်လည်းကောင်း လက်မခံနိုင်ပါ။ ဆင်းရဲခြင်းတို့ ရောက်လာသောအခါ အချစ် သည် ပြတင်းပေါက်မှ ခုန်ဆင်းပြေးသွားသည်ဟူသော စကား လည်း ရှိနေသေးသည်။

လူတန်းစေ့နေနိုင်သော ကြွေးမရှိ လျှော်ဒါန်းနိုင်သော မိသားစုမှ ပေါက်ဖွားလာသော ခွန်းအတွက် ကျိကျိတက် ချမ်း သာခြင်းတို့ မမက်မော၊ စိတ်ချမ်းသာမှု အေးချမ်းမှုကိုသာ မက် မောသည်။ အိမ်ထောင်တစ်ခုကို ဦးနှောက်နှင့် မစဉ်းစားချင် နှလုံးသားနှင့် တည်ဆောက်ချင်သည်။

ခွန်း ရင်ထဲမှာ ရှိနေသည်က ခွန်း နိုင်ခွန်အားအတွက် ဆိုလျှင် ဘဝတစ်ခုလုံးပေးဆပ်ချင်လောက်အောင် ချစ်မိခြင်းကို သာဖြစ်ချင်သည်။





ယခု မဖြစ်သေး၊ နိုင်ခွန်အားက တောင်းပန်တိုးလျှိုးကာ အိမ်လည်ဖိတ်ခြင်းကိုလည်း သူ ဥပေက္ခာပြုထားနိုင်သည်။ ဒါ နိုင်ခွန်အားကို မိမိမချစ်ခြင်းကြောင့်ဘဲဖြစ်သည်။

"သမီး ကျောင်းကိစ္စပြီးတာနဲ့ အိမ်ကိုလိုက်လာပြီး စေ့ စပ်ကြလိမ့်မယ်"

"ဟင် အမေ လက်ခံလိုက်ပြီလား"

"အေး"

"ဟာ အမေကလည်း ကျွန်မမှ သူ့ကိုမကြိုက်သေးတာ"

ခွန်းက စိတ်ရှုပ်စွာ ငြင်းပယ်လိုက်သည်။

"ဒါ ဘာဖြစ်သလဲ ညှိနှိုင်းကြမယ်၊ အဲဒီအခါ ညည်း ငြင်းချင်သပဆိုလည်း ငြင်းပေါ့၊ အမေတို့ကတော့ ကိုယ့်သား သမီး ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်တယ်"

နိုင်ခွန်အား၏ စိတ်ဓာတ်ကိုမသိရသေး။ နိုင်ခွန်အား နောက်ကြောင်းရှင်းမရှင်းလည်း သိဖို့လိုသေးသည်။ မိခင်အား ရှင်းပြတော့. . .

"ဒါများ သမီးရယ် နိုးကြောင်ခိုးဝှက်နေသူမှ မဟုတ်ဘဲ၊ သူ့ဂုဏ်နဲ့ သူ့အလုပ်အကိုင်နဲ့က မိန်းမရှိမရှိ အသိသာကြီးပဲ"

"တိတ်တိတ်ပုန်းတွေ ဘာတွေရော"

"သူ့မိဘကိုယ်တိုင် အာမခံနေတာပဲ၊ ဘွားအေဘိုးအေ တွေကလဲ နာမည်တစ်လုံးနဲ့နေကြတာ မဟုတ်တာ၊ လုပ်မယ့်လူ တွေမဟုတ်ဘူး၊ အမေတို့ဆီလဲ မကြာခဏလာလည်. . လက် ဆောင်တွေပို့နဲ့ အားတောင်နာတယ် သမီးရယ်"

"လက်မခံနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



" လက်မခံရင် ရိုင်းရာကျသွားမှာပေါ့၊ ဒီတော့ အမေကလဲ ပြန်ပို့ပေးရတာပေါ့။ ယောကျ်ားလေးမိဘ ဆွေမျိုးအသိုင်းအဝိုင်းတစ်ခုလုံးက အလေးထားခံရတဲ့ မိန်းကလေးဆိုတာ ရှားပါးတယ်၊ သမီး ကုသိုလ်ကံထူးတယ်လို့သာ မှတ်ပါ။ အမှန်ဆိုသူတို့ရဲ့သားက တစ်ဦးတည်းသောသားဖြစ်လို့ ပိုတောင်နှမြောသင့်သေးတာ၊ မိဘအဘိုးအဘွားက အမြင်ကျယ်တယ်၊ အမွေခံမျိုးဆက်တွေရဖို့ အားထားမျှော်လင့်ကြတယ်"

ခွန်းဘက် လိုက်မည့်သူ တစ်ယောက်မှမရှိတော့။ ခွန်းတစ်ခုခုတော့ ဆုံးဖြတ်မှဖြစ်တော့မည်။

"အချိန်ရပါသေးတယ်၊ ကျွန်မ အမေတို့ဆီပြန်ပြီးမှ သူတို့လိုက်လာကြမှာ မဟုတ်လား"

"အင်း သူတို့က သမီးနဲ့အတူတူတောင် လိုက်လာချင်ကြတာ"

"ကျွန်မလဲ ဒီသင်တန်းကာလ ပြီးသွားရင် အဲဒီကိုပဲ ပြောင်းနေတော့မလားလို့ ကိစ္စတောင် သူတို့ကို မပြောရသေးဘူး"

"နိုင်ခွန်အားကတော့ ဘာမဆို လိုက်လျောမယ့်ပုံပါ၊ သမီး စိတ်ကူးမလွဲပါနဲ့ ကိုယ်ချစ်ကိုမရှာနဲ့ သူချစ်ကိုသာရှာ၊ ကိုင်း အမေ ခဏကျောဆန့်လိုက်ဦးမယ်"

မိခင်က ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ ခွန်းခေါင်းထဲ အတွေးများချာချာလည်လျက် ကျန်ရစ်ခဲ့လေသည်။

အိမ်ထောင်တစ်ခုတည်ဆောက်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါပဲလျက် . . အချို့လူများမှာ အလွယ်တကူ တည်





ဆောက်ကြသည်။ အချို့များဆိုလျှင် တစ်ပင်လဲသော် တစ်ပင်ထူ စကားအရ အိမ်ထောင်နှစ်ဆက်သုံးဆက် လွယ်လင့်တကူ ကူးပြောင်းကြသည်ကိုပင် ခွန်း အံ့အားသင့်စွာ တွေ့မြင်နေရသည်။

ဘာကြောင့်လဲ။ အချစ်ကြောင့်ပဲ ဖြစ်မည်။ အချစ်သည် အင်မတန် ခွန်အားကြီးမားလှပါလား။

ခက်နေသည်က မိမိ၌ အချစ်မဖြစ်ပေါ်သေးခြင်းပင်။ အရွယ်ကလည်း လွန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"ကျွန်မက တောင်ပေါ်သူမို့လား မသိပါဘူး၊ ပင်လယ်ကမ်းခြေကိုကြည့်ပြီး အရမ်းအံ့သြခဲ့တာ အရမ်းလှသဘောကျတယ်၊ ကျွန်မက စိတ်ကူးယဉ်တတ်တာတော့ မဟုတ်ဘူး၊ အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ အချစ်ဟာ အဓိကကျသလို စီးပွားရေးကလည်း ပမာနကျတယ်လို့ ထင်တယ်လေ၊ အချစ်နဲ့တည်ဆောက်ထားတဲ့ နန်းတော်တစ်ခုကိုပဲ ကျွန်မလိုချင်တယ်၊ မျှော်မှန်းထားသလို ဖြစ်မလာမှာစိုးရိမ်ကြောင့်ကြစိတ်





နဲ့ ကျွန်မ အချစ်ကို ကျော်ခိုင်းခဲ့တာပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ ရှင့်ကိုပြောစရာ စကားရှိပါတယ်၊ အဲဒါပြောဖို့ကိုလဲ ကျွန်မအားမွေးနေရသေးတယ်၊

ဘာလဲလို့ ထပ်မမေးပါနဲ့၊ အချိန်တန်ရင် ကျွန်မပြောမှာပါ၊ ဒီအကြောင်းကိုသိတာ ဖြူစင်ရယ် ကျွန်မရယ်ပဲရှိတယ်"

နိုင်ခွန်အား နှဖူးပေါ် လက်တင်ကာ ညနေခင်းက ခွန်းပြောသမျှစကားများကို ပြန်လှန်စဉ်းစားနေမိသည်။

ခွန်းက အချစ်ကိုကျော်ခိုင်းခဲ့တာဆိုတော့ အချစ်ကိုတွေ့ခဲ့ဖူးသည်ဟု ဆိုလိုတာလား။

သူ ဝန်တိုခြင်း နှမြောခြင်းဖြင့် စိတ်တိုလာသည်။

နာရီကြည့်လိုက်သည်။ ကိုးနာရီကျော်ကျော်ဆိုရင်. .

အမြွာနှစ်ယောက် စာကျက်ပြီးပြန်လာလောက်ပြီ။

တယ်လီ ဖုန်းခလုတ်ကို နှိပ်လိုက်သည်။

"အမိန့်ရှိပါ"

"ခွန်း"

"ဘာကိစ္စလဲ"

"အစာမကြေဘူး ဖြစ်နေတယ်"

"ဒိုင်ဂျင်း သောက်လိုက်ပါလား"

" မဟုတ်ဘူး စိတ်အစာမကြေတာ"

"ဘုရားရှိခိုး ပုတီးစိတ်နေလိုက်ပါလား"

ခွန်းကတော့ ရယ်ပွဲဖွဲ့နိုင်ပေသည်။

အောင်နိုင်သူပေကိုး။ သူ့အပေါ် အရှုံးအမှုးချင့်နေသောယောကျာ်းတစ်ယောက်၏ အညှုံ့ခံမှုများကို သူလှောင်ပြောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရက်သည်။

"မလျှောင်ပါနဲ့ ခွန်းရယ်၊ ခွန်းပြောရဦးမယ်ဆိုတဲ့ စကား အတွက် ကိုယ့်ရင်ထဲ ဘယ်လောက်ခံရခက်တယ်ထင်သလဲ"

"ရှင်က ဘာကိုများ တွေးမိလိုက်လို့လဲ "

"ခွန်းနဲ့ ဖြူစင်နဲ့ပဲ သိတယ်ဆိုတဲ့ ခွန်းအကြောင်း"

"အချိန်တန်ရင် ပြောပြမယ်လို့ ကျွန်မ ပြောခဲ့ပြီးပြီပဲ"

"အချိန်တန်ရင်ဆိုတာ"

"ကန့်သတ်ချက် မရှိပါဘူး၊ ကျွန်မ နှုတ်ကရဲရင့်စွာ ပြော ရဲတဲ့အခါ ရှင့်မျက်နှာကို ကျွန်မကြည့်ပြီးပြောမှာပါ၊ ဒီအတွက် ဖုန်းဆက်တာဆိုရင် ကျွန်မ ဖုန်းချလိုက်တော့မယ်နော်"

"နေပါဦး ခွန်း"

"ဘာပြောစရာရှိသေးလို့လဲ"

"ကျွန်တော် ခွန်းနဲ့အတူ နေချင်ပြီ"

ဒီစကားထက် လှမည်ထင်သောစကားကို ခွန်းရှာ မတွေ့ချေ။ ထို့ကြောင့် ကမန်းကတန်း ပြောချလိုက်သည်။

ခွန်းက. . .

"ဘာတွေပြောနေမှန်း မသိဘူး" ဟု ရှက်ကိုးရှက်ကန်း ပြောပြီး တယ်လီဖုန်းချလိုက်သည်။ ခွန်း မျက်နှာရိပ်၌ ရှက်ပြုံး လေးတွေ ဝေဆာသွားမှာ သေချာသည်။

ရှက်ပြုံးမျက်နှာလေးကို ကွယ်ဝှက်ရန် အကောင်းဆုံး နားခိုရာမှာ ချစ်သူရင်ခွင်ဖြစ်ကြောင်း သိမည်ဆိုပါက။

နိုင်ခွန်းအား စိတ်ကူးယဉ်အိပ်မက်ကမ္ဘာတစ်ခု တည် ဆောက်ကာ ပျော်မြူးကြည့်လိုက်သည်။





စိတ်ကူးနဲ့ပဲ ရှုံးသွပ်ရတော့မှာလား ခွန်းရယ်။ အတွေး ဖြင့် တမ်းတလျက်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"မာမီ လစ်တုန်း ဖုန်းဆက်လိုက်တာ၊ နင် အဆင်ပြေ ရဲ့လား"

"ပြေပါတယ် ဖြူစင်ရာ၊ နစ်နေရော. . နင် ငါ့ကို သိပ်တွေ့ ချင်နေတယ်ဆို"

"အစကတော့ အန်တီ မခံချင်အောင်ရယ်၊ နိုင်ခွန်အား ဆိုတဲ့ ဟိုက်ဘော့စ်က သက်သက်မျက်နှာများပြီး အကြံအဖ လုပ်တယ်ထင်လို့ ပညာပေးရုံသက်သက်ပဲဆိုပြီး လိုက်လျော





တာ"

"ခုတော့ အချစ်နွံက ရုန်းမထွက်သာတော့ဘူး ဆိုပါ တော့"

"မဟုတ်ဘူး၊ အဲဒီလို မဟုတ်သေးဘူး၊ မိဘတွေပါလာ လို့ လုပ်ချင်တိုင်း လုပ်မရတာမျိုးပဲရှိပါတယ်၊ ဒါထက် ရှင့်ကိစ္စ အလျှင်ပြောပါဦး ဘယ်တော့လဲ"

"အမြွှာ စာမေးပွဲပြီးတဲ့နေ့ပဲ၊ ထွေးနဲ့ငါ အချိန်းအချက် လုပ်ပြီးပြီ၊ အမြွှာကလည်း ကူညီမယ်"

"ဟင် မြန်လှချည်လား"

"မြန်ဆို ဖြစ်မှမဖြစ်တော့တာ၊ အခြားသမက်လောင်း ရှာပုံတော် ဖွင့်နေပြန်ပြီလေ၊ နိုင်ခွန်အားထက်သာစေရမယ်တဲ့ လေ၊ ကျုပ်လဲ ရှက်လှပြီ၊ ဒါကြောင့် ထွေးတိုက်အိမ်ပြီးပြီ မပြီး ပြီး၊ တိုက်ခန်းကို ခြောက်လချုပ်ခိုင်းပြီး ငှားခိုင်းလိုက်ပြီ"

"ဝမ်းသာပါတယ်ဟာ ချစ်သူနဲ့အတူ နေခွင့်ရခြင်းဟာ အကောင်းခြင်းတစ်ရပ်လို့ ကျုပ်ထင်တာပဲလေ၊ ရှင့်အတွက် ကျုပ် ဝမ်းသာပါတယ်"

"ကျုပ်အတွက်ချည်းပဲ ဝမ်းသာမနေနဲ့ဦး ကိုယ်တွေ့ ဝမ်းသာမှုလေးလဲ ခံစားကြည့်ဦး၊ ဒါထက် ရှင်ပြောမယ့်ကိစ္စက ဘာလဲ"

"ဟုတ်ပါရဲ့ တိုင်ပင်ချင်လို့ပါဟာ"

ခွန်းက ဖြူစင်အား သူ့အကြံအစည်ကို ဖွင့်ဟလိုက် သည်။ ဖြူစင်ကရယ်ကာ

"အမြွှာနှစ်ကောင်ဆရာမ မပြောရဘူး၊ ခရှုလဲ အဆံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လူမှာလည်း အကြံနဲ့ဆိုသလို ဖြစ်နေပြီ၊ ရှင်ကတော့ ဒါကြောင့် အပျိုကြီးဖြစ်တာ စဉ်းစားလွန်းတာ လွန်ရော”

“အမယ်. . ရှင်ကရော ခုလောလောဆယ် အပျိုကြီး မဟုတ်လား”

“ထားပါတော့. . ထားပါတော့”

“မထားလို့ရော ရမလား၊ အိမ်ထောင်တစ်ခုက တည်ဆောက်တယ်ဆိုတာ လွယ်ကူတဲ့ကိစ္စမှ မဟုတ်တာ၊ ဘဝတစ်သက်တာရဲ့အရေးပဲ လွယ်လွယ်နဲ့ မဆုံးဖြတ်တာ အကောင်းဆုံးပဲ”

“ကျုပ်တော့ထင်ပါတယ်၊ ရှေးဖူးစာမှန်ခဲ့ရင်တော့ သိကြားမင်းဖျက်တောင် ပျက်နိုင်ပါဘူး၊ ရှင် ဆိုသလို ရှင်တို့တွေ ပျက်ပြယ်မှာ မဟုတ်ဘူးလို့ထင်တာပဲ”

ခွန်း ဖြူစင်ကို စောဒကမတက်တော့ဘဲ စကားလမ်းကြောင်းကို လွှဲလိုက်သည်။

“ရှင်လိုက်သွားရင် အန်တီတော့ ကျုပ်ကို လာရမ်းလား မသိဘူး”

“မရမ်းတော့ပါဘူး၊ ကျုပ် ကြီးကြီးကို အကျိုးအကြောင်း အားလုံးပြောပြထားပြီးသားပဲ၊ ကြီးကြီးက သူ့ညီမကို ဆူပူသံကြားရတယ်၊ ရှင့် မေမေကလဲ လာတွေ့သွားတယ်လေ”

“ဟုတ်လား”

ခွန်း အံ့အားသင့်သွားရသည်။ အမေ သူ့ကိုဘာမှပြော မသွားပါလား။

“ကျုပ်ကို ဘာမှပြောမသွားဘူး ဖြူစင်”





“မေ့သွားလို့လား ဒါမှမဟုတ် စကားမစပ်မိလို့ဖြစ်ပါလိမ့်မယ်”

“ကျုပ် သက်သေလိုက်ပေးရဦးမလား”

“မလိုက်နဲ့ ကြီးကြီးတို့နဲ့ ထွေးမိဘများက လိုက်ပေးမှာ”

ခွန်း ဖြူစင်အတွက် ဝမ်းသာသွားသည်။ ဖူးစာမှန်တာသား ငယ်ချစ်ဖြစ်၍ နှစ်ပေါင်းများစွာ ကြာညောင်းသော်လည်း ပြောင်းလဲတာလား။ ငယ်ချစ်ဖြစ်၍ ခိုင်မြဲခြင်းဖြစ်မှာပါ။

“ရှင့်တို့အတွက် ကျုပ် လိုအပ်တာကို လာကြည့်ပြီးမှ ထက်ဖွဲ့တော့မယ်”

“မလိုပါဘူး၊ ကျုပ်ကို ထွေးက အားလုံးပြည့်ပြည့်စုံစုံ ဖြစ်အောင် ဖန်တီးပေးပြီးသား”

“ယုံပါတယ် မိန်းမရယ်၊ ကဲ ရှင် အချိန်ရရင် ရှင့်ထွေးဆီ ဆက်တော့ ကျုပ် ဖုန်းချလိုက်တော့မယ်၊ ဘာပြောစရာ ရှိသေးသလဲ”

“မရှိတော့ဘူး၊ သူ ဒီနေ့မအားလို့ ရှင့်ဆီဆက်တာ မိန်းမရေ သိပ်အထင်မကြီးနဲ့. . ဒါပဲ. . ဒါပဲ”

ဖြူစင်က ဖုန်းအလျင်ချလိုက်သည်။

ခွန်းက သက်ပြင်းချလိုက်ပြီး ဖုန်းခွက်ချလိုက်သည်။

ချစ်ခြင်းသည် လူကိုလွှမ်းမိုး နိုင်စွမ်းရှိသည်ကိုတော့ ခွန်း သဘောပေါက်နေလေပြီ။

သို့သော် ကိုယ်တွေ့တော့ မခံစားရသေး။ နိုင်ခွန်အား နှင့်ပတ်သက်၍ ထူးခြားသောခံစားချက်က နှလုံးသားသို့ မရောက်လာသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခွန်အားကို မိမိမချစ်၍သာ ဘာခံစားချက်မှမရှိခြင်း ဖြစ်မည်။

အိမ်ထောင်ရေးကို အားနာခြင်း၊ ငဲ့ညှာခြင်းတွေနဲ့ တည်ဆောက်လို့ရော အဆင်ပြေနိုင်မလား။

"စိတ်ရှုပ်လိုက်တာ မမညိုရာ"

"ဘာကို စိတ်ရှုပ်တာလဲ ညီမရဲ့"

"အိမ်ထောင်ပြုရမှာကို ပြောတာ"

"နိုင်ခွန်အားလိုလူကို လက်ထပ်ရတာ ငါ့ညီမ မမှားနိုင်ပါဘူး"

"ဟင် ဘာဖြစ်လို့လဲ"

ခွန်းက မမညိုကို ကြည့်ပြီးမေးလိုက်သည်။

မမညိုက အင်္ကျီကိုလက်ချုပ်လိုက်နေရာမှ အသာနားလိုက်ပြီး ခွန်းအား ပြန်ကြည့်ကာ. . .

"ညီမကို တအားချစ်လို့ပေါ့"

"ဟင် ဟုတ်လို့လား၊ ကျွန်မတောင်မသိဘဲနဲ့ အစ်မ ဘယ်လိုလုပ် ဆုံးဖြတ်ချက်ပေးနိုင်ရတာလဲ"

"သူ့မျက်လုံးနဲ့ သူ့အပြုအမူတွေကြည့်ရင် သိတာပဲ ညီမကို တကယ်ချစ်ရှာတာ ဟန်ဆောင်တာ လုံးဝမဟုတ်ဘူး"

"ဟုတ်ရဲ့လား မမညိုရယ်၊ သူငယ်ချင်းတွေက ပြောကြတော့ သုံးဆယ်ကျော်မှ အိမ်ထောင်ပြုဖို့ဆိုတာ အရွယ်လွန်နေပြီဖြစ်လို့ ဦးနှောက်နဲ့ပဲ စဉ်းစားဆုံးဖြတ်ကြတာဆို နှလုံးသားနဲ့ မဟုတ်နိုင်တော့ဘူးလို့ ပြောကြတယ်"

"အချစ်ဆိုတာ ပုံသေကားချပ် တွက်ယူလို့ရတဲ့အရာ မဟုတ်ဘူး၊ တစ်ခါတစ်ရံ အချစ်ရဲ့ပေါက်ဖွားမှုဟာ အရွယ်နဲ့ မဆိုင်တာလဲ ရှိတတ်တယ်၊ နိုင်ခွန်အားရဲ့အချစ်ဟာ ညီမအပေါ် ပထမဆုံးနဲ့ နောက်ဆုံးအချစ်မျိုးဖြစ်မယ်"



မမညိုမြင်သလိုမျိုး သူ ဘာကြောင့် မမြင်ရသနည်းဟု ခွန်း အားမလိုအားမရဖြစ်မိလေသည်။

နှလုံးသားတံခါးပဲ မဖွင့်သေး၍ မမြင်တတ်သေးတာလား။

အမှန်တကယ်ပင် မိမိနှလုံး သားတံခါးသည် သံမဏိတံခါးကဲ့သို့ ခိုင်မာနေ၍လား။

နိုင်ခွန်အားအပေါ် အားလုံးကသနားကာ သဘောကျလက်ခံနေကြလေပြီ။

"ဘာသနားစရာလိုသလဲ အဆက်အက်ကပြည့်စုံနေတဲ့ သူတစ်ယောက်ကို"

ခွန်း နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။

မညိုက မဆီမဆိုင်ပြောလိုက်သော စကားကြောင့် ခွန်းအားပြုံးကာ

"ချစ်ခြင်းအစ သနားခြင်းကဆိုတဲ့ စကားရှိသလို မြတ်နိုးခြင်းက ဆိုတာလဲ ရှိတာပဲ၊ သနားစရာမရှိရင် မြတ်နိုးကြည့်လိုက်ပေါ့"

ခွန်းက ပြုံးရယ်ကာ. . .

"ကျားကိုစီး စားလို့မကုန်ကြီးကို မြတ်နိုးစရာမမြင်ပေါင်"

"ကဲ. . မမြင်ရင်လဲ ရေချိုးတော့ တော်ကြာမောင်တော်လာတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်"

ခွန်း မမညိုရဲ့စကားကို မငြင်းဆန်ဘဲ နိုင်ခွန်အား လာကာနီးကို ပြင်ပြင်ဆင်ဆင်နှင့် မသိမသာ စောင့်သော အလေ့အကျင့်တစ်ခုကို အချိန်တိုအတွင်း ရရှိနေပြီ။

ဒါဘာကြောင့်လဲ. . . .





# အခန်း(၃၅)

ခွန်းမျက်နှာပြင်၌ အတွေးရိပ်တို့ ယှက်သန်းနေသည်ဟု နိုင်ခွန်အားထင်လေသည်။

"ခွန်း နေမကောင်းဘူးလား"

"ဟင် မဟုတ်ပါဘူး"

"ခွန်းမျက်နှာ မကောင်းဘူး၊ အလုပ်ပင်ပန်းလို့လား"

"မဟုတ်ပါဘူး မပင်ပန်းပါဘူး၊ ကော်ဖီသောက်လေအားကုန်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခွန်းက မျက်နှာကိုပြင်ဆင်လိုက်သည်။

ဘာသောတမှ မရှိသည့်သဏ္ဍာန်မျိုး ပြောင်းလဲလိုက်သည်ဟု နိုင်ခွန်အား ယူဆလိုက်သည်။

မိမိကပဲ ခွန်းကိုမှန်တစ်ချပ်လို အရှိုပ်တကြည့်ကြည့်ရှိနေ၍လားမသိ။ ခွန်းမျက်နှာနှင့် သောကရိပ်တစ်ခု ယှက်သန်းနေသည်ဟု ထင်နေမိသည်။

ခွန်း၏လက်ရာ ကော်ဖီ ခါးဆိမ့်ဆိမ့်ကလေးကို အသာသောက်ရင်း ခွန်းမျက်နှာလေးကို အကဲခတ်နေမိသည်။

ခွန်းသည် သင်တန်းနည်းပြ ဟုမ်း(မ်)ကျူရှင်ပြ ဆရာမဖြစ်၍ပဲ အကျင့်ပါနေလား မသိ။ မျက်နှာက တည်ငြိမ်လွန်းလှသည်။ သို့သော် တစ်ခါတစ်ရံ၌လည်း ထိုဂုဏ်ပုဒ်ကို မေ့ထားပြီး လွတ်လွတ်လပ်လပ် ပြောဆိုရယ်မောသည့်အခါ အလှမှာအယဉ်ဆင့်ရုံမက ချစ်စရာကောင်းလောက်အောင် အပြစ်ကင်းစင်လွန်းလှလေသည်။

ဘာပဲပြောပြော ခွန်း၌ သောကတစ်ခုခု ရောက်နေပုံရသည်။

"ခွန်း"

"အင်"

"ခွန်းတစ်ခုခုဖြစ်နေလား ဘာ်အခက်အခဲရှိသလဲ ကိုယ်ဘာကူညီပေးရမှာလဲ"

ခွန်းက သူ့စကားကြောင့် သူ့ထံသို့အကြည့်ရောက်လာသည်။ မျက်ဝန်းရိပ်၌ ညိုးရိပ်ဆင်လျက်ရှိသည်။

"ကျွန်မဖွင့်ပြောဖို့ သင့်မသင့် စဉ်းစားနေတာ"





"ဘာကိစ္စကိုလဲ"

"ကျွန်မရဲ့လျှို့ဝှက်ချက်ကိုပါ ဖြူစင်ကိုပြောတော့ ဖြူစင်ကလည်း တားထားလို့. . ဒါပေမယ့်"

နိုင်ခွန်အား စိတ်အားထက်သန်စွာဖြင့် ကိုယ့်ကို မတ်ကာ ခွန်းမျက်ဝန်းကို စေ့စေ့ကြည့်လျက်. . .

"ဒါပေမယ့် ဘာဖြစ်သလဲ၊ ပြောစရာရှိပြောပါ၊ ကိုယ်ဝိုင်းစဉ်းစားပေးနိုင်သလို ခွန်းအတွက်ဆိုရင် ကူညီပေးဖို့လဲ အသင့်ပါပဲ"

ခွန်းက အသာရပ်လိုက်သည်။

ခွန်းသိပ်စိတ်လှုပ်ရှား နေကြောင်း သိသာနေသည်။

"ဟင့်အင်း ကျွန်မအတွက်မဟုတ်ဘူး ရှင့်အတွက်၊ ကျွန်မအတွက်ကဘာမှ ပြုပြင်လို့မရတော့ဘူး၊ ရှင့်အတွက်က အချိန်ရှိသေးတယ်"

"ခွန်း ဘာတွေလျှောက်ပြောနေတာလဲ"

နိုင်ခွန်အားက ခွန်းအနီး၌လိုက်ရပ်ပြီး ခွန်းကိုအုပ်မိုးကြည့်ကာ မေးလိုက်သည်။

နိုင်ခွန်အားရင်ထဲပူလောင်လှပြီ။ ခွန်းထံက မည်ကဲ့သို့သော တုန်လှုပ်ဖွယ်ရာစကား ကြားရလိမ့်မည်ကို မမျှော်မှန်းရဲအောင် ဖြစ်နေရသည်။

"ရှင် ကျွန်မကို ဘယ်လိုမြင်သလဲ"

"မြတ်နိုးစရာကောင်းတဲ့ မိန်းမမြတ်လေးတစ်ယောက်လို့ မြင်တယ်"

နိုင်ခွန်အား ရင်ထဲကစကားကို ဖွင့်ဟလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခွန်း မျက်နှာပျက်သွားသည်။

"ရှင် မျှော်မှန်းထားသလို မဟုတ်ရင်ရော"

"ခွန်း ဘာတွေပြောနေတာလဲ"

"ကျွန်မဟာ ရှင် ထင်ထားသလို စင်းလုံးချော သဲလဲစင် ခြောက်ပြစ်ကင်းစင်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး"

"ခွန်း. . ခွန်း. . ဘာတွေပြောနေတာလဲ"

ခွန်း၏လက်မောင်းနှစ်ဖက်ကို သတိလက်လွတ်ဆုပ်ကိုင်လိုက်မိသည်။

ခွန်း တုန်လှုပ်နေပုံရသည်။ သူ့ရဲ့ ဆုပ်ကိုင်မှုကို ဖယ်ရှားရင်း. .

"မဟုတ်ဘူး၊ ကျွန်မဟာ. . ရှင် တန်ဖိုးထားလောက်အောင်ကို မသန့်စင်ဘူး"

"ဘာ မသန့်စင်တာလဲ"

ခွန်း မျက်နှာမှာ နီရဲပြီး တစ်ကိုယ်လုံး တုန်ယင်လျက်ရှိသည်။ သူ၏သန်မာသောလက်ကို ဖယ်ရှားရန် မကြိုးပမ်းတော့ဘဲ မျက်ရည်ကရစ်ဝဲလာပြီ။

"ကျွန်မ. . ကျွန်မငယ်ငယ်က ရည်းစားတွေထားခဲ့ဖူးတယ်"

နိုင်ခွန်အားက ယခုမှရင်ထဲအလုံးကြီး ကျသွားသည့်အလားပြုံးရယ်ကာ. . .

"ဪ ဘာများလဲလို့ ခွန်းရယ်၊ ရင်ထိတ်လိုက်တာ"

ခွန်းက သူ့လက်ကိုဖြုတ်ချပြီး ဆက်တိ၍ ပြန်ထိုင်ချလိုက်သည်မှာ တုံကြိုးပြတ်သည့် နတ်သမီးလေးအလား ပုံ့ခနဲ





ရှိလေသည်။

ဖြူဖွေးသန့်စင်နေသော ခွန်း၏ပုံရိပ်လေးမှာ ကြောက်လန့်ဖွယ်ရာကောင်းသော အိမ်မက်၏ခြောက်လှန့်ခြင်းကို ခံနေရသည့်အလား ရှိနေသည်။

"ခွန်း"

"မဟုတ်ဘူး ဒါတင် မကသေးဘူး တစ်ယောက်နဲ့ ငြိငြိစွန်းဖူးတယ်၊ ဒါကြောင့် ခွင့်လွှတ်ပါ။ ကျွန်မ ဆက်မပြောတတ်တော့ဘူး"

ခွန်းက ပြောပြောဆိုဆို အိပ်ခန်းထဲဝင်ပြေးကာ ချက်ချလိုက်လေသည်။

နိုင်ခွန်အား ကြက်သေသေကာ ကျန်ရစ်ခဲ့လေသည်။

ဘာတွေဖြစ်ပျက်နေတာလဲ။ အိမ်မက်လေလား။

ခွန်းပြောသော တစ်ယောက်နဲ့ငြိစွန်းဖူးတယ်ဆိုတာ ဘယ်လို အတိုင်းအတာမျိုးလဲ။

နိုင်ခွန်အား ရင်ထဲနာကျင်လာသည်။ အဆုံးစွန်ဆုံး တွေးကြည့်လျှင် အနောက်တိုင်းနိုင်ငံများကဲ့သို့ အတူတကွနေထိုင်ခြင်းကို ဆိုလိုတာလား။ ဒါမှမဟုတ် သမားရိုးကျ ငယ်ရွယ်စဉ် မနူးမနပ်အရွယ်မှာ ဆိတ်ကွယ်ရာ၌မှားယွင်းခဲ့မှုမျိုးလား။

ဘာတွေလဲ။ နိုင်ခွန်အား မတွေးရဲအောင်ဖြစ်မိသည်။

ခေါင်းငိုက်စိုက်ကျကာ စဉ်းစားနေစဉ်. . .

"မောင်နိုင်ခွန်အား"

မညိုက သတိပေးသည့်အနေနဲ့ ခေါ်လိုက်သည်။ သူ ခေါင်းထောင်ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမညို ကျွန်တော် သူနဲ့တွေ့ချင်သေးတယ်"

"ခုတော့ တွေ့လို့ဖြစ်ဦးမှာ မဟုတ်ဘူး ထင်တယ် ညီ သိပ် စိတ်ထိခိုက်နေတယ်၊ ငယ်စဉ်ဆိုတော့လဲကွယ် ကိုယ့်စိတ်ကို ကိုယ်မထိန်းချုပ်နိုင်တဲ့အခါမျိုး သွေးဆောင်မှုမှာ လိုက်ပါသွားတတ်တဲ့အခါမျိုးမှာ မှားတတ်ကြတယ် ညီမလေးလဲပဲ"

နိုင်ခွန်အား ထိုင်ရာမှ ထလိုက်သည်။

"တော်ပါတော့ မမညို ကျွန်တော်မကြားရဲဘူး၊ ကျွန်တော် ပြန်ဦးမယ် ညရောက်မှဖုန်းဆက်မယ်လို့ ခွန်းကိုပြောလိုက်ပါ၊ ပြီးတော့ ဂရုစိုက်စောင့်ကြည့်လိုက်ပါဦး မမညို အရေးကြီးရင်ဖုန်းဆက်ခေါ် လိုက်နော်"

နိုင်ခွန်အား ခွန်းအပေါ် စိတ်မချနိုင်စွာဖြင့် တဖွဖွမှာပြီး ပြန်ထွက်ခဲ့လေသည်။ ရင်မှ ထိရှနာကျင်လျက်ရှိသည်။

မျှော်မှန်းထားသလို ဖြစ်မလာသဖြင့် ရင်နာလှပြီ။

ခွန်း အပေါ်၌ ဂရုဏာဒေါသ အပြစ်တင်ချင်သော်လည်း မတင်ရက်. . .

နှမြောစိတ်ကတော့ ရင်ထဲမှာ နေရာအပြည့်. . .

ဒီကိစ္စကို ခွန်းဖွင့်မပြောလည်း သူမသိနိုင်ပါ။ ခွန်း၏မိုးသား ဖြောင့်မတ်မှုကို သူ ချီးကျူးရမည်လား။

သူ ဝမ်းနည်းကြေကွဲစွာဖြင့် ခွန်းအိမ်မှပြန်လာခဲ့လေသည်။







# အခန်း(၃၆)

အမြွာညီနောင် ပြန်သွားသည်နှင့် အိပ်ရာဝင်ခဲ့သည်။ တယ်လီဖုန်းကို ကုတင်ဘေး၌ထားကာ နဖူးပေါ် လက်တင် စဉ်းစားနေမိသည်။

တုန်လှုပ်ချောက်ချားစွာဖြင့် သွေးဆုတ်သွားသော နိုင်ခွန်အား၏ မျက်နှာကို တမြေ့မြေ့မြင်ယောင်နေမိသည်။

ယောကျ်ားများသည် သူတို့ဘယ်လောက်ပဲ ပွေရှုပ်ရှုပ် သူတို့ ယူသော မိန်းမကိုတော့ ကမ္ဘာပေါ်မှာ အသန့်ရှင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



အစင်ကြယ်ဆုံး ဖြစ်ချင်ကြသည်ဟု အတွေ့အကြုံရှိသော အိမ်ထောင်သည်တို့ ပြောသံကိုကြားဖူးသည်။

ဟုတ်မှာပါ။

နိုင်ခွန်အား မျက်နှာပျက်သွားပုံက မျှော်လင့်ချက်တို့ သဲထဲရေသွန်သကဲ့သို့ သွန်ချခံလိုက်ရသည့် အလား ရှိနေသည်။

"တူး. . တူး. . တူး. . တူး. ."

တယ်လီဖုန်းခေါ်သံထွက်လာသည်။

နိုင်ခွန်အားထံမှဟု အတတ်သိသော်လည်း ရုတ်တရက် မကိုင်ရဲနိုင်အောင် ဖြစ်နေမိသည်။

လေးငါးကြိမ်ခေါ်တော့မှ ဖုန်းကို အသာယူကိုင်လိုက်သည်။

"ဟဲလို"

"ခွန်း"

"ပြောပါ"

တယ်လီဖုန်းထဲမှာဖြစ်၍ ခွန်းရဲရင့်နေသည်။ ခွန်း လက်မောင်းကိုလည်း ဆုပ်ကိုင်နိုင်မည်မဟုတ်ပေဘဲ သူ၏ ဆုပ်ကိုင်မှုကြောင့် ခွန်းလက်မောင်းလေးများ ယခုတိုင် ထုံအမ်းနေသယောင်ယောင် ထူးပူစွာခံစားနေရဆဲဖြစ်သည်။

"ခွန်း ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ်ခွင့်လွှတ်တယ်၊ ဒီအကြောင်းတွေ အတိတ်မှာ ပြည့်ဖုံးကား ချထားခဲ့ပြီမဟုတ်လား"

ခွန်း ရင်၌ ထူးထူးခြားခြားလှိုက်ဖိုကာလာသည်။

ခွင့်လွှတ်တယ်တဲ့လား။

ဒါသဘောထားကြီးတာလား။





ဝန်မတို တတ်တာလား။ ဝန်မတိုတတ်ခြင်းဟာ အချစ်မကြီးလို့လား။

"ခွန်း"

". . . ."

"ခွန်း မင်းဘာဖြစ်နေတာလဲ နေကောင်းရဲ့လား၊ ကိုယ်ပြောတာ ကြားရဲ့လား"

"ကြား. . ကြားတယ်"

"ဒါဖြင့် ကိုယ်ပြောမယ် ခွန်း သေသေချာချာနားထောင်ပေးပါ"

". . . . ."

ခွန်းရင်ထဲ တကယ်ပင် လှုပ်ခတ်လာသည်။ ရင်ဖိုခြင်း၊ ရင်ခုန်သံနှုန်းမြန်ခြင်း ဆိုတာတွေကိုပါ ခွန်း ခံစားနေရလေပြီ။

"ခွန်း အတိတ်မှာ ဘာတွေ ရှိခဲ့ရှိခဲ့ ဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ်အရေးမစိုက်ဘူး၊ ဒီအတွက်လဲ ကိုယ့်အချစ်ဟာ မပြောင်းလဲသွားဘူး ခွန်းသာ ခွင့်ပြုရင် ချက်ချင်းလက်ထပ်ဖို့ ရည်ရွယ်ချက်ဟာ ပြောင်းလဲသွားမှာ မဟုတ်ဘူး"

ခွန်းရင်ထဲ ကျင်တက်သွားသည်။ ကြက်သီးမွေးညှင်းလေးများ ထောင်ထပြီး အေးစိမ့်သွားအောင် ထူးခြားသော ခံစားချက်တစ်မျိုးကို ခံစားလိုက်ရသည်။

ပီတိလေလား။ မျက်ရည်များ ဆို့တက်လာသည်။

"ခွန်း"

"အင်"

မပီသသော လည်ချောင်းသံကိုသာ ပေးလိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမှန်တကယ်ပင် မျက်ရည်များက ပါးမို့လွှင်ပြင်ကို ဖြတ်ကျော်ကာ စီးကျသွားလေသည်။

တစ်ဖက်သား၏ချစ်ခြင်းကို သိရှိခြင်းကြောင့် ဖြစ်ပေါ်လာသော ပီတိမျက်ရည်ပေလား။

"ငိုနေလား. . ခွန်း"

"အင်း. . ဟင့်အင်း"

"မငိုပါနဲ့ ခွန်းရယ်၊ ပြီးတာတွေပြီးခဲ့ပါပြီ ဒီကိစ္စကိုလဲ ခွန်း ကိုယ်ကလွဲရင် ကိုယ့်မိဘတွေကိုလဲ လုံးဝအသိမပေးပါနဲ့ ကိုယ့်လို ဘယ်သူမှ သဘောထားကြီးနိုင်မယ်မထင်ဘူး၊ ကိုယ်ကလဲ ခွန်းအပေါ် ထားရှိတဲ့အချစ်က အရာရာကို လွှမ်းမိုးအနိုင်ယူနိုင်လွန်းလို့ပါ၊ သိပ်ပြည့်ဝတဲ့လူတော့ မဟုတ်ပါဘူး"

ခွန်းမျက်ရည်ကြားက ပြုံးမိလေသည်။

ကျေနပ်မှုပီတိကတော့ နှလုံးသားတိုင်အောင် စိမ့်ဝင်သွားလေပြီ။

"ခွန်း"

"အင်"

"နောက်ကို ဒီအကြောင်းတွေမပြောကြေးနော်. . ခွန်း ကိုယ့်ကို ကတိပေး"

"ကျွန်. . ကျွန်မ တောင်းရမယ့် ကတိပါ"

"ဒီလိုဆို ခွန်းကိုယ့်ကို လက်ထပ်မှာလား"

"အင်း"

"ဟာ. . ခွန်းရယ်. . တကယ် တကယ်နော် "

"အင်းပါဆို"





"ဟာ. . ဝမ်းသာလိုက်တာ မေမေတို့ကို ရက်ကောင်းရက်မြတ်ရွေးပြီး သွားကြောင်းလမ်းလိုက်တော့မယ်နော်"

ခွန်း မျက်လုံးပြူးသွားလေပြီ။

ဒီအချက်လေးတစ်ချက်နဲ့ ယောကျာ်းတစ်ယောက်ကို ဖြန်းစားကြီး ယူလိုက်ရတော့မှာလား၊ အိမ်ထောင်ရေးဆိုသည်မှာ မြလုပ်ပြီးသွားလျှင်ပြင်၍ မရသော အလုပ်ကြီးတစ်ခုပင်. .

"နေပါဦး မလောပါနဲ့ အမြွှာစာမေးပွဲပြီးတဲ့တိုင်အောင် အင့်လက်စသင်တန်းပြီးဆုံးချိန် အိမ်ပြန်မှလို့ ပြောပြီးပြီပဲ၊ ဘယ်လောက်မှမကျန်တော့ဘူး သုံးပတ်လောက်ပဲ ရှိတော့တာကိုး"

"ခွန်းကို ကိုယ် စိတ်မချဘူးကွာ"

"ဘာစိတ်မချတာလဲ"

"ခွန်း ပြောင်းလဲသွားမှာကို"

"ဘာကိုပြောင်းလဲမှာလဲ"

"ခွန်း ကိုယ့်ကိုလက်မထပ်နိုင်ဘူးလို့ ပြောင်းလဲသွားဆိုက်မှာ စိုးရိမ်လို့ပါ"

"ပြောင်းပြန် ဦးနိုင်ခွန်အားရယ် မိန်းကလေးရှင်ဘက်က စိုးရိမ်ရမယ့် ကိစ္စပါ"

ခွန်းက နိုင်ခွန်အားယုံကြည်လာစေရန် အယုံသွင်းစကားကို ပြောလိုက်သည်။ ခွန်းဆန္ဒအရဆိုရင် မိန်းမတစ်ယောက်အနေဖြင့် ယောကျာ်းရှင်ဘက်အား ခပ်ညှို့ညှို့စကားမျိုးကို ပြောဆိုမည်မဟုတ်။ သို့သော် နိုင်ခွန်အား၏ယုံကြည်ခြင်းကို မိမိကအလိုရှိနေသူဆိုတော့လည်း သဏ္ဍာန်လုပ်သရုပ်တူစေရန် ပြောဆိုနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွန်း"

"ပြောလေ"

"ခွန်း ကိုယ့်ကိုလက်ထပ်ဖို့ လက်ခံလိုက်ပြီဆိုတော့ ခွန်း ကိုယ့်ကိုချစ်နိုင်ပြီလို့ဆိုလိုတာလား"

နိုင်ခွန်အားကလည်း တယ်လီဖုန်းထဲမှာဖြစ်၍ သည် တွေ ကောင်းနေတာလား ပြောဆိုရဲနေလေပြီ။ ခွန်း မျက်နှာလေး ထူပူသလို ခံစားလိုက်ရသည်။

"ခွန်း ဖြေလေကွာ"

"မသိဘူး မမေးနဲ့"

နို့ သွားလေပြီလား။

ဖုန်းကိုချပစ်လိုက်ရန် ရည်ရွယ်ပြီးမှ မချဖြစ်။ သူ ပြောဦးမလဲ သိချင်နေသေးသည်။

"ခွန်းရယ် ရှေ့နောက်စကားတွေနဲ့ ဆက်စပ်ကြည့်ပြီး ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ်ကောက်လိုက်ရမလား"

"မကောက်နဲ့"

"ဒါဖြင့် ခွန်းပြော"

"......"

"ပြောလေ"

"ထင်တာပဲ"

"ဟာ. . ခွန်း"

ခွန်း တုန်လှုပ်စွာဖြင့် တယ်လီဖုန်းစကားပြောခွက်ကို ချလိုက်သည်။

ဖုန်းမြည်သံ ထွက်လာရာ ခွန်း တုန်ယင်စွာဖြင့် တယ်လီ





ဖုန်းပလပ်ကို ဖြုတ်လိုက်သည်။

ဘုရားရေ မိမိသည် နိုင်ခွန်အားအားချစ်ပါသည်ဟု တိုက်ရိုက်အဖြေမပေးမိသော်လည်း အလားတူအဖြေမျိုးပေးနေ ရော. . .

သို့ဆိုလျှင်

မနက်ဖြန် သူလာလျှင် ချစ်သူဘဝတွေဆုံမှုမျိုး တွေဆုံ ရမှာလား။ ဟာ မဖြစ်သေးပါဘူး. . .

ခွန်း ရင်ခုန်ခြင်းနှင့်အတူ အတွေးများ ယောက်ယက် ခတ်လျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၇)

ခွန်းထံ သွားဖို့အရေး အလုပ်တွေကို သိမ်းကြုံးလုပ်လိုက်သည်။ ခွန်းထံ၌ အချိန်ကြာကြာ နေချင်သည်။

ယခင်နှင့်မတူတော့။

ခွန်း သူ့အချစ်ကို လက်ခံလိုက်ပြီဆိုတော့ ခွန်းနှင့်သူ့ သူဘဝကို ရောက်သွားလေပြီ။

ခွန်း၏ချစ်မျက်ဝန်းလေးကို သူ တွေ့ချင်လာပြီ။

တယ်လီဖုန်းက မြည်လာသေးသည်။

"ဟယ်လို နိုင်ခွန်အား ပြောနေပါတယ်"





"ဦးနိုင်ခွန်အား"

သူ့ခန္ဓာကိုယ် မတ်သွားသည်။

"ခွန်း ကိုယ်အခုပဲလာတော့မလို့"

"အဲဒါကြောင့်ဆက်တာ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ မအားဘူး ဘုရားကိုးဆူသွားဖူးရင်း သူငယ်ချင်းအိမ်မှာအိပ်မလို့"

"ဟင် ကိုယ်လိုက်ပို့ပေးမယ်လေ"

"ရတယ် မပို့နဲ့ သူငယ်ချင်းလာကြိုနေပြီ ဒါပဲနော်"

"ခွန်း"

သူလှမ်းတားလိုက်သော်လည်း ခွန်းဖုန်းချသွားလေပြီ။ ဆပ်ဆက်သော်လည်း မကိုင်တော့သဖြင့် ဖုန်းပလပ်ဖြုတ်ထားသည်ဟု ယူဆလိုက်သည်။

ခွန်းဟာ သူ့အပေါ်၌ အလေးအနက်မထား၊ အချစ်ကို တန်ဖိုးမထားတတ်သူထင်ပါရဲ့. . .

သူ့အားအင်များ လျော့ပါးသွားသလို ခံစားလိုက်ရသည်။

တစ်ဖက်သား၏စိတ်ဆန္ဒကို နားလည်ခံစားမှုမျိုး ခွန်းမှာ ရှိနိုင်ပါ့မလား။

မတတ်သာတော့။ မိမိကချစ်မိနေပြီကိုး ခွန်းပြုသမျှ နေရတော့မည့် အနေအထားမျိုးဖြစ်နေပြီ။

ပလတ်စတစ်လောင်းထားသော ငါးထောင်တန်ငွေစက္ကူလေးမှ ခွန်းလိပ်စာလေးကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာရေးနတ်မင်းက မိမိထံသို့ရောက်အောင် ပို့လွှတ် လိုက်သော်လည်း ကျန်ကိစ္စများကိုတော့ ဥပေက္ခာပြုထားသည် မျက်နှာလွှဲခဲပစ် လုပ်ထားသည်ထင်ပါရဲ့ ခွန်းထံမှ လှိုက်လှဲသော တုံ့ပြန်မှုမရသေးချေ။

အာကာ့ထံမှ နည်းပညာယူရအောင်ကလည်း လက် ထပ်ပြီး ဟန်းနီးမွန်းထွက်သွားလေပြီ။

သူများသားသမီးတွေများ ကံကောင်းလိုက်သည့်ဖြစ် ခြင်း။

အလုပ်တွေလည်း ပြီးပြီဆိုတော့ အိမ်ပြန်ပြီး မိခင်ထံ မိန်းမသားတွေနှင့်ပတ်သက်သော လျှို့ဝှက်ချက်များကို မေးမြန်း ရင်း ညစာထမင်းသွားစားတာပဲ ကောင်းမည်ဟု ဆုံးဖြတ်ပြီး အိမ်ပြန်ခဲ့လေသည်။

အိမ်သို့စောစီးစွာပြန်လာသော သူ့အား အမေက မြင် မြင်ခြင်း. . .

"ဟဲ့ အနောက်အရပ်က နေထွက်တော့မယ်ထင်တယ် ငါ့သား အိမ်ကို အစောကြီးပြန်လာပါလား" ဟုလည်း နောက် ဆက်တွဲ စိုးရိမ်ပူပန်စွာ မေးလိုက်သေးသည်။

"ကောင်းပါတယ် ဒီညနေ မေမေတို့နဲ့ ထမင်းစားမယ်

"ဟုတ်လား ဒီလိုဆို သားအဖကြိုက် ဟင်းလေး မေမေ ထပ်ပြင်လိုက်ဦးမယ်"

"နေပါစေ မေမေ၊ ရှိတာနဲ့ပဲ စားတော့မယ်"

ရှိတာဆိုတာတောင် သုံးလေးမယ်တော့ ရှိပြီးသား သူအတတ်သိသည်။





"ဒါဖြင့် သား ရေချိုးလိုက်တော့ ငါးနာရီခွဲရင် ထမင်းစား ကြမယ်လေ"

"ဟုတ်ကဲ့"

"ဒါထက် သားဒီနေ့ ခွန်းဆီ မသွားဘူးလား"

"ခွန်းက ဘုရားကိုးဆူသွားမှာမို့လို့ သားကို မလာဖို့ န်းဆက်တယ်"

"သြော် ဒါကြောင့်ကိုး"

မိခင်ကတော့ သူ၏မျက်နှာပျက်ရခြင်း အကြောင်းရင်း ကို ရှာဖွေတွေ့ရှိသွားလေပြီ။

"ဖေဖေရော"

"ဂေါ့ဖ်ရိုက်သွားတယ် နိုင်တဲ့အဖွဲ့က ကျွေးကြေးဆိုတော့ ညစာ အိမ်မှာမစားတော့ဘူးတဲ့လေ မိုးချုပ်မှပြန်လာလိမ့်မယ်၊ မေတစ်ယောက်တည်းပျင်းနေတာနဲ့ သားလာတော့ အတော် တဲ. . သွား. . သွားရေသွားချိုးလိုက်ဦး"

အိမ်ရှင်မတစ်ယောက် တစ်ခါတစ်ရံ အထီးကျန်နိုင်မှုကို ူ တွေ့မြင်လိုက်ရသည်။

မိမိဖခင်က မိန်းမ မချစ်၍တော့မဟုတ်။ ချစ်သည်။ သော် တစ်ခါတစ်ရံ ဂေါ့ဖ်ရိုက်ရင်း ပါတနာများနှင့် အဖွဲ့ကျ င်တော့ မိန်းမနှင့်သားကို မေ့နေတတ်သည်။ ကျန်မည်သည့် စ္စမှုတော့ အပြစ်ဆိုစရာမရှိအောင် ကောင်းနေသည်။

သူမှတ်မိသမျှအရွယ်မှစ၍ ယနေ့အထိ မိဘနှစ်ပါး သည် ခွန်းကြီးခွန်းငယ်နှင့် စကားများသည်ကို တစ်ခါမှမတွေ့ဖူး ချေ။ တစ်ယောက်က နည်းနည်းတင်းမာပြီဆိုလျှင်. . တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က လျှော့ပေးလိုက်ခြင်းဖြင့် ရန်ပွဲဆိုတာကို သူ မကြုံခဲ့ချေ။

မိမိနှင့် ခွန်း အိမ်ထောင်ကျလျှင်ရော မိဘနှစ်ပါး၏ အိမ်ထောင်ရေးကဲ့သို့ အဆင်ပြေနိုင်ပါ့မလား။

"သား ရေချိုးတာ ကြာပြီနော်"

"ပြီးပြီ မေမေ"

အတွေး၌ ခွန်းက စိုးမိုးလွှမ်းလှသည်။ ရေချိုးလည်း ခွန်း၊ ထမင်းစားလည်း ခွန်းပါပဲလား။

"သား ကြက်ဟင်းခါးသီး ဝက်သားရောင်ချက်လေး"

"ခွန်းလည်း မေမေလိုပဲ ချက်တတ်တယ်"

"တယ်ဟုတ်ပါလား ခွန်းနဲ့သား တော်တော်အဆင်ပြေနေပြီ ထင်တယ်"

"အပြေကြီးတော့ မဟုတ်ပါဘူး။ သားအချစ်ကိုတော့ အသိအမှတ်ပြုတယ် ပြောတာပဲ"

မိခင်ဆီက အသံမထွက်သောအခါ သူ မိခင်ကို ကြည့်လိုက်သည်။ မိခင်က သူ့အား ပြုံးကြည့်နေသည် ဖြစ်၍ သူ မလုံမလဲဖြစ်သွားပြီး. . .

"မေမေက သားကို ဘာဖြစ်လို့ ကြည့်တာလဲ"

"ကိုယ့်သားမို့လို့ ပြောတာမဟုတ်ပါဘူး၊ တကယ် ငါ့သားလေးက ဖျစ်လွှန်းအားကြီးတယ်၊ မိန်းမတွေရဲ့စိတ် နားမလည်သေးရှာပါလားလို့ တွေးမိပြီး သဘောကျလို့ကြည့် တာ. . ."

"မေမေကလည်းဗျာ သားမှ ရည်းစားမထားဖူးပဲ"





"မထားဖူးတာပဲ ကောင်းတယ်"

"ခွန်းက သားအချစ်ကို လက်ခံနိုင်ပြီဆိုတာ သားတို့ ချစ်တယ်လို့ အဖြေပေးလိုက်တာလား မေမေ"

"ဒါပဲပေါ့"

"ဟင်. . တကယ်လား မေမေ"

"တကယ်ပေါ့ ဘယ်တုန်းက လက်ခံလိုက်တာလဲ"

"မနေ့ညက ဖုန်းထဲမှာ"

"ဪ. . ဒါကြောင့် သားကိုဒီနေ့ မလာရအောင် ဖုန်းဆက်တာကိုး"

"ဘာဖြစ်လို့လဲ မေမေ"

"ရှက်လို့နေမှာပေါ့"

"ဟင်"

နိုင်ခွန်အား ဝမ်းသာလုံး ဆို့သွားသည်။

"သား ဘာလုပ်ရမလဲဟင်"

" ဘာမှမလုပ်နဲ့ ဒီည ဖုန်းဆက်လည်း ဖုန်းပလပ်ဖြုတ်ထားလိမ့်မယ်၊ မနက်ဖြန် အစောကြီးထပြီး သူ့ကို ပန်းစည်းတစ်စည်းသွားပို့ပြီး ဝမ်းသာကြောင်း၊ ကျေးဇူးတင်ကြောင်း သွားပြောပေါ့"

"ကျေးဇူးတင်ကြောင်း"

"ဟုတ်တယ်လေ သားအချစ်ကို အသိအမှတ်ပြုတယ်၊ လက်ခံတယ်ဆိုတာကို သား သူ့ကို ကျေးဇူးမတင်ဘူးလား"

"တင်တာပေါ့"

"အမှန်ဆို ဒီမနက် စောစောကတည်းက သွားလုပ်



www.burmeseclassic.com

www.burmeseclassic.com



သင့်တာ၊ မေမေ့ကို မနေ့ညကတည်းက နှိုးပြောရင် မေမေတ အကြံပေးမှာပေါ့”

နိုင်ခွန်အား အိမ်ကိုစောစီးစွာ ပြန်လာရကျိုးနှင့် မိခင်ကို ဖွင့်ပြောရခြင်းအတွက် ဒိဋ္ဌအကျိုးခံစားလိုက်ရလေသည်။ ပျော်ရွှင်သွားသည်။

“ဒါကြောင့် မေမေ့ကို ချစ်တာ”

“ အပိုမပြောပါနဲ့ ခွန်းမှ ခွန်းဖြစ်နေပြီတော့ ခွန်းကိုများ မရရင် သေများသေသွားမလား မသိပါဘူးတော်”

“ဟုတ်မယ် ထင်တယ်”

“ တော်စမ်းပါ ယောကျာ်းသိက္ခာကျတဲ့ စကား မပြောနဲ့၊ ရကိုရရမယ်၊ ရအောင်ကို ယူရမယ်နော်၊ လိုအပ်ရင် မေမေ့ကို ဖွင့်ပြော မေမေကူညီမယ်”

နိုင်ခွန်အား တွေဝေသွားသည်။ ခွန်းပြောပြသော လျှို့ဝှက်ချက်ကိုတော့ မိခင်အား မပြောရန် ဆုံးဖြတ်ပြီးသားပင်။ ကျန်ကိစ္စများကိုသာ လိုအပ်ပါက ဖွင့်ပြောမည်။ ခွန်းအပေါ် အထင်သေးစေမည့်ကိစ္စဆိုပါက သူ့ရင်ထဲ၌သာ သိမ်းဆည်းထားလိုက်တော့မည်။ ခွန်းကို မိမိမိဘနှင့်ဆွေမျိုးအားလုံး ချစ်ခင်နေတာကိုပဲ အလိုရှိသည်။

“သား ဘာစဉ်းစားနေတာလဲ”

“သားကို သူ လက်ထပ်မှာပါနော် မေမေ”

“အိုးတ မပူ စလောင်းက ပူဆိုတာ ဒါမျိုးပေါ့၊ မပူပါနဲ့ သားရယ် နာမည်ပျက်စရာရှိရင် မိန်းကလေးရှင်ဘက်ကသာ ပျက်ပြီး နစ်နာစရာရှိလည်း မိန်းမဘက်ကပဲ၊ ဒါကို ခွန်းနားလည်





မှာပါ၊ သားကို ဒီအတိုင်းအတာထိ လက်ခံတယ်ဆိုကတည်းက ခွန်း သားကို လက်ထပ်နိုင်လို့ပါ၊ ဘာမှ စိုးရိမ်ကြောင့်ကြနေစရာ မလိုပါဘူး သားရယ်”

နိုင်ခွန်အား ဖြေသာစရာ ရသွားလေပြီ။

ရင်ထဲမှာလည်း ပျော်ရွှင်ခြင်း နတ်သားလေးတို့ ကခုန်မြူးတူးနေကြလေပြီ။

နိုင်ခွန်အားအတွက် တစ်ဘဝမှာ တစ်ယောက်တည်း ချစ်မိခြင်းဖြစ်၍ ထိုအချစ် ဆုံးရှုံးသွားမှာကို မိုးပြိုမှာစိုးသော ကစ်တီတူးငှက်ငယ်လို ကြောက်လန့်မှုတွေကြောင့် မိုးကို ကျားတန်အိပ်ရသည့်ပမာ ဖြစ်နေလေပြီ။

လောလောဆယ်တော့ မိခင်ထံမှ အကြံဉာဏ်ကောင်း ရရှိသဖြင့် သူ ပျော်ရွှင်နေလေပြီ။

မနက်ဖြန် ခွန်း နံနက်စောစော သင်တန်းမသွားမီ အမီသွားရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

အိပ်ရာထ နိုးထလာသော မိုးသောက်ယံတေးကို သီဆို တတ်သည့် ငှက်ကလေးများနှင့်အတူ လူပ်ရှားရသည်။ ကိုယ် လက်သန့်စင် ရေချိုး၊ အဝတ်လဲပြီး မမှုညိုဖျော်ပေးသော ကော်ဖီ ကို ကမန်းကတန်း သောက်နေစဉ် လျှပ်စစ်ခေါင်းလောင်းသံထ မြည်လာသည်။

မြို့ထဲသို့ ပြောင်းရွှေ့ပြီးကတည်းက ကျောက်ကုန်းရှိ သင်တန်းသို့သွားရန် သိပ်အဆင်မပြေလှ။





အငှားကားနှင့်သာ သွားလာနေရ၍ ကားခကုန်လှပြီ။

သို့သော် သူတာဝန်ယူထားသော ကွန်ပျူတာသင်တန်း အခန်းပိုင်းက ပြီးဆုံးခါနီးနေပြီ။

"စောစောစီးစီး"

ဘုရားရှိခိုး ဦးချနေစဉ် မမညို့ တံခါးသွားဖွင့်ပေးသည်။ ဘုရားဦးချအပြီး ခေါင်းမော့လိုက်စဉ် မျှော်လင့်မထားသော ဧည့် သည်ကြောင့် အံ့ဩသွားရသည်။

"ဟင်. . စောစောစီးစီး"

နှင်းဆီပန်းစည်းကြီးကို ပိုက်ထားပြီး ရပ်နေသော နိုင် ခွန်အားကြောင့် စိတ်ရှုပ်သွားရသည်။

"ခွန်းကို ကျေးဇူးတင်ပါတယ်"

ခွန်းက ကြမ်းပြင်ထက်မှ ထလိုက်ပြီး

"ဘာအတွက်လဲ"

"ကိုယ့်အချစ်ကို လက်ခံတဲ့အတွက်ပါ"

ခွန်း မျက်နှာထူပူသွားသည်။ သူစိမ်းယောကျ်ားတစ် ယောက်နှင့် အချစ်အကြောင်း နဖူးတွေ့ဒူးတွေ့ ပြောရမည်ဆို တော့ မျက်နှာမထားတတ်အောင် ဖြစ်ရသည်။

ပန်းစည်းကို ကမ်းပေးနေသေးသည်။

"ဘုရားတင်ရအောင်ပါ"

"ကျေးဇူး"

ပန်းစည်းကို လှမ်းအယူ လက်ချင်းထိတွေ့မှုတွင် ရင်ခုန် သံစဉ်တွေ မြန်သွားသည်။

"ခွန်း သင်တန်းသွားမလို့လား ကိုယ်လိုက်ပို့ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ"

"နေပါစေ တက္ကစီနဲ့ပဲ သွားမယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ သူစိမ်းယောကျာ်းတစ်ယောက်ရဲ့ကားကို မစီးချင်ဘူး"

"တက္ကစီသမားတွေက ခင်ဗျားအမျိုးတွေမို့လား"

နိုင်ခွန်အား ဘုတောလိုက်သည်။

ခွန်း ရုတ်တရက် အံ့အားသင့်သွားရာမှ ရယ်ချင်သွားသည်။

"မမညို ပန်းလာယူပါဦး"

မမညိုကို ပန်းစည်းကမ်းပေးလိုက်ပြီး ရှလင်းဘက်အိတ်ကို ဆွဲယူလိုက်သည်။

နိုင်ခွန်အား၏ဘုတောမှုကို ကလေးဆန် လိုက်တာဟု တွေးမိကာ ပြုံးမိပြီး. . .

"ဒါကတော့ မတူဘူး၊ အငှားယာဉ်မောင်းနဲ့ ငှားရမ်းခပေးသူ ခရီးသည်ပဲ၊ ရှင်နဲ့ကျတော့. ."

"ဒါဖြင့် ပရိုက်ဗိတ်တက္ကဆီဗျာ၊ ခင်ဗျားပေးချင်သလောက်ပေး လိုက်ပို့ပေးမယ်၊ ဖြူစင်အမျိုးသားကားကိုတော့ ခင်ဗျားစီးတယ် မဟုတ်လား"

"ထွေးက ကျွန်မတို့ငယ်သူငယ်ချင်းလေ. . တူမလား ရှင်က ကျွန်မကိုရယူချင်နေတဲ့သူဆိုတော့ ရှင့်ကား ကျွန်မစီးရဲပါ့မလား"

နိုင်ခွန်အား မျက်နှာ နီရဲသွားပြီး. . .





"ကိုယ့်ဂုဏ်သိက္ခာကို မစော်ကားနဲ့"

"ဟုတ်သားပဲ ညီမရယ်၊ မောင်နိုင်ခွန်အားကို အားနာစရာကွယ်၊ လိုက်သွားလိုက်ပါ အခြားသူတွေမှ မဟုတ်ကြပဲ"

"ကဲ. . ဒါဖြင့် အချိန်နည်းနည်း ပိုရသွားပြီ၊ ဦးနိုင်ခွန်အား ကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါဦးလား"

"အိမ်က သောက်ခဲ့ပြီ"

နိုင်ခွန်အား မျက်နှာပြန်လည် ကြည်လင်သွားသည်။ ဗီဘီကလေးတစ်ယောက်လိုပါပဲလား ဟန်ဆောင်မှုကင်းသည်။

"ဒါဖြင့် သွားရအောင်"ဟု ပြောလိုက်ကာ ရှင်လန်းချက်လက်စွာဖြင့် ရှေ့မှဆင်းသွားသည်။ တကယ်ကို မိန်းမနှင့်ဆင်းရှင်းသူဖြစ်မှာပါဟု ခွန်း အမှတ်ထင်နေမိသည်။

ကားနားရောက်တော့ ခွန်း မစဉ်းစားမိသောပြဿနာ စလေပြီ။ သူက ခွန်းအတွက် ရှေ့ခန်းတံခါး ဖွင့်ပေးထားသည်။ ခွန်း ထိုင်သင့်သလား။

ခွန်း၏ဘဝသို့ပထမဦးဆုံးဝင်ရောက်လာသော ယောကျာ်းနှင့် နောက်ဆုံးဝင်ရောက်လာသော ယောကျာ်းဖြစ်သည်။ သို့သော် ခွန်း စမ်းသပ်ချက်တစ်ချက် ကျန်နေသေးသည်။

ခွန်း နောက်တံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်သောအခါ သူ့မျက်နှာပျက်သွားလေသည်။ ရှေ့ခန်းတံခါးကို ဆောင့်ပိတ်ပြီး ကားကိုမောင်းထွက်ခဲ့ သည်။ သူ ကျွဲမြီးတိုနေပြီလား။

ခွန်းက မသိဟန်ဆောင်လိုက်သည်။ တစ်ဦးတည်းသောသားဖြစ်၍ ညစ်ကျယ်ကျယ်အပြုအမူလေးတွေတော့ ရှိနေသည်။ ဒါကို မိမိ ခွင့်လွှတ်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုအနိုင်ယူလို သောအပြုအမူတော့ မဟုတ်တန်ပါဘူး။

"ခွန်း"

"ပြောပါ"

"ခွန်း ကိုယ့်ကိုလက်ခံတယ်ဆိုတာ ခွန်းက တုံ့ပြန်ချင်တာလား"

"နိုး. . နိုး. . မဟုတ်ပါဘူး၊ ရှင့်အချစ်ကို ခွန်း လက်ခံတယ်ပဲပြောသေးတာ ခွန်းအချစ်ကိုပေးမယ်လို့ မပြောသေးပါဘူး၊ တလွဲမတွေးနေနဲ့နော် မကျေနပ်ရင် နောက်ဆုတ်နိုင်တယ့်အချိန်တွေ ရှိသေးတယ်"

နိုင်ခွန်အား မျက်နှာသိသာစွာ ညှိုးရှိုပ်ထင်သွားသည်။

"ဘယ်တော့မှ နောက်မဆုတ်ဘူး"

"ကျွန်မဒီတစ်သက် လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်ရင်ရော"

"ကိုယ်လည်း မင်းလိုပဲ ဆုံးဖြတ်လိုက်ရုံကလွဲပြီး အခြားအဖြေမရှိပါဘူး"

"ဒီလိုပဲ ပြောကြတာပါပဲ၊ နောက်တော့လည်း တစ်နှစ်တောင် ခံမယ် မထင်ပါဘူး၊ မိဘက သဘောတူလို့ပါ မျိုးဆက်အတွက်တို့ ဘာတို့နဲ့ပဲ လက်ထပ်သွားကြတာချည်းပါပဲ"

"ခွန်းတွေဖူးတဲ့ ယောကျ်ားတွေနဲ့ မနှိုင်းပါနဲ့၊ ဒီအရွယ်အထိ ဒီလိုနေကတည်းက အချစ်မပါတဲ့ အိမ်ထောင်ရေးကိုတည်ဆောက်ချင်တဲ့ဆန္ဒ မရှိလို့ပဲ"

"ခွန်းအမည်ကို တွေ့လိုက်တာနဲ့ စိတ်ဝင်စားသွားတယ်





ဆိုတာ ဖြစ်နိုင်ပါ့မလား"

နိုင်ခွန်အား မျက်နှာပြုံးရွှင်လာသည်။ ပြုံးသောအခါလည်း ကျက်သရေရှိသော ယောကျ်ားတစ်ယောက်ပါပဲလား။

ခွန်းဘဝ၌ ယောကျ်ားတစ်ဦးကို စေ့စေ့ကြည့်ကာ ဝေဖန်ခြင်းသည် ဒါပထမဦးဆုံးပါပဲ။ နောက်ဆုံးလည်း ဖြစ်သွားလိမ့်မည်ဟု မိမိကိုယ်မိမိ သိနေသည်။ သံယောဇဉ်ဆိုတာကတော့ အနေနီးစပ်ခြင်းပေါ်၌ ရှိလိမ့်မည်ထင်သည်။

"ခွန်းမယုံလည်း မတတ်နိုင်ဘူး၊ အမှန်တကယ်ပဲ ခွန်းအမည်လေးကို တွေ့လိုက်တာနဲ့ စိတ်ဝင်စားသွားတယ်၊ ဖူးစာရေး နတ်မင်းက ကိုယ့်ထံပို့လိုက်ခြင်းပဲလို့ကို ကိုယ်ယုံကြည်စွာနဲ့ ခွန်းကိုတွေ့ဖို့ ကြိုးစားခဲ့တာ၊ ခွန်းကို တွေ့တွေ့ချင်းပဲ ကိုယ်ချစ်ခဲ့တာ၊ ကိုယ်လက်ထပ်ရမယ့် မိန်းကလေးဟာ ခွန်းကလွဲပြီး အခြားဘယ်သူမှ ဖြစ်မလာနိုင်တော့ဘူးဆိုတာ ကိုယ်သိနေခဲ့တယ်"

"အစွဲအလမ်းဆိုတာ အတ္တဆန်တဲ့ ရူးသွပ်ခြင်းတစ်မျိုးပဲလို့ ကျွန်မတော့ ယူဆရမလိုဖြစ်နေတယ်"

"အတ္တမဆန်ပါဘူး ကိုယ့်အစွဲအလမ်းအတိုင်း ဖြစ်ပေါ်လာအောင် အမြဲကြိုးစားခြင်းကမှ အတ္တဆန်တာပါ။ ကိုယ်. . တရားနည်းလမ်းကျစွာနဲ့ ခွန်းကို လက်ထပ်ခွင့်တောင်းနေတာပါ"

ခွန်း ပြုံးလိုက်သည်။ မဆိုးပါဘူး။ ဒီလိုဆိုတော့လည်း အတွေးအခေါ်ရှိသော သူတစ်ယောက်ပါ။

"အစွဲအလမ်းဆိုတာ လူကို ဒုက္ခပေးတတ်တယ်နော်ရှင်ကျွန်မကို သိပ်မစွဲလမ်းနဲ့ သိပ်လည်း မျှော်လင့်ချက်မထားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းကို စွဲလမ်းမိလို့ လူကိုဒုက္ခပေးမယ်ဆိုရင်လည်း မစားနိုင် မအိပ်နိုင်နဲ့ အချစ်နာဒုက္ခကို ခံစားရမှာပဲ ထင်တယ် ဒါပေမယ့် ချစ်သူကပေးတဲ့ ဝေဒနာအဖြစ် ရင်မှာသိမ်းထားပြီး မျှော်လင့်နေပါရစေ၊ ခွန်း အိမ်ထောင်မပြုမချင်း အထိပေါ့ဗျာ"

"ခွန်း အိမ်ထောင်ပြုသွားရင်ရော"

" သူများသားမယားကို မပြစ်မှားတော့ပါဘူး၊ မမျှော်လင့်တော့ပေမယ့် နှလုံးအိမ်ထဲကတော့ ထုတ်ပစ်လို့ရလိမ့်မယ် မထင်ဘူး"

ခွန်း နိုင်ခွန်အားကို ငေးကြည့်ကာ ပြုံးလိုက်မိသည်။

အံ့ဩစရာကောင်းလောက်အောင် နိုင်ခွန်အားသည် အချစ်နှင့် ပတ်သက်သောစကားများကို ပြောတတ်လာလေပြီ

တွေ့စကတော့ တုံးကျိုဘာဝေ တကယ့်ကို မခုတ်တတ် တဲ့ကြောင်။ အတွေ့အကြုံမရှိသူပီပီ လူပျိုပေါက်ကလေးပေ တည်း။ ယခုတော့လည်း. . .

"ရှင် စကားပြောတတ်လာပြီ"

"အချစ်ရဲ့ခွန်အားကြောင့်ပါ"

အမည်နှင့်လိုက်ဖက်စွာ မိမိအား အနိုင်ယူတော့မှာလား နိုင်ခွန်အားရယ် ဟု ခွန်းရင်တွင်း ညည်းတွားလိုက်မိလေပြီ။

ရင်ခုန်ခြင်း ပျော်ရွှင်ကြည်နူးခြင်းတို့ကို သူ ပေးစွမ်းနေ လေပြီကိုး။







# အခန်း(၁၉)

အမွှာဆယ်တန်း စားမေးပွဲအပြီး ညနေအိမ်သို့ မမျှော်လင့်ဘဲ ရောက်လာသော ဧည့်သည်ကြောင့် ခွန်းအံ့အားသင့် သွားသည်။ ဖြူစင်မိခင် ဒေါ်သီတာ ဖြစ်သည်။

မိခင်၏သောက၊ ဒေါသမျက်ဝန်းနှင့်အတူ စိုးရိမ်ပူပန် မှု ပရိဒေဝမီးတောက်လောင်မှုမျက်နှာကို တွေ့မြင်လိုက်ရသည်။

"ခွန်း အန်တီတောင်းပါတယ်ကွယ် မင်း သူငယ်ချင်း ပျောက်သွားလို့ ဘာသတင်းများ ကြားသလဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်း ရင်ထဲ နင့်သွားသည်။

မိခင်တစ်ယောက်က သားသမီး ဆင်စီးမြင်းရံတာ
မြင်ချင်ကြသည်မှာ ဓမ္မတာပင်။ မိမို မိသားစုထက် နိမ့်ပါးသော
ဘဝထဲ ခုန်ဆင်းခြင်းကိုတော့ ဘယ်မိဘမှ လိုလားလိမ့်မည်
ဟုတ်ချေ။

"ဘယ်သွားသလဲမှ မသိတာ အန်တီရယ်"

"သူ့တူတွေနဲ့ ရုပ်ရှင်ကြည့်မယ် ကစားကွင်းသွားမ
ပြောပြီး စာမေးပွဲပြီးကတည်းက သွားကြ ရုပ်ရှင်ရုံအထွ
မှာ လူစုကွဲသွားပြီး လိုက်ရှာတာ ရှာမရဘူးပြောတယ်၊ ဟိုတော
အိမ် သမီး သိသလားလို့"

"သိပါတယ် အန်တီ"

ခွန်း မဆိုင်းမတွပင် အဖြေပေးလိုက်သည်။

ဘယ်နည်းနှင့်မဆို ဇော်ဝင်းသည် သူ၏ဆောက်လ
စအိမ်၌ရော ရှိလိမ်မည့် မဟုတ်ပါချေ။

ကြိုတင်စီစဉ်ထားပြီးမှ စီစဉ်ခြင်းဖြစ်၍ ဒေါ်သီတာ
မည်ကဲ့သို့ ရှာဖွေစေကာမူ တွေ့နိုင်လိမ့်မည် မဟုတ်ကြောင်
၍ ခွန်းက ရဲတင်းစွာပင် လိုက်ပို့ပေးလိုက်သည်။

ဆောက်လက်စ တိုက်အိမ်သို့ရောက်သောအခါ
ဝန်ရှိ အလုပ်သမားခေါင်းက. . .

"ဆရာ ပြင်ဦးလွင်ကို သွားပါတယ်"

"ဘယ်နေ့ကလဲ"

"ဒီနေ့ပဲ"

"ဘယ်လောက်ကြာမယ် ပြောသလဲ"





"တစ်ပတ် ဆယ်ရက်ကြာမယ် ပြောပါတယ်"

ခွန်းပင်လျှင် တကယ်ပဲ ပြင်ဦးလွင်သွားနေကြသလား
ခင်မိလေသည်။

ဇော်ဝင်းမိဘများ အိမ်ရောက်တော့ ဖြူစင်မိဘများက
ဆင်းကြဘဲ ခွန်းကိုသာ မေးခိုင်းလိုက်သည်။

"ပြင်ဦးလွင်သွားမယ်ဆိုပြီး ထွက်သွားတယ်လို့ပဲ ပြော
တယ် အန်တီ"

"အမေကြီးရယ် စိတ်လျှော့လိုက်တော့. . ကောင်လေး
အခြေအနေတွေကလည်း မဆိုးပါဘူး၊ မင်း သမီးကို တင့်တောင့်
တင့်တယ် ထားနိုင်တဲ့အနေအထားပါကွယ်"

ဒေါ်သီတာ တရှုံ့ရှုံ့ငိုကာ. . .

"ချွေးဒီးဒီး ခြေမကျအောင် ကြိုးစားပြီး နွားလိုရုန်းကန်
နေနိုင်ရုံရှိတဲ့ လူစားမျိုး ဘာလုပ်ရမှာလဲ"

"ဟ ကြိုးစားရုန်းကန်လာရမှ ဘဝမှန်တာပေါ့၊ သူများ
ထုတ်ခုံမွေ့ပေါ် စကြိန်လျှောက်ပြီး ကြွယ်ဝချမ်းသာနေတဲ့ လူစား
ထက်စာလျှင် ကိုယ့်လုပ်အားနဲ့ကိုယ် ရှာဖွေရလာတဲ့ထမင်းစားရ
တာကမှ အရသာရှိတာ အဓိပ္ပာယ်ရှိတာ၊ ကဲကဲ. . တော်ပြီ ဘယ်
မှာနဲ့တော့ အရွယ်လည်း လွန်နေပြီ၊ အချိန်တန်ရင် သူတို့
ဆက်သွယ်လာလိမ့်မယ် ခွန်းကို ပြန်ပို့လိုက်တော့မယ်"

"ဖြူစင် သတင်းရရင် ရခြင်း. . အန်တီ့ကို အကြောင်း
ကြားနော်၊ သမီးကို ပြောမိတာလည်း ဗွေမယူပါနဲ့ကွယ်၊ မြေး
လေးကောင်လည်း ခွန်းကြောင့်. . စာမေးပွဲကို အမှတ်ကောင်း
ကောင်းနဲ့ ဂုဏ်ထူးတွေနဲ့အောင်မှာ ကျိန်းသေသလောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အန်တီ၊ ကျွန်မစိတ်ထဲ ဘာမှမရှိတော့ပါဘူး"

ခွန်းရင်ထဲ အေးချမ်းသွားသည်။ ဒေါ်သအမျက်တွေ ရင်ထဲမှာ ရှိနေခြင်းက လူကိုပူလောင်စေတတ်ပြီး ခွင့်လွှတ်မှု၊ သဘောထားကြီးမှုများ ရင်တွင်းဖြစ်ပေါ်နေသောအခါ အင်မတန်အေးချမ်းကြည်နူးစရာ ကောင်းလေသည်။

"ဖော်ဝင်းက အရက်မသောက်၊ ဖဲမရိုက်၊ ဆေးလိပ်လည်း မသောက်တတ်ဘူး၊ မိသားစုအတွက် ဆိုယ်တန်းအောင်ပြီးကတည်းက ကျောင်းမတက်ဘဲ သဘော်လိုက်ခဲ့တာပါ။ ခုအခြေကျတာနဲ့ အဝေးသင်တောင် ပြန်တက်နေရှာပါတယ်"

"အေးလေ ဘာပဲပြောပြော အိမ်ထောင်ဦးစီးကောင်းပီသစွာကျင့်သုံးနိုင်ရင် ပြီးတာပါပဲ"

ခွန်း ဖြူစင်အတွက် ဝမ်းသာသွားလေသည်။ ဖခင်ဘက်ကပါ မဲရနေပြီဆိုတော့ ဖြူစင်တို့အိမ်ထောင်ရေး အလားအလာကောင်းနေပြီ။ ခွန်းကို အိမ်သို့ပြန်ပို့ပြီး ပြန်သွားကြလေပြီ။

ခွန်း ဖြူစင်ဆက်သွယ်လာမှုကို စောင့်မျှော်နေစဉ်မှာပင် နိုင်ခွန်းအား ရောက်လာသည်။

"ခွန်း ဘယ်တော့ အောင်ပန်းပြန်မလဲ"

"ရွှေ့အပတ်မှာပါ"

"ဒီလိုဆို ကိုယ်တစ်ခေါက်သွား စီစဉ်လိုက်ရမလား"

"ဟင့်အင်း"

"ဘာဖြစ်လို့"

နိုင်ခွန်းအားက မျက်စိမျက်နှာပျက်စွာဖြင့် မေးလိုက်သည်။





ခွန်းက သက်ပြင်းသူ့ခိုးလေး ချလိုက်ပြီးမှ. . .

"ကျွန်မတို့ အတူတူသွားရရင် ကောင်းမလားလို့"

"ဟာ"

နိုင်ခွန်းအားမျက်နှာ၌ အံ့ဩဝမ်းသာရိပ်များ ပေါ်ပေါက်လာပြီး. . .

"ခွန်း. . ခွန်း. . ကိုယ့်ကိုလက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

"အင်း"

နိုင်ခွန်းအားသည် ခွန်း ဘေးသို့ကူးပြောင်း ထိုင်လိုက်ရာ ခွန်းက လန့်သွားပြီး ထကာ နောက်ဆုတ်လိုက်သည်။

ခွန်း သံယောဇဉ် မငြိတွယ်ချင်သေး။

နိုင်ခွန်းအားက မချင့်မရဲဖြစ်သွားသော်လည်း ရှေ့မတိုးရဲ။

ခွန်းထံမှ ရရှိလာသည့်အခွင့်အရေးလေး ပျောက်ဆုံးသွားမှာ စိုးရိမ်သည်။

"ခွန်း ကိုယ့်ကိုချစ်ပြီလို့ ဆိုလိုတာလား"

နိုင်ခွန်းအားက ရှိုးသားစွာ မေးလိုက်သည်။

ခွန်းကလဲ. . .

"လက်ထပ်သင့်တယ်ထင်လို့ လက်ထပ်မယ်လို့ ဆုံးဖြတ်လိုက်တာ အားကိုးလောက်တဲ့ယောကျ်ားတစ်ယောက်အနေနဲ့ လက်ထပ်ခြင်းကို အချစ်လို့ ယူဆလို့ရမလား"

နိုင်ခွန်းအား ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမများ၏ အတွင်းမနော်ကို သူ နားမလည်နိုင်အောင် ဖြစ်မိလေသည်။

သူ့ရင်ထဲတော့ ထိရှနာကျင်လာသလို ခံစားလိုက်ရသည်။ အချစ်ကြီး ချစ်မိသူတွေရဲ့ ခံစားချက်ကို မစာမနာ ညှဉ်းပမ်းရက်လေသည်။

"အာကာ ပြန်ရောက်လာလို့ အချိန်တွေ မှီရလာပြီ၊ ခွန်း ဘယ်သွားချင်သလဲ"

ညခုနစ်နာရီ ဆိုသော အချိန်ကို ခွန်း မေ့နေခဲ့ပြီ။

"ဟုတ်ပါရဲ့၊ ညနေစာတောင် မစားရသေးဘူး၊ မမညို ထမင်းပွဲပြင် ရှင်ရော စားနော်"

"အပြင်မှာ သွားစားရအောင်လား ခွန်းရယ်"

"အခွင့်အရေးမယူဘူး၊ ကျွန်မကို လက်ဖျားနဲ့တောင် မတို့ဘူးဆိုတဲ့ ကတိပေးရင် လိုက်မယ်"

"တကယ်. . တကယ်လား၊ ပေးတယ်. . ပေးတယ်"

ကလေးတစ်ယောက်၏ ဝမ်းမြောက်ပျော်ရွှင်မှုမျိုးကို ဟန်ဆောင်မှုကင်းစွာ တွေ့မြင်လိုက်ရသောအခါ သူ့အပျော်များ ခွန်းသို့ပင် ကူးစက်သွားသည်။

အဝတ်အစားတလည်း လဲပြီးသားဖြစ်၍. . .

"မမညို ကျွန်မတို့ ဘုရားသွားရင်း အပြင်မှာပဲ စားတော့မယ်"

"အေး. . အေး"

မမညိုမျက်နှာ၌လည်း ကျေနပ်သောအရိပ်အယောင်များ ပြည့်နေသည်။






ကားပေါ်ရောက်တော့ နိုင်ခွန်အား ပို၍ကျေနပ်ကာ ပီတိဖြာသွားရသည်။ အဘယ်ကြောင့်ဆိုသော် ခွန်းက သူ့နံဘေးတွင် ထိုင်စီးလိုက်သောကြောင့်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၄၀)

ဝင်လယ်ပြင် လေပြည်လေညှင်းတို့သည် ခွန်း၏မျက်နှာပြင်တို့ ထိကပါး ရိကပါး နမ်းရှိုက်သွားကြသည်။ လေအဝေ့တွင် လွင့်ပါးနေသော လုံချည်စကိုသိမ်းရင်း လမ်းလျှောက်နေမိသည်။

ဖော်မဲ့သူ၏ အထီးကျန်ခြင်းကို ခံစားနေရပြီ။ မြူစင်တို့ မင်္ဂလာဦးဇနီးမောင်နှံက ရွှေလက်တွဲကာ ပျော်ပွဲဝင်နေကြသည်။ သူတို့နှင့် ခပ်ဝေးဝေးနေရင်း နိုင်ခွန်အားကို သတိရသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က သူ့ကိုအပျော်ရွှင်ဆုံးဖြစ်အောင် ဖန်တီးပေးခဲ့ပြီ။

နောက်နေ့၌ စိတ်အဆင်းရဲဆုံးဖြစ်အောင် ပြုလုပ်လိုက်သည်။

ဦးနိုင်ခွန်အား

ရှင့်ကို ကျွန်မ ချစ်သလား မုန်းသလား ကျွန်မနှလုံးသားကို ကျွန်မမေးကြည့်၍ မရသေးပါ။ ဒါပေမယ့် ကျွန်မတစ်ခုတော့ စဉ်းစားမိတယ်၊ ရှင်ဟာ ကျွန်မကို မေတ္တာစစ်မေတ္တာမှန်နဲ့ချစ်တယ် ဆိုတာကိုတော့ ကျွန်မ လက်ခံနိုင်တယ်။ ပြီးတော့ လက်ထပ်သင့်တဲ့ အရည်အချင်းမျိုးရှိသူဆိုတာကိုလဲ ကျွန်မ လက်ခံနိုင်ပါလျက်နဲ့ ရှင်နဲ့လက်ထပ်ဖို့ တွန့်ဆုတ်နေရခြင်း အကြောင်းရင်းက ရှင့်ကိုကျွန်မ မချစ်လို့ဘဲ၊ အေးအေးဆေးဆေး နေပါရစေတော့။

ရှင့်ကိုလဲ ဒုက္ခမပေးချင်တော့ပါဘူး၊ ကိုယ်ချစ်ကို မရှာဘဲ. . သူချစ်ကိုသာ ရှာလိုက်ပါတော့ ။

ခွန်း

ဟူသော မိမိစာကို ဖတ်မိပါလျှင် သူ စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားရပေတော့မည်။ ဆောက်တည်ရာမဲ့ လေလွင့်ပျက်စီးခြင်းတော့ ဖြစ်နိုင်လိမ့်မည် မဟုတ်ပါ။

အုန်းလက်ထီး အမိုးအောက်တွင် အုန်းလက်ပက်လက်ကုလားထိုင်လေး၌ထိုင်ရင်း အုန်းစိမ်းရည်ကို သောက်လိုက်သည်။ ရင်ထဲ၌ပူရှိန်းမြအေးစိမ့်ကာ စီးဝင်သွားလေသည်။





ညစာ စားစဉ် မိမိအား ကလေးတစ်ယောက်လို အရိုက်တကြည့်ကြည့်နှင့် ဟင်းများ ဂရုတစိုက်ထည့်ပေးပုံ၊ ငါးရိုးလေးများ နွှင်ပေးပုံကို မြင်ယောင်မိသည်။ နောက်. . .

"ခွန်း လက်ထပ်ပြီးရင် သီးခြားနေချင်သလား၊ မေမေတို့အိမ်မှာပဲ နေမှာလား"

"ခွန်းတို့ဇာတိမှာလဲ အိမ်တစ်လုံးဆောက်ပေးဖို့ ဘွားဘွားက စီစဉ်နေတယ်"

"ခွန်း အလုပ်ဆက်လုပ်မှာလား"

မေးခွန်းတွေ တစ်ခုချင်းမေးကာ ခွန်းဆန္ဒတွေ ယူလေသည်။ ပလက်စတစ်လောင်းထားသော ခွန်း အမည်နှင့်လိပ်စာပါ ငါးထောင်တန်စက္ကူလေးကိုလည်း ထုတ်ပြလေသည်။

ခွန်းအပေါ် သွေးဆောင်မှုက ရိုးသားလွန်းလှသည်။

"ခွန်း"

". . . ."

"အမယ်လေး မရွှေခွန်းရဲ့"

"အင်. . ဖြူစင် "

"နိုင်ခွန်အားကို သတိရနေတာ မဟုတ်လား"

ခွန်း မညာချင်ပါ။ ဖြူစင်နဲ့က နှစ်ကိုယ့်တစ်စိတ်လို နေလာကြသူများဖြစ်၍ ပွင့်လင်းစွာ ပြောဆိုနေကြမြဲဖြစ်သည်။

"ထွေးရော"

"ကိုယ်တော် ညနေစာ သွားမှာနေတယ်၊ သူက. . . သဘောသားဖြစ်တော့ ပင်လယ်ပြင်မှာ နေနေရသူဆိုတော့ ပင်လယ်ကမ်းခြေကို ငြီးငွေ့နေတယ် တောင်ကြီးဘက် သွားချင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်”

“ကျုပ်ကို ငဲ့ပြီးမနေနဲ့. . သွား. . သွား၊ ဒီမှာ. . ကျုပ် တပည့် ရှိတယ်၊ သူတို့ စောင့်ရှောက်လိမ့်မယ်”

“ဒီလိုဆို မနက်ဖြန် ကျုပ်တို့ပြန်မယ်၊ ရှင်က ဘယ်အထိ နေမှာလဲ”

“လေး ငါး ဆယ်ရက်ပေါ့”

“သူ ရောက်မလာနိုင်ဘူး ရှင် ထင်သလား”

“ရှင် မပြောရင် ရောက်မလာနိုင်ဘူး၊ နောက်တစ်ချက် က သူ့ကို ကျုပ်သဲလွန်စပေးပြီးသား၊ သူကျုပ်စကားအတိုင်း ဂရုတစိုက်ရင်းနဲ့ နားထောင်သူဆိုရင် ကျုပ်ရှိရာကို သူရောက် လာလိမ့်မယ်”

“ရှင်ကတော့လေ အချစ်ကိုတောင် စမ်းသပ်စိန်ခေါ် ချင်တဲ့ မိန်းမမျိုးပဲ”

“ဖူးစာမှန်ရင် အခြားကမ္ဘာမှာ ပုန်းအိပ်တာတောင် မလွဲလူး ဆုံဆည်းနိုင်တယ်ဆို”

ခွန်းရင်ထဲ၌ မျှော်လင့်ချက်ရှိနေသည်။ ထိုမျှော်လင့် ချက်က ဖူးစာမှန်လျှင် မိမိထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ လိမ့်မည် ဟူသောအချက်ပင်။

“ရှင် သူ့ကို သတိရနေတယ် မဟုတ်လား”

“အင်း”

“အဲဒါ အချစ်ပဲ”

“သတိရတာနဲ့ အချစ်ဖြစ်ရောလား မဟုတ်သေးပါဘူး”

“ရှင် သူ့ကို မလာစေချင်ဘူးလား”





ခွန်း ရှက်ပြုံးနှင့် ငြိမ်နေလိုက်သည်။ ဆိတ်ဆိတ်နေခြင်း သည် ဝန်ခံခြင်းဟု နားလည်သော ဖြူစင်က. . .

“ရှင့် နှလုံးသားမှာ သူရှိလို့ ရှင်သူ့ကို အမျိုးမျိုး စမ်းသပ် နေတာပေါ့။ ကိုယ့်ကိုယ်ကိုများ ရည်းစားများခဲ့တယ်လေး. . တစ်ယောက်နဲ့ငြိစွန်းခဲ့တယ်လေး ဘာလေးနဲ့ ကိုယ့်သိက္ခာကို သူ့အတွက် အကျခံ စမ်းသပ်ရဲကတည်းက ရှင့်ရဲ့မသိစိတ်မှာ သူရှိနေလို့ပဲ”

“ဟင်”

ခွန်း ဇဝေဇဝါ ဖြစ်သွားသည်။ ဖြူစင်ပြောတာ ဖြစ်နိုင် သည်ဟု သဘောပေါက်လိုက်သည်။

ခုလည်း သူ့ကိုအမှုမဲ့ပြောခဲ့ဖူးသော “ကျွန်မက တောင် ပေါ် သူဆိုတော့ အပြောကျယ်တဲ့ ပင်လယ်ကမ်းခြေဆိုရင် သိပ် သဘောကျတာပဲ”ဟူသောစကားကို သူ အမှတ်တရ ရှိနေလျှင် သူ မိမိထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မည် ဟူသော မျှော်လင့်ချက်အားကိုးဖြင့် ဟိုတယ်တစ်ခု၌ ခိုအောင်းနေသော ဖြူစင်တို့အတွဲကိုပါ အဖော်ခေါ်၍ ငပလီကမ်းခြေသို့ ရောက် လာခဲ့ခြင်း ဖြစ်သည်။

ညနေ နေဝင်ချိန်လေး သူလာနေကြအချိန်ဟု အမှတ် ရတာ လွမ်းရပြန်သည်။

“ကျုပ်မေးတာ ဖြေလေ”

“လာစေချင်တယ် ဒါပေမယ့် ရှင့်ကိုဖွင့်ပြောလို့လာတဲ့ အလာမျိုး ကျုပ်လုံးဝမလိုချင်ဘူး၊ အဲ့ဒီလိုမျိုးဆို ကျုပ်သူ့ကို လက်မခံနိုင်သေးဘူး ထပ်စဉ်းစားဦးမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမာလိုက်တာ"

"အချစ်ကို ဒီအရွယ်အထိ စောင့်ဆိုင်းလာပြီးမှတော့ ကျုပ်အချစ်ကို တန်ဖိုးထားပါရစေဦး၊ ကဲကဲ ရှင့်မောင်တော်နား သွားနေ ကျုပ်တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေပါရစေ"

"နေ. . နေ. . လွတ်လွတ်လပ်လပ်သာ. . လွမ်း၊ အင်း အချစ်ဆိုတာ ရှုးသွပ်ခြင်းတစ်မျိုးပဲလို့ ဆိုရမလားလို့တောင် ဖြစ်နေပြီ"

ပြောပြောဆိုဆို. . ဖြူစင် သူ့အနားက ထွက်ခွာသွားသည်။ ထိုအခါမှ ခွန်း မင့်သက်ရှိုက်လိုက်သည်။

နေလုံးနီက ပင်လယ်ထဲ ငုံ့လျှိုးစပြုနေပြီ။ ခွဲခွါခြင်း၏နှင်းရက်တာကို လွှန်မြောက်ပြီး သုံးရက်ကိုရောက်ရှိဦးတော့မှာလား။

ရင်ထဲတစိမ့်စိမ့် လွမ်းနေပြီရှင်ရယ်. . . .







# အခန်း(၄၁)

ထားဝယ်ကမ်းခြေ၊ ချောင်းသာကမ်းခြေများကို ဖုန်းဆက်၍ရပြီး ကမ်းသာယာနှင့်ငပလီကိုက မရ။ ဖုန်းလိုင်းကျနေသည်တဲ့. . . ။

ထားဝယ်နှင့်ချောင်းသာ၌ ခွန်းအမည်နှင့် တည်းခိုသည့်သည် ရှိမနေဟုဆိုသည်။ တပည့်များကို လူလွှတ်ပြီး ပတ်ဝန်းကျင်ရွာများကို စုံစမ်းခိုင်းလိုက်သည်။ စက်စဲ၊ ကျိုက္ခမီပါ မကျန်စေနဲ့ဟု မှာလိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စားမဝင် အိပ်မပျော်ဘဲ ခွန်းအတွက် အချိန်ပြည့်လှုပ်ရှားပြီးနောက်နေ့၌ ကမ်းသာယာနှင့် ပေလီကို ကိုယ်တိုင် ရှာဖွေရန် ထွက်လာခဲ့သည်။

"ကျွန်မက တောင်ပေါ် ဆူမို့လို့လား မသိဘူး ပင်လယ်ကမ်းခြေကိုကြည့်ပြီး အရမ်းအံ့ဩခဲ့တာ အရမ်းလည်း သဘောကျတယ်" ဟူသော ခွန်း၏အမူမဲ့ အမှတ်မဲ့ စကားလေးက ပူလောင်နေသော သူ့နှလုံးသားကို နှိုးဆွပေးသဖြင့် သူရှာဖွေရေးလုပ်ငန်းကို နံပါတ်တစ် ပင်လယ်ကမ်းခြေများ၌ စုံစမ်းရှာဖွေရန်ဟု အစီအစဉ် စခဲ့လေသည်။

သူ့မိဘများကလည်း ခွန်းမိဘထံသို့ အကြောင်းကြားထားပြီးဖြစ်သည်။

ကွန်မျူတာသင်တန်း၌ သွားစုံစမ်းတော့လည်း မိဘရပ်ထံ ခေတ္တပြန်ရန် ခွင့်တင်သွားသည်ဟု သိရသည်။

ခွန်း အမှန်တကယ် မိမိကို မချစ်နိုင်တာလား။

မချစ်ဘဲ နှင့် မိမိစိတ်ကို ဘာဖြစ်လို့ စမ်းသပ်ကာ ရည်းစားများခဲ့ပါသည်။လူတစ်ယောက်နှင့် ငြိစွန်းခဲ့ပါသည်ဟု လုပ်ဇာတ်ဆင်ရပါသနည်း။ ဒါကလည်း မမညိုက ဖွင့်ပြောလိုက်၍ သူ သိလိုက်ရပြီ။ ယခုရော သူ့စိတ်ကို စမ်းသပ်တာ မဖြစ်နိုင်ဘူးလား။

ဘာပဲဖြစ်ဖြစ် ခွန်းကို တွေ့အောင်ရှာမည်။

ခွန်းနှင့်ခွဲခွာ၍ သူ မနေနိုင်အောင်ပင်။

ခွန်းတို့ အရှုံးအမူး ချစ်ခင်စွဲလမ်းနေသည်။

ပေလီရောက်တော့ နေဝင်လုနေပြီ။ လုံးချင်းပုဂ္ဂလိက





ဘိုတဲများကို တစ်လုံးချင်း အရင်စုံစမ်းလိုက်သည်။

"ဒေါ် ခွန်း မရှိဘူး ပုံပန်းသဏ္ဌာန်ရော ဟိုဘက်အာဂန္တု တွေမှာ အမျိုးသမီးချောချောတစ်ယောက်တော့ တွေ့လို့"

"ဘယ်အရွယ်လဲ"

"အစ်မောင်တို့ အရွယ်ပဲ"

"ဘယ်ဘက်မှာလဲ"

"ဟို ဝါးသုံးပြန်ရောက်လောက်က ပုန်းညက်ပင်ကြီး တွေလား"

"ဟုတ်ကဲ့"

"အဲ့ဒီက တိမ်ပြာဗိုလ်တဲက ထွက်ထွက်လာတာ တွေ့ပါတို့က လှလို့သိနေတာပ နာမည်တော့ မသိ"

ရခိုင်သံဝဲဝဲနှင့် မိန်းမကြီးတစ်ယောက်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ နိုင်ခွန်အား ကျေးဇူးတင်သွားသည်။

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ဒေါ်ဒေါ်၊ ခွင့်ပြုပါဦး"

ကားကိုနောက်ဆုတ်ပြီး. . ကားသွားနိုင်သော လမ်းကြောင်းအတိုင်းသွားကာ အမျိုးသမီးကြီးညွှန်ပြသော ဘန်ဂလိုရှေ့ရပ်လိုက်သည်။

ဘန်ဂလိုရှေ့၌ထိုင်နေသော စုံတွဲက သူ့ကားကိုမြင်သည်နှင့် ထရပ်လိုက်သည်။

မျက်လုံးအစုံပြူးထွက်ကာ အံ့အားသင့်သွားသည်။

"အဲတော်. . ရှင် လိုက်လာပြီ"

ဖြူစင် မျက်နှာဝင်းပသွားသည်။

နိုင်ခွန်အား အငမ်းမရ. . .



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ခွန်းရော ခွန်း ရှိသလား"

"ရှိတယ် လာထိုင်ပါဦး၊ ဦးနိုင်ခွန်အား ဖြူစင် သွားခေါ်ပေးမယ်"

ဖြူစင်အမျိုးသားက လှမ်းခေါ်လိုက်သည်ကို ဖြူစင်က

"အို ထွေးကလဲ အလိုက်ကန်းဆိုးကို မသိဘူး ကိုနိုင်ဘာသာသွား ဟိုနားက အုန်းလက်ထီးအောက်မှာ ထိုင်နေတယ်"

"ဟာ ကျေးဇူးပဲ"

မှိုရသော လူပမာ ဝမ်းသာအားရဖြစ်သွားပြီး ကမ်းခြေဘက်သို့ ပြေးဆင်းခဲ့လေသည်။

နေဝင်သွားသော ပင်လယ်ကမ်းစပ်သို့ တရွေ့ရွေ့လျှောက်လှမ်းသွားနေသော ခွန်းကို လှမ်းတွေ့လိုက်ရသည်နှင့် ရင်ခုန်သံစဉ်တို့သည် လှိုင်းပုတ်သံနှင့်အပြိုင် ဖြစ်နေသည်။

ခွန်းက သူ့ကို မမြင်။

ခွန်းမျက်နှာ နွမ်းလျနေသည်။

ပင်လယ်အောက် ငုပ်လျှိုးသွားသောနေမင်းကြီးကိုမျှားနှမြော တသဖြစ်ကာ လွမ်းဆွတ်နေလေရော့လား။

ခွန်းရင်ထဲ၌ ဘာတွေများရှိနေသလဲ သူသိချင်လိုက်တာ။

ခွန်းနား မလှမ်းမကမ်းမှရပ်၍ အကဲခတ်နေလိုက်သည်။

ခွန်းကို တွေ့မြင်နေရရင်ပဲ ကျေနပ်သူ ဖြစ်ခြင်းကြောင့် ခွန်း၏လွတ်လပ်မှု တွေးတောမှုများကို အနှောင့်အယှက် မပေးတော့ဘဲ တိတ်တဆိတ် အကဲခတ်နေလိုက်သည်။





ခွန်းက သဲသောင်ဖြူလွလွပေါ်၌ အသာ ဒူးထောက်ချလိုက်ပြီး ခရုချွန်ချွန်လေးတစ်ခုကို ကောက်ယူလိုက်သည်။

နေမင်း၏ ဝတ်ရုံလွှာထင်ဟပ်မှုကြောင့် ကျန်ရှိနေသော မှုန်ပျပျအလင်းရောင်အောက်ဝယ် ခွန်း စာရေးနေသည်။ သူ ခွန်းအပါး ဖြည်းဖြည်းချင်း ချဉ်းကပ်လိုက်သည်။ ခွန်းအနီး ရပ်လိုက်ပြီး စာကို ဖတ်လိုက်သည်။

"နိုင်ခွန်အား"

သူ့ရင်ထဲ မြည်ဟီး တုန်ခါသွားသည်။

တွေ့ပြီ။ ခွန်း နှလုံးသား၌ ကမ္ဗည်းတင်ထားသော စာကို သူအမှတ်မထင် တွေ့ရှိလိုက်ရလေပြီ။

ခွန်းသည် မိမိအနီးရပ်လာသောသူအား အလန့်တကြား မော့ကြည့်လိုက်သည်။

"ဟင်"

နိုင်ခွန်အားက ခွန်းအား ပြုံးပြပြီး ခွန်းအနီး ဒူးထောက်လိုက်သည်။ နောက် ခရုခွံလေးကောက်ကာ အပေါင်းလက္ခဏာရေးပြီး ခွန်းဟု ရေးလိုက်သည်။

ခွန်းက မတ်မတ်ရပ်လိုက်သည်။

"ဘယ်တုန်းက ရောက်လာတာလဲ"

ထုံးစံအတိုင်း ဣန္ဒြေသိက္ခာတစ်ခွဲသားနှင့် မေးခွန်းထုတ်လိုက်သည်။ နိုင်ခွန်အားက မရတော့။ အနိုင်ကျင့်ပေါင်းများလှပြီဖြစ်သော ခွန်းလက်ကိုဆွဲကာ ပြင်နေသော ခြေလှမ်းကို ရပ်သိမ်းစေသည်။

"ခုပဲ . . နေဦး"

www.burmeseclassic.com



"အို"

ခွန်းက လက်ကိုရှုန်းသော်လည်း သူ မလွှတ်တော့။

"ခွန်း ဘယ်ကိုရှောင်ပုန်းပုန်း ကိုယ်လိုက်ရှာမှာဘဲလို့ ခွန်း ယုံကြည်ထားသလား"

ခွန်းက ရှက်မျက်နှာဝဲနှင့်...

"သိဘူးလေ"

"ခု သိသွားပြီလား"

"ဒီမှာ ရှိတယ်လို့ ဘယ်သူပြောသလဲ"

ခွန်း တင်းခံ၍ မနေနိုင်တော့ပါဘူး ခွန်းနှလုံးသားတံခါး ပွင့်သွားလေပြီ။

"ခွန်းပဲလေ"

"ဟုတ်လို့လား"

"ဟုတ်တာပေါ့"

ခွန်းစကားရဲ့ သဲလွန်စအရ နိုင်ခွန်အားက သူ့ကြိုးပမ်းမှုကို ပြောပြလိုက်သည်။

ခွန်း အကျေနပ်ကြီး ကျေနပ်သွားရပြီ။ မိန်းမသားအချို့သည် မိမိက ချစ်ခြင်းထက် မိမိက အချစ်ခံရခြင်းကိုများ ပို၍ နှစ်သက်တတ်ကြသလား။ ထိုအထဲ၌ ခွန်းဆိုသော မိန်းမလည်း ပါနေပြီထင့်။

"ခွန်း"

"အင်"

"ကိုယ့်ကို ပြန်ချစ်နိုင်ပြီလား"

ခွန်း နိုင်ခွန်အားကို မော့ကြည့်လိုက်သည်။





အချစ်အင်အားတွေ အပြည့်ရှိနေသော မျက်ဝန်းကို တွေ့မြင်လိုက်ရသည်။ ခွန်း မျက်လွှာချကာ ခေါင်းညိတ်လိုက်သည်နှင့် ခွန်းအတွက် လုံခြုံနွေးထွေးသောရင်ခွင်ကျယ်ကြီးထဲ ရောက်ရှိသွားလေသည်။

လှိုင်းဇလေးများ တလိမ့်လိမ့်ပြေးတက်လာပြီ။ သူတို့အား နောင်ပြောင်ပြီး မြန်အဆင်း၌ သူတို့ရေးထားခဲ့သော စာလုံးလေးများကိုပါဖျက်၍ ကျိစယ်သွားကြသည်။

" နိုင်ခွန်အား+ခွန်း " ဟူသော စာတမ်းလေးကိုပင်။

စာတမ်းကိုသာ ဖျက်စီးကျိစယ်၍ ရမည်။ ဖူးစာမှန်၍ ကြုံနိုင်ခွင့်ရသွားသော သူတို့နှစ်ဦး၏အချစ်ကိုကား မည်သူမျှ ဖျက်စီးနိုင်တော့မည် မဟုတ်ပါချေ။

# မြပုလဲခင်

www.burmeseclassic.com